



# ၃ရင်းဦးကောဒိန အာနှာပြတ်သည်

ဆိုဗီယက်ယူနီယံတွင် တလကြာခရီး လှည့်လည်စဉ် အခါက တွေ့ကြုံခဲ့သော အတွေ့အမြင် ဗဟုသုတဘဉ်နှင့်တကွ တရုပ်ပြည် ပိုလန်ပြည် အရှေ့ဂျာမနီပြည် အင်္ဂလန်ပြည် မှ ဗဟုသုတတို့ကို တင်ပြထားပါသည်။

ဒီမို ကရေစီ စာပုံနှိပ်တုက်၊
အမှတ်-၁၆-ရွှေဘိုဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ဒီမိုကရေစီ စာပုံနှိပ်တိုက်၊ အမှတ်-၁၆-ဘုရားလမ်း၊ ရန်ကုန်၊

# နိဒါန်း

နေရင်း ဦးကောဝိဒ ဆရာတော်သည် ၁၉၆၁-ခု၊ မေလက ဆိုဗီယက်ရုရှားနိုင်ငံနှင့် တရုပ်ပြည် အရှေ့ဂျာမနီပြည် ပိုလန်ပြည် အင်္ဂလန်နိုင်ငံတို့သို့ သာသနာပြုခရီး, ဒေသန္တရ ဗဟုဿုတ ဘာသာရေး သုတေသန ခရီးအဖြစ်သွားရောက် လည်ပတ်ခဲ့လေသည်။ ဂျူလိုင်လတွင် ပြန်လာခဲ့လေသည်။ ပြန်လာသောအခါ ထိုနိုင်ငံတို့သို့ ဗဟုဿုတ ရှာမှီး သွားရောက်ခဲ့ပုံတို့ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း အမှတ်-၈၆-မှ အပါတ်စဉ် စောင်ရေ ၁၀၀၀၀ ထုတ်ဝေနေသော ကွယ်လွန်သူ ဒါယကာရင်း ဦးထွန်းလှအောင် စီစဉ်ကြီးမှူးထုတ်ဝေခဲ့သော ဗုဒ္ဓ-ဓမ္မလောက တရားသတင်းစာတွင် အပါတ်စဉ်ထည့်သွင်းခဲ့လေသည်။ ထို ဗုဒ္ဓ-ဓမ္မလောက စာစောင်တွင် ပါရှိသော ဆောင်းပါးတို့ကို စုပေါင်း၍ စာအုပ် အဖြစ် ထုတ်ဝေပါဟု အမြို့မြို့ အနယ်နယ်ရှိ ရဟန်းရှင်လူတို့ထံမှ စာဖြင့်တမျှိး လူကိုယ်တိုင် လာရောက်၍တဖုံ တောင်းပန်ခြင်းပြုကြကုန်သည်။ ထိုသို့ တောင်းပန်ကြကုန်သော ဒေသန္တရ ဗဟုဿုတ, ကမ္ဘာ့ ဗဟုဿုတ ကွယ်လိုက်ုန်သော ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ ဆန္ဒပြည့်ဝ စေလိုသော သဘောဖြင့် (ဆိုဗီယက်မှာတလကြာ)ဟု နာမည်တပ်၍ ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

(ဆိုဗီယက်မှာတလကြာ) စာအုပ် ရေး သားရာ တို့၌ ဆိုဗီယက် ယူနီယံမှ ထုတ်ဝေသော စာအုပ်ပေါင်း ၅၀-ကျော် တို့ကို ကြည့်ရှုခဲ့ရင်း ဆိုဗီယက်ဝန်ကြီးချုပ် မစ္စတာ ကရုရှက်၏ မိန့်ခွန်း အသီးသီးမျှားကို ကောင်းစွာ ကြည့်ရှု မှီငြမ်း

ပြုချင်း၊ ကိုယ်တိုင် မြင်တွေ့ ခဲ့ရသော အချက် တို့နှင့် နှိုင်းစာ ကြည့်ရှု သတ်ပြုချင်း ရေးသားခဲ့သော စာအုပ် ဖြစ်ပေသည်။


ဆိုဗီယက် နိုင်ငံသို့ကိုယ်တိုင် မသွားရောက်ဘဲ တထိုင်ထဲ နှင့် ဆိုဗီယက်နိုင်ငံ၏ တိုးတက်တည်ရှိနေပုံ ဗဟုသုတ တို့ကို ရလိုပါက ဤစာအုပ်ကို လတ်မလွတ်ဘဲ ကြည့်ရှု ထိုက်သော စာအုပ် ဖြစ်ကြောင်းကို စာအုပ်က သက်သေခံ လိမ့်မည် ဖြစ်ပေသည်။

(ပုံ) နေရင်း ဦးကောဝိဒ

မဟာ နာယက ဆရာတော်


ဆိုဗီယက်သုဝေးဗုဒ္ဓဘာသာမစ်ရှင်အဖွဲ့၊

၇၆-ဘုရားလမ်း ရန်ကုန်။



# ဇနီးရှင်းဦးကောဒိန

## ဆရာဇေတော်ဘုရားပုံ



ရာရှားသာသနာပိုင်ကြီး မန္တလေးကုသိုလ်ဆောင်
ဘုရားကြီးမှ ထွက်သောပုံ




ဗုရှား သာသနာပိုင်ကြီးအား နေရင်း ဦးကောဝိဒ
ဆရာတော်နှင့် အတူ အမရပူရ ပုထိုးတော်ကြီး
ဘုရားဖူးပြီး ပြန်ထွက်လာကြပုံ



ရာရှား သာသနာပိုင် ၂-ပါး စစ်ကိုင်းကောင်းမှုတော်
ဘုရားကြီးကို ဖူးမြော်ပြီး လှည်လည် ကြည့်ရှုနေပုံ



ထာဝရ သာသနာပိုင်ကြီး မျှားသည် ပုဂံဘုရားမျှားကို
ဖူးမြော်ပြီး ပြန်လာကြစဉ်




နေရင်း ဦးကောဝိဒ ဆရာတော်သည် ၁၉၅၀-ခုနှစ်က
သိဟိုဠ်ကျွန်း ဗုဒ္ဓဘာသာကွန်ဖရင့်ကြီးသို့ တက်ရောက်စဉ်
တွေ့ရပုံ




နေရင်း ဦးကောဝိဒ ဆရာတော်သည်
ယိုးဒယားပြည် ဘနကောက်မြို့ ဘုရင့်နန်းတော် အတွင်း
ခမ်းမဆောင်ဝယ်သည်တော် စာရင်းတွင် လက်မှတ်
ထိုးနှိပ်



နေရင်း ဦးကောဝိဒဆရာတော်နှင့် သံဃာတော်များ
ယိုးဒယားပြည် ဘန်ကောက်မြို့ မြဘုရားဝင်း အတွင်းတော်ရပ်



နေရင်း ဦးကော-ဝိဒ ဆရာတော်သည် ယို ယားနိုင်ငံ၌း
မြဘုရားဖူးပြီးပြန် ထွက်လာစဉ်



နေရင်း ဦးကောဝိဒ ဆရာတော်သည် ကမ္ဘောဒီးယားပြည်
ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ် အစည်းအဝေးသို့
တက်ရောက်စဉ်က ဓာတ်ရုပ်




# ကမ္ဘာဒီးယားပြည် ဖန့်ပင်မြို့ ဘုရင့်နန်းတော်ဝင်း
## အတွင်း ရှုမြင်ခင်း



အနုရင်း ဦးကောဝိဒ ဆရာတော်သည် ကမ္ဘောဒီးယားပြည့်
အင်ကောဝပ်ဘုရားကျောင်းကြီးရှေ့တွင် ရောက်နေစဉ်

ကြည့်ပါ။




ပုံ (၁)
ကြီးမားသော ပင်လယ်ကွေ့ ၄ ခုတည်ရှိသည့် တောင်အာရှဒေသ

# ဓနုရင်းဦးဘိုးကောဝိဒ ဆရာတော်ဖွဲ့

## သာသနာပြု လုပ်ငန်းစဉ်

နေရင်းဦးကောဝိဒ ဆရာတော်၏ သာသနာပြု လုပ်ငန်းစဉ်တို့မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

၁။ မြန်မာနိုင်ငံတွင် မြို့လယ်ရွာလယ်လမ်းဆုံလမ်းမလမ်းလေးခွတို့၌ အာဘိဓမ္မာ ဝိပဿနာတရားကို ကလေးမှ လူကြီးအထိ ပရိသတ်ကြီးအား- ထင်ထင်ရှားရှား ဟာနှိုင်သောခေတ်သို့ရောက်အောင် ၁၂၉၄-ခုနှစ်ကစ၍ စီစဉ် ဟောပြောလာခဲ့ခြင်း။

၂။ သံဃာတော် ၂၅၀၀-၅၀၀၀- ၁၀၀၀၀- ကျော်တို့ဖြင့် မြန်မာနိုင်ငံတွင် ရှေးက မဖြစ်စဖူးသော ဗုဒ္ဓဇနေ့ ပူဇော်ပဲ့ကြီးကို ကဆုန်လပြည့်နေ့တိုင်း-၁၃-နှစ်ကျော်အောင် ပြုလုပ်လာခဲ့ခြင်း၊

၃။ ကမ္ဘာ့ရှုဇင် စာတောင်လောက်သော အလျားပေ ၃၀၀၊ အနံ၁၀-၁၀၀-ရှိ(၁၀) သိန်းကျော်တန် ဗုဒ္ဓဇယန္တီခေါ် ဓမ္မာရုံကြီးကို ဆောက်လုပ်၍ တရားပွဲကြီး ကျင်းပရာ ဌာနပြုလုပ်ထားခြင်း၊

၄။ ဓမ္မကထိက အဖွဲ့ချုပ် ကြီး၏ အတွင်းရေးမှူး အဖြစ် ဆောင်ရွက်၍ မြန်မာနိုင်ငံတဝှမ်းလုံးသို့ မိမိ ကိုယ်တိုင်နှင့်တကွ ဓမ္မကထိကများ စေလွှတ်၍ တရားမိုးကြီးကို တပြည်လုံး ရွာသွန်းစေခြင်း၊

၅။ နှစ်ပေါင်း ၁၀၀ ကျော် မည်သူမျှ ဖူးခွင့် မရသော ကုလားအိမ်နောက်ဖေးခြံးရှိ စိန်ရောင်ခြည်စေတီတော်ကို အမျှားပြည်သူ ဖူးမြော်ခွင့်ရအောင် ဝယ်ယူ၍ ကျောင်းတိုက် ကြီးအဖြစ် ဖွင့်လှစ်ထားခြင်း၊

၆။ ကမ္ဘာသုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် (ကမ္ဘာ့ဗုဒ္ဓ ဘာသာ သမဂ္ဂ)၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံ နာယက အဖြစ် ဆောင်ရွက်၍ ဗုဒ္ဓဘာသာပြန့်ပွားရေးအတွက် ဂျပန်ဝယ် နိုင်ငံ, သီဟိုဠ်ကျွန်း နိုပေါနိုင်ငံ ယိုးဒယားနိုင်ငံ, ကမ္ဘောဒီးယား နိုင်ငံ တရုပ်ပြည် ဆိုဗီယက် ရာရှားပြည် ဂျာမနီပြည် ပိုလန် ပြည် အင်္ဂလန်နိုင်ငံ, စသော နိုင်ငံခြား တိုင်းပြည် မျှားသို့ ကိုယ်တိုင် ကြွရောက်၍ သာသနာပြုလုပ်ငန်းမျှားကို ဆောင် ရွက်နေခြင်း စသောအားဖြင့် သာသနဒုဘာဝနဆောင်လျက်ရှိရာ ဘင် (ဆိုဗီယက်မှာ တလကြာ) ဤစာအုပ် သည် ဆိုဗီယက်ရာရှားနိုင်ငံသို့သာသနာပြုသွားရောက်စဉ်ကတွေ့ကြုံ ရရှိခဲ့သော ဗဟုသုတတို့ကို တင်ပြထားချက် ဖြစ်ပေသည်။

ထို တင်ပြထားချက် တို့သည် အမျိုးရေး ဘာသာရေး သာသနာရေး ပညာရေးတို့တွင် တိုးတက်ကြီးပွား ထွန်းကား နေသော အချက်တို့မှ အမြှက်သဘင်ပ အကျဉ်းမျှတို့သာလျှင် ဖြစ်ပေသည်။

ထိုသို့သော အချက်တို့မှ နှစ်သက်မြတ်နိုးရာ အချက်တို့ကို ရွေးချယ်ယူကြ၍ မနှစ်သက်ဖွယ်အရာတို့ တွေ့ရှိက ပယ်ရှား ပြီးလျှင် တကယ်အားဖြင့် ကြီးပွားနိုင်သော အချက်တို့ကို နည်းယူနိုင်ကြပါစေသတည်း။

တည်းဖြတ်သူ



နေရင်းဆရာတော်ဘုရားသည် အသောက ကျောက်စာတိုင်
ရှေ့တွင် တွေ့မြင်ရပုံ

# “ပဋိညာဉ်ဝန်ခံချက်”

ကျွန်စာအုပ်တွင် ရေးသား ပါရှိမည့် စကားအစဉ် တို့သည် ဆိုဗီယက်ရာရှားပြည်, တရုပ်ပြည်, ပိုလန်ပြည်, အရှေ့ဂျာမန်ပြည်တို့၌ အမှန်တွေ့မြင်ခဲ့သမျှ ကိုသာလျှင် အပိုအကျယ်ခဲ့ခြင်းမရှိ၊ ပကတိ ရိုးသား ဖြောင့်မှန်စွာဖြင့် ရေးသားမည် ဖြစ်ကြောင်းကို ကျွန်ုပ်သည် လေးနက် တည်ကြည်စွာ ဝန်ခံသမှု ပဋိညာဉ်ပြုပါသည်။

ယထာကာရီ—တထာဝါဒီ။ ။အကြင်သို့သော မြင်ရပုံ အသယ်သယ်၊ ရှုကြည့်ဘုယိတို့ကို တွေ့မြင်ခဲ့ရ၏ ထိုသို့သော ရှုကြည့်ပုံ အသယ်သယ်၊ မြင်ကွင်းကျယ်တို့ကိုသာလျှင် အပိုမရှိ ပကတိ ဖြောင့်မှန်စွာ ရေးသား ပါမည် ဟူသော ပဋိညာဉ်အမှုသစ္စာ အဓိဋ္ဌာန်ပြုပါသည်။ ။

●၁၄ရုးသူ။

# ကွန်မြူနစ်နိုင်ငံတွင် ဘာသာရေးပါရဲ့လား

ကွန်မြူနစ်နိုင်ငံတွင် ဘာသာရေးမရှိဟူ၍၎င်း၊ ဗုဒ္ဓဘာသာမရှိဟူ၍၎င်း၊ ကမ္ဘာတွင် ထင်မှတ် နေကြပါသည်။ ဒီမိုကရေစီနိုင်ငံများက ကွန်မြူနစ်နိုင်ငံတွင် ဘာသာရှိသည်ဟူ၍ ပြောပါလျှင် ထိုသူသည် အရူးသော်၎င်း၊ လူလိမ်ကြီးသော်၎င်း ဖြစ်သည်ဟု တထစ်ချယူဆနေကြပါသည်။ ထို့ပြင် ကွန်မြူနစ်ဆိုသည်မှာ တစ္ဆေ- သူရဲ ဘီလူးထက် ဆိုးသည်ဟု ယူမှတ်နေကြပါသည်။ ကျွန်ုပ်ကိုတိုင်ပင် ကွန်မြူနစ် နိုင်ငံတွင် ဘာသာမရှိဟု တထစ်ချစွဲမှတ် ယုံကြည်နေသူ ဖြစ်ပါသည်။ သို့ရာတွင် (**ဆိုဗီယက်ပြည်မှာ တလကြာ**) ဆိုသော ဤစာအုပ်ကို ဘတ်ရှုသော အခါမှ— ကွန်မြူနစ်ရာရှားပြည်, တရုပ်ပြည်, ပိုလန်ပြည် အရှေ့ဂျာမနီပြည်တို့တွင် ဘာသာရေးတွေ အပြည့်အဝ ရှိသည်၊ အထူးသဖြင့် ဗုဒ္ဓဘာသာလည်းရှိသည် ဟူသော အချက် အလက်တွေကို တွေ့ရသဖြင့် ကွန်မြူနစ် နိုင်ငံများတွင် ဘာသာမရှိဟူသော အစွဲအလမ်းသည် ပျောက်ကွယ် သွားရပါကြောင်း။

တည်းဖြန့်သူ။

# အုံညြိုးမြမ်းသတင်းဆန်း

၁၉၆၁၊ မေလ ၁၇-ရက် နေ့တွင် မြန်မာနိုင်ငံတော်တဝှမ်းလုံးရှိ သတင်းစာတိုက်တွင် ရှုရှားနိုင်ငံတွင် သာသနာပြုရန် နေရင်းဦးကောဝိဒ ဆရာတော်နှင့် တရားဝန်ကြီး ဦးချန်ထွန်းတို့ သွားကြမည်ဟူ၍ (မဏ္ဍိုင်) သတင်းစာတွင်၎င်း၊ ဦးကောဝိဒနှင့် ဦးချန်ထွန်း ရုရှသွားပြီး သာသနာပြုမတဲ့ဟူ၍ (သမာဓိ)သတင်းစာတွင်၎င်း၊ ရုရှသို့ သာသနာပြု သွားကြမည်ဟူ၍(ဟံသာဝတီသတင်းစာ) တွင်၎င်း၊ သာသနာပြု ခရီးထွက်မည့် အဖွဲ့ဟူ၍ (ရန်ကုန်သတင်းစာ)တွင်၎င်း၊ ကွန်မြူနစ်ပြည် သာသနာပြုရန် သွားကြမည်ဟူ၍ (ကြေးမုံ သတင်းစာ) တွင်၎င်း၊ ဆိုဗီယက် သွားမည့် ဗုဒ္ဓဘာသာမစ်ရှင်အဖွဲ့ဟူ၍ (ယုဝတီသတင်းစာ) တွင်၎င်း၊ပုဂ္ဂိုလ်ထူး ရုရှသို့ သာသနာပြု ကြွမည်ဟု (မြန်မာ့အလင်း) သတင်းစာတွင်၎င်း၊ ဆိုဗီယက်နိုင်ငံ သာသနာပြုမည့် ဗုဒ္ဓဘာသာ မစ်ရှင် အဖွဲ့ဟူ၍ (ပြည်ထောင်စု) သတင်းစာတွင်၎င်း၊ ထို့ပြင် ထွန်းနွေစည်၊ အိုးဝေ၊ ဗိုလ်တစ်ထောင် သတင်းစာနှင့် အင်္ဂလိပ်လိုထုတ်သော နေရှင်းသတင်းစာနှင့် နိုင်ငံ သစ် သတင်းစာတို့တွင်၎င်း၊ ခေါင်းစီးစာလုံးကြီးများတတ်လျက် အောက်ပါကျေညာချက် ပါရှိခဲ့လေသည်။

# ဆိုဗီယက်မှာတလကြာ

## ဆိုဗီယက်ဂုဒ္ဓဘာသာမစ်ရှင်
## ဒီကင်၊ ပိုလန်၊ အရှေ့ပြာမနီလ သွားမည်

ဆိုဗီယက်ဆိုရှယ်လစ် သမတနိုင်ငံတော် ဗဟိုဗုဒ္ဓဘာသာအဖဲ့ချုပ်ကြီး၏ ဘိတ်ကြားချက်အရ ကမ္ဘာ့ဗုဒ္ဓဘာသာအဖဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌဖြစ်သော တရားဝန်ကြီး-ဦးချန်ထွန်း ရွှေဆောင်သည့် ဗုဒ္ဓဘာသာမစ်ရှင်အဖဲ့ တဖဲ့သည် ဇွန်လ ၁၄-ရက်နေ့တွင် ရန်ကုန်မြို့မှ ဆိုဗီယက်နိုင်ငံတော်သို့ ထွက်ခွါ သွားမည်ဖြစ်၏။

အဆိုပါအဖဲ့အား ကမ္ဘာ့ဗုဒ္ဓဘာသာ အဖဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗုဒ္ဓသာသနာ့ကောင်စီဒုတိယ ဥက္ကဋ္ဌ တရားဝန်ကြီး သတိုးမဟာသရေစည်သူ ဦးချန်ထွန်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ အဖဲ့ချုပ်ကြီး၏ မြန်မာနိုင်ငံတော် ဆိုင်ရာ ဩဝါဒါစရိယ ဆရာတော် ဘုရားလည်းဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှမ်းလုံးရှိ ဓမ္မကထိက ဆရာတော်များအဖဲ့ချုပ်တွင်၊ အကျိုးတော်ဆောင်ချုပ် ဆရာတော်လည်း ဖြစ်သော စိန်ရောင်ခြည် စေတီတော် မဟာနာယက ဆရာတော်နှင့် ကဆုန်လပြည့် ဗုဒ္ဓနေ့ ပူဇော်ပဲ့ကြီးတွင် သံဃာ ၅၀၀၀-ကျော်တို့အတွက် ဆွမ်းလှူရေးတာဝန်ခံ ဆရာတော်ဖြစ်သည့်ပြင်၊ မင်္ဂလာဂတိဝိသုဒ္ဓိ အသင်းကြီးစသော အသင်းများစွာကို တည်ထောင် အုပ်ချုပ် နေတော် မူသော်ငါ နေရင်းဦးကောဝိဒအရှင်မြတ် အပြင်၊ ဦးချန်ထွန်း၏ဇနီး သံဂါ

ယနာ ဗုဒ္ဓဘာသာ အမျိုးသမီးအဖဲ့ ဥက္ကဋ္ဌ- ဝဏ္ဏကျော်ထင် ဒေါ်ခင်ခင်သိန်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ အဖဲ့ ချုပ်ကြီး၏ မြန်မာ ပြည်ဆိုင်ရာ အကျိုးတော်ဆောင် အတွင်းရေးမှူးနှင့် ဥက္ကဋ္ဌ ဦးသာဝင်းတို့ လိုက်ပါသွားလိမ့်မည်ဖြစ်၏။

ချစ်ကြည်ရေး ဗုဒ္ဓဘာသာ မစ်ရှင်အဖဲ့သည် မကြာမီက တည်ဆောက်ပြီးစီးသွားသောတရုပ်ပြည်စေတီတော်မြတ်တွင် ဗုဒ္ဓ မြတ်စွာ၏ ဓာတ်တော်မွေတော်မျှားအား ဌာပနာရန်အတွက်၎င်း၊ အခြား တန်ခိုးကြီးဘုရားအား ဖူးမျှော်ကန်တော့ရန်အတွက်၎င်း၊ Shirob Gyaltso နှင့် Chao Pu-Chu ဆရာတော်ကြီး များ အပါအဝင် တရုပ်အမျိုးသား ဗုဒ္ဓဘာသာ ခေါင်းဆောင် ကြီးများနှင့် တွေ့ဆုံ ဆွေးနွေးရန် အတွက်၎င်း၊ ပီကင်းမြို့သို့ တရုပ်ပြည်မှ ဗုဒ္ဓဘာသာ အသင်းကြီး၏ ဖိတ်ကြားချက်အရ ဖြစ်သည်တော် အဖြစ် ခေတ္တဝင်ရောက် လည်ပတ်မည် ဖြစ်၏။ ၎င်းမှ တဆင့် မစ်ရှင် အဖဲ့သည် Vandio Hambo Lama အပါအဝင် ရာရှား ဗုဒ္ဓဘာသာ ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးများအပြင်၊ အခြားဗုဒ္ဓ ဘာ သာဝင် များနှင့် ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးမှုများ ပြုလုပ် နိုင်ရန်အတွက်၊ ဆိုဗီယက် ဆိုရှယ်လစ် သမတ နိုင်ငံတွင် ရက်သတ္တ (၆)ပတ်မျှ နေထိုင်လှည့်လည်ကြမည်။

ထိုမှတဖန် မစ်ရှင်အဖဲ့သည် ပိုလန် အစိုးရ ဖိတ်ကြားသည်တော် များအဖြစ်ဖြင့် ဝါဆောမြို့သို့ ခေတ္တဝင်ရောက်ပြီး၊ အရှေ့ဂျာမန် အစိုးရ၏ ဖိတ်ကြားချက်အရ အရှေ့ဂျာမနီပြည်သို့ သွားရောက် လည်ပတ်မည်။

မစ်ရှင်အဖွဲ့သည် အာရှေ့ဂျာမနီမှ တဆင့် လန်ဒန်မြို့သို့ ဆက်လက်ထွက်ခွါသွားပြီး လန်ဒန်မြို့တွင် ၇-ရက် ကြာမျှ နေထိုင်လည်ပတ်ပြီးနောက် ဂျဗီနီဗာနှင့် ရောမမြို့မျှားသို့ သွားကြမည်။

အဖွဲ့ဝင်များသည် ထောက်လေရာ အရပ်များတွင် တက္ကသိုလ်များ၊ ဗုဒ္ဓဘာသာဆိုင်ရာ အသင်းအဖွဲ့များ၊ ဗုဒ္ဓဘာသာဝင် ခေါင်းဆောင် ပဂိုလ်ကြီးများ အပြင် အခြား ဗုဒ္ဓဘာသာဝင် များနှင့်လည်း တွေ့ဆုံဆွေးနွေးပြီး ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် တရားတော်များကို ဟောပြောရန်နှင့် ဗုဒ္ဓဘာသာ ဝင်များ၏ အခြေအနေကို လေ့လာရန် မြင်သမျှ တွေ့သမျှသော အချက်အလက်တို့ကို နေရင်းဦးကောဝိဒဆရာတော်က စာအုပ်စာတန်း ထုတ်ဝေရန် အစီအစဉ်ရှိ၏။

မစ်ရှင်အဖွဲ့သည် ဩဂုတ်လ ပထမ ပတ်လောက်တွင် မြန်မာနိုင်ငံတော်သို့ ပြန်လည်ဆိုက်ရောက်မည်။

## အပြင်းထန်ဆုံးပေါက်ကွဲမှုသတင်း

ထိုသတင်းသည် ဗမာနိုင်ငံ တဝှမ်းလုံးတွင် အပြင်းထန်ဆုံး သော အုံသြမှုကြီး, ဆွံ့သွားမှုကြီး, သတင်း အထူးဆန်းကြီး အဖြစ် ဟိုးလေးတကျော် ဖြစ်သွားလေသည်။ အနုမြူ ဗုံးကြီး ပေါက်ကွဲခဲ့သည်ထက် ထူးဆန်းသော သတင်းကြီး ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုဒသော် အကယ်၍ အမေရိကံ, အင်္ဂလန်သို့ သွား ပါမူ ဒါလောက် ထူးဆန်းလိမ့်မည် မဟုတ်ပေ၊ အလယ်အပတ် သွားကြတာပဲဟု ထင်ကြပေမည်။ ဘာသာရေးမရှိဟု ယုံကြည် နေကြသော ကွန်မြူနစ် ရာရှားနိုင်ငံသို့ သွားမည် ဆိုသော သတင်းကြောင့် ဆူပူက်တုန်လှုပ်ခါ ဘုန်းကြီးလောက, လူထွက်ကြောင်လောက တို့တွင် ပြောမပြ နိုင်အောင်သော အံ့သြမှုကြီးတို့ ဖြစ်ကြကုန်သည်။


ဘာကြောင့် ဒါလောက် အံ့သြကြကုန်သနည်း ဆိုပါလျှင် ကွန်မြူနစ်နိုင်ငံတွင် ဘာသာရေးမရှိပေ၊ ထိုဘာသာရေး မရှိသောကွန်မြူနစ်နိုင်ငံသို့ သာသနာပြု သွားကြမတဲ့။ သက်သက် ဘာအကျိုးရှိမလဲ၊ ရာရှားက လိမ်လည်၍ ဝါဒဖြန့်ချင်၍ ဖိတ် ခြင်းပဲ, ဟူ၍ဂုဏ်း၊ ကွန်မြူနစ်ဆန့်ကျင်ရေးဘက်က ပြောနေကြ လေသည်။ ကွန်မြူနစ်လိုလားသူများဘက်တွင်မူ မြန်မာနိုင်ငံ တွင် ဘုန်းကြီးလောကမှ အာရေးအကြီးဆုံးသော ဆရာတော် နှင့် လူဝတ်ကြောင်လောကမှ အရေး အကြီးဆုံးသော ပဂ္ဂိုလ် တို့သည် အမှန်အတိုင်း တွေ့မြင် ရတော့မည်။ သို့မှသာလျှင် ဗမာနိုင်ငံတွင် အမြင်မှန်ရတော့မည်။ ဗမာနိုင်ငံတွင် လူထု အား ဆဲဆောင်၍ တရားဟောနေရာ၌ နာမည် အကျော်ဆုံး ဖြစ်ဒသော နေရင်းဦးကောဝိဒ ဆရာတော်သာလျှင် ကွန်မြူနစ် နိုင်ငံ၏ သဘာဝ အခြေခံ အမြင်မှန်ရပါမူ ဗမာနိုင်ငံတွင် လောကနိဗ္ဗာန်ထူထောင်ရန် အတွက် အောင်ပဲခုံခြင်းပဲ ဟူ၍ဂုဏ်း၊ အမျိုးမျိုး အဖုံဖုံ အံ့အားသင့်ကာ နေကြလေကုန်သည်။

အရှေ့အုပ်စု, အနောက်အုပ်စု နှစ်ဖက်လုံး လိုလားသော ဘက် ကမူ ရာရှားနိုင်ငံက ဖိတ်ခြင်းခံရဘို့ရာ အလွန်ခဲယဉ်းလှသည်၊

# ဆိုဗီယက်မှာတလကြာ

ပုဂ္ဂိုလ်တဦး၏ ဆုဇောင်ကို အသေအချာ အထပ်ထပ် စုံစမ်းပြီး လျှင် ယုံကြည်ရသော သမာဓိရှိသော ပုဂ္ဂိုလ်ဖြစ်ခြင်း၊ တိုင်းပြည်၌ အရေးပါ အဆောရောက်၍ စံနမူနာဖြစ်လောက်သော ပုဂ္ဂိုလ်ဖြစ်ခြင်းစသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံမှု ရှာရှားက ဖိတ်ခြင်းဖြစ်သည်။ ကွန်မြူနစ်ထိပ်သီး ဆိုဗီယက်နိုင်ငံကြီးမှ ဘုန်းကြီးလောကထည်းမှ လက်ဦးဆုံးဖိတ်ကြားခြင်း ခံရခြင်းသည် မဖြစ်စဖူး အလွန်ထူး၍ ချီးကြူးမကုန် နိုင်တဲ့ ဂုဏ်ထူးကို နေရင်း ဦးကောဝိဒ ဆရာတော် ရသွားခြင်းပဲ ဟူ၍ဂုဏ်း၊ နေရင်း ဦးကောဝိဒသည် ရဟန်းနှစ်ဝါမှစပြီး သာသနာ့အကျိုး, လူထု အကျိုးကို တကယ်ဆောင်လာခဲ့ပေသည်။ စစ်မဖြစ်မီ ၁၉၃၄-ခု နှစ်မှစပြီး မိုးညှင်းဆရာတော်ကြီးကို ပင့်လာ၍ မြန်မာပြည် တဝှမ်းလုံး အဘိဓမ္မာတရားကို ကလေးရော လူကြီးပါ နားလည် အောင် ပရိသတ်ထုကြီးနှင့် နာယူနိုင်၍ ခေတ်ကြီးကို အတင်း ပြောင်းအောင် စီမံလာခဲ့ ပေသည်။ စစ်ကြီးပြီးသော အခါ စိပသနာ တရားဌာနများ ဖြစ်ပေါ်အောင် ဆွဲဆောင် ဟော ပြောခါ ခေတ်ကြီးကို ပြောင်းအောင် လုပ်လာခြင်း၊ မည်သူမှ မလုပ်ဝံ့ - မလုပ်ရဲသော သံဃာတော် (၅၀၀၀) နှင့် (၁၀၀၀၀)ထီး ပင့်ယူ၍ ဗုဒ္ဓဓနေ ပူဇော်ပွဲကြီး ကျင်းပနိုင်ခြင်း၊၊ အာရှတိုက်တွင် အကြီးဆုံး ဖြစ်သော ဓမ္မာရုံကြီးကို ရွှေတိဂုံ အနောက်မုခ်တွင် ဆောက်ထား၍ သာသနာပြုနေခြင်းတို့ကြောင့် ရာရှားကသိရှိပြီး ကြည်ညိုရ၍ ဖိတ်ကြားခြင်း ခံရတာပဲ ဟူ၍ဂုဏ်း၊ အမျိုးမျိုး အပုံပုံ အံ့သြချီးကြူးလှုက် နေကြကုန်သည်။

ဤကဲ့သို့သော အံ့သြ ချီးမွမ်းခြင်းတို့ ဖြစ်ပေါ် နေစဉ်တွင် ဟံသာဝတီသတင်းစာ၌ "....မင်းတို့ဆီမှာ ဘာသာရေးဟာ ဘိန်းနှင့်တူသေးသလား? ဟေ့၊ ငါတို့လာချင်လို့" ဟူသော အပြစ်တင်သည့် သဘောရှိသော အောက်ပါကာတွန်းကို တွေ့ခဲ့ရလေပြီ။



နောက်တဖန် ပြည်ထောင်စု သတင်းစာတွင် "ထုန်းပြည်၌ သာသနာပြုခြင်းသည် ချစ်တီးခေါင်း သန်းရှာသလို မဖြစ်သင့်။ ဟူသော ကာတွန်းတခုနှင့် အပြစ်တင်မှုကို တွေ့ရ ပြန်လေသည်"

သတင်းစာ အစောင်စောင်တို့တွင်လည်း မိမိတို့ သဘောကျသလို ငေဖန်ချက်တို့ကို ရေးကြပြန်သည်တို့မှာ အောက်ပါအတိုင်းတွေ့ရပြန်သည်။


ဆရာတော်ကြီး
ဘုန်းပြည်၌ သာသနာပြုခြင်းသည် ချစ်တီးခေါင်း သန်းရှာသလို မဖြစ်သင့်။
ဟူသော ကာတွန်းတခုနှင့် အပြစ်တင်မှုကို တွေ့ရ ပြန်လေသည်။
ဟုတ်ပါ့ဘုရား။ ဒကာတို့ ဘုန်းပြည်ကို ဘာကြောင့် သာသနာပြုရသလဲ။
ဒကာတို့ ဘုန်းပြည်ကို သာသနာပြုရသည်မှာ ဘုန်းပြည်ရှိ ဘုန်းကြီးများ
ဘုန်းပြည်ရှိ ဘုန်းကြီးများ ဘာကြောင့် ဘုန်းပြည်ကို ပြန်ကြသလဲ။
ဘုန်းပြည်ရှိ ဘုန်းကြီးများ ဘုန်းပြည်ကို ပြန်ကြသည်မှာ ဘုန်းပြည်ရှိ

ထို့ပြင် သတင်းစာတို့တွင် ရေးသား ဝေဘန်ချက်တို့ကိုလည်း တွေ့မြင်ရသည်မှာ အောက်ပါအတိုင်း ဖြစ်နေပေသည်။

## ကြေးမုံသတင်းစာ ဇဝနဆောင်းပါး

### ၈ရက်ရင်....၈ရင်ရင်

ကြေးမုံကပါ....ဟုတ်ကဲ့ ကျွန်တော်ပါဘဲ။ နေကောင်းပါ ဘယ်ခင်ဗျာ မေးတာ ကျေးဇူးတင်ပါတယ်၊ ဟုတ်ကဲ့ ကျွန်တော် ပြောနေကျလာတာ တပတ်လောက်ရှိသွားပါပြီ.... ဘယ်ကိစ္စသိချင်လို့လဲ၊ မေးပါ။

တရား လွတ်တော်ချုပ် တရားဝန်ကြီး ဦးချန်ထွန်းအောင်နဲ့ နေရင်းဆရာတော် ဘုရားကြီး ဦးကောဝိဒတို့ ရုရှပြည်ကို ဗုဒ္ဓဘာသာ သာသနာပြုရအောင် သွားကြလိမ့်မယ် ဆိုတဲ့ သတင်းတွေ့လိုက်ပါတယ်၊ အောင်မြင်မယ်- မအောင်မြင်ဘူးလို့ ကျွန်တော် ဘယ်ပြောနိုင်ပါ့မလဲ၊ ဒါကတော့ သာသနာပြု ပုဂ္ဂိုလ်တွေနဲ့ ရုရှ ဝေနေယျလူထု အပေါ်မှာ တည်နေတာဘဲ။

ကွန်မြူနစ်နိုင်ငံမှာ ဘာသာတရား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့် ရှိလာလောက် ရှိနေပါတယ်၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာနမ်း ပြည်မှာတုန်းက ဗုဒ္ဓဘာသာဘုန်းကြီးတွေ ဖူးတွေ့ခဲ့ပါတယ်။ ဟိုင်ဖုံမြို့မှာ ဆိုရင် ဗရင်ဂျီ ဘုန်းကြီးတပါး၊ ဗျာပနနဲ့ ကြုံကြိုက်ပြီး ဘုရင်ဂျီဘာသာဝင် နှစ်ထောင်ကျော်လောက် ဝမ်းနည်းတဲ့ အထိမ်းအမှတ် အဝတ်ဖြူ ခေါင်း ပတ်ပြီး မသာ လိုက်ပို့ကြတာ တွေ့ခဲ့ရပါတယ်.... နောက်တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်းတက်ကြတာလဲ တွေ့ခဲ့ရတယ်....တရုပ်ပြည်တုန်းကလဲ ဗုဒ္ဓဘာသာဘုန်းကြီးတွေ ဖူးခဲ့ရတာဘဲ....။

တခုတော့ရှိတယ်လေ.... အဲဒီနိုင်ငံတွေက ဗုဒ္ဓဘာသာ ဘုန်းကြီးတွေက မဟာယာန ဂိုဏ်းတွေဖြစ်ကြလေတော့ လယ်ထွန်လယ်လုပ်ကြတယ်။ ပန်းပင်စိုက်ပျိုးတဲ့ အခါမှာ ပိုးတွေသေအောင် ပိုးသတ်ဆေးတွေနဲ့ သတ်ကြတယ်။ နိုင်ငံရေးအရလဲ ဒီလို အာလုပ် လုပ်နေကြလေတော့ ဗမာပြည်က ဘယ်လိုသွားပြီး သာသနာပြုကြမလဲ ဆိုတာကို စဉ်းစားလို့တော့ မရဘူး ခင်ဗျ.... ဟဲ–ဟဲ။

နိုင်ငံသစ်သတင်းစာ ခေါင်းကြီးပိုင်းတွင် (၁၃-၂၊ နယုန်လဆန်း ၁၃-ရက်၊ နွေစဉ်နှင့် အောက်ပါအတိုင်းပါရှိလေသည်။

## ဆိုဗီယက်သွား ဗုဒ္ဓသာသနာပြုအဖွဲ

ဗမာနိုင်ငံတရားလွှတ်တော် တရားဝန်ကြီး ဦးချန်ထွန်းနှင့် ဇနီးတို့သည် နေရင်း ဆရာတော် ဦးကောဝိဒနှင့် အတူ များမကြာမီ ဆိုဗီယက်ယူနီယံသို့ ဗုဒ္ဓဘာသာ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာ သွားတော့မည် ဟူသော အတင်းစာရပ်ကို ဘတ်လိုက်ရပေသည်။

ဤသတင်းနှင့် ဆက်စပ်၍ ကမ္ဘာ့အုပ်စုကြီး ၂-ခု၏ စစ်အေးတိုက်ပွဲတွင် ဆိုဗီယက်တို့က သူတို့၏ နိုင်ငံခြားရေးဝါဒ ရည်ရွယ်ချက်များ အောင်မြင်မှု အတွက် ဘာသာရေးကိုပါ ခုတုံးလုပ်ပြီး အသုံးပြုလာပြီဟူသော အချက်ကိုပါ ဆက်လက် တွေးမိပေသည်။

စင်စစ်အားဖြင့် ဆိုဗီယက်တို့သည် ဘုံလ်ရှီဗျစ် တော်လှန်ရေး ခေတ်ဦးကပင် ဘုရားကို မယုံကြည်သော (၀၊) ဘာသာ

ဘရားမရှိသော ဝါဒကို ကြွေးကြော်ခဲ့သူများ ဖြစ်ကြသည်။ သို့သော်လည်း ဘဝတွင် ဘာသာတရားမရှိလျှင် မဖြစ်ဟု ယုံကြည်သူ မြောက်မြားစွာသော ကမ္ဘာ့လူထုကြီးအား ဆိုဗီယက်တို့ကလည်း ဘာသာရေးကို စိတ်ဝင်စားလေဟန် ယခုပြနေကြခြင်းဖြစ်လေသည်။

ဤအချက်နှင့် စပ်လျဉ်း၍ ဆိုဗီယက်ယူနီယံ တာဂျစ်ကစ္စတန် ပြည်နယ် စတာလင် နာဘတ်မြို့ထုတ် (ကွန်မြူနစ်တာဂျစ်ကစ္စတန်) ခေါ် သတင်းစာ၌ ရေးသားထားပုံမှာ စိတ်ဝင်စားဘွယ်ကောင်းပေသည်။ အဆိုပါသတင်းစာက ယခုအခါ အေသီအစ်ဇင်း (ဘုရားမရှိသောဝါဒ) ပြန့်ပွားရေး အတွက် အစိုးရ၏ ဝါဒဖြန့်ချိရေးလုပ်ငန်းမှာ ကျေနပ်ဘွယ် မရှိအောင် ချို့ယွင်းချက်များ ရှိနေကြောင်း။ ဘာသာတရားဆန့်ကျင်ရေးဝါဒဖြန့်မှု အတွက် ရုပ်ရှင် ရေဒီယို၊ စာကြည့်တိုက်၊ အသင်းအဖွဲ့ကလာပ်များကို နည်းအမျိုးမျိုးဖြင့် အသုံးပြုရန် လိုကြောင်း စက်ည်ဖြင့် ဘာသာရေးကို မလိုလားအပ်ပုံများ အတိအလင်း ရေးသားထားလေသည်။

ဆိုဗီယက်နိုင်ငံတွင် သတင်းစာများကို အစိုးရက တိုက်ရိုက် ချုပ်ကိုင်ထားသဖြင့် ယခုရေးသားချက်မှာလည်း အစိုးရသဘောတူညီချက် အရ ဖြစ်ရမည်ဟု ယူဆရပေသည်။ တနည်းအားဖြင့် ဆိုဗီယက်အစိုးရ၏ ဘာသာရေး ပေါ်လစီ (ဝါဒ)ကို ထင်ရှားစေပေသည်။

သို့စဉ်လျက် နေရင်းဦးကောဝိဒ ဆရာတော်နှင့် တရုတ်ဝန်ကြီးဦးချန်ထွန်းတို့၏ အဖွဲ့သည် ဆိုဗီယက်ယူနီယံသို့ ဗုဒ္ဓသာသနာပြုရန် သွားရောက်လိမ့်မည်ဖြစ်ပေသည်။ ဗုဒ္ဓဘာသာပြန့်ပွားရေး

အတွက် ဆောင်ရွက်ချက်များကိုလည်း ကျွန်ုပ်တို့အနေနှင့် များစွာ ချီးကျူးလေးစားမိပါ၏။ သို့ရာတွင် အထက်ဖော်ပြပါ ဆို၀ိယက်သတင်းစာ၏ ရေးသားချက်များအရ ဗုဒ္ဓဘာသာနာမြို့အဖွဲ့လုပ်ငန်း အောင်မြင်ပါမည်လော်ဟူ၍ သံသယ ဖြစ်မိပေသည်။

အင်္ဂလိပ် ဘာသာဖြင့် ထုတ်၀ေသော နေရှင်းသတင်းစာ (၂၆-၅-၆၁) နေ့စဉ်နှင့် ခေါင်းကြီးပိုင်းမှ အောက်ပါ အတိုင်း ၀ေဘန်ရေးသားလေသည်။

# BUDDHIST MISSION TO THE SOVIET UNION

The Cold War has spawned many undesirable situations, perhaps the mosr cynical and shocking of these being the use of religion to meet Soviet foreign policy aims. Despite the fact that Soviet Government policy is avowedly atheisīic and has been since the early days of the Bolshevik Revolution the Soviets now apparently find it necessry to give an appəarance of interest in religion to the great masses of the world who still find religion a necessity of life. This problem came to mind when reading of two recent news reports.

The first, was a report of an aritcle appearing in the *Kommunist Tadjkistana*, published in Stalinabad, capital of the Soviet Republic of Tajikistan. Since newspapers in the Soviet Union are government controlled we can

assume that the article received official sanction. The newspaper complains that ā government-backed propaganda drive promoting atheism is being "poorly" conducted. The drive is being carried out by the Stalinabad branch of the Soviet society for the dissemination of scientific and political knowledge, successor to the Bolshevik Atheist League.

"The effectiveness of atheistic propaganda depends to a great extent on the character of the forms and methods of conducting it," the newspaper asserted.

"The more diversified the forms and methods of anitireligious propaganda, the more successful the overcoming of vestiges of the past in the consciousness of the people.

"We should hail the initiative of the Stalinabed city party commitee concerning the orgnization of the first Tadzik House of Atheists, which became a pioneer in new, effective forms of ātheistic propaganda.

"It would be expedient to orgnize atheistic movie-lectures and radio programmes and ā dense network of atheists' rooms directly in libraies and...club. They could become permanently active centres of atheistic propaganda."

The article leaves on doubt as to the government's religious policy in, what was once predominantly Moslem, Tajikistan.

The second report was the announcement in the press last week that Supreme Court Justice U Chan Htoon, and the Reverend Neyin U Kawwida Sayadaw, will leave shortly to do missionary work for Buddhism in the Soviet Union. We have long been admirers of the Judge and of his work in spreading the principles of Buddhism. We whish this mission great success. Although what Buddhists there are in the Soviet Union are of a different school from that of Buama, this mission will certainly be of value in familiarising others with Buddhistic beliefs. However, we have grave doubts as to the possibilities of making substantial headway in this area in view of the Soviet pronouncements over the past 43 years and the newspaper report mentioned above.

——oOo——

## နေရင်းဆရာတော် စဉ်းစားခက်း

မြန်မာတပြည်လုံးရှိ သတင်းစာများ၏ မန္တစ်သက်ဖွယ် အာဘော်များကြောင့်ငင်း လူရှင်ရဟန်း အများတို့ကလည်း ရှုရှားပြည် သာသနာပြုမည်ဆိုဒါ မဖြစ်နိုင်ပါဘူး၊ ကုန်မြန်စွာ နိုင်ငံတွင် ဘာသာရေးမှ မရှိဘဲ၊ သူးလျှင် မောရုံရှိမှာဘဲ ဟူ၍ရင်း။ လက်ဝဲကိုက်း၀င် များကလဲည်း ရုရှားနိုင်ငံဆိုဒ် လူတိုင်းသူးခွင့်မရနိုင် ကံစကာဇ်းထောက်မ၍ ဆရာတော် ဦးကောဝိဒ သူးခွင့်ရသည်ဟူ၍ရင်း အမျိုးမျိုးပြောဆို နေကြသဖြင့်ကျနုပ် တို့၏ မင်္ဂလာတိုဝိသုဒ္ဓိ အသင်းကြီး၏ အမှုဆောင်အစည်းအဝေးနှင့် ပြည်စထောင်စု မြန်မာနိုင်ငံ ဓမ္မ ကထိကဒ ဖဲ့ချုပ်၏ အမှုဆောင်အစည်းအဝေးတို့ ခေါ်ယူပြီး ရုရှားနိုင်ငံသို့ ဗုဒ္ဓဘာသာ သာသနာပြု ခရီးသူးသင့် မသူးသင့် အကြံဉာဏ်တောင်းယူရာ သူးသင့်သောဘက်မှ ၃-ဖုံ့ ၂-ပုံစီ သဘောတူသဖြင့် ဆိုဗီယက်နိုင်ငံသို့ ခရီးထွက် မည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်လေသည်။

ကျနုပ်အထူးစဉ်းစား မိသည်မှာ ဆိုဗီယက်ပြည်ထောင်စု သည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော နိုင်ငံကြီးဖြစ်သည်။ ကမ္ဘာ့မြေပြင် ၆-ပုံ ၁-ပုံကို ပိုင်ထားသည်။ တောင်မှမြောက်သို့ မိုင်ပေါင်း- ၃၀၀၀။ အရှေ့မှအနောက်သို့ မိုင်ပေါင်း- ၅၅၀၀။ စတုရန်းရိယာမိုင်အားဖြင့်- ၈,၆၄၆,၄၀၀ ကျယ်ပြန့်သည်။ အမြန်ရထားနှင့် ဆိုဗီယက်ပြည်ထောင်စုကို လက်ျာရစ် လှည့်ပတ်မည်ဆိုလျှင် ၂-လကြာခရီးသွားရမည်။ တနာရီလျှင်

မိုင်- ၃၁၀ နှုံး ပြန်သန်းသောခရီးအညတ်င် ရိုးရိုးလေယာဉ် ပျန်ဖြင့် မရပ်မနား ဆိုဗီယက်နယ်ခြားများ မိုင်ပေါင်း ၃၇,၂၆၀-ကိုဖောက်ရိုရန် ပံ့သန်းပါလျင် ၅-ရက်ပံ့သန်းရပေ မည်။ ဆိုဗီယက်ပြည်ထောင်စု အရှေ့နှင့် အနောက်အစွန်ဆုံး တို့တွင် အရှေ့တွင် နံက် ၅-နာရီဖြစ်လျင် အနောက်တွင် ည သန်းခေါင်အချိန်ဖြစ်နေပေသည်။ လူဦးရေအားဖြင့် တရုပ် ပြည်နှင့် အိန္ဒိယနိုင်ငံတို့အောက် တတိယအများဆုံးရှိသော နိုင်ငံဖြစ်ပေသည်။(ထရုပ်ပြည်တွင် လူဦးရေသန်း ၆၀၀-ကျော် အိန္ဒိယတွင်သန်း ၄၀၀-နီးပါးရှိသည်။)ဆိုဗီယက်ပြည်ထောင်စု တွင် လူဦးရေသန်း- ၂၂၀ ရှိပေသည်။ နှစ်စဉ်လူဦးရေ အသူဆက် ဖွားသူက ၃-သန်းကျော်အမြဲတိုးပွားလျက်ရှိ၏။ ဆိုဗီယက်ပြည်သူတို့သက်တန်းမှာ ယခုအခါ ၆၉- နှစ်ရှိလေ သည်။ ယခင်ဇာဘုရင် လက်ထက်က သက်တန်း ၃၂- နှစ် မျှသာရှိလေသည်။

ဆိုဗီယနိုင်ငံသည် သမတပြည်နယ်ပေါင်း ၁၅-ပြည်ကို စုပေါင်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ မြို့တော်မှာ မော်စကိုမြို့ဖြစ်၍ လူဦးရေ ၆,၂၀၀,၀၀၀ (၆-သန်း ၂-သိန်း) ကျော်နေထိုင်ကြသည်။ မော်စကိုမြို့ရှိ ရှေးဟောင်း ကရင် မလင် နန်းတော်ကြီးကိုတန္ဒစ်လျင် လူဦးရေ ၃- သန်းကျော် လာရောက် ကြည့်ရှုနေလေသည်။ မော်စကိုမြို့လောက်နီးပါး ကြီးသောမြို့တို့မှာ

| | | |
|---|---|---|
| လီနင်ဂရက်မြို့ | လူဦးရေ | ၃,၃၀၀,၀၀၀။ |
| ကိဗမြို့ | " | ၁,၁၀၀,၀၀၀။ |
| ဘာကုမြို့ | " | ၉၆၇,၀၀၀။ |

ဂေါ်ကီမြို့ ။ ၉၄၂,၀၀၀။
ခါကော့ဗမြို့ ။ ၉၃၀,၀၀၀။
တပ်ရှကင့်မြို့ ။ ၉၁၁,၀၀၀။

တို့မြစ်ကြပေသည်။ လူမျိုးပေါင်း- ၁၁၀ ကျော် ဘာသာစကားမျိုးပေါင်း (၁၀၀)တို့ဖြင့် ပြောဆိုနေကြသည်။ ဤမျှကြီးကျယ်သော ဆိုဗီယက်နိုင်ငံကြီးတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ မြို့ပေါင်း- ၁၇၁၀။ ကျေးရွာပေါင်း ၇၀၀၀။ အိမ်ပေါင်း ၆-သန်း။ စက်မှုလက်မှု (စက်ရုံပေါင်း) ၃၀၇၅၀။ မီးရထားဘူတာရုံပေါင်း- ၄၀၀၀။ ဆေးရုံပေါင်း- ၄၀၀၀၀။ စာသင်ကျောင်းပေါင်း ( ကောလိပ်ကျောင်းများအပါအဝင်) ၈၄၀၀၀။စုပေါင်းလယ်ယာ(သမဝါယမ)ခြံနေပေါင်း-၉၈၀၀၀။ အစိုးရလယ်ယာခြံနေပေါင်း- ၁၈၇၆။ လယ်ထွန်စက် လယ်ရိပ်စက်များနှင့်ပြည့်သော ၎င်းစက်ရုံပေါင်း- ၂၈၉၀။ နွားမပေါင်း ၁၇-သန်း။ ဝက်ပေါင်း သန်း-၂၀။ ဆိတ်နှင့်သိုးပေါင်း ၂၇-သန်း။ အသီးစားခြံ ဥယျာဉ်များ ဧက- ၁,၂၆၀,၀၈၀။ သပျက်သီး ဥယျာဉ်ခြံများဧက- ၃၈၂,၀၀၀။ လူပေါင်း သန်း ၂၀-တို့သည် သေကြေပျက်စီးခြင်းခံရပြီး လူပေါင်း-၂၅ သန်းတို့အိုးအိမ်မဲ့ဘဝ ဒုက္ခိတများဖြစ်ကြရပျာပုံထောက်နေခဲ့သော နိုင်ငံကြီးဖြစ်သည်။ယခုအခါ ဆိုဗီယက်ယူနီယံ၌ မြို့များတွင် အိမ်ခန်း ပေါင်း- ၁၅-သန်း။ ကျေးလက် တောရွာများတွင်- အိမ်ခန်းပေါင်း ၁၉-သန်းရှိ အိမ်များကို ဆောက်ပေးလျက် နေ့စဉ် အိမ်ထောင်စု ပေါင်း- ၂၀,၀၀၀(၂-သောင်း)ကို အိမ်ခန်းများ ပေးလျက်တိုးတက်နေသည် (ဒုတိယကမ္ဘာစစ်ကြီး ပြီးသည်နောက် လူဦးရေ

သန်း-၅၀ တိုကို အိမ်ခမ်းများပေးပြီး(ပြီ) ၁၉၇၀-ခု နှစ်တွင် တပြည်လုံးအား အိမ်ခမ်းအပြည့်အစုံ ရအောင်ပေးမည်ဟု စီမံကိန်းလုပ်ထားသည်။ စက်မှုလက်မှု စက်ရုံအကြီးစား ပေါင်း- ၂၀၀ အခြားစက်မှုလက် စက်ရုံပေါင်း- ၄၀,၀၀၀, ကျော်တို့ကို တည်ဆောက်လျက် အလုပ်လုပ်နေသည်။

လယ်ယာစိုက်ပျိုးရေးဘက်တွင်လည်း မြေယာ ဟက်တာ သန်းပေါင်း ၂၄၂-ကိုလယ်ယာလုပ်ငန်းသင်တန်းကျောင်း ၂၀၀၀၀-ကျော်မှ ထုတ်လာသော လယ်ထွန်စက်မောင်းသူ ၂၇၀၀၀၀-ကျော်ဘို့ဖြင့် စိုက်ပျိုးလုပ်ကိုင်နေကြသည်။မြေရိုင်း မြေကောန့် သဲကန္တာရနယ်မြေပေါင်း ဟက်တာ ၇၀- သန်း ကိုလည်း ခေတ်မှီစက်ကိရိယာတို့ဖြင့် ပြုပြင်၍စိုက်ပျိုး လုပ် ကိုင်နေကြပြီးလျှင် နိုင်ငံတော်လယ်ယာ ဌာနကြီးပေါင်း- ၈၀၀၀။ စုပေါင်းလယ်ယာဌာန (သမဝါယမ) ပေါင်း ၄၂,၀၁၀ဘို့သည် မြေယာဟက်တာသန်း၁၀၀-စီခဲ့ဝေလုပ်ကိုင် နေကြသည်၊ စုပေါင်းလယ်ယာတဖွဲ့လျှင် မြေယာဟက်တာ ၁၀၀၀၀-မှ ၂၀၀၀၀-အထိ ကျယ်ပြန့်စွာလုပ်ကိုင်နေကြသည်။ အစိုးရ လယ်ယာဌာနတခုတွင် မြေယာဟက်တာ· ၄၂,၅၀၀ ရှိသည်။ ဝါဂွမ်းစိုက်သော လယ်ယာဌာနတခုတွင် ဟက်တာ ၁၅၀၀၀-။သိုးမွေးမြူရေးဌာနတွင်ဟက်တာ- ၁၃၂,၀၀၀ ရှိသည်။ အစိုးရကလယ်ယာ စိုက်ပျိုးရေးအတွက် တနှစ်လျှင် ရှုဘယ် ငွေ- ၁၃၉၀၀သန်းမှ ၂၇၀၀၀-သန်းအထိ ငွေရင်းမြှုပ်နှံ လုပ် ကိုင်ပေးသဖြင့် လယ်ထွန်စက်ပေါင်း ၂၇၀,၀၀၀ (မြင်း- ၁၅ ကောင်အား) သီးနှံရိပ်သိမ်းစက် ၆၀၀,၀၀၀, မြက်ရိပ်သိမ်း စက်စုံ- ၁၅,၀၀၀,တို့ကိုအသုံးပြုပြီးစိုက်ပျိုကြရာ ထိုလယ်များ

မှ သီးနှံ ပုဒ်ပေါင်း- ၃,၂၀၀ သန်းမျှ ထုတ်ခဲ့လေသည်။ ဤသို့ တိုးတက်နေစဉ်သာ နိုင်ငံကြီးသို့ ကျွန်တော်သွားရောက်လည်ပတ်သင့်သည် မဟုတ်ပါလော။

## ရုရှားပထမခရီးသည်ကြီး

ဂျင်းဖြင့်အင်ကြောင်းတရပ်မှာ-၁၈၇၃(၁၉-ရာစုနှစ်)က ရူပဗေဒပညာရှင်တဦးဖြစ်သော ရုရှားလူမျိုး ပေဗယ်ဒီရင်းဆိုသူသည် ဓနဥဒီးပေါက်ကာလတွင် ရန်ကုန်မြို့သို့ သဘော်ခရီးဖြင့် ဆိုက်ရောက်ခဲ့သည်။ရန်ကုန်မြို့မှတဆင့်မန္တလေးမြို့တော်သို့ပန်းသာသဘော်နှင့် လိုက်ပါပြီးသွားခဲ့လေသည်။ ၁၈၇၃-ခု ဧပြီလ ၂၄-ရက်နေ့တွင် ရန်ကုန်မှထွက်ခွာလာရာမေလ ၈-ရက်နေ့တွင် မန္တလေးသို့ ရောက်ခဲ့လေပြီ။ မန္တလေးတွင် ဘုရင့်ညီသည် ထောင်အဖြစ် တည်းခိုနေထိုင်ရ၏၊ ကြီးကျယ် ခမ်းနားသော ခြံဝင်းကြီးနှင့် အိမ်ကြီးတဆောင်တွင် သီးသန့်နေထိုင်ရသည်။ မြို့ဝန်က ညွှဲသည်ကြိုဆိုပြီး ဘုရင်နှင့်တွေ့ဆုံရန်စီစဉ်ပေးလေသည်။ရုရှားခရီးသည်ဒီရင်းသည် မြန်မာ့မြို့တော်၏မြို့ရိုးကျုံးပတ်ရှင် ရင်တား ပြာသာဒ် မြောက်စင်တို့ကို တအံ့တသြငေးမောကြည့်ရှုနေရသည်၊ ဘုရားတံဇောင်း ကျောင်းနှင့် ပြာသာဒ်အရပ်ရပ်တို့ကိုမြင်ရာ၌ ဤမျှခမ်းနား ကြီးကျယ်သော သာသနာရေး အဆောက်အဦးမျိုး ဝင်းလက်ထိန်ပြောင် အဝါရောင်သက်နန်း တင်လျှမ်းနေထိုင်ကြသော ရဟန်းသံဃာများ, ကြည်ညို သဒ္ဓါ ထက်သန်စွာဖြင့် ရဟန်း သံဃာများအား ဆွမ်းလောင်းလှူပဲ့မြင်ရသောရုရှားခရီးသည် ပေဗယ်ဒီရင်း

သည် ငါထောက်ခဲ့သမျှ နိုင်ငံတကာတို့တွင် ပြိုင်ဘက်ကင်းသော ကြက်သရေမဂ်လာနှင့်ပြည့်စုံသော နိုင်ငံဖြစ်ပေသည်။ ဤမာနိုင်ငံကို ထောက်လှာရခြင်းသည် အလွန်ကံကောင်းထောက်မှု ထောက်လှာရခြင်းပါတကားဟု ဆိုရင်အားနှစ်သက်ခဲ့လှပေသည်။ ရက်အနည်းငယ်ကြာသောအခါ မြန်မာဘုရင် ထံ အခစားဝင်ထောက်အခါ ဧရာနန်းတော်ကြီး၏ ကြက်သရေမဂ်လာကို မြင်ရပြန်သောအခါဌာဘုရင် ဆင်ဖြူတော် တင်းကုတ်နှင့် မြန်မာ အမြောက်ကြီးများကို မြင် သောအခါဌာ ဩ- ငါတို့ရှေ့နိုင်ငံ ကရင်မလင်နန်းတော်ကြီးနှင့် မခြားပါတကားဟု အလွန်ဝမ်းသာအားရ မျက်ရည်ပင်ကျခဲ့လေသည်။

မြို့ဝန်မင်းသည် ပေဗယ်ဒီရင်းအား ဘုရားပွဲများ ကျင်းပသော နေရာသို့ဝင်း ဇာတ်ပွဲရုပ်သေးပွဲ ကပြရာသို့ဝင်း မြန်မာဆိုင်းဝိုင်းနှင့်ဗုံကြိုးများ စည်ဓမ္မာများတီးမှုတ်ကြပုံတို့ကိုဝင်း ဗုဒ္ဓဘာသာရှင်ပြုပွဲ ရဟန်းခံပွဲ ကျင်းပပုံများကိုဝင်း လိုက်လံပြဿပေးရာတွင် ရှေ့ရှားခရီးသည်သည် အလွန်စိတ်ပါဝင်စားလျက်မတွေ့မမြင်ဘူးသော ပွဲလမ်းသဘင်များ ဖြစ်ပါသည် ဦးခေါင်းပင် မူးဝေလာပါဘည်ဟု မှတ်ချက်ရေးခဲ့လေသည်။

ဘုရင်မင်းမြတ်ထံ အခစားရောက်ရှိသောအခါ မြန်မာဘုရင်သည်အထိမ်းအမှတ်ဖြစ်ရန်အတွက် ၂၅-ကရက်ရှိ နှီလာလက်စွတ်တကွင်း ငွေထည်မျိုးစုံအပြည့်ပါသော ငွေသေတ္တာ ၄-လုံး မြန်မာပြီးအုပ် ၂-အုပ် ငွေသား ၂၀၀၀-နှင့် အခြားသော မြန်မာ့ ပန်းချီ ပန်းပု အနုပညာ ထည်များပါ ပေးလိုက်လေသည်။

ရုရှားပညာရှင် ဗေဒယ်ဒီရင်းသည် မန္တလေးမြို့တော်တွင် ၂၅-ရက်ကြာနေထိုင်ပြီးလျှင် ဇူလိုင်လ ၂၃-ရက်နေ့တွင် မြန်မာမြို့တော်မှ ထွက်ခွာသွားခဲ့လေသည်ဟု ၎င်း၏မှတ်တန်းတွင် တွေ့ဘူးလေသည်။ ဤကဲ့သို့ ရုရှား ပညာရှင်များက ဗမာနိုင်ငံသို့ လာရောက်ပြီး ဗဟုသုတ ရှာမှီးခါသုတေသန ပြုလျက် ဗမာ့အကြောင်းကို စာအုပ်စာတန်းများ ထုတ်ဝေထားကဲ့သို့ ကျွန်တို့သည်လည်း ရုရှားနိုင်ငံသို့သွားရောက်ပြီး အရပ်ရပ်သော အကြောင်းအရာများကို လေ့လာလျက် စာအုပ်စာတန်း ထုတ်ဝေရန်အတွက် သွားရောက် လည်ပတ် သင့်သည် မဟုတ်ပါလော။

## နှစ်စဉ် အဝင်အထွက် တံခါးဖွင့်ထားပုံ

ဆိုဗီယက် ယူနီယံသို့ နိုင်ငံခြား တိုင်းပြည်များမှ နှစ်စဉ် ဗဟုသုတလာရောက်ရှာခါ လည်ပတ်သူဦးရေသည် ပေါင်း- ၉၁၀,၀၀၀, ကျော်လာရောက်၍ ဆိုဗီယက်ပြည်သူ အပေါင်း- ဂ၀၀,၀၀၀,ကျော်တို့ကလည်း နှစ်စဉ် ကမ္ဘာအနှံ့ လည်ပတ်၍ ဗဟုသုတရှာနေကြလေပြီ။ ဆိုဗီယက်အစိုးရက လည်း မြို့ကြီးပေါင်း- ၇၀ တို့တွင် ခရီးသည်များ ကူညီရေး အဖဲ့များထားရှိပြီးလျှင် နိုင်ငံအရပ်ရပ်မှ ခရီးသွားကူညီရေး အဖဲ့- ၄၀၀,ကျော်တို့နှင့် ဆက်သွယ်လျက် ကူညီအားပေး နေသည်ဟူသော သတင်းများကိုတွေ့ရသဖြင့် ကျွန်တို့ သွား ရောက်ပြီး ၉၀၀,၀၀၀,ကျော် ဗဟုသုတရှာသူတို့တွင် တဦး အပါဝင် ဖြစ်ဆင့်ဆည်မဟုတ်ပါလော။

## နိုင်ငံခြားသို့ အကူအညီပေးပုံ

ဆိုဗီယက်နိုင်ငံသည် ကူးသန်းရေးလုပ်ငန်း စက်မှုလက်မှုလုပ်ငန်း လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း စသည်တို့၌ အဘက်ဘက်မှ တိုးတက်နေသောကြောင့် အခြားသော သူ၏ မိတ်ဆွေနိုင်ငံများအား စီးပွားရေးအကူအညီတက်မှု ထူထောင်ရန် အတွက် ငွေလုံးငွေရင်းများကို ၁၉၅၅-၁၉၆၀-ခုနှစ်(၆-နှစ်) အတွင်း အောက်ပါအတိုင်း အတိုးအနည်းငယ်မျှနှင့် ရှုဘယ် ငွေများ သန်းပေါင်း များစွာတို့ကို ထုတ်ပေးခဲ့လေသည်။

အိန္ဒိယသို့ သန်းပေါင်း- ၃၂၀၀။ အာရပ်ပြည်ထောင်စု သို့ သန်းပေါင်း- ၂၀၀၀။ အာဖဂန် နိုစတန်သို့ သန်းပေါင်း ၄၈၀။ အင်ဒိုနေးရှားသို့ သန်းပေါင်း-၁၄၇၀။ သီဟိုဠ်ကျွန်းသို့ သန်းပေါင်း- ၁၂၀။ အာဂျင်တိုင်းသို့ သန်းပေါင်း- ၄၀၀။ အိုင်ရပ်သို့ သန်းပေါင်း-၂၃၀။ အီသီယိုပီးယားသို့ သန်းပေါင်း- ၄၀၀။ ဂူနီယာသို့ သန်းပေါင်း- ၁၄၀။ ကျူးဘားသို့ သန်းပေါင်း-၁၄၀။ ဂါနာသို့ သန်းပေါင်း- ၁၆၀။ ဗမာနိုင်ငံသို့ အင်းယား ဟော်တယ်ကြီး သမိုင်း ကောလိပ်ကျောင်းကြီး ဇတာင်ကြီးမြို့ ခေတ်သစ် ဆေးရုံကြီးတို့ ဖြစ်ပေသည်။ ဆိုဗီယက် ရှုဘယ်ငွေများမှာ ၁၉၆၁- ခုနှစ်မှစ၍ ဇွဲစိုက်ခိုင်လုံသဖြင့် တိုးဘက်လာလေသည်။ ၁၉၆၁- ခုနှစ် မတိုင်မီ ခေတ်ကဆိုလျှင် အမေရိကံ ဒေါ်လာ တကျပ်လျှင် ရှုဘယ် ၄- ကျပ်ရှိသည် ၁၉၆၁-ခု၏ နောက်ဘုံင် အမေရိကံဒေါ်လာ တကျပ်သည် ရှုဘယ်တကျပ်၏ အစိပ်အပိုင်း ပြား ၉၀-မျှ ရှိစောသည် တကျပ်ချင်းပင် မတူတော့ချေ။ အမေရိကံ

ဒေါ်လာငွေထက် ရူရှား ရူဘယ်ငွေက စျေးတက် သွားလေသည်။ ရူရှားရူဘယ်စတိုးတက်ရခြင်းမှာ အမေရိကံထက် ရူရှားပြည်မှာ တိုးတက်သောကြောင့် ဖြစ်လေသည်။ ဤမျှတိုးတက်နေသော နိုင်ငံကြီးတနိုင်ငံကို ကျနုပ်တို့သွားရောက် ကြည့်ရှုလည်ပတ် သင့်သည်မဟုတ်ပါလော။

## ဆိုဗီယက် သာသနာပိုင်နှင့် ဗမာပြည်

ဆိုဗီယက်ယူနီယံမှခေါင်းဆောင်ကြီးနှင့် လာမရဟန်း တို့၏ ဥက္ကဋ္ဌသာသနာပိုင် ပဏ္ဍိတဟံပေါလာမနှင့် ဒုတိယသာသနာပိုင် ဂံဓပါလာမ,တို့ ၂- ဦးသည် အတုံင်းရေးမှူး လောကဓာတ် ကျောင်းဆရာ မစ္စတာ ဒယ်လ်ကော့ဗ (စကားပြန်)နှင့်အတူ ၁၉၆၀-ခုနှစ် ဇူလိုင်လက ဗမာနိုင်ငံသို့ လာရောက် လည်ပတ်ရာတွင် ကျနုပ်(နေရင်းဦးကောဝိဒ)နှင့် ဦးသာဝင်း (ကမ္ဘာ့ဗုဒ္ဓဘာသာ သမဂ္ဂိအဖွဲ့) အတုံင်းရေးမှူး တို့သည် အစိုးရထံ အကူအညီတောင်းပြီးလျှင် မန္တလေး မေမြို စစ်ကိုင်း အမရပူရ ပုဂံ ညောင်ဦး မြင်းခြံမြို တို့သို့ လိုက်ပို့ပြီးလျှင် တံခိုးကြီးဘုရား စေတီ ကျောင်း ကံ ရှုမြင်ခင်း တို့ကိုပြသလျက် မိတ်ဆွေကောင်းတို့၏ တာဝန်ကို ကြပ်နှစ်စွာဆောင်ရွက်လိုက်သဖြင့် ကျနုတ်တို့အား ဆိုဗီယက်နိုင်ငံသို့ ဘိတ်ကြားခြင်းဖြစ်ရာ အတုန့်အပြန် မိတ်ဆွဖြစ် ချစ်ကြည်ရေး ခိုင်မြဲရန်အတွက် သွားရောက် သင့်သည်မဟုတ်ပါလော။

---

★ စကားပြန်တဦးခေါ်လျှင် စားနေ့ဒေါ်လာ ၃၅-ပေးရ၏။

## အိဇေဝါ ကျောင်းတိုက်ကြီး

ဆိုဗိယက်ယူနီယံဗုဒ္ဓဘာသာ ဗဟိုအဖွဲ့ခေါင်းဆောင်ကြီး ဖြစ်သော ဆိုဗိယက်ယူနီယံ မဟာဃနာ ဂိုဏ်းဝင် ရဟန်းများ၏ သာသနာပိုင် ပဏ္ဍိတဟံပေါလာမ, အိဇီရှရမ်ဗ၏ သာသနာ့ရိပ်သာအိဇေဝ်ဂါကျောင်းတိုက် မဟာသည် အုထုးဆင်းယုတော် ၁၅၀၀- တို့၏ကိန်းအောင်းထာဂန္ဓကုဋီတိုက်ကြီး တိဘက်ပုံသဏ္ဌာန်စေတီနှစ်ဆူ ကမ္ဘဝန်းပဲ့ဝန်းများနဲ့ထိုင်ထာ ကျောင်းများ ဘာသာမျိုးစုံနှင့် စာပေ မြောက်များစွာ တည်ရှိသော ပိဋကတ်တိုက် တထားနာယူရာ ဓမ္မာရုံအလုံးစုံ တို့ဖြင့် သာသနာ့ ကြက်သရေဆောင်ပြီး ဂုဏ်ထောင် ထွန်းပြောင်စွာ ဆိုဗိယက်နိုင်ငံတွင် တည်ရှိနေရာ တခါ အခေါက်လောထောက်ကြည့်ရှုလျှင်ပါဟု ကျွန်ုပ်အားဧည့်ခံသော သနာပိုင်ကြီးက အတန်တန် မှာကြားသည်ကိုနားဝတ်တွင် အမြဲလို ကြားနေသလိုလို ဖြစ်နေသဖြင့် ထိုသာသနာပိုင်ကြီး ကျောင်းတိုက်သို့ သွားထောက် ကြည့်ရှု သင့်သည် မဟုတ်ပါလော....။

ဂင်းပြင်ဒုတိယ သာသနာပိုင် ပဏ္ဍိတဂံပေါလာမ၏ တောတောင်ဝိုင်းကာ ရှုတိုင်းသာယာသည့် သာသနာ့ရိပ်သာ ကျောင်းတိုက် မဟာသည် ခါတပြည်နယ် အာဂျင်စကေး အရပ်၌ တည်ရှိသည်ကိုဂင်း လိနင်ဂရက်မြို့ရှိ ၃-သန်းတန် ဗုဒ္ဓဘာသာ ၃-ထပ်ကျောင်းကြီးကိုဂင်း သွားထောက် ကြည့်သင့်သည် မဟုတ်ပါလော။

ရဟန်းတော်ကို မြင်ရုံမျှ အကျိုးအနှစ်ရနိုင်ပုံ

တနည်းအားဖြင့် စဉ်းစားမိပြန်သည်မှာ မင်္ဂလမနိကာယ် မင်္ဂလမပဏ္ဏာသအဋ္ဌကထာ အာဂဇေယျသုတ်အဖွင့်၌

"..... ဘုရားသားတော် ရဟန်းတော်များအား ဆွမျိုးသားခြင်း တော်စပ်သူကသော်၎င်း တစုံတဦးသော သူကသော်၎င်း ကျိုအရှင်မြတ်သည် သီလ သမာဓိ ပညာထိန်လျှပ်အရှင်မြတ်ပင်တည်းဟု ကြည်ညိုသောစိတ်ဖြင့် ထိုရဟန်းကို အာဘန်တလဲလဲအမှတ်ရ၏။ ထိုသို့အမှတ်ရသော ပုဂ္ဂိုလ်အား ရဟန်းကို ကြည်ညိုသောစိတ်သည် အာဘန်ဘန် ဇောက်မေ့ ရုံမျှပင်ဖြစ်သော်လည်း ကြီးကျယ်မြားမြတ်သော အကျိုးအာနိသင်ရှိသည် သာလျှင်ဖြစ်၏။ ကမ္ဘာကုဋ္ဌေထောင်ပေါင်း မြားစွာသောဘဝတို့၌ အပါယ်လေးပါး မခေါင်းသော ဘဝ မြားမှ လွတ်ငြောက်ခြင်းငှါ၎င်း အဆုံးဘဝတွင် အမြိုက်နိဗ္ဗာန်ကိုရောက်စေခြင်းငှါ၎င်း စွမ်းနိုင်သည်သာလျှင်တည်း ...." ဟု ဖွင့်ဆိုသော စကားမြားကို ထောက်ဆ၍ဂုဏ်း။ ။

".....ရဟန်းတော်မြားအားကြည်ညိုသောစိတ်ဖြင့် ချစ်ခင်နှစ်လိုဘွယ်သော မျက်စိတို့ဖြင့် မြင်ရခြင်း အရင်းရှိသော ကုသိုလ်သည် မြားစွာကုန်သော ဘဝအဖြစ် ထောင်ပေါင်း မြားစွာ ကာလပတ်လုံး မျက်နှာ၌အပူ အပိန် ထုတ်ခြင်း ဆောဂါမျိုး မျက်စိဝေဒနာ ဆောဂါမျိုး လေနာ သိမ်းခြင်းနာ ရောဂါမျိုးတို့ကင်းစင်နိုင်သည်။ ကြည်လင်သန့်ရှင်း၍အဆင်း ၅-မျိုးရှိသော ကြက်သရေ မင်္ဂလာနှင့်ပြည့်စုံသော မျက်စိတို့သည် ရတနာဗိမာန်၌ ခွါထားသော ဖတ္တမြားတခါးရွက်

မျှားကဲ့သို့ အာလွန်ပင်လုပ တင့်တယ်နိုင်ကုန်သည်။ တသိန်းသော ကပ်ကမ္ဘာတို့ပတ်လုံး နတ်ပြည်တို့၌ရှင်း လူ့ပြည်တို့၌ရှင်း အလုံးစုံသော စည်းစိမ်ချမ်းသာကို ရနိုင်ပေသည်။ ပညာရှိသော လူဖြစ်သောသူသည် ကောင်းစွာဖြစ်စေအပ်သော ရဟန်းတော်မျှားကို မြင်ခြင်း အရင်းရှိသော ကုသိုလ်ကြောင့် ဤသို့သဘောရှိသော ( ကမ္ဘာတသိန်းစကောင်းကျိုး ချမ်းသာ ) အကျိုးခံစား ရခြင်းသည်ကား အံ့သြဘွယ်ထူ မဟုတ်ပါပေ။

## ခင်ပုတ်ဌက်ကလေး ဘုရားသံဃာကြည်ညိုပုံ

ဘုရားသာသနာ ခေတ်အခါ၌ တိရစ္ဆာန်မျှားပင် သော်လည်း သဒ္ဓါတရားသက်သက်မျှဖြစ်ပြီး ရဟန်း သံဃာ မြင်ရုံမျှသောကုသိုလ်ကြောင့် ကြီးကျယ်သောအကျိုးစီးပွား ခံစားရရှိပုံကို ဤသို့အဋ္ဌကထာ ဆရာကြီးတို့က ဖွင့်ပြကြကုန်သည်။ ဗုဒ္ဓရှင်တော်မြတ်ရာဇဂြိုဟ်မြို့ ဝေဒိယကတောင် ကွန္ဒသာလလိုဏ်ဂူတွင် သီတင်းသုံး နေထိုင်တော်မူစဉ် အခါက ခင်ပုတ်ဌက် တကောင်သည် မြတ်စွာဘုရား၌ ရဟန်းတော်မျှား ဆွမ်းခအာသဝေါတ္ထိ လမ်းတဝက်သို့ ကျအောင်လိုက်ပို့၏၊ ဆွမ်းခံပြန်ထွက်လာရာတွင် လမ်းတဝက်မှ ဆီးကြို၍လိုက်ပါလာလေသည်။ တနေ့သောအခါ ဘုရားမြတ်စွာသည် ည နှစ်ချမ်းအချိန် ရဟန်းသံဃာ ခြံရန်ကာပြင့် နေထိုင်စဉ် ခင်ပုတ်ဌက်သည် တောင်ပေါ်မှ ဆင်းလာ၍ တောခြေပန်းချင်းယှက်ကာ ဦးခါင်းကို အောက်သို့ညွတ်လျက်

လက်အုပ်ချီမိုး ရှိခိုးခြင်းကို ပြုလျက်နေလေသည်။ ထိုအခါ ရက္ခစိုးနတ်တဉီးသည် "ဝေဒိယကတောင်၌ ကြာမြင့်စွာ နေလေ့ရှိသော ဝိုင်းစက်သောမျက်လုံးရှိသော ခင်ပုတ်ဌက်သည် သစ္စာ ၄- ဖြာရောင်ဝါဆင့်ဆင့် ပုဒ်တော်မူငြားမြတ်စွာဘုရားကို ဖူးမြင်နေပေသည်၊ ဤဌက်ကလေးသည် တသက်အေးလောက်အောင် ချမ်းသာလေစ့,....ဟူ၍ချီးကျူးလေသည်။ ထိုအခိုက်၌ ဘုရားမြတ်စွာသည် ပြုံးတော်မူသည်ကို အရှင်အာနန္ဒာကမေးလျှောက်သဖြင့် ထိုဘုရားသံဃာ ရှိသေစွာရှိခိုးသော ခင်ပုတ်ဌက်၏အကျိုးပေးပြည့်စုံမည့် အကြောင်းအရာကို ကောင်းစွာဖုံ့ဟ၍ အောက်ပါအတိုင်း မိန့်တော်မူသည်။

မယီ စိတ္တံ ပသာဒေတ္ဝာ၊
ဘိက္ခုသံဃေ အနုတ္တရေ။
ကပ္ပါနိ သတသဟဿာနိ၊
ဒုဂ္ဂတိံ နော နဂစ္ဆတိ။ ။

ငါဘုရားဦးရှင်း မြင့်မြတ်လှသော ရဟန်းသံဃာအပေါင်း တို့၌ဦးရှင်း ကြည်ညိုသော ဤဌက်ကလေးကို ကြည့်ကြကုန်လော။ ထိုဌက်ကလေးသည် ကမ္ဘာတသိန်းတိုင်တိုင် မကောင်းသော လားရာဂတိဖြစ်သော အပါယ်လေးပါးသို့ မရောက်ရပေလတ္တံ့။

ဒေဝလောကာ စဝိတ္ထာန၊
ကုသလမူလေန ဇောဒိတော။
ဘဝိဿာမိ အနုတ္တိ ဉာဏော၊
ဣသာမုနေသာတိ ဝိဿုတော။ ။

အဆုံးဘဝ ဒေဝရပ်ထံ နတ်ဗီမာန်မှ ပြန်လာသောအခါ ကုသိုလ်အပေါင်းတို့ ကောင်းစွာ တွန်းပေးခြင်း ခံရသော ဤငှက်ကလေးသည် အဆုံးမရှိအောာ ဉာဏ်တော်ရှိသော သောမနဿဟူ၍ ကျော်စောထင်ရှားသော ပစ္စေဗုဒ္ဓါ ဘုရားဖြစ် အဆူ ဖြစ်တော်မူလတ္တံ့ ....."။

ဤသို့ မိန့်ဆိုတော်မူသော ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာနှင့် သာရသင်္ဂဟ အဋ္ဌကထာများကို ထောက်ထားသော အားဖြင့်ဂုဏ်း၊ ဆိုဗီယက်နိုင်ငံသို့ ကျွန်ုပ်ရောက်သောအခါ ကျွန်ုပ် (ဘုရားသားတော် ရဟန်းတော်)အား တွေ့မြင်ကြကုန်သော ကြည်ညို ကြကုန်သော ရှင်လန်း နှစ်သက် ကြကုန်သော ဆိုဗီယက်ပြည်သူ ပြည်သားတို့ အနာဂါတ်ဘဝ လမ်းကြောင်းကြီးကို စာကယ် ကောင်းအောင် အကျိုး ပြုနိုင်သော ကုသိုလ်ထုပ်ကြီးကို ပေးနိုင်သော ခရီးလှည့်လည်ခြင်းဖြစ်သောကြောင့် ဆိုဗီယက်နိုင်ငံသို့ ကျွန်ုပ် သွားထောက်သင့်သည် မဟုတ်ပါလော။

# အနာဂါတ်ဘဝ ကောင်းကျိုးရကြပါစေ

၎င်းအပြင် အကြောင်းတရပ် စဉ်းစား မိပြန်ဘဲ ညည်မှာ ထမင်းစားပွဲမှာ ပံသုကူလဝက် ပံသုကူလသည်ကထော်၏ အလောင်းတော်နှင့် နာဂသမာလဝက် သည်ကထော်၏ အလောင်းတော်တို့သည် လွန်ခဲ့တဲ့ ၉၂-ကမ္ဘာထက် ၅၅မူဆိုးအဖြစ်နှင့် တောသို့သွားငှက်ရှာရန်သွားစဉ်အခါ လမ်းခရီးသစ်ပင်ကြီး ထပင်တွင် တင်ထားသော ပံသုကူသင်္ကန်းကို မြင်ရသဖြင့် ရှိသေစွာဖြင့် ဘုရားသင်္ကန်းတော်ပါတကားဟူ၍ အောက်မေ့ ရှိခိုးခဲ့သော ကုသို့လ်စေတနာကြောင့်-၉၂-ကမ္ဘာတိုင်အပါယ် ၄-ပါး မလားရဘဲ လူ့ရပ်နှတ်ခွင် မြင့်မြတ်သော ဘဝတွင် ရပ်ဓာည်၍ အဆုံးဘဝကျနုပ်တို့ ဂေါတမဘုရားလက်ထက်တွင် ပံကုလသည်ကထော်၏ နာမည်နှင့် သည်ကထော်၏ နာမည်ဟူ၍ ကျတ်တန်းဝင်သွားသော ဒေသနာစောင်ကို ထောက်၍ဂုဏ်း။ ကျွန်ုသည်ဆိုဗီယက်ယူနီယံသို့ ရောက်ရှိသောအခါ ကျနုပ်ကို ဗုဒ္ဓသားကျော် ရဟန်းတော်ပါတကားဟူ၍ ကျနုပ်တို့ဝတ်ရုံသော သင်္ကန်းအဝါရောင်ကို ရွှင်လန်းစွာမြင်ကြရကုန်သော ဆိုဗီယက်ပြည်သူ ပြည်သားတို့သည် အနာဂါတ် ကြည်လည်ရမည့် ဘဝသံသရာတွင် ချမ်းသာသုခအမျိုးမျိုးတို့နှင့် ရကြ၍ အဆုံးဘဝတွင် နိဗ္ဗာန်ဝင်ပါစေခြင်း အကျိုးငှါ ဆိုဗီယက်ယူနီယံသို့ ကျနုပ်သွားရောက်သင့်သည် မဟုတ်ပါလော။

## ရွှေဘိုဆရာတော်ဆံ သြဝါဒခံယူပုံ

ဤသို့စသည်ဖြင့် လောကကြောင်း ဓမ္မကြောင်း အမျိုးမျိုးတို့နှင့် စဉ်းစားဆင်ခြင်ပြီးမှ ဆိုဗီယက် ယူနိယံသို့ သွားရောက်ခဲ့ခြင်းဖြစ်ပေသည်။ ထိုသို့ ဆိုဗီယက် ယူနိယံသို့ မသွားရောက်မီ အခါနှင့်တပ် ရွှေဘိုမြို့ ကျောက်ကာတိုက် မဟာနာယကဆရာတော် သခင်ကျေးဇူးရှင် အရှင်ကေသရ မဟာထေရ်မြတ်ကြီး အထံသို့ ခရီးဝေး သွားရောက်ရမည် ဖြစ်ပါ၍ ကျန်းမာရေးသည် အဓိက အရေးကြီးဆုံး ဖြစ်သော ကြောင့် ဆရာတော်ဘုရားကြီး၏ဆုံးမသြဝါဒ ညွှန်ကြားချက် တို့ကို သွားရောက်လိုခဲ့လေသည်။ ဆရာတော်ဘုရားကြီးဆည် ကျမ်းမာရေး အတွက် ကျင့်သုံး ရမည့် ညွှန်ကြားချက် သြဝါဒကို ပေးတော်မူသည်။ ကမ္ဘာ့ နိုင်ငံ အရပ်ရပ်သို့ ထောက်ရမည် ဖြစ်သောကြောင့် မူလရှိရင်းဆက် ပိုမို၍ ကြီးကျယ်သော ကိုယ်တွေ့ ဗဟုသုတ တို့ကို ဖေကန်ရလိမ်မည်ဖြစ်ရာ ထိုသို့သော အမြင်အကြား ဗဟုသုတ ကြွယ်ဝမှုတို့သည် ပဋိသမ္ဓိဒါဉာဏ်ရကြောင်း ကောင်းမြတ် သော အထောက်အပံ့ ဖြစ်သောကြောင့် မဓ္ဓကြောက်မရွံ့ ချဝန့်စွာ သွားရောက်လျက် ဗုဒ္ဓမြတ်စွာ ဘာသာတော် ပြန့်ပွားရေးအတွက် ရန္ဒိုင်သမျှ ပြုလုပ်စေလိုကြောင်း မိမိ တွေ့မြင် ကြားသိခဲ့သမျှတို့ကိုလည်း အမှန်အတိုင်း မည်သူ့ မျက်နှာကိုမှမထောက်ဘဲ ပြောဟောခြင်းရေးသားခြင်းတို့ကို ပြုစေလိုကြောင်း စသော အလွန်လေးနက်သော သြဝါဒ မျိုးကို ပေးတော်မူသည်ကိုခံယူ၍ အကျွန်ုပ်သည် ဆိုဗီယက် ယူနိယံသို့ ခရီးထွက်ခြင်း ဖြစ်ပေသည်။

# ရဂၢးနိုင်ငံ ရောက်ချိန်တွင်

## မယုံတဝက် ယုံတဝက် ဖြစ်နေကြပုံ

ကျနုပ်တို့ရွှေရှားနိုင်ငံ ဘူရိယဘာ်ပြည်နယ် ညလံ ဥဒေး မြို့သို့ ရောက်သောအခါ ရုရှားသာသနာပိုင် အမှူးရှိသော လာမဘုန်းတော်ကြီးများနှင့် ဗုဒ္ဓဘာသာအဖွဲ့ဝင် ဥပါသကာ ဥပါဆကီများက ပန်းမွေ့ရာတော့ခင်း၍ ရွှေထီးကြီး မိုးခါ ကြိုဆိုသည် ဘူရိယဘာ်ပြည်နယ် အမျိုးသို့ကလေးများက နေရင်း ဦးကောဝိဒဆရာတော်အား ပန်းစည်းများဆက်ကပ် လှူဒါန်းခါ ပူဇော်နေသည် နောက်ဆုံးမှ လက်စုယှက်ပြီး ရှိခိုးလိုက်ပါနေသူမှာ ဦးချုန်ထွန်းဖြစ်သည် ဟူ၍ စာတ်ပုံသတင်းများကို ဗမာနိုင်ငံရှိ သတင်းစာ အမျိုးမျိုးတို့တွင် ပါရှိနေလေသည်။ ကမ္ဘာအရပ်ရှိ ရုရှားသံရုံးမှူးမှ တဆင့် စာတ်ပုံသတင်းများကို ကမ္ဘာအရပ်ရပ် သတင်းစာတို့တွင် လည်း ပါရှိနေလေသည်။ ဤသို့သောစာတ်ပုံသတင်းများကို မြင်ရသော မြန်မာနိုင်ငံမှဂင်း ကမ္ဘာအရပ်ချပ်မှဂင်း ရုရှားနိုင်ငံ ဗုဒ္ဓဘာသာတွေ့ရှိနေပါကလား ဟုတ်မှ ဟုတ်ပမလား ဟု မယုံတဝက် ယုံထဝက်နှင့် နေကြလေသည်။ ဆရာတော် ဦးကောဝိဒတို့ ပြန်ရောက်မှ အသေအချာ မေးမြန်းမည် ဆရာတော် ဦးကောဝိဒပြန်ရောက်လျှင် အမှန်သိရပေတော့ မည်ဟု စောင့်စားမြော်လင့် နေကြလေကုန်သည်။

# အင်္ဂလန်တွင် ဗယုံတဝက် ယုံတဝက်

ကျွန်ုပ်တို့ ဗမာနိုင်ငံ ပြန်မထောက်မီ အင်္ဂလန် နိုင်ငံလန်ဒန်မြို့သို့ရောက်သောအခါ ဗြိတိသျှကောင်ဆယ်၏ ညွှဲဆာညှာတော် အဖြစ် တည်းခို နေထိုင်ရသည်။ တနေ့တွင် ဗြိတိသျှကောင်ဆယ်မှ ညွှဲခံပဲ့ကျင်းပသောအ ါ မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ဘူးသော ဝန်ကြီးဟောင်းများ ထုရင်ခံများ အင်္ဂလိပ် ဘုန်းတော်ကြီးများနှင့် ကင်တာဘာရီ ဂုဏ်းချုပ် ဘုန်းတော်ကြီးပင်ပါရှိလေသည်။ ထိုသူတို့ကလည်း ကျွန်ုပ်အား ဝိုင်းဝိုင်းလည်၍ “..... ရုရှားမှာ ဗုဒ္ဓဘာသာတွေ ရှိနေတာ မှန်ပါသလား တကယ် နဂိုကဖင် ရှိနေတာလား ယခုမှဟန်ဆောင်ရုပ်ပြ လုတ်ထားတာလား ခင်ဗျားမလိမ် ပါနဲ့မှန်မှန်ပြောပါ....” ဟုပင် မေးမြန်းကြသည်။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာတွေတကယ်ရှိကြောင်း ၎င်းတို့ကိုးကွယ်ခြင်းသည် ဘာသာကိုလွတ်လပ်စွာ ကိုးကွယ်ခွင့်ရကြောင်း နေထိုင်မှု စား၀တ်မှု အဆင့်အတန်းမြင့်မားလှကြောင်း လုတ်လပ်စွာ ပြောဆိုနေထိုင်ခွင့်ရှိပုံကိုလှင်း မည်သည့်နေရာမှအပိတ်အတား အဆန့်အကျက်မရှိဘဲ ပွင့်လင်းစွာပြောဆို နေထိုင်ကြပုံကို အသေအချာတွေ့ခဲ့ကြောင်းနှင့် ဖြေဆိုခဲ့သဖြင့် ဟုတ်မှ ဟုတ်မလား ဆရာတော်ရယ် ကျွန်ုပ်ဖြင့်မယုံတဝက် ယုံတဝက်ဘဲ ဟု အင်္ဂလိပ်ဘုန်းကြီးများက ပြန်ပြောကြသည်။ ကင်တာဘာရီ ဂုဏ်းချုပ်ကြီးကမူ သူ၏စံဆောင်မဟာန်ကြီးသို့ ပင့်ဖိတ်ကျေးမွေးပြီးလျှင် ရုရှားနိုင်ငံတွင် ဗုဒ္ဓဘာသာတွေ တကယ်ရှိခဲ့လား မှန်တာသာပြောပါဟု ထပ်မံအမေးခံရပြန်သည်။

ဟုတ်ပါတယ်, တကယ်ရှိတယ် ဟူသောအဖြေကို ဆူတိုတကယ် ယုံကြည်ချက်မထားကြောင်း မယုံတဝက်ယုံတဝက် ဖြစ်နေပုံကို သိရှိခဲ့ရလေသည်။

## ဘီဘီစီမှ အသံလွှင့်ခဲ့ပုံ

တနေ့တွင် ကျွန်ုပ်သည် ဘီဘီစီ အဆိုလွှင့်ရုံမှ ပြောကြားရာတွင် ရုရှားနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်တွေ အများအပြားရှိပုံ ဗမာနိုင်ငံ ဗုဒ္ဓဘာသာနှင့် မခြားဘဲ တသားထဲ တွယ်ပုံကိုဂုဏ်း ရုရှား ဗုဒ္ဓဘာသာဝင်များမှာ စိတ်ပုတီး ကိုယ်စီကိုင်၍ တကယ်ယုံကြည် လေးနက်စွာ ဘာဝနာပွားသည် အထိ စိတ်ကြိုက်သလို ကိုးကွယ်ရှိခိုး နေကြပုံကို တွေ့ရကြောင်းနှင် အကျယ်တဝင့် ရှင်းလင်း ဖောပြောခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့ အင်္ဂလန်ထောက်ဆုတွင် ရုရှားမှာ ဗုဒ္ဓဘာသာတွေ အများကြီးတဲ့ ခရစ္စယန် ဘာသာတွေလဲ ရှိသတဲ့ မူဆလင် ဘာဆာဝင်တွေလဲရှိသတဲ့ ဟူသောအသံသည် အနုမြူဗုံးကဲ့သကဲ့သို့ အင်္ဂလိပ်လောကတွင် အလွန် တုန်လှုပ်လျက် မယုံတဝက် ယုံတဝက် ဖြစ်ဘွားခဲ့လေသည်။

အောဝစ္ဆို ယူနိဘာစီတီ ကျောင်းဘော်ကြီးသို့ ပြိတိသျှ ကောင်ဆယ်၏ စီစဉ်ပေးချက်အရ သွားရောက်ကြည့်ရှုသော အခါ ကျောင်း အုပ်ကြီးနှင့် ကျောင်း ဆရာများကလည်း ရုရှားနိုင်ငံတွင် ဗုဒ္ဓဘာသာတွေ ရှိတယ်ဆိုတာ ဟုတ်မှ ဟုတ် ဂါရဲလားဟု ခဏ ခဏ မေးကြပြန်သည်၊ ကျွန်ုပ်သည် အမှန်တကယ် ရှိကြောင်းကို ဖြေကြားခဲ့ပါသည်။

# မြန်မာနိုင်ငံ ပြန်ရောက်ချိန်

ကျွန်ုပ်မြန်မာနိုင်ငံသို့ပြန်ထောက်သောအခါ(၁၂-၈-၆၂) နေ့တွင် စီန်ရောင်ခြည် ကျောင်းတိုက်၌ ရန်ကုန်မြို့ရှိ ဆတင်းထောက် များအား ဖိတ်ကြား ပြီးလျှင် ဆတင်းစာကွန်ဖရင့် ခေါ်လျက် ရှုရှားနိုင်ငံ၌ တွေ့ကြုံရပုံ အဖုံဖုံကို အောက်မေ့ အတိုင်း ရှင်းလင်း ပြောပြ လိုက်ရလေသည်။

ထို့ရှင်းလင်းချက်အတိုင်း (၁၃-၈-၆၂)နေ့ထုတ် ရင်ကုန်မြို့ရှိ သတင်း စာတိုင်းတွင် အောက်ပါ အတိုင်း ပါရှိခဲ့လေသည်။

လွန်ခဲ့သော ဇွန်လ ၇-ရက်နေ့က သြဂုတ်လ ၇-ရက်နေ့အထိ ဆိုဗီယက်ရုရှားနိုင်ငံဗဟိုပုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ ဘိတ်ကြားချက်အရ ဆရာတော် နေရင်းဦးကောဝိဒ၊ ဦးချန်ထွန်းနှင့် ဇနီးဒေါ်ခင်သိန်း၊ ဦးသာဝင်းတို့သွားရောက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ သြဂုတ်လ ၁၂-ရက်နေ့ နံနက် ၁၀- နာရီအခါ၌ ရန်ကုန်မြို့ ဘုရားလမ်း စီန်ရောင်ခြည်ဘုရားဝင်း အတွင်းရှိ ဆရာတော် နေရင်းဦးကောဝိဒက သတင်းထောက်များ ဘိတ်ကြားခါ ရှင်းလင်းပွဲ ပြုလုပ်ကြောင်း။

ဆရာတော် နေရင်း ဦးကောဝိဒက မိန့်ကြားရာတွင် ဆရာဘော်တို့အဖွဲ့သည် ရုရှားတွင်တလနှင့် ၃-ရက်။ ပိုလန်နိုင်ငံတွင် ၂-ရက်။ အရှေ့ဂျာမဏီနိုင်ငံတွင် ၅-ရက်။ လန်ဒန်တွင် ၃-ရက်။ တရုပ်ပြည်သူ့ သမတနိုင်ငံတော်တွင် ၄-ရက် လေ့လာခဲ့ကြကြောင်း။

ဆထုတော်ဦးဓကာဝိဒသည် ရုရှားပြည်သာဆနာပိုင် ၂- ပါး၏ ကျောင်းတိုက်ကြီး နှစ်တိုက်စွဲ၍ ထားရှိရန် ကျောက်ဆင်းထု တဆူစီနှင့် ခေါင်းလောင်း။ ကြွေးစည်များ လှူဒါန်းမည်ဖြစ်ကြောင်း။ နှင့် ပထမစတင်၍ စကားပလွင်ခံ မိန့်ကြားပြီး ဆက်လက်၍ အောက်ပါအတိုင်း အမိန့်ရှိ ကြောင်း။

## တရုပ်ပြည်မှ ဗုဒ္ဓဘာသာ

ဆထုတော်တို့သည် ဆိုဗီယက် ရုရှားနိုင်ငံ ဗဟို ဗုဒ္ဓ ဘာသာ အဖွဲ့ကြီး၏ ဘိတ်ကြားချက်အရ ရုရှားနိုင်ငံ သွား ရောက်ခဲ့ထုတွင် ပဌမ တရုပ်ပြည် ကူမင်းမြို့သို့ရောက်ပြီး ဗုဒ္ဓ ဘာသာ ဘုရားများ ဘုန်းကြီးများ တွေ့ခဲ့ရပါသည်။ ၎င်း နောက် ပီကင်းမြို့ ၄- ရက်ကြာနေခဲ့ထု၊ ဗုဒ္ဓဘာသာ ဘုန်း ကြီးများ။ ဘုရား ပုထိုး များကို အများအပြား တွေ့ခဲ့ရပါ သည်။ ဗုဒ္ဓဘာသာ ကျောင်းထကျောင်းတွင် တရုပ်ရဟန်း ၈၄-ပါးတိတိ ဝိနည်းတရား သင်ယူနေသည်ကို တွေ့ရပါသည်။ ၎င်းကျောင်းကို ဗုဒ္ဓဘာသာ အက်ကယ်ဒမီ ကျောင်းဟု ခေါ်ပါသည်။ အံတော်မြတ် ဌာပနာရန်အစာက် အလွန်မြင့် မားလှသော တရုပ်ငွေ သိန်း ၂၀-ကျော်တန် စေတီကြီးတဆူ တည်ထားပြီးသည်ကို အံ့သြစွာဖြင့် တွေ့ရပါသည်။ ဤသို့သော စေတီကြီး အမြောက်အများကိုလည်း မြင်ခဲ့ရပါသေးသည်။ ဗုဒ္ဓဘာသာကို လုတ်လပ်စွာ ကိုးကွယ်ဆည်းကပ် နေသည်ကို ရှင်းနှီးစွာ စနခဲ့ရ၍ သိခဲ့ပါသည်။ အထက်ပါ စေတီတော်ကို

အစိုးရက ငွေထုတ်ပေးချ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ဦးစီး ပြုလုပ်ပါသည်။ ပြည်သူလူထုက လှူလျှင်လည်းလှူရမါသည်။ မလှူလျှင်အစိုးရကပြုလုပါသည်။ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ပြုလုပ်သမျှ အစိုးရက ထုတ်ပေးသည်ဟု သိခဲ့ရပါကြောင်း။

## ရုရှားပြည်မှ ဗုဒ္ဓဘာသာများ

ဆရာတော်တို့အည် ပီကင်းမြို့မှ ရုရှားနိုင်ငံ ဘူရိယက် ပြည်နယ် ဥလံဥဒေးမြို့သို့ သွားပါသည်။ ထိုမြို့နှင့် မိုင် ၄၀-လောက် ကွာတဲ့ နေရပ်တွင် ရုရှားနိုင်ငံ သာသနာပိုင် (ပဏ္ဍိတဟမ်ဘောလဘမ)၏ ဓမ္မရိပ်သာ ကျောင်းတိုက်ကြီးသို့ ရောက်ခဲ့ပါသည်။ လာမရဟန်း၆၀-လောက်တွေ့မြင်ခဲ့ပါသည်။ ဂန္ဓကုဋီ ကျောင်းတိုက်ကြီးတွင် ဘုရား ဆင်းထု တော်ပေါင်း ၁၅၀၀-ကျော်ကို ဖူးတွေ့ခဲ့ ပါသည်။ ကျောင်းဝင်း အတွင်း စေတီဆယ်ဆူရှိပါသည်။ ဗုဒ္ဓဘာသာ ယောကျ်ားမိန်းမ ၇၀၀-လောက် တရားဟောခဲ့ရပါသည်။ ဘုရား တရားကို အလွန် လေးစား ကြည်ညိုကြပါသည်။ ယောကျ်ားမိန်းမ စိတ်ပုတီး ကိုယ်စီနှင့် ဂန္ဓကုဋီတိုက်ကို ပတ်လည်လှည့်၍ ပုတီးစိတ် ဓနသည်ကိုလည်း မြင်ခဲ့ရပါသည်။ ဆရာတော်ကို ဝိုင်းပြီးရှိခိုးကြ ပူဇော်ကြ ရိုသေကြပါသည်။ ဆရာတော် တည်းခိုသော ဟော်အယ် အထက် အဝင်ဝမှ စောင့်ကြိုခါ ရှိခိုးပူဇော်ကြသည် မှာလည်း လူများလှပါသည်။ ရောက်ရာ ကျေးရွာ များဌ စောင့်ဆိုင်းခါ ဝိုင်းအုံပူဇော်ကြ ရှိခိုးကြပါကြောင်း

ဒုတိယသာသနာပိုင် ဒီကမ္ဗလာမ၏နေရာ ချိတမ်ိုနယ် အာဂျင်းစကစ်ရှာ ဓမ္မရိပ်သာကြီးကိုလည်း ထောက်ခဲ့ပါသည်။ ထိုနေရာတွင်လည်း ဘုရား ဆင်းထု တော်ပေါင်း-၅၀၀-ကျော် ဖူးတွေ့ခဲ့ရပါသည်။ ၎င်းနယ် ကျေးရွာတိုင်းမှာ ဗုဒ္ဓဘာသာတွေအများအပြားရှိ၍ ဥလဲဥဒေးနယ်အတိုင်းပင် အလှန်ကြည်ညိုကြ ပူဇော်ကြ ရှိခိုးကြပါသည်။ ထို ၂-နယ်မှာတော့ ဗုဒ္ဓဘာသာတွေ အများးရှိနေ၍ လွတ်လပ်စွာ ကိုးကွယ်နေသည်ကို တွေ့မြင်ရပါသည်။ ဆရာတော်သည် သာသနာပိုင် ၂-ပါး၏ကျောင်းဝင်းများ၌ ဗမာပြည်မှ ဗုဒ္ဓရုပ်ပွားတော် ၂-ဆူ တည်ထားပေး နှံ့ တာဝန်ယူခဲ့ ပါသည်။ လီနင်ဂရက်မြို့တွင်လည်း ဗုဒ္ဓဘာသာကျောင်းကြီးတဆောင် အကြီးအကျယ် တည်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။

အာဇာဘိုင်ဂျန်ပြည်နယ် ဥဇဘက် ပြည်နယ်တို့သို့ လည်း ထောက်ခဲ့ရာ ထိုနယ်များမှာ မူဆလင်အာဿာဝင်များ နေထိုင်ရာဖြစ်၍ လွတ်လပ်စွာ နေထိုင် ရှိခိုး နေသည်ကို တွေ့ခဲ့ရပါသည်။ မည်သည့်ဘာသာမဆို လွတ်လပ်စွာ ကိုးကွယ်မှုကို အစိုးရက တားဆီးပိတ်ပင်ခြင်း မရှိဟုသိခဲ့ရသည်။ ကိုယ်တိုင်လဲ မြင်ခဲ့ရ၍ ဝမ်းသာစရာ ကောင်းပါသည်။ မော်စကိုမှစ၍ မြို့တိုင်း နယ်တိုင်းမှာ ဘာသာရေး ကောင်းဆယ်ဟူ၍ ဖွဲ့ထားပြီးလျှင် ဘာသာရေးကိစ္စကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားပုံကိုသိခဲ့ရ မြင်ခဲ့ရပါသည်။ မူဆလင် ဘာသာရေး ကောင်ဆယ် လူကြီးများနှင့် စကား လက်ဆုံ ပြောကြတဲ့အခါ မူဆလင် ဘာသာဝင်များထဲမှ ရုပ်ပုံငွေ စကားခံ၍ ဗလီဘုန်းကြီးများအား ထောက်ပန့်စကား

ပေးရပုံ ဒါမှုဆလင်ဘာသာရေး စကာင်ဆယ်တွင် ရုံပုံငွေ ၅- သိန်းကျော် အမြဲရှိနေပုံ ဗလီများကို ကောင်ဆယ်မှ အုပ်ချုပ်ပုံ ကလေးသူငယ်များအတွက် ဘာသာရေး သင်ကြားပုံ ကျောင်း သီးသန့်ဖွင့်ခါ ဆောင်ရွက်ပေးပုံ ကိုတို့ မြင်ခဲ့ရကြောင်း။ စသည်ဖြင့်နေရင်းဆထုတော် ဦးကောဝိဒက ရှင်းလင်း ပြောကြား သွားလေသည်။

## အမေး အဖြေ

သတင်းစာ ကွန်ဖရင့် ကျင်းပသော အခါတွင် သတင်းထောက် များကလည်း သူတို့မကျေနပ်သော အချက်များကို မေးမြန်းကြသဖြင့် ဖြေကြားခဲ့ပုံတို့ကိုလည်း ဖော်ပြ လိုက်ပါသည်။

**မေး။** ။ဆိုဗီယက် ရုရှားမှာ တကယ် ဗုဒ္ဓဘာသာဝင် တွေလား။ ဟန်ဆောင်သရုပ်ပြ ဗုဒ္ဓဘာသာ ဝင်တွေလား။

**ဖြေ။** ။အစစ်အမှန် ဗုဒ္ဓဘာသာဝင်တွေပါ။ မဟာ ယာန ဂိုဏ်းဝင်တွေဖြစ်ပါသည်။

**မေး။** ။ဘယ်ဘက်ကဆင်းသက်လာတဲ့ ဗုဒ္ဓဘာသာဝင် တွေလဲ။

**ဖြေ။** ။တိဘက်နှင့် မွန်ဂိုလီးယားမှ လွန်ခဲ့တဲ့ အနှစ် ၃၀၀-ကမှ ဆင်းသက်လာခဲ့ပါသည်။

မေး။ ။သက်သေခံအထောက်အထားခိုင်လုံပါရဲ့လား။

ဖြေ။ ။ရှေးဟောင်း အဆောက်အဦး ဘုရားကျောင်းများ ရှေးဗုဒ္ဓဆင်းထုတော်များ စေတီပုထိုးများ စက္ကူလုပ် ပရပိုက်နှင့် ရေးသားထားသော ကျမ်းစာများက ခိုင်လုံပါသည်။

မေး။ ။ဘုရား ပုထိုး ရှိခိုးပုံ ကိုးကွယ်ပုံတွေ ကကော ကျေနပ်ပါရဲ့လား။

ဖြေ။ ။ကျေနပ်ရုံမက ပိုပြီးနှစ်သက်ပါသည်။ ဘုရားကြည်ညိုပုံ ရှိခိုးပုံ ပုတီးစိတ်ပုံတို့မှာ မြန်မာဗုဒ္ဓဘာသာထက်ပင် သာနေပါသည်။

မေး။ ။ဆိုဗီယက်ယူနီယံတွင် လူ့အခွင့်လွတ်လပ်ရေး အပြည့်အစုံ ရှိပါရဲ့လား။

ဖြေ။ ။ရှိပါသည်။ တရားရုံးများ စျေးများဟော်တယ်များ ပန်းခြံ ဥယျာဉ်များ၌ လွတ်လပ်စွာ ပြောဆိုခြင်း ရောင်းဝယ်ခြင်း စားသောက်ခြင်း ပျော်ရွှင်စွာ နေကြခြင်း တို့ကိုတွေ့ခဲ့ရပါသည်။

မေး။ ။ရုရှားနိုင်ငံ၌ သံတခါး ပိတ်ထားသည်ဆိုဒါ ဟုတ်ပါရဲ့လား။

ဖြေ။ ။မဟုတ်ပါ သွားခြင်ရာသွား နေခြင်သလိုနေ စားခြင်သလိုစား ပြောခြင်သလိုပြောနိုင်ပါသည်။ ပိတ်ပင်တားဆီးမှု ဘာမျှမရှိပါ၊ တွေ့လဲမတွေ့ခဲ့ပါ။ နိုင်ငံအရပ်ရပ်မှ ခရီးသွားများ လေယာဉ်ပျံ မီးရထား မော်တော်ကား အမျိုးမျိုးတို့နှင့် လာရောက်လည်ပတ်ကြပြီး ဓာတ်ပုံတွေ

တဖြတ်ဖြတ် ရိုက်နေသော သွေ့သည်များကို မြို့တိုင်းတွင် တွေ့မြင်ခဲ့ရပါသည်။

မေး။ ။ဘာသာရေး ယုံကြည်ကိုးကွယ်မှု လွတ်လပ်ခွင့်သည် ဥပဒေအရ ခိုင်လုံပါရဲ့လား။

ဖြေ။ ။ခိုင်လုံပါသည် ဆိုဗီယက်ယူနီယံ ဖဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း-၁၀။ နိုင်ငံသားများနှင့် တာဝန် ဝတ္တရားများ အပိုင်း ပုတ်မ-၁၂၄ တွင် ဘာသာကိုးကွယ်မှု လွတ်လပ်ခွင့်ကို အာသီအမှတ်ပြုပြီး ခွင့်ပြုပေးထားပါသည်။

မေး။ ။ဆိုဗီယက်ယူနီယံမှ အခြားတိုင်းပြည်များအား စစ်ပြီးတိုက်လိုက်မည်ဟု ထင်ပါသလား။

ဖြေ။ ။ဘယ်တော့မှ မထင်ပါ။ ဆိုဗီယက် ယူနီယံ၌ ရှိသော မြို့ကြီး မြို့ငယ်များတွင် လှုပသှယ်တန်း၍ တကယ်တန်း ခန့်ငြားသော လူနေတိုက်တန်းကြီးများ။ ဖြန့်ဖြူးသာယာ ချောမွေ့စွာသော လမ်းကြီး လမ်းငယ်များ။ ကြီးကျယ်လှသောစျေးကြီးများ မြင်လိုအားမရ အလှန်လှုပသော ဥယျာဉ်ပန်းခြံများ နေ့စဉ်နေ့တိုင်း မီးခိုးတလူလူနှင့် အလုပ်လုပ်နေကြသော စက်မှုလက်မှုစက်ရုံကြီး စက်ရုံငယ်များ၊စိန်းဝိုလမ်းမြောသောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းကြီးများနှင့် စားဝတ်နေရေး ပြည့်စုံလုံလောက် နေကြောင်း စတ္တရပါသောကြောင့် စစ်တိုက်ရန် အကြောင်း မမြင်ပါ စစ်ဖြစ်လျှင် ဤမျှလှုပသော မြို့ကြီးမြို့ငယ်မျ ၊ လူနေအိမ်များ လူအများအပြားပါ ဆုံးရှုံးရခြင်း ကောင်းကျိုး ဘာ

တခုမှ မပါသောဖျက်စီးမှုကြီးဖြစ်၍ ဆိုဗီယက်ခေါင်းဆောင်များ စစ်မလိုလားကြောင်း သိခဲ့ရပါသည်။ နတ်ဘုံနတ်နန်းတမျှ ဆာယာလှပသော မြို့များတွင် လူဘဝ၏ စားဝတ်နေရေး ပြည့်စုံပြီးအေးချမ်းသာယာ ပျော်ရွှင်စုံလာ နေရေးဟူသော လောကနီဗွာန်ကိုတည်ဆောက်နေကြသောကြောင့် ငြိမ်းချမ်းရေး ငြိမ်းချမ်းရေးဆိုတဲ့ ကြွေးကြော်သံကို ဆိုဗီယက် တပြည်လုံးက ကြွေးကြော်နေသည်ကို သာဓကထား၍ သိသင့်ပါသည်။ ။

မေး။ ။ရုရှားပြည်မှာ တိုးတက်နေလား ဆုတ်ယုတ်နေသလား ကိုယ်တိုင်မြင်ခဲ့ပုံကို ပြောပြပါ။

ဖြေ။ ။တဟုန်တိုး တိုးတက်နေပါသည်။

မေး။ ။တဟုန်တိုး တိုးတက်နေပုံဆို ဆရာတော် အမြင်နှင့် စာအုပ်စာတန်းများ ထုတ်ဝေထားသည်ကို ဖတ်ခဲ့ပါသလား။

ဖြေ။ ။ဆရာတော် စာအုပ် စာတန်းများ အများအပြား ဖတ်ခဲ့ရပါသည်။

မေး။ ။ရုရှားနိုင်ငံတွင် တဟုန်တိုး တိုးတက်နေပုံကို ဆရာဘော သိသမျှ ရှင်းပြစမ်းပါ။

ဖြေ။ ။ဆရာတော်ကြည် စိတ်ရှည်စွာနှင့် စာအုပ် စာတန်းများ ရုပ်ပုံများကိုပြ၍ ရှင်းလင်းပြရာတွင် အောက်ပါအချက်အလက်များကို ရှင်းပြပါသည်။

## ဆိုဗီယက်ယူနီယံတွင် တဟုန်တိုး တိုးတက်နေပုံအလုံးစုံ

ဆိုဗီယက်ယူနီယံသည် ၅-နှစ် စီမံကိန်းမျှား ရေးဆွဲ၍ ပြုလုပ်လာခဲ့ရာ ပထမ ၅-နှစ် စီမံကိန်း (၁၉၂၉ ခု) ဒုတိယ ၅-နှစ် စီမံကိန်း (၁၉၃၃ ခု)တတိယ ၅-နှစ် စီမံကိန်း (၁၉၃၈ ခု) စတုတ္ထ ၅-နှစ် စီမံကိန်း (၁၉၄၆ ခု) ပဉ္စမ ၅-နှစ် စီမံကိန်း (၁၉၅၁ ခု) ဆဋ္ဌမ ၅- နှစ် စီမံကိန်း (၁၉၅၆ ခု)တို့ အဆင့်ဆင့် တဟုန်တိုး တိုးတက်အောင်မြင်မှုမျှား ရသောကြောင့် တဆင့်တက်၍ (၁၉၅၉ မှ ၆၅)အထိ ၇-နှစ်စီမံကိန်း ရေးဆွဲပြီးပြုလုပ်ပြန်သည်။ ထို ၇-နှစ်စီမံကိန်း အောင်မြင်မှုအတွက် အစိုးရက ငွေရင်းမြုပ်နှံမှု ရှုဘယ်ငွေ သန်းပေါင်း -၁၉၄,၀၀၀, မှ ၁၉၇,၀၀၀, အထိ သတ်မှတ်ပြီး ပြုလုပ် ရလေသည်။ အရင်းမြုပ်နှံ ငွေမျှားမှ နှစ်စဉ် ဖျန်းမျကြေး ၈-၆ ရာခိုင်နှုံး တိုးတက်အောင် စီမံကြသည်။ အမှန် တိုးတက်လာသော ဖျန်းမျကြေးမှာ ၃-နှစ်အတွင်း တနှစ်လျှင် ၁၁- ရာခိုင်နှုံး တိုးတက်ခဲ့သည်။ ဤသို့တိုးတက်အောင် လုပ်ဆောင်သဖြင့် ၇-နှစ် စီမံကိန်း၏ ပထမ ၃-နှစ် အတွင်း စီးပွားရေးဌာ ရှုဘယ်ငွေ နှ်းပေါင်း- ၃၅၀၀-ကျော် တိုးတက်ရရှိပြီး ထိုငွေမျှားကို အသစ်ထပ်လောင်း၍ ငွေရင်းမြုပ်နှံမှု စာရင်းတွင် ပြန်လည်ထည့်သွင်း လိုက်ပေသည်။ စီးပွားရေး တိုးတက်သည်နှင့်အမျှ အလုပ်သမား ပြည်သူ အများ၏ ငွေသားဝင်ငွေသည် ရှုဘယ်ငွေသန်း ၄၂၀,၀၀၀, တိုးတက် လ လေသည်။

## လယ်ယာ စိုက်ပျိုးရေး တိုးတက်ပုံ

အဘယ်ကြောင့် ကျွှဲသို့ တဟုန်တည်း တိုးတက်ပါသနည်းဟုစဉ်းစားလိုက်ပါလျှင် အောက်ပါအချက်များကို စဉ်တွေ့ရလေသည်။

၁။ ။လယ်ယာစိုက်ပျိုးရေးတွင် နိုင်ငံတော် လယ်ယာအဖွဲ့ပေါင်း- ၈၈၀၀၊ မြေအကျယ်အဝန်း ဟက်တာသန်း- ၈၀ အထိ နှင့် စုပေါင်းလယ်ယာ အဖွဲ့ပေါင်း (၄၂၀၀၀) တို့ကို မြေအကျယ်အဝန်း ဟက်တာသန်း ၁၁၀။ ဧမြေရိုင်းမြေကော ဟက်တာသန်း- ၄၂သန်း အားလုံးပေါင်း မြေယာဟက်တာသန်း- ၂၃၀။ တို့အတွက် ရင်းနှီးငွေ ရူဘယ် သန်းပေါင်း- ၂၃,၂၀၀,မျှ အရင်းမြှုပ်နှံပြီးလျှင် ကျွမ်းကျင်သူ ပါရဂူများ (၅၀၀,၀၀၀)ဦးဆောင်လျက် ကုန်တင်ကားကြီး ၈၀၀,၀ဧဧ။ လယ်ထွန်စက်- ၁,၃၄၃,၀၀၀,။ သီးနှံမိုပ်သိမ်းစက်-၅၀၀,၀၀၀။ တို့ထို စက်မောင်းသူ ၂,၅၀၀,၀၀၀,။ ဓာတ်မြေဩဇာ တန် ၁၂-သန်း။ တို့ဖြင့် ပြုပြင် လုပ်ကိုင်ခဲ့ ကြသည်။ ဧပြောင်းပူးပစ် တခုပင် ဟက်တာပေါင်း ၃၁-၃ သန်းနီးပါး စိုက်ပျိုးသည်။ ပဲအမျိုးမျိုးနှင့် ဂျုံမုယောစပါး ဘာလီစေ့ ဝါဂွမ်း မုန်လာဥနီ (သကြားလုပ်ရန်) နေကြာစေ့ ဂုံလျှော် ပိုက်ဆံလျှော် အာလူး ဖရဲ သခွါး အခြား ဟင်းသီး ဟင်းရွက် များနှင့် သစ်သီးများ စပျစ်သီး လက်ခြောက်စသည် တို့ကိုလည်း အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်ကြသည်။ မြင်း- ကျွဲ- နွားသိုး- ဆိတ်- ဝက်- ကြက်- ဘဲ ဧမွေးမြူရေး လုပ်ငန်းပါ လယ်ယာဌာနက ပြုလုပ်သေည်။ ဧမြေရိုင်း မြေကော သဲကန္တရလယ်ယာ ဧမြေသစ် ဟက်ထာဆန်းပေါင်း- ၅၀။ ကိုလည်း စိန်းစိုသာယာ

လျက် လယ်ယာ အဟောင်း များးကဲ့သို့ အသီး အနှံများ ထွက်အောင် စိုက်ပျိုး လုပ်ကိုင်လျက် အကျိုးခံစား နေရ လေပြီ။ စိုက်ပျိုးရေးအတွက် မြေသြဇာခတ် တန် ၁၄-သန်း ထုပ်လုပ် အသုံးပြုပြီးလျှင် လျှပ်စစ်ခတ်အား စုစုပေါင်း-ကီလိုဝပ်အာဝါ-၄,၄၀၀ သန်းတိုကို အသုံးပြုခဲ့သည်။(၁၉၇၀ခု နှစ်တွင် ၆၅,၀၀၀ ကီလိုဝပ် အာဝါ သန်းပေါင်းကို အသုံး ပြုရပေလိမ့်မည်။) သို့ပါ၍လယ်ယာပစ္စည်းထွက်၏ ဒုဒယ်များ ၅-နှစ် စီမံကိန်းထက် ၂-နှစ် စီမံကိန်း၏ ပထမ ၂- နှစ်တွင် ချဉ်ိင်နှုံး ၂၅၀ တိုးတက်လာလေသည်။ စုပေါင်းလယ်ယာ အဖွဲ့ဝင်များမှာ ရွာဘယ်သန်းမေါင်း-၃-၃၈မှ ၁၃-၅၇ ဧထောင် အထိ တိုးတက်လာ၏။ တောင်သူ လယ်သမား တို့၏ ဝင်ငွေမှာ-၆ဆ ကျော် တိုးတက်လာပါသည်။ တောင်သူ လယ်သမားတို့အထံသို့ ခတ်ငွေ လျှပ်စစ်ခတ်အား ရှပ်မြင် သံကြား ရေဒီယို ရေခဲသေတ္တာ သတင်းစာဂျာနယ် မဂ္ဂဇင်း စာအုပ်စာတန်းများ အိမ်ကို အလိုလို ရောက်လာရပါသည်။ အိမ်လခလဲ ကမ္ဘာတွင် အနည်းဆုံး ဖြစ်သည်။ အခွန် ကောက်လဲ ဖျက်နေပြီ ဆေးဝါးကုသမှု ပညာသင်ကြားမှု အခမဲ့ဖြစ်သည်။ လယ်သမားဘဝ သက်တန်း ၆၅- အထိ ရှည်ရလေသည်။ (ဤသို့အစစ ပြည့်စုံမှုကြောင့်) လယ်ယာ စိုက်ပျိုးရေး လုပ်ငန်း၏ တဟုန်တိုး တိုးတက် လာပုံမှာ အောက်ပါ ဇယားအရ ထင်ရှားစွာ သိသာနိုင်လေသည်။

## ဖျန်းမျှ နှစ်စဉ်တိုးတက်နေပုံ

| တန်ချိန်သန်းဂဏန်း | ၂၉၁၁-မှ ၁၅ | ၁၉၆၆-မှ ၆၀ | ၁၉၅၅-၂၀၀၅ မှ ၆၀-နှစ်ဆ တိုးတက်နေပုံ |
|---|---|---|---|
| ကောက်ပဲသီးနှံ | ၈၉.၁ | ၁၂၆.၈ | ၁၄၂ |
| သကြား(မုံလာဥနီ-မှ) | ၂၄.၀ | ၄၅.၆ | ၁၉၀ |
| ဆားလှူး | ၆၉.၅ | ၈၈.၃ | ၁၂၇ |
| **တန်ချိန်ထောင် ဂဏန်း** | | | |
| ဝါဂွမ်း | ၃၈၈ | ၄၃၅၆ | ၁၁၂ |
| နေကြာစေ့ | ၂၄၅၆ | ၃၆၇၂ | ၁၅၀ |
| ဂုံလျှော | ၂၃၄ | ၄၃၈ | ၁၈၇ |
| ဟင်းသီး ဟင်းရွက် | ၁၁.၂ | ၁၅.၁ | ၁၃၄ |
| သစ်သီး | ၂၁၀၀ | ၂၉၀၅ | ၁၃၈ |
| စပြစ်သီး | ၁၀၂၁ | ၁၅၉၂ | ၁၅၆ |
| လဘက်ခြောက် | ၁၀၅.၈ | ၁၃၄.၀ | ၁၂၇ |

လယ်ယာစိုက်ပျိုးရေးဌာနများမှ ကျွန်ုပ်တို့ရစ္ဆာနှမ်းမြူရေး လုပ်ငန်းကို ပြုလုပ်ခဲ့ရာတွင် အောက်ပါ အတိုင်း တိုးတက်ခဲ့လေသည်။

| သန်းဂဏန်း | ၁၉၅၅ နှစ် စာရင်း | ၁၉၆၀ခုနှစ် စာရင်း | ရာနှုံး တိုးတက်နေပုံ |
|---|---|---|---|
| မြင်း- နွား- များ | ၅၈.၈ | ၇၅.၈ | ၁၂၉ |
| နွားမ်းများ | ၂၇.၇ | ၃၄.၈ | ၁၂၆ |

၄၈ ဆိုဗီယက်မှစ စာလက်ြာ

| | | | |
|---|---|---|---|
| ဇက်မျှား | ၃၄း၀ | ၅၈.၇ | ၁၇၃ |
| သိုးမျှား | ၁၈၃.၃ | ၁၃၃.၈ | ၁၂၉ |

ပြည်သူတို့စားသေ က်ရန်အသားနှင့်နို့မျှားတိုးတက်ပုံ

| | ၁၉၅၁-မှ | ၁၉၅၆-မှ | ထုန်း |
|---|---|---|---|
| တန်ခိုန်ထောင်ဂဏန်း | ၅၅ | ၆၀ | တိုးတက်ဖုံ |

အသားစောင်ခိုန်လိုက်

| | | | |
|---|---|---|---|
| အစေးခိုန် | ၃၅၂၃ | ၆၁၁၁ | ၁၇၃ |
| နို့ | ၁၀၉၈၇ | ၂၂၂၃၁ | ၂၀၂ |
| ကြက်ဥမျှား(ထန်းဂဏန်း) | ၂၅၈၂ | ၄၈၄၁ | ၁၈၇ |
| သိုးမွေး | ၁၉၀.၆ | ၃၁၀.၆ | ၁၆၃ |

အသားနှင့် အသားထွက် ပစ္စည်း တိုးတက်ပုံ

| | | |
|---|---|---|
| တန်ခိုန်ထောင်ဂဏန်း | ၁၉၅၃ | ၁၉၆၀ |
| အသားနှင့်အသစ်းထွက်ပစ္စည်းမျှား | ၁၇၅၇ | ၄၁၅၈ |
| နွားနို့နှင့် နို့ထွက်ပစ္စည်းမျှား | ၁၉၈၀ | ၈၂၀၄ |
| ထောပတ် | ၃၃၀ | ၆၁၃ |

လယ်ယာထွက်ပစ္စည်းမျှား ဤဆိုတိုးတက်နေသဖြင့် ပြည်ဆူတို့၏ဝင်ငွေမှာ ၁၉၅၅-နှစ်ကထက် ၁၉၆၀-ခု နှစ်တွင် ရှုဘယ်ငွေသန်းပေါင်း ၂၄၀၀၀- ကိုးတက် လာလေသည်။

## စက်မှုလုပ်ငန်း တိုးတက်ပုံ

၇-နှစ်စီမံကိန်း၏ ပထမ ၃-နှစ်အတွင်း၌ စက်မှုလုပ်ငန်း၌ ထုတ်ကုန်မှာ နှစ်စဉ်ပျမ်းမျှ ၈-၃ ဆုခိုင်နှုန်း တိုးတက်ရန် သတ်မှတ်ခဲ့ပါသည်၊ သို့ရာတွင် တကယ် တိုးတက်လာမှုမှာ ၁၀-ဆုခိုင်နှုန်း ဖြစ်နေသည်။ စက်မှုလုပ်ငန်း၌ ပထမ ၃-နှစ် အတွက် စီမံကိန်းဆွဲထားသည်ထက် ရှုဘယ်ဒေါ်လာ သန်းပေါင်း ၁၉,၀၀၀- ဘိုးခန့် ကုန်ပစ္စည်းများ ပိုမို ထုတ်နိုင်ပါသည်။ စီမံကိန်းထက် ပိုထုတ်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ။သံခဲတန်ချိန် ၆၅-၇၀ သံကြိုချက်ရန် မှန်းထားရာ တကယ်အားဖြင့်တန်ချိန် ၇၂-၇၃-သန်းပို၍ ကြိုချက်နိုင်သည်။

၂။ ။သံမဏိတန်ချိန် ၈၆-၉၁- အစား ၉၅-၉၇-သန်း ပို၍ ထုတ်ခဲ့ပါသည်။

၃။ ။သံဖြားများ တန်ချိန် သန်း ၆၇-၇၀- အစား ၇၃-၇၆.၅ သန်းမျှ ထုတ်နိုင်သည်။။

၄။ ။ရေနံများကို တန်ချိန် သန်း ၂၃၀- ၂၄၀- မကာ တန်ချိန်သန်း ၂၄၅- ပိုထုတ်ခဲ့ပါသည်။

၅။ ။လျှပ် စစ်ခတ်အားမှာကိလိုဝပ်နာရီသန်း ၅၀၀,၀၀၀ မကာ ၅၂၀,၀၀၀ ကျော်ပြီး ထုတ်ခဲ့ပါသည်။

အထက်ပါအကြောင်း အချက်များကြောင့် စက်ပစ္စည်းလုပ် စက်ရုံများနှင့် သတ္ထုလုပ်ငန်း စက်ရုံများမှ ကုန်ထုတ်မှာ ရှုဘယ်ဒေါ်သန်း ၄၉,၀၀၀ ဘိုးပစ္စည်းများ အစား ရှုဘယ်ဒေါ် သန်း ၅၆,၀၀၀ မှ ၅၇,၀၀၀ ဘိုး ပစ္စည်းများ ပိုမို တိုးတက်၍ ထုတ်ပေးသည်။

ရေနံခေတ်ငွေ အထွက်မှာ- ၁၉၅၅ ခု နှစ်အတွင် ၂၃-၅ ထုခိုင်နှုံးထွက်ခဲ့ရာ ယခု- ၄၂ ထုခိုင်နှုံး ပိုမိုထွက်နေပါသည်။ ပိုရှိ စေ့းပေါသော လောင်စာမျ့ားကို သုံးစွဲလာနိုင်သဖြင့် ၆ နှစ်အတွင်းတွင် ရုဘယ်ငွေ သန်း ၃၀၀, ကျော်မျ့ အကုန် အကျ သက်သာခဲ့ပါသည်။

အရက်ပြန် ထုတ်လုပ်မှုလုပ်ငန်း၌ စပါးအစား စား သောက် ကုန်မဟုတ်သော ပစ္စည်းမျ့ားကို အသုံးပြုခြင်း ကြောင့် စပါးတန်ချိန် ၂,၁၀၀,၀၀၀, ကျော်ကို သက်သာပြီး ချွတာခဲ့သည်။

ပလပ်စတစ်နှင့် ချိုးခြင်အတုထုတ်လုပ်ရေးမှာ နှစ်ဆ တိုး၍ ထုတ်လုပ်နိုင်ခဲ့ပါသည်။

## သယ်ယူပို့ဆောင်ရေး လုပ်ငန်းတိုးတက်ပုံ

သယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတွင် သယ်ပေးခဲ့သော တန်ချိန်မှာ ၇၂ ရာခိုင်နှုံး တိုးတက်ခဲ့သည်။ မီးရထားလမ်း မျ့ားဘွင် ကီလိုမီတာ ၁၀,၀၀၀ ကျော် လျှပ်စစ်ဓာတ်အား တတ်ဆင် ပြီးသဖြင့် မီးရထား ဌာနမှ သယ်ယူ ပို့ဆောင်ခဲ့ သေ စုစုပေါင်း တန်ချိန်တဝက်ကို လျှပ်စစ်နှင့်ဒီဇယ်ရထား မျ့ားက ပို့ဆောင်ပေးနိုင်သဖြင့် ကျောက်မီးသွေး ထုကုန် သက်သာ၍ ရုဘယ်ငွေသန်း ၂,၅၀၀ ခန့် ချွတာနိုင်ခဲ့သည်။

ကုန်သည်ကြီး မျ့ားသည် တိုင်းပြည်ပေါင်း- ၆၀ သို့ ဝင်ထွက် သွားလာ၍ ကုန်တင်ချိန် -၅၀ ရာခိုင်နှုံး တိုးတက် လာဖြစ်သည်။

ခရီးသည်ပို့ဆောင်ရေး လေယာဉ်ခွဒနမှ တနေ့လျှင် ခရီးသည် ၁၀၀,၀၀၀ ခန့် ပို့ဆောင်ပေးနေသည်။

မော်တော်ကားမျှားဖြင့် သယ်ယူ ပို့ဆောင်ရေးဌာနမှ ၆ ဆ ကျော် တိုးတက်လာပါသည်။

သံသုင်းကုန်ကရစ် စက်မှုလက်မှုလုပ်ငန်းတွင် -၁၉၅၅ ခု နှစ်က ကုဗမီတာ ၃ -သန်းသာထုတ်လုပ်နိုင်ရာ ယခု ၁၉၆၁ ခုနှစ်တွင် ကုဗမီတာသန်း ၄၀ -ထုပ်လုပ် ပေးနေသည်။

သံမဏိလုပ်ငန်း တိုးတက် ဖွန့်ဖြိုးရေး လုပ်ငန်းဌာန် သံရိုင်းနှင့် သံမဏိအရေကြိုစက်ရုံ ၄၈-ရုံ သံပြားနှင့် သံပြန်လုပ် စက်ရုံ ၃၈-ရုံ ဓါတုဗေဒစက်ရုံ ၉၅-ရုံတို့တွင် အောက်ဆီဂျင်ကို အသုံးပြုသော ကုန်ဗာတာစက်မျှားဖြင့် ပြောင်းလဲလုပ်ကိုင်သဖြင့် မတည်အရင်း ကုန်ငွေမှာ သံမဏိ တန်ချိန် ၈၀သန်းထုတ်လျှင် ရှုဘယ်ငွေ ၆- သန်း အကုန်အကျသက်သာစေသည်။ လုပ်ဆောင်ပေးရာတွင်လည်း တသန်း ပိုမိုအကုန်အကျ သက်သာလာ၍ ၇-သန်း အမြတ်ထုတ် လာလေသည်။

သို့ပါ၍ စက်မှုလုပ်ငန်းကွင် ၄၃- ရာခိုင်နှုန်း အဆောက်အဦး ဆောက်လုပ်ရေးတွင် ၆၀- ရာခိုင်နှုန်း မီးရထားဌာန တွင် ၅၆- ရာခိုင်နှုန်း ပိုထုတ်လာသည်။ ဤသို့ လုပ်ဒ ၁းပိုမို ဖြစ်ထွန်းမှုကြောင့် စက်မှုလုပ်ငန်းအထုတ်မှာ ၇၀- ရာခိုင်နှုန်း အထိ တိုးတက်ထုတ်ခဲ့ပါသည်။ ထုတ်လုပ်ရေး ကုန်ကျစရိတ်မှာလည်း ၁၁-ရာနှုန်းလျှော့သွားပါသည်။ မီးရထား သယ်ယူပို့ဆောင်ရေး စရိပ်မှာလည်း ၂၂-ရာနှုန်း သက်သာ သွားပါသည်။ လွန်ခဲ့သည့်နှစ်က စက်မှုလုပ်ငန်းနှင်သယ်ယူပို့ဆောင်

ရေး လုပ်ငန်း အမြတ်အစွန်းမှာ ၂- ဆတိုးတက်လာသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့ရောက်ခဲ့ရသော ၆၈-ရာခိုင်နှုန်းဝက်ဦးရေမှာ ၁၅၀-ရာခိုင်နှုန်း တိုးတက်သည်။

## ဝင်ငွေတိုးတက်၍ လခ တိုးပေးပုံ

၇-နှစ် စီမံကိန်းကြိုးမှ ၃-နှစ် အတွင်းတွင် ဆိုဗီယက် ယူနီယံ အမျိုးသားဝင်ငွေမှာ ၁၉၅၅-ခုနှစ်ကထက် ၅၀-ရာခိုင်နှုန်း လူဟာဦးစီ၏ ဝင်ငွေမှာ ၁၂၀-နှုန်းတိုးတက်ခဲ့သည်။ အမျိုးသား ဝင်ငွေဘိုးတက်မှုကြောင့် လုပ်ခစား လခစားဝင်ငွေ ၂၇-ရာနှုန်း လယ်သမားဝင်ငွေ ၄၀-ရာနှုန်း တိုးတက်လာသည်။ အမျိုးသား ဝင်ငွေတိုးတက်မှုကြောင့် လုပ်ခ လခ တိုးပေးမှုဌာန ရှာဖယ်ခင့်သန်းပေါင်း ၄၀၀၀ အသုံးပြုခဲ့ပါသည်။ အနည်းဆုံး လုပ်ခနှင့် လခကို ရှာဖယ်ငွေ ၅၀- ၆၀ (ဗမာငွေ- ၂၅၀မှ ၃၀၀ ထိ)တိုးမြှင့်ပေးသည်။ ငွေစာရင်းမှာ ၁၉၅၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါလျှင် ရှာဖယ်ငွေ သန်းပေါင်း ၄၂,၀၀၀ သို့မဟုတ် ၈၇-ရာခိုင်နှုန်း တိုးဘက်လာသည်။အမျိုးသားဝင်ငွေတိုးတက်လေလေ လူနေမှု အဆင့်အတန်း မြင့်လေလေ ဖြစ်သည်။ အမျိုးသား ဝင်ငွေ ၄-ပုံ ၃- ပုံကိုပင် ပြည်သူတို့၏ ပုဂ္ဂိုလ်ရေးရာ လိုအပ်ချက်ကို ဖြည့်စွမ်းပေးရန် အသုံးပြုပါသည်။ အခမဲ့ပညာသင်ကြားမှု အခမဲ့ဆေးကုသမှု အလုပ်လက်မဲ့ မရှိဆိုတဲ့ အခင့်အရေးတို့သည် ဝင်ငွေတိုးတက်၍ ဖြစ်ပေသည်။

## အခွန်အကောက် ဖျက်သိမ်းပြီ

လုပ်သားပြည်သူတို့မှာ အခွန်အကောက်ကို ၁၉၆၀ ခုနှစ် အောက်တိုဘာလ ၃-ရက်နေ့က စတင်ဖျက်သိမ်း နေပေပြီ။ ပထမအဆင့်စတင်သည့် ၁၉၆၀-ခုနှစ်တွင်ရှိ ဘယ်ငွေသန်းပေါင်း ၃၆၀-ပိုမို ရရှိလာလေသည်။ ဒုတိယ ၁၉၆၁-ခုနှစ်တွင် ရှဘယ်ငွေ သန်း- ၄၀၀ အပိုထွက်လာ လေသည်။ နှစ်စဉ် ၄၀၀-စီပိုမိုရရှိပြီး ၁၉၆၅-ခု နှစ်တွင် အခွန်တော် လုံးဝလွတ်ကင်းကြပေမည်။ အခွန်အကောက် မပေးရသည့် ပိုငွေများကို လုပ်သားပြည်သူတို့၏ လုပ်ခ တွင် အပိုကြေး များ အဖြစ် အသစ်ထပ်မံ ပေးခဲ့ပေသည်။ သို့ပါ၍ လုပ်ခ တိုးတက် ရရှိကြလေသည်။ အခွန်အကောက် ဖျက်သိမ်းမှု သည် ဆိုဗီယက်ပြည်သူတို့၏ ထင်ရှားသော လူမှုရေးအောင် မြင်ချက် ဖြစ်ပေသည်။

## အလုပ်ချိန် လျှော့ပြစ်ခြင်း

လူနေမှုစနစ် လူ့လောက အခြေခံ လုပ်ငန်းများ တဆင့်ပြီးတဆင့်တန့်စ်ပြီး တန့်စ်အောင်မြင်နေသောကြောင့် အလုပ်ချိန်ကို တနေ့လျှင် ၆- နာရီ မိနစ် ၂၀- တပါတ်လျှင် ၃၆ နာရီ ၄၀-သို့ ၁၉၆၀-ခု နှစ်မှစ၍ စက်ရုံအလုပ်ရုံ ရုံးအမှုထမ်းများ သက်မွေးဝမ်းကြောင်း ပညာသည်များအား လုံးအား လျှော့ချပေးခဲ့သည်။ အလုပ်ချိန်လျှော့ပြစ်သော်လည်း လုပ်ခကို တိုးတက်စေးခဲ့သည်။ လုပ်အားထုပ်လုပ်မှုမှာလည်း ပိုမို တိုးတက်နေပေသည်။

## တိုးတက်၍ ပင်စင် လ ၁ပေးခြင်း

ပင်စင် လစာမျိုးကိုလည်း သက်ကြီး ပင်စင်နှင့် မစွမ်း မဆန်သူမျိုး ပေးသော ပင်စင် ကျေးမွေး မည်သူ့ မရှိသူတို့အား ပေးသော ပင်စင်များကို ၂- ဆတိုးပေးခဲ့သဖြင့် ၁၉၅၅-ခုနှစ်တွင် ရှဘယ်ငွေသန်းပေါင်း- ၁၀၀၀ရှိခဲ့ရာ ၁၉၆၁- ခုနှစ်တွင် ရှဘယ်သန်းပေါင်း- ၂၆၀၀ ရှိခဲ့ပေသည်။ ၁၉၆၃-ခုနှစ်တွင် ထပ်မံတိုးပေးဦးမည်။ စုပေါင်း လယ်ယာဌာနတွင်လည်း စုပေါင်းလယ်သမားတို့အား ပင်စင်ထောက်ပန့်ကြေး တိုးတက် ပေးခဲ့လေသည်။

၁၉၅၅-ခုနှစ်မှ ၁၉၆၁-ခုနှစ်အထိ (၇- နှစ် စီမံကိန်းတွင် ၃-နှစ်အပါအဝင်) ၆-နှစ်အတွင်းတွင် စက်မှ လုပ်ငန်းအတွက် တိုးတက်မှုမှာ ၈၀- ရာနှုန်း နီးပါးရှိသည်။ အဓိကအရေးကြီးသောပစ္စည်းများ တိုးတက်လာပုံမှာ အောက်ပါဇယားဖြင့် သိသာနိုင်ပေသည်။

## စက်မှု လုပ်ငန်း တိုးတက်နေပုံ စာရင်း

၁၉၅၅ခု ၁၉၆၁ခုနှစ် ၁၉၅၅ခုနှစ်နှင့် ထုတ်လုပ်မှု ထွက်ပုံ စာလျှင် ၆၁ ခု

| တန်ချိန်သန်းဂဏန်း | | | တွင်ရာနှုန်းတိုးတက်ပုံ |
|---|---|---|---|
| သံခဲ | ၂၃.၃ | ၅၁.၁ | ၁၅၃ |
| သံမဏိ | ၄၅.၃ | ၇၁.၀ | ၁၅၇ |
| သံပြား | ၃၅.၃ | ၅၅.၀ | ၁၅၆ |

| | | | |
|---|---|---|---|
| ကျောက်မီးစဆွဲး | ၃၉၁ | ၅၁၃ | ၁၀ |
| ရေနံ | ၇၀း၀ | ၁၆၆ | ၂၃၄ |
| ဘိလပ်မြေ | ၂၂၀၅ | ၅၁ | ၂၂၆ |
| ခေတ်ငွေ(ကုဗမီတာသန်း ၁၈၀၀- ဂဏန်းဖြင့်) | ၃၁၁၀၄ | ၅၆၅ | ၅၂၅ |
| လျှပ် စစ်ခေတ်အား(ကီလိုဝပ် သန်း ၁၀၀၀ ဂဏန်း) | ၁၇၀ | ၃၇၂ | ၁၆၂ |
| ခေတ္တပေဒ စက်မှုလုပ်ငန်း အထွက်(ရှုဘယ် ငွေသန်း ၁၀၀၀ ဂဏန်းဖြင့်) | ၃၀၇ | ၇၀၆ | ၂၀၅ |
| စက်ယန္တရားတည်ဆောက်ရေးသတ္ထုချက်ရေးလုပ်ငန်း(ရှုဘယ် ငွေသန်း ၁၀၀၀) | ၁၇ | ၃၈ | ၂၂၄ |

အကြီးစား စက်မှုလုပ်ငန်းကြီးများ၏ ၆-နှစ်အတွင်း စအာင်မြင်မှုမှာ တဟုန်းတိုး တိုးတက်နေပါသည်။ ရေနံထုပ်လုတ်မှုမှာအလွန်အလွန် တိုးတက်လာပါသည်။ အာဇာဘိုင်ဂျန်ပြည်နယ် ဘာကူရေနံမြေမှ ၅- မြေ အသစ်ထပ်မံ တူးဖော်သလောက်နှင့် ညီမျှနေပါသည်။ လျှပ်စစ်ခေတ်အားထုလုပ်မှုမှာလည်း ကီလိုဝပ်နာရီသန်းပေါင်း ၁၅၀,၇,၀၀၀ တိုးတက်ခဲ့ပါသည်။ နီဗာမြစ်ပေါ်ရှိ လီနင် ခေတ်အား ပေးရုံကြီး အရွယ်အစား။ လျှပ်စစ် ခေတ်အား ပေးရုံ ကြီးပေါင်း နောက်ထပ် ၅၀-ထုတ်လုပ်သည်နှင့် ညီမျှအောင်တိုးတက်နေပါသည်။ စားသုံးကုန်ပစ္စည်းများ ထုတ်လုပ်၍ တိုးတက်လာပုံမှာ အောက်ပါဇယားဖြင့် သိသာနိုင်ပါသည်။

## စားသုံးကုန် ပစ္စည်းများ တိုးတက်ပုံ စာရင်း

| | ၁၉၅၅-ခုနှစ် ထုတ်လုပ်မှု | ၁၉၆၀-ခုနှစ် ထုတ်လောပုံ | ၁၉၅၅-ခုနှစ်နှင့် နှိုင်ယှဉ်လျှင် ၁၉၆၀-ခုနှစ်တွင် ရောနှုန်းတိုးတက်ပုံ |
|---|---|---|---|
| တန်ခိုန်သန်းဂဏန်း | | | |
| အသားစက်ရုံထုတ် နို့နှင့်လုပ်သော | ၂.၅ | ၄.၅ | ၁၇၀ |
| အစား အစာ | ၂.၆ | ၉.၀ | ၃၄၅ |
| ဆကြားခဲ | ၃.၂ | ၆.၅ | ၂၀၀ |
| ငါးဖမ်း | ၂.၇ | ၃.၇ | ၁၃၆ |
| သားရေဘိုနပ် (အရုံပေါင်း သန်းဂဏန်း) | ၂၇၁ | ၄၄၃ | ၁၆၃ |
| ချည်ထည် (စတုရန်း မီတာ သန်းဂဏန်း) | ၅၅၄၃ | ၆၆၆၁ | ၁၂၀ |
| သိုးမွေး (ဂုင်း) | ၃၂၁ | ၄၅၂ | ၁၄၁ |
| အိမ်ထောင် ပရိဘောဂတန်ဘိုး (ရူဘယ်သန်းဂဏန်း) | ၄၉၁ | ၁၂၀၀ | ၂၆၁ |
| အဝတ်အထည် (တန်ဘိုး ရူဘယ် သန်း ၁၀၀၀- ဂဏန်း) | ၆.၀ | ၉.၂ | ၁၅၂ |
| ထောပတ် (စက်ရုံထုတ်ထန်ခြိန် ထောင်ဂဏန်း) | ၄၆၃ | ၇၉၄ | ၁၇၁ |
| အသီးအရွက် (တန်ခြိန် ထောင်ဂဏန်း) | ၁၁၆၈ | ၁၇၃၀ | ၁၄၈ |

| | | | |
|---|---|---|---|
| ရေဒီယိုတီဗီစက် (ထောင်ဂဏန်း) | ၄၀၄၄ | ၆၃၄၅ | ၁၅၇ |
| အိမ်သုံး ရေခဲသေတ္တာ (ထောင် ဂဏန်း) | ၁၅၁ | ၇၃၀ | ၄.၀ ဆ |

ဆိုဗီယက် ယူနီယံသည် အမေရိကိုကို သာလွန်ထုဆွဲ အခြေခံသာ ကုန်ပစ္စည်းအထွက်ဆွဲသာ မဟုတ်ဘဲ အခြားသောအရာ အများ အပြား တွင်လည်း သာလွန်လျက် ရှိကြောင်း အောက်ပါစရင်းကို ကြည့်လျှင် သိနိုင်ပါသည်။

## အမေရိကထက် သာသော အရာများ

| | ဆိုဗီယက်ယူနီယံ | အမေရိကံ ပြည်ထောင်စု |
|---|---|---|
| ဆရာဝန် (လူ ၁၀၀၀၀ အရ) | ၁၈.၆ | ၁၂.၁ |
| အမျိုးသား စီးပွားရေးတွင် လုပ်ကိုင်သည့် အင်ဂျင်နီယာ | ၁,၁၁၆,၀၀၀, | ၅၂၅,၀၀၀ |
| ဘဲရပြီး အင်ဂျင်နီယာ | ၁၂၀,၀၀၀ | ၃၀,၀၀၀ |
| ကျောင်းသား လူ ၁၀၀၀၀ ချင်းအရ | ၁၁၁ | ၁၀၆ |
| တည်ထောင်ပြီး အိမ်ထောင်စု အခမ်းများ လူ ၁၀၀၀-ချင်းအရ | ၁၃.၆ | ၆.၅ |

လွန်ခဲ့သော ၁၀-နှစ် ၁၁-နှစ်က ဆိုဗီယာက် ယူနီယံ၏ စက်မှုလုပ်ငန်းအထွက်သည် အမေရိကံ ပြည်ထောင်စု၏- ၃၀ ရာခိုင်နှုန်းထက် နည်းနေခဲ့ပါသည်။ ယခုအခါ ၁၉၆၀-ခု နှစ်မှ စပြီး အမေရိကံပြည်ထောင်စုထက် အချို့သောကုန်ပစ္စည်း အထွက် သာနေပါပြီ။ အချို့မှာ အနားတွင် ကပ်နေပါပြီ စက်မှု လုပ်ငန်းမှာ အမေရိကံထက် ၆၀-ရာနှုန်း၊ ဂရန်မှာ တန်ချိန် ၇၅-ရာခိုင်နှုန်း၊ သံမဏိမှာ ၂၆-သန်း တိုးတက်ပြီး အမေရိကံမှာ ၁၅-သန်း ယုတ်လျော့ခဲ့ပြီ။ သိုးမွေးထည်မှာ ၁၁-ရာခိုင်နှုန်း၊ သကြားခဲမှာ တန်ချိန် ၇၅-သန်း ပိုထွက်နေပါပြီ။ အမှန်မှာ ကမ္ဘာ့စက်မှု လုပ်ငန်းအထွက်၏ ၅-ပုံ ၁-ပုံ ထွက်နေပါပြီ။ ဗြိတိန် ပြင်သစ် အီတလီ ကနေဒါ ဂျပန် ဘယ်လ်ဂျီယံနှင့် နယ်သာလင်နိုင်ငံတို့ အားလုံးပေါင်းထက် ပို၍ထွက်နေပြီဟု ဆိုဗီယက်တို့က အတိအလင်း ကျေညာပြီး ဂုဏ်ယူနေပါပြီ။ ၎င်း ၇-နိုင်ငံတို့မှာ လူဦးရေ ၂၀၀,၀၀၀,၀၀၀ ရှိ၍ ဆိုဗီယက် ယူနီယံ ၁ ၂၀၀,၀၀၀,၀၀၀, ရှိနေပါသည်။

ဆိုဗီယက်က အမေရိကံထက် သာသော ပစ္စည်းများ

| ပစ္စည်းစာရင်း | ဆိုဗီယက်ယူနီယံ | အမေရိကံ |
|---|---|---|
| ကျောက်မီးသွေး(တန်သန်း) | ၄၄၄ | ၃၉၀ |
| သံစီမံး (တန်သန်း ) | ၁၀၆ | ၈၉ |
| ဆံဖြတ်စက်ပစ္စည်းများ | ၁၅၅,၆၀၀ | ၁၃၀,၀၀၀ |
| လယ်ထွန်စက် များ (၁၅မြင်းစွမ်းရအား) | ၄၃၉,၀၀၀ | ၃၀၀,၀၀၀ |

| | | |
|---|---|---|
| သီးနှံစုပေါင်းရိပ်စက်များ | ၅၉,၀၀၀ | ၃၀,၀၀၀ |
| အုတ် (သန်းပေါင်း) | ၃၅,၅၀၀ | ၃၀၀၀ |
| မှန်ပြတင်းပေါက် | | |
| စတုရန်း မီတာ | ၁၄၃-သန်း | ၁၀၂-သန်း |
| မီးရထားတင်ကုန် | သန်း-၁၅၀၄,၀၀၀ | သန်း-၈၅၀,၀၀၀ |
| | တန် ကီလိုမီတာ | တန် ကီလိုမီတာ |
| လျှပ်စစ်မီးရထားလမ်း | ၁၄,၀၀၀ | ၁၃,၀၀၀ |
| | (ကီလိုမီတာ) | (ကီလိုမီတာ) |
| သိုးမွေးထည်များမီတာသန်း- | ၃၅၃ | မီတာသန်း- ၂၃၀ |
| သကြား တန် | ၆,၄၀၀,၀၀၀ | ၃,၄၀၀,၀၀၀ |
| ငါး တန် | ၃,၅၀၀,၀၀၀ | ၂,၉၀၀,၀၀၀ |
| အာလူး တန် | ၈၄,၄၀၀,၀၀၀ | ၁၁,၆၀၀,၀၀၀ |
| မုံလာဥနှံ တန် | ၅၈-သန်း | ၁၅-သန်း |
| နွားနို့ တန် | ၆၁,၂၀၀,၀၀၀ | ၅၅,၈၀၀,၀၀၀ |
| ဆေးပတ် တန် | ၈၄၈,၀၀၀ | ၆၃၁,၀၀၀ |
| သိုးမွေး တန် | ၃၅၃,၀၀၀ | ၁၄၃,၀၀၀ |
| သားရေဘိနပ် | | |
| (အရံ သန်း ၈၀) | ၆၁၀ | ၄၄၃ |

## ပြည်သူ့ ရုံပုံငွေမှ အသုံးပြုပုံ

ပြည်သူပြည်သားတို့၏ လိုအပ်ချက်များကို ပြည်သူ့ ရုံပုံငွေများမှ ဝတ္ထု စွဲည်းနှင့် ယာဉ်ကျေးမှု အကျိုးတရား များကို ပိုမိုကြီးမားစွာ ဖြည့်တင်းပေးနေသည်။ ၁၉၄၀- ခုနှစ်တွင် ပြည်သူ့ ရုံပုံငွေမှ ထောက်ပန့်ကျေးမှာ စုစုပေါင်း- ရူဘယ် ၄၂သန်းပေါင်း- ၄၂၀၀ ရှိ၍ ၁၉၆၀- ခုနှစ်မှာ ရူဘယ်

သန်းပေါင်း ၂၄,၅၀၀၊ ၁၉၆၅-ခုနှစ်တွင် ရှုဘယ်ငွေ့ သန်းပေါင်း ၄၀၀၀၀,အထိ နှစ်စဉ် တန့်ထက် တန့်တိုးတက်ပေးနေသည်။

ပြည်သူ့ရုံပုံငွေများထဲမှ ပင်စင်စားသန်း ၂၀ ကောလိပ်နှင့် တက္ကသိုလ် ကျောင်းများ ၁၀-တန်း ကျောင်းများ အာသက်မွေး ဝမ်းကြောင်း ပညာသင်ကျောင်းများ စက်မှုပညာသင် ကျောင်းများမှ ကျောင်းသား ၄-သန်း ကလေးသူငယ်ပေါင်း ၆-သန်းတို့ကိုပညာသင်ထောက်ပန့်ကြေးနှင့် ကျောင်းအိပ် ကျောင်းစား နေထိုင်ရေးတို့၌ ထောက်ပန့်ကြေး ပေးလျက် ရှိသည်။

လုပ်ခနှင့် လခစားများနှင့် စုပေါင်း လယ်ယာသမားများ၏ သားငယ်သမီးငယ်စုစုပေါင်း ၇-သန်းကျော်တို့ကိုလည်း လူမှုဖူလုံရေး ရုံပုံငွေနှင့် စုပေါင်း လယ်ယာ ရုံပုံ ငွေများမှ စရိပ်ဖြင့် နှစ်စဉ် အားလပ်ရက်များကို ကျမ္မာရေး ရိပ်သာများ အားလပ်ရက်ဂေဟာများ မျိုးညှန့်လူငယ် စခန်းများတွင် နေထိုင်ခွင့်ရကြသည်။ မိခင် ၇-သန်းကျော် မှာလည်း အစိုးရထံမှ ထောက်ပန့်မှုများကို ရရှိကြပါသည်။ ပြည်သူ့လိုအပ်ချက်များကို ပြည်သူ့ရုံပုံငွေမှ ဤသို့ဖြည့်စွက် ပေးပါသည်။

ဆိုဗီယက် ယူနီယံသည် ပြည်သူ့ရုံပုံငွေတို့၏ တံခိုးကြောင့် ကမ္ဘာပေါ်တွင် ပညာ အတတ်ဆုံးဖြစ်နေပြီး သိပ္ပံပညာတွင် စကောင်းကင်မှုဂုဏ် ရေမှုဂုဏ် မြေမှုဂုဏ် ထိပ်တန်းသို့ ရောက်နေပြီဟု အတိအလင်း ဂုဏ်ယူနေပါပြီ။

မေး။ ။ဆိုဗီယက် ယူနီဒ် စီမံကိန်းများ အောင်မြင်သည် ကိုသာ သိရခြင်းဖြစ်သည် မအောင်မြင်မှု ဆုံးရှုံးဓာတ်ကိုကော ဆိုခဲ့ရပါသေးသလား။

ဖြေ။ ။သိခဲ့ရပါသည်။ ပန်းခေါ်တဲ့ စီးပွားရေး စီမံကိန်း တခုမှာ ပျက်သွားပါသည်။ ထို စီးပွားရေး ကောင်စီမှ စီမံကိန်းမှာ ဒက်ငွေအမျိုးမျိုးအတွက် ရှုဘယ် ဂ-သန်းကျော် အပျက်အစီးများ အတွက် ရှုဘယ် ၇-သန်း ဆုံးရှုံးခဲ့သည်။ ရံပုံငွေတွင် လည်ဆွဲလည်ရာတွင် ၂၆-သန်း ရှုဘယ် လိုငွေဖြင့် ကုန်ဆုံး သွားပါသည်။ ထိုစီမံကိန်းမှာ ရှုဘယ် ၂၇-သန်း (မြန် ၁၄၄ သန်း ၁၃၀-ကျော်) ဆုံရှုံးသဖြင့် ပိတ်ပြစ်လိုက်ရသည်။ မစ္စတာ ကရုရှက်၏ ၂၂-ကြိမ်မြောက် ကွန်ကရက်သို အစီရင်ခံစာတွင် တွေ့ရှိရပါသည်။

မေး။ ။ဆိုဗီယက်ယူနီယံ၌ အထွေထွေသော အကြောင်းခြင်းအရာများ တိုးတက်နေပုံ တွေ့ကိုကော ဆရာတော်တို့ လေ့လာခဲ့ပါသလား။

ဖြေ။ ။လေ့လာခဲ့ပါသည်။ ရောက်တဲ့မြို့ရာ ဒေသတိုင်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို မေးမြန်းခြင်း စာအုပ်စာတန်း များကို ကြည့်ရှုခြင်း ဆိုင်ရာဆိုင်ရာ နေရာတို့၌ ဂရု တစိုက် အကဲခတ်ပြီး ကြည့်ရှုခဲ့ပါသည်။ထိုအကြောင်းခြင်းရာများကို လေ့လာ မှတ်သားခဲ့သမျှ အောက်တွင် ဖေါပြသိုက်ပါသည်။

# ရုရှားတပြည်လုံး အခြေအနေ

ရုရှားပြည်ကြီးတခုလုံးတွင် ကျွန်ုပ်တို့သည်မိုင်းဖေါင်း ၁၇၀၀၀- ကျော်မျှ သွားထောက်ခဲ့ပေသည်။ လေ့လာသုံးသပ်ခဲ့ပေသည်။ မြို့ကြီးမြို့ငယ် အများအပြား ရွာငယ် အများအပြားကိုထောက်ခဲ့ကြ၏။ ကျွန်ုပ်တို့လက်လှန်းမိသမျှ သုတေသန အမှုပြုခဲ့ကြပေသည်။ မြို့များမှာ ပြည်သူပိုင် အကုန်ပြုလုပ်ထားပြီးဖြစ်သည်။ မည်သည့်အလုပ်မျကိုယ်ပိုင်အလုပ် မရှိရပေ။ ကျေးရွာများမှာမူ သေးငယ်သော အိမ်များနှင့် အနည်းငယ်သော လယ်မြေယာစသည်တို့ ချန်ထားသည်။ သမဝါယမကဲ့သို့ စုပေါင်းလုပ်ကိုင်ကြလျှင် အစိုးရကမသိမ်းပေ။ ဤသို့စုပေါင်း လုပ်ကိုင်နေသော လယ်သမားများကို စတွဲခဲ့ရ၏။ ဘိန်ပ်စိုက်သူများ အပ်ချုပ်သူမျမှအစ ကိုယ်ပိုင် အလုပ်ဟူ၍ မရှိရပေ။ လူတိုင်း ကြီး ငယ် ကျား မ မရွေး ကျွမ်းကျင်အလုပ်ကို ကိုယ်စီ လုပ်ကိုင်ကြရ၏။ အလုပ်မလုပ်သူဟူ၍လည်း မရှိချေ။ သို့ကြောင့် လူပျင်း လူမိုက်တေလေ ကျပိုး သူခိုး ဒါးပြ အနုကျမ်းစီး ပြန်ပေးဆဲ့ ခါးပိုက်နှိုက် လမ်းသရဲ ဆိုသည်မှာ မရှိတော့ပေ။ အလုပ်ကိုယ်စီရှိသဖြင့် ခိုးစရာတိုက်စရာမလိုတော့ပြီ အားလုံး ပြည်သူပိုင်ဖြစ်ပြီး ကိုယ့်အလုပ်နှင့် ကိုယ်ရသော အခကြေးငွေနှင့် သင့်တော်အောင် နေထိုင်နိုင်ရန် လုပ်ပေးထာသဖြင့် ခိုးတိုက်ရလောရင် ထားစရာလဲမရှိသဖြင့် အယိုလိုလုပ်၍ ခိုးကြမည်နည်း။ အပြစ် ပေါ်ပေါက်လာပါက မိုင် ထောင်ပေါင်းများစွာ ဝေးတဲ့နေရာသို့ အလုပ်ကြမ်းလုပ်ရန် အနှစ်(၂၀)

လောက် ပို့လိုက်ပါလျှင် သေရသည်နှင့် မခြားတော့ပေ။ သို့ပါ၍ အပြစ်ကိုမည်သူမျှ မကြိုးလှန်ဝန့်တော့ပေ။ ရသမျှ အခကြေးငွေနှင့် အစိုးရပေးသော အိပ်မျှားမှာ နေရပြီး အစိုးရ အလုပ်များကိုသာ လုပ်ကြရ၏ စက်ရုံများ, ရေနံတွင်းများ, လေယာဉ်ပုံ့ မီးရထား သင်္ဘောစသည် အလုပ်သမားများအား နှစ်တိုတိုခိုင်းပြီး ပင်စင်ပေးခါ အနားယူစေသည်။ အနားယူပြီးသောအခါ လောကနိဗ္ဗာန်သဖွယ် ပျော်ရွှင်ဘွယ်ကောင်းသော (ဆိုချိုမြို့) စသောနေရာများကို ပို့ပေး၏ မီးမေ့ ဘေးမဲ့ ဆွေမျိုးမေ့အောင် ရေချိုးလေ့ရှိခါ ကစားမြူးတူး အပျော်ကြိုးတဲ့ နေရာများကို ပို့လိုက်ပေသည်။ စားစရာတို့မှာ သခွားသီး ခရမ်းချဉ်သီး သည်ဗမာ့ ဆန်နှင့်မခြားတော့ဖပေ။ နံနက် မိုးလင်းလျှင် သခွားသီး ခရမ်းချဉ်သီးကို အရင်ဆုံးစားရ၏။ နောက်မှကြက်ဥကျော် ပေါင်မုန့် လာဘက်ရေစသည်တို့ သုံးဆောင်ရ၏။ ပေါင်မုန့်ကြီးကား ဗမာပြည် နုံပြားကဲ့သို့ ကြီးမားလှ၏။ အော်ပရာကပဲ့ ဆပ်ကပဲ့ ရုပ်ရှင်ပဲ့တို့ကား နေရာတိုင်း၌ တိုးမပေါက်နှိုင် စည်ကားနေအောင် အထူးအားပေးထား၏။ ပျော်ပဲ့ရှင်ပဲ့ကို အထူးအားပေးသည်။ ဇာတ်မင်းသား မင်းသို့ တို့မှာ ဝန်ကြီးဗျူပ်ထက်ပင် ဝင်ငွေကောင်းလှ၏။ အနုသုခုမပညာကို အထူးအားပေးထားသည်။ ရုပ်ရှင်ရုံကြီးများ အော်ပရာနှင့် ဘဲလေး ပြဇာတ်ကပဲ့ရုံကြီးများမှာ အလွန်ကြီးကျယ်ခမ်းနားလှပေသည်။ ခန့်ညားလှပသော ကတ်တီပါ ကားလိတ်ကြီးများ ထိုင်ခုံများမှာလည်း ကတ်တီပါဖုံးလျက် အခင်းများမှာလည်း ကတ်တီပါများကိုပင် ခင်းထားပေသည်။

## အမျိုးသမီးများ အကြောင်း

အမျိုးသမီးများကိုနေရာတိုင်တွင် အသုံးပြုထားသည်ကို တွေ့ရ၏။ မီးရထားဌာနတွင် အလံပြအလုပ် လမ်းပိတ်အလုပ် တံခေါင့် လက်မှတ်ရောင်း ဂါတ်ဗိုလ်တို့ကို အသုံးပြုထား၏။ ရုံးစာရေးတွင် မိန်းမကပိုများသည်။ တရုတ်ဌာနများတွင် ရာခိုင်နှုန်း ၄၀ မျှရှိ၏။ တရုတ်သူကြီးရှေ့နေ ရုံးစုန်ထောက်တိုပင် ရုံးတိုင်းဌ အမျိုးသမီးများ ရှိသည်ကို တွေ့ရ၏။ ကျမ်းမာရေးဌာနတွင် ပိုမို၍ မိန်းမများလှပေ၏။ ဆရာဝန်နှင့် သူနာပြုတို့မှာ မိန်းကလေးများသည်။ ရာခိုင်နှုန်း (၂၅)မျှရှိသည်ဟု သိရ၏။ ကျောင်းများတွင် အမျိုးသမီး ဆရာက များတော့သည်။ ပညာရေး ဌာနတွင် အမျိုးသမီး (၈၁)ရာနှုန်း အင်ဂျင်နီယာဌာနတွင် ၃၂ နှစ်ရာနှုန်း အမတ်များတွင် ၄၁ ရာနှုန်း သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးတို့တွင် ၃၉ ရာနှုန်း ရောင်းချရေး ဝယ်ယူရေး ထောက်ပန့်ရေးတို့တွင် ၆၁ ရာနှုန်း ဆေးဝါးဌာန အလုပ်သမားများတွင် ၈၃ ရာနှုန်း မျှရှိသည်။ စက်မှုလက်မှု နေရာတိုင်း တွင်လည်း အမျိုးသမီး ချည်းလိုလို တွေ့ရ၏။ ဆိုဗီယက် တပြည်လုံးရှိ စက်ရုံများတွင် အမျိုးသမီးအလုပ်သမား ၄၈ သန်းရှိသည်။ သို့ပါ၍ အမျိုးသမီးများသည် အစိုးရ ရုံးအလုပ်များ၌ ၂၆ သန်းမျှရှိသည်ဟုသိရ၏။ တိုင်းပြည်၏ စုစုပေါင်း အလုပ်သမားများ၏ ထက်ဝက်ရှိသည်ဟုသိရ၏။ ရှေးဟောဘုရင်ခေတ် ယခင်ကဆိုလျှင် အမျိုးသမီး (၁၀၀)လျှင်(၈၀)သည် သူတပါးအိမ်တွင် အစေခံအဖြစ်နှင့် လယ်ကူလီတို့ဖြစ်ကြ၏။

စက်မှုအလုပ်တွင် ၁၃ ဦးမျှသာ ရှိခဲ့သည်ဟုသိရ၏။ မိန်းမများဘက်မှလည်း အလွန်တိုးတက်လျက် ရှိပေသည်။ နေထိုင်မှုပင် မိန်းမ အလုပ်သမားများ ပေါများသည်။ မြို့နီစီပါယ် တမြက်လှဲ၍ပင် အမျိုးသမီးများ ပြုလုပ် နေသည်ကိုတွေ့ရ၏။ အမျိုးသမီးအင်ဂျင်နီယာနှင့် စက်မှုပညာရှင် ၁,၀၁၅,၀၀၀ ရှိ၏။ ဆိုဗီယက်ယူနီယံ ဦးစီးလုပ်တော်ချုပ်တွင် အမျိုးသမီးကိုယ်စားလှယ် ၂၆၆ ဦးရှိ၏။ ဆိုဗီယက်တပြည်လုံးဒေသန္တရဆိုင်ရာကောင်စီတို့တွင် အမျိုးသမီးကိုယ်စားလှယ် ပေါင်း ၇၄၁,၀၀၁ ရှိ၏။ မိခင်များချမ်းသာစွာ အလုပ်လုပ်နိုင်ရန်အတွက် ကလေးငယ်ပေါင်း ၃ သန်းကျော်ကို ဆရာဝန်ပေါင်း ၅၈၉၀၇ တို့ဖြင့် စောင့်ရှောက် ကြည့်ရှုလျက် နေ့အခါ ကလေးထိန်း ဌာနက ထိန်းသိမ်း ပေးသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများမှာ မမွေးမီ ၅၆ ရက် မွေးပြီး ၅၆ ရက် လခ အပြည့်နှင့် မီးနေခွင့်ရသည်။ ကလေးအတွက် ဝတ်စုံနှင့် ကလေးအား တိုက်ကျွေးဘို့ အစားအစာဝယ်ရန် ထောက်ပန့်ကြေးကိုလည်း ကလေးမွေးတိုင်းရရှိသည်။ ၁၉၆၀ ခုနှစ်တွင် ကလေး ၄ ယောက်ထက် ပိုမွေးသည့် မိခင်ပေါင်း ၃,၄၅၅,၀၀၀ ကျော် လစာ ထောက်ပန့်ကြေး ပေးခဲ့၏။ ရှရှားပြည် အမျိုးသမီးများ ဖျန်းမျှကြေး သက်တန်းမှာ တော်လှန်ရေးမတိုင်မီ ခေတ်က ၃၃ နှစ်ဖြစ်ပြီး ယခုအခါ ၂၂ နှစ်ဖြစ်နေ၏။ ဆိုဗီယက်ယူနီယံတွင်အသက် ၁၀၀ ကျော် အမျိုးသမီးပေါင်း ၁၆,၂၇၆ ရှိပြီးလျှင် ၃,၅၂၄ ယောက် သာလျှင် မြို့သူများဖြစ်သည်။ ၁၂,၂၅၂ ယောက်တို့သည် တောသူများဖြစ်၏။ ကော့ကေးဆပ်နယ်သည် အမျိုးသမီးများ အ

တွက် ကျမှာရေးနှင့် အညီညွတ်ဆုံး ဒေသဖြစ်သည်။ ထို ဒေသတွင် အမျိုးသမီးတသိန်းတိုင်းတွင် အသက် တရာကျော် သူ ၁၉၉ ယောက်ရှိ၏။ ဆိုင်ဘေးရီးယားဒေသ ကဆုစနိုး ယားစ်နှင့် ယာကွတ်တီးယား နုယ်တို့တွင် တသိန်းလျှင် ၃၃ ယောက်သာ တရာကျော်၏။ အမျိုးသမီးဦးရေသည် မြို့နှင့် တော အညီအမျှရှိ၏။ အသက် ၃၂ နှင့် ၃၅ နှစ်အရွယ်များ တွင်မူ အမျိုးသားများက အမျိုးသမီးထက် ပိုမိုများပြား၏။ အမျိုးသမီး များအတွက် အထူးခြားဆုံး တရုပ်မှာ မတ်လ ဂ ရက်နေ့တိုင်းအမျိုးသမီးနေ့ဟု သတ်မှတ်ပြီး ရုံးများအလုတ် ရုံများ အကုန်ပိတ်ပြီး ထိုနေ့တနေ့လုံး အမျိုးသမီးတို့ ဘာ အလုပ်မှ မလုပ်ဘဲ ပျော်ရွှင်အနားယူသောနေ့ ဖြစ်ပေသည်။

## လျှပ်စစ်ခတ်အား မီးရထား

ဆိုဗီယက်နိုင်ငံတွင် လျှင်စစ်ခတ်အားနှင့် မောင်း သော မီးရထားမှာ လမ်းအရှေ့ကိလိုမီတာပေါင်း(၆၀,၀၀၀) ရှိနေ၍ ကမ္ဘာတွင် ပထမစွဲနေပြီဟု သိရ၏။ ၁၉၆၂ ခု နှစ် တွင် လျှပ်စစ်ခါတ်အားသုံး မီးရထားမျာနှင့် ဒီဇယ်ခေါင်း သုံး မီးရထားလမ်းအရှေ့မှ ကိလိုမီတာ (၄၀၀၀၀) ရှိ၏။ လျှပ်စစ် မီးရထားများကသယ်ယူပို့ဆောင်ပေးသောကုန်ချိန် မှာ ပြင်သစ် အီတလီ အနောက် ဂျာမဏီနှင့် ဆွစ်ဇလန် တိုင်းပြည်ကို အားလုံးပေါင်းရှိ လျှပ်စစ် မီးရထားများ သယ်ယူပို့ဆောင်သည့် ကုန်ချိန်ထက်ပင် များသည်ဟု သိရ လေသည်။

# ဆိုဗီယက်မှာတလကြာ

## ဆိုဗီယက်နိုင်ငံ စီးပွါးရေးကို အနောက် ပါရဂူများက ဝေဘန်ချက်

ဆိုဗီယက်နိုင်ငံ၏ စီးပွားရေးကို အနောက်ပိုင်း ဆိုင်ရာ စီးပွားရေးပါရဂူများက အောက်ပါအတိုင်းဝေဘန် ထားပုံကို သတင်းစာတွင်တွေ့လိုက်ပါသည်။ ၁၉၁၇ ခု ဇာဘုရင် အုပ်စိုးသော ရုရှားနိုင်ငံ၏ စက်မှုထွက်ကုန် ဒုဒယ်မှာ အမေရိကံ ၁၂၁ သမျှရာခိုင်နှုန်းမျှသာရှိ၍ ယခု အခြေအနေသည် အလျှင်အမြန် တိုးတက်သဖြင့် အမေရိကံ ထက်ပင် လျှင်မြန်သော နှုန်းနှင့် တိုးဘက်နေသည်ဟု ဆို၏။ ဆိုဗီယက်စက်မှု ထုတ်ကုန်သည် ၁၉၅၃ ခုနှစ်တွင် အမေရိက စက်မှုထုတ်ကုန်၏ ၃၃ ရာခိုင်နှုန်း ၁၉၅၆ ခုနှစ်တွင် ၄၆ ရာခိုင်နှုန်း ၁၉၆၀ ခုနှစ်တွင် ၆၀ ရာခိုင်နှုန်းမြှင့်ပြီဟု ဆိုဗီယက် စီးပွါးပါရဂူများက ခန့်မှန်းထား၏။ ထိုခန့်မှန်းချက်ကို အနောက်တိုင်း စီးပွားရေး ပါရဂူများကလည်း သဘောတူကြသည်ဆို၏။ ဥပမာ ဟားဗတ် တက္ကသိုလ်ပါမောက္ခ ဒေါက်တာ ဟောမင်းက ၁၉၅၅ ခုနှစ်တွင် ဆိုဗီယက် စက်မှုထုတ်ကုန်သည် အမေရိကံထုတ်ကုန် ရာနှုန်းနီးပါးမျှရှိသည်ဟု ပြောဆို၍ ပြီးသျှ စီးပွါးရေးပါရဂူ အလက်နို့ဗိက ထောက်ခံသည်ဆို၏။ အနောက်ဥရောပ စီးပွားရေးပါရဂူ ဒေါက်တာ ရော့စောင်ဖူးက အမေရိကံထုတ်ကုန် ၁၀၀ ရာခိုင်နှုန်းတွင် ဆိုဗီယက် စက်မှု ၁၉၅၆ ခုနှစ်တွင် ၄၇ နှင့် ၅၄ ရာခိုင်နှုန်းရှိ၏။ အမေရိကံစက်မှုထုတ်ကုန်၏ ၁၂၁ သမျှမှ ၆၀ ရာခိုင်နှုန်းသို့ ဆိုဗီယက်က

တဟုန်းတိုးတက်လာသည်မှာ ကြီးစွာသော အောင်မြင်ချက်ဟု ဝန်ခံဆားသည်။

လွန်ခဲ့သော ၁၆ နှစ်က ဖျန်းမျကြေး အားဖြင့် ဆိုဗီယက်ထုတ်ကုန် တိုးတက်လာပုံမှာ နှစ်စဉ် ၁၀ ဒသမ ၆ ရာခိုင်နှုန်းဖြစ်၍ အမေရိကံ၏ စစ်ပြိုးခေတ် တိုးတက်နှုန်းမှာ ၂ ခိုင်ရာနှုန်းသာ ဖြစ်သည်ဟု ဆိုကြ၏။

အနာဂါတ်ဘုံင် ဆိုဗီယက်ထုတ်ကုန် နှစ်စဉ် တိုးတက်နှုန်းမှာ ၁၀ ရာခိုင်နှုန်းက မလျော့ဟု ယုံကြည်မနကြသည်ဆို၏။ သို့ဖြစ်၍ ဆိုဗီယက်ထုတ်ကုန်သည် ၁၉၆၅ ခုနှစ်တွင် အမေရိကံ၏ ၆၅ ဒသမ ၄ အထိဖြစ်၍ ၁၉၆၉ ခုနှစ်တွင် ၁၀၆ ရာနှုန်း။ ၁၉၇၀ ခုနှစ်တွင် ၁၅၆ ရာခိုင်နှုန်းရှိ သည်။ အမေရိကံ၏တိုးတက်နေပုံမှာ မှန်မှန်ရှိနေ၍ ၂ ရာခိုင်နှုန်း ၃ ရာခိုင်နှုန်းထက် မပို နှိုင်ဟု ယူဆထားသည်။

လာမည့် ၅ နှစ် အတွင်းတွင် ဆိုဗီယက် ရရှားသည် အမေရိကံနှင့် အဆင့်အတန်းချင်း နီးကပ်လာပြီးလျှင် ၁၉၇၇ ခုနှစ် ၁၉၆၈ ခုနှစ်တွင် အမေရိကန်ကို သာလွန်သွားခါကမ္ဘာ့ထိပ်တန်း စက်မှုနိုင်ငံ ဖြစ်လာလိမ့်မည်ဟု ယူဆထားကြသည်။

ကမ္ဘာတွင်အမေရိကန်သည် အနှစ် (၈၀) တိုင်တိုင် ကမ္ဘာ့ထိပ်တန်းစက်မှုနိုင်ငံဖြစ်လာခြင်းမှ လျော့ကြခါဒုတိယတန်းနိုင်ငံ ဖြစ်လာမည်ဟု တွက်ဆထားကြသည်။

အသီးအနှံနှင့် သစ်ကုန် သိုးမွေးထည် ပစ္စည်းကုန် လုပ်ငန်းတွင် ဆိုဗီယက်သည် အမေရိကန်နှင့် ၁၉၅၇ ခုနှစ်တွင် တန်းတူဖြစ်လာပြီးလျှင် ၁၉၅၈ ခုနှစ်တွင် ကျောက်မီး

သေး သံရိုင်းနှင့် ဆတ္ထုဖြတ် ပုတ်စက်လုပ်ငန်း၌ တန်းတူ ဖြစ်လာ၍ ၁၉၆၀ ခုနှစ်တွင် လယ်ထွန်စက် လုပ်ငန်း၌ တန်းတူဖြစ်လာ၍ သကြား လုပ်ငန်း၌မူ အမေရိကန်ထက် နှစ်မျှားစွာကပင် သာနေပြီဟု ဆို၏။ လျှပ်စစ် ဓာတ်အား ထုပ်လုပ်ရေးလုပ်ငန်းတွင် ဆိုဗီယက်ယူနီယံသည် မကြုံစဖူး တိုးတက်နေသည်။ လျှပ်စစ် ဓာတ်အားပေါမျှားခြင်းကြောင့် စက်ရုံမျှားတွင် အလိုအလျောက် အလုပ်ကို လုပ်ပေးသော စက်မျှား လွယ်ကူစွာ ပေါမျှားလာသည်။ ဤတိုးတက်မှုကြောင့် လယ်ယာ ထွက်ကုန်မျှား တိုးတက် လာပါသည်။ လာမည့် ၁၀ နှစ်တွင် အမေရိကန်နှင့် တန်းတူဖြစ်လာပြီး ၁၁ နှစ်ကုန်ဆုံးလျှင် အမေရိကန်ထက် သာလွန်၍ ကမ္ဘာ့ ထိပ်တန်းနိုင်ငံဖြစ်မည်ဟု တထစ်ချစဲလန်း၍ ယုံကြည်နေကြ လေသည်။

ပြည်သူတို့၏ ရုံပုံငွေမှာ ၁၀ ဆကျော် တိုးတက် မည် ဖြစ်ပြီးလျှင် ၁၉၆၀ ခုနှစ်တွင် ရူဘယ် သန်းပေါင်း ၂၂,၅၀၀ မှ ၁၉၇၀ ခုနှစ်တွင် ရူဘယ်သန်းပေါင်း ၂၅၅,၀၀၀မှ ၂၆၅,၈၀၀ အထိ ပိုလာမည်။ ထိုပိုငွေများဖြင့် ပြည်သူလူထု အား အစား အဝတ် နေထိုင်ရေး သွားလာရေး တို့၌အခမဲ့ ပေးဝေတော့မည်ဟု တထစ်ချတွက်ချက်ယူဆထား လေသည်။

၁၉၆၀ခုနှစ်အမေရိကန်၏ ကုန်ပစ္စည်းမျှားနှင့်သယ်ယူ ပို့ဆောင်ရေးနှင့်ပညာရေးကျမ်းမာရေးအတွက်သုံးစဲ့သည်မှာ ဒေါ်လာသန်း ၃၀၀,၀၀၀ ရူဘယ်သန်း ၂၇၀,၀၀၀ ဖြစ်ပေ သည်။ ယခုအခါနှိုင်း အမေရိကန်တို့ အသုံးပြုရသည့် ငွေကို ဆိုအနှစ် ၂၀ အခါနှိုင်တွင် ဆိုဗီယက်ယူနီယံတွင် ပြည်သူတို့

အား အလကားပေးမည်။ ထိုအချိန်တွင် စား ဝတ် နေရေး ဘာမှ မပူရတော့ဘဲ အေးငြိမ်း သာယာတဲ့ လောကနိဗ္ဗာန် ကြီးကို ဖန်တီး ပေးမည်ဖြစ်သည်။

## စက်ရုံ အလုပ်ရုံများ တိုးတက်ပုံ

စက်ရုံ အလုပ်ရုံ ရုံး အမှုထမ်းပေါင်း ၆၈,၄၀၀,၀၀၀ (၆၈) သန်းကျော်တို့ လုပ်ခ သစ်များအရ အလုပ် လုပ်ကြရ၏။ နှစ်စဉ် အလုပ်သမား ၂,၆၀၀,၀၀၀တို့ တိုးတက်နေကြ၏။ တလလျှင် ရွာဘယ် ၅၀ ၆၀ (ဗမာငွေ ၂၅၀ ၃၀၀) ရရှိကြ၏။ အလုပ်အချိန်ကို ၇ နာရီ သို့မဟုတ် ၆ နာရီသို့ ပြောင်းလိုက်၏။ အလုပ်သမားလခ ထောက်ပန့်ကြေး ပင်စင် ငွေ ဆေးဝါးကုသမှု ပညာသင်မှု စသည် နိုင်ငံအစိုးရ၏ ထောက်ပန့်ကြေးများမှာ တနှစ်လျှင် ရွာဘယ် ၂၆,၄၀၀,၀၀၀, တက်သွား၏။ လွန်ခဲ့တဲ့ ၅ နှစ်အတွင်း ဆိုဗီယက် ပြည်သူ ၅၀,၀၀၀,၀၀၀,(၅ ကုဋေ) ပြည်သူတရပ်လုံး၏ ၄ ပုံ ၁ ပုံ အ ခန့်ခတ်ပေးတဲ့ ပစ္စည်းများရခဲ့ကြ၏။

## အိုးအိမ်ဆောက်လုပ်ရေး စီမံကိန်း

အိုးအိမ် ဆောက်လုပ်ရေး စီမံကိန်းတွင် မြို့ပြများ၌ မြေပြင် ၆၀ ထုခိုင်နှုံးကို အိုးအိမ်တိုက်များ တည်ဆောက်၍ ၄၀ ထုခိုင်နှုံး မြေပြင်ကို လူထုအနားယူရန် အတွက် ပန်းခြံ သစ်ဧတာ ရေကန်ပြဲ ကပွဲရုံ စျေးရုံ စာတိုက် စာသင်ကျောင်း ကစား ကွင်းတို့ ဆောက်လုပ်ပေးသည်။ စျေးဆိုင်စားသောက်

ခမ်းများကို ဘယ်အိမ်မှမဆို ၅ မိနစ်အတွင်း စောက်နှိုင်စေ ရန် အတွက် ထည့်သွင်း ဆောက်လုပ်ထားသည်။ ကိုယ်တိုင် ချက်ပြုတ် စားသောက်နေရခြင်းဖြင့် အချိန်မကုန်စေရန် စီမံ ထားသည်။ အလုပ်သမားများ အလုပ်သွားလာရေးလွယ်ကူ စေရန် အတွက်သည်း လမ်းပန်း ဆက်သွယ်ရေး ပုံစံတို့ကို အကွက်ရိုက်ပြီး စနစ်တကျ ဆောက်လုပ်ထားသည်။ ကိုယ့် အိမ် ကိုယ့်ယာနှင့် တသီးတခြားကိုယ်ပိုင် ပုဂ္ဂလိက အိမ် များနှင့်လည်း နေနိုင်သည်။ သို့ရာတွင် အိမ်ခမ်း ၄၀ မှ ၅၀ အထိ ပါဝင်သော ၅ ထပ်တိုက် ၇ ထပ် တိုက်မျိုး ဖြစ်သော ခေတ်မှီ တိုက်ခမ်းသစ်ကြီးများသို့ ပြောင်းရွှေ့ နေလိုသူက များနေပေသည်။

## အိမ်ခမ်းများ ဆောက်လုပ်ပေးခြင်း

အိုးအိမ်တည်ဆောက်ရေးစီမံကိန်းကို ၇ နှစ်စီမံကိန်း အရ ပါဝင်ခဲ့သည်။ တည်ဆောက်ရေး အလုပ်သမားများ ၆.၅ သန်းကျော် ရှိရာ ၃ ယောက်လျှင် ၁ ယောက်သည် အထက်တန်း စက်မှုပညာနှင့် တက္ကသိုလ်ပညာအရည်အချင်း ရှိသူ ဖြစ်သည်။ အိုးအိမ် တည်ဆောက်ရေး စခန်းများ၌ မြေတူးစက် ၃၇,၀၀၁ နီးပါး မြေဖို့စက် ၄၀,၀၀၀ ကျော်နှင့် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသယ်ယူသော ဝန်ချီစက် ၅၅,၀၀၀ တို့ကို အသုံးပြုလျက် အိုးအိမ် တိုက်တာ အခမ်း တို့ကို ဆောက်လုပ်ခဲ့သည်။ ကွန်ကရစ် အစိတ်အပိုင်း ထုပ် လုပ်သည့် စက်ရုံပေါင်း ၂ သန်း ၅ သိန်း အိမ်ယာ တည်

ဆောက်ရေး စက်ရုံ ၃၀၀ ကျော်တို့မှ တွင်တွင်ကြီး ထုပ်ပေး လျက် အစိတ်အပိုင်းမျာကို တပ်ဆင်ဆောက်လုပ်ပေးသော စက်ရုံပေါင်း ၄၄၀ တို့မှလည်း အစိပ်အပိုင်းများကို တပ်ဆင် လျက် အိမ်ဆောက်သည့် နေရာသို့ ဝန်ချစက်တို့ဖြင့် သယ် ယူ တပ်ဆင်လေသည်။ အခြေခံအုတ်မြစ်ပေါ်တွင် တပ်ဆင် ရုံသာ တပ်ဆင်ရသော အသင့်လုပ်ပြီး ဆောက်လုပ်ရသော ါးထပ်တိုက်ကြီးတလုံးကို မိနစ် ၂၀ နှင့် အပြီးဆောက်လုပ် သည်။ ဝန်ချစက်ကြီးများက တပ်ဆင်ရေးစက်ရုံမှ သံဘောင် ကို ရေနွေးငွေ့ အားဖြင့် ကုန်ကရစ် မံထားပြီး အောက် ခံထား၍ အဆင်သင့် တခါးကြီးများ ပြတင်းပေါက်များ တတ်ဆင်ပြီးဖြစ်သော အခန်းများကို မ ချီ ယူလာပြီးလျှင် တခုပေါ် တခုဆင့်လျက် အိမ်ဆောက်သည့် နေရာသို့ ချပေး လိုက်ရုံနှင့် ပြီးစီးနိုင်သည်။ အိမ်ထောင်တခု နေသော အခန်းတခန်းတွင် စတုရန်းမီတာ ၄၅ ရှိ၍ အိပ်ခန်း ရေချိုး ခန်း နှင့် ထမင်းချက်ခန်း ဧည့်ခန်း အပြည့်အစုံ ပါသည်။ လေခါးတပ်ပေးခြင်း ကြမ်းပြင် ဖယောင်းပုဆိုး ခင်းပေးခြင်း နံရံ ဆေးသုတ်ခြင်း မျက်နှာကျက်တပ်ဆင်ခြင်း မီးဖိုချောင် ပစ္စည်းထားပေးခြင်း အိမ်ပရိဘောဂများပါ ထားပေးခြင်း ပြီးလုပ်သည်။ အိမ်ထောင်စု ၁ စုအတွက် အခန်းငယ် ၃ ခန်း ပါသော အခန်းကြီး ၁ ခန်းသည် ရူဘယ် ၄၀၀၀ (ဗမာငွေ ၂၀၀၀၀) တန်ဘိုးရှိသည်။ အိမ်လခမှာ အိမ်ထောင် ဦးစီး လခ၏ ၃ ရာခိုင်နှုန်း ၄ ရာခိုင်နှုန်းပင် ယူသည်။ အမေရိကံတွင် ၃၀ ရာခိုင်နှုန်း ပြင်သစ်တွင် ၂၅ ရာခိုင်နှုန်း အနောက် ဂျာမဏီ တွင် ၂၃ ရာခိုင်နှုန်းပေးကြရသည်။

## ၄ နှစ် အတွင်း ပြီးစီးသော အိမ်များ

၂ နှစ် စီမံကိန်းကြီး၏ ၄ နှစ်ကာလ အတွင်းတွင် အိမ်ခန်းပေါင်းမှာ မြို့များပေါ်တွင် ၁၅ သန်း ဆောက်လုပ်ပြီးစီးခဲ့သည်။ ကျေးလက် တောရွာများတွင် တောင်ဆူ လယ်သမား ၁၂ သန်းမှ ၁၅ သန်းနေနိုင်ရန် အိမ် ၁၉ သန်း တည် ဆောက် ခဲ့သည်။ အိမ်ထောင်လျှင် လူ ၄ ယောက်နှုန်း တွက်ပါလျှင် ၂ နှစ် ကာလအတွင်း မြို့မှ သန်း ၆၀ တောလက်ကျေးရွာမှ ၁၅ သန်း ပေါင်း ပြည်သူ ၇၅ သန်းအတွက် အိုးအိမ်ကိစ္စ အိမ်သစ် ထိုက်သင့်နှင့် နေရပါပြီ။ နှစ်စဉ် မိသားစု ၇၀၀ တို့ အိမ်ခန်းသစ်များသို့ အမြဲပြောင်းရွှေ့ နေကြရပြီ။ နှစ်စဉ်နှစ်တိုင်း အိမ်ခန်းပေါင်း ၁၀,၀၀၀,၀၀၀ မိသားစု ၁၀ သန်းကို အိုးအိမ် သစ်သို့ နေရာ ချပြီးခဲ့ပြီ။ ၂ နှစ်စီမံကိန်း ကာလ အတွင်းတွင် လူဦးရေ ၇ သိန်းကျော် ရှိသော (ရန်ကုန်မြို့လောက်) မြို့ပေါင်း ၁၀၀။ လူဦးရေ ၆ သန်း ၂သိန်း ကျော်ရှိသော မော်စကိုမြို့လောက် မြို့ကြီး ၁၅ မြို့ တည်ဆောက်သည်နှင့် အတူတူပင် ဖြစ်ပေသည်။ အိမ်ခန်းများ တိုက်ကြီးများ ဆောက်လုပ်သည် ဆိုရာ၌ သူ့ရပ်ကွက်နှင့်သူ အိမ်အကာန့်လိုက် အကာန့်လိုက် အိမ်စုများ သင့်လျော်အောင် တည်ဆောက်၍ ရပ်ကွက်အခု အတွက် သူငယ်တန်းကျောင်း ကလေးထိန်းဌာန (ရင်ခွင်ပိုက်ရိပ်သာ) အလယ်တန်းကျောင်း စျေးရုံ ရုပ်ရှင်ရုံ ကစားကွင်း စာတိုက် ဆေးပေးခန်း ယာဉ်ကျေးမှုနှင့် ပြည်သူ့ အသုံး အဆောင် ဌာနများ စသည်ဖြင့် အစုံအလင် ဆောက်လုပ်သည်။ ထို

အိမ်ယာ ဆောက်လုပ်ရေးကိစ္စကို အာမျိုးသား စီးပွားရေး လုပ်ငန်း မြှုပ်နှံသမျှ စုစုပေါင်းငွေရင်း၏ ၄၀ ရာခိုင်နှုန်းအာသုံး ပြုသည်။ ဆိုဗီယက် ယူနီယံတွင် နေစဉ် အိမ်ဇေဘောင်ပေါင်း ၂၀၀၀ တို့ ပြောင်းရွှေ့နေကြသဖြင့် နေစဉ်အိမ်တက်မင်္ဂလာ သာယာကြည်မြ ဂီဘ အသံဆူညံရယ်မော အံ့သြ ချီးကြူး ပီတိမြူးလျက် အထူးရှင်ပြ မြင်ကြရသော အလုပ်သမား တို့၏ လောက နိဗ္ဗာန်ကြီးသည် နေရာတိုင်း မြို့တိုင်းတွင် တွေ့မြင် ကြရလေပြီ ဖြစ်လေ သတည်း။ အမေရိကန် ပြင်သစ် ဗြိတိန် အီတလီတို့က တိုက်ခန်းတခု ဆောက်လုပ် ပေးလျှပ် ဆိုဗီယက်ယူနီယံက တိုင်းသူပြည်သား ၁၀၀၀ အ တွက် ဆောက်လုပ်ပေးခဲ့သည်ဟု ဂုဏ်ယူလျက် ရှိကြသည်။ ၂ နှစ်စီမံကိန်း ပြီးဆုံးသောနှစ်တွင် လူဦးရေ ၁၅ သန်း ပိုမို တိုးတက် လာမည်ဖြစ်၍ အိမ်များ ပိုမို တည်ဆောက်ပေး ရမည်။ ကျေးရွာများတွင် ၄ သန်းကျော် ဆောက်ပေးမည်။ ပဉ္စမ ၅ နှစ်စီမံကိန်းထက် ၆၀ ရာခိုင်နှုန်း ပိုမို ဆောက်လုပ် ပေးမည် ဖြစ်သည်။ ဓာတ်ငွေ့ ပေးထားသော အိမ်ခန်း အရေအတွက်မှာ ၅ သန်းရှိလေသည်။ အိမ်တဆောင် တိုက် ကြီး တခုမှာ မျက်စေ့ရှေတွင်ဘွားကနဲ တည်ဆောက်လာပါ သည်။ ရှေးခေတ်နှင့် မတူ တမူ ထူးခြားပြီး နတ် သကြား ဖန်ဆင်း သလားဟု အောက်မေ့ ရလောက်အောင် အံ့သြ ဘွယ် ပေါ်ပေါက် လာရလေသည်။ လူသားတို့၏ လုပ်အား ကြောင့် ပေါ်ပေါက် လာရသော လူနေမှု အဆင့်အတန်း မြင့်မား တိုးတက်ခြင်း ဆိုရှယ်လစ် စနစ်၏ အောင်မြင်မှု ပန်းတိုင်တခု ဖြစ်ပေသည်။

# သမဝါယမ တိုက်အိမ်များ

ဆိုဗီယက် ယူနီယံတွင် မြို့တွင် ဖြစ်စေ တောလက် ကျေးရွာတွင်ဖြစ်စေ နိုင်ငံသားတဦးသည် မိမိ၏ မိသားစု အတွက် အသုံးပြုရန် အိမ်တလုံးကို ကိုယ်ပိုင် ပစ္စည်းအဖြစ် ထားရှိနိုင်ပါသည်။ အမြတ်စွန်းရရေး ငှါးရန်းအသုံးပြုရေး အစသွက် မထားနိုင်။ ၁၉၁၇ ခုနှစ်မှ ၁၉၆၂ ခုအတွင်း မြို့နှင့် တော ကျေးလက် များတွင် ပဂ္ဂလိကပိုင် အိမ် ကွက်သည် စတုရန်း မီတာ ၁၈၀ မှ ၄၀၄ သန်း အထိ တိုးတက် လာပါသည်။ စုပေါင်းလယ်ယာအဖွဲ့ဝင်များ၏ ကိုယ်ပိုင် အိမ်ပေါင်း များလည်း သန်းပေါင်းများစွာ ဆောက်လုပ်ခဲ့ ကြပါသည်။

သမဝါယမ အိမ်ထောင်နေ တိုက်ခန်းများကို အစိုးရ၏ တည်ဆောက်ရေး အဖွဲ့များက ဆောက်လုပ်ပေးသည်။ အိုးအိမ် သမဝါယမ အဖွဲ့ဝင်များအား လခ မရှိနေရသည်။ ထို တိုက်ခန်းသည် ကိုယ်ပိုင်ဖြစ်ပေသည်။ ၁၉၆၂ ခုနှစ်တွင် ယူကရိန်းနယ် တခုတည်း၌ပင် အိုးအိမ် သမဝါယမများ အတွက် တိုက်ခန်းသစ် ၂၂,၀၀၀ ဆောက်လုပ်ပြီး ပြောင်း ရွှေ့ နေထိုင်ကြပါပြီ။ ဤသို့ သမဝါယမ အိုးအိမ် တည် ဆောက်မှုကို အစိုးရက အထူးအခွင့်အရေးဖြင့်ငှင်း ဘဏ်မှ ချေးငွေများဖြင့်ငှင်း ကူညီအားပေးလျက်ရှိပေသည်။ သမဝါယမ အိုးအိမ် တည်ဆောက်မှုတွင် ပါဝင်ရန် ကိုယ်ပိုင် စုဆောင်းပြီး ငွေရှိသူများ လွယ်ကူ၍ ပြည်သူ ပြည်သား အလုပ်သမား များကလည်း အလွန်သဘောကြ နှစ်သက် လေ့ရှိသည်။ သမဝါယမ တိုက်အိမ်များ မပျက်စီးအောင်

ထိမ်းသိမ်းရာ၌ မိမိကိုယ်တိုင် ပါဝင်ဆောင်ရွက်ရ မည်တာဝန်ယူရ လေသည်။

အိမ်သစ်များသို့ ဆိုဗီယက် ပြည်သူတို့ ပြောင်းရွှေ့ နေကြပုံ စာရင်း

| နှစ် | လူဦးရေ |
|---|---|
| ၁၉၅၉ | ၈,၁၀၀,၀၀၀ |
| ၁၉၆၀ | ၁၀,၀၀၀,၀၀၀ |
| ၁၉၆၁ | ၁၁,၃၀၀,၀၀၀ |
| ၁၉၆၂ | ၁၀,၇၀၀,၀၀၀ |
| ၁၉၆၃ | ၁၀,၀၀၀,၀၀၀ |
| ၅ နှစ်အတွင်း | ၅၀,၁၀၀,၀၀၀ |

## ကလေး သူငယ်များ အခွင့်အရေး ကြီးကျယ်ပုံ

ဆိုဗီယက် နိုင်ငံတော်တွင် ကလေးသူငယ် များအား အထူးသဖြင့် အခွင့်အရေး အပေးဆုံး ဖြစ်ပေသည်။ စစ်အာတွင်း ကပင်လျှင် ကလေးသူငယ် များအား ပျော်ရွှင်စွာ နေနိုင်ရေးအတွက် သီးခြားလေယာဉ်ပျံအန္တရာယ် ဘုံးချခြင်း အန္တရာယ် ကင်းဝေး စေသော သီးသန့် နေရာများတွင်

ဆောက်လုပ်ထားသော ပန်းခြံများအတွင်း၌ အချိန်ပေး၍ ကစားကွင်းများတွင် အချိန်ကုန်စေသည်။ ပန်းပုရုပ်ထုများကို စိတ်ဝင်စားစွာ ကြည့်ရှုစေသည်။ အရုပ်ကလေးများနှင့် ကစားစေသည်။ အရုပ်ကလေးများ ချုတ်ခြင်းပျက်စီး သွားသော အခါ အရုပ်ကလေးကို ဆေးရုံဆရာဝန်ထံ ပို့မည်ဟု ပြောပြီးလျှင် အရုပ်ပြင်ခွာန ဆရာဝန်ထံပို့၍ ပြင်ဆင်ကုသပေးသည်။ ကလေးသူငယ်က သူ့အရုပ်ကလေး ဆေးကုပေးသည်ကို စိတ်ဝင်စားစွာနှင့် ကြည့်ရှုနေလေသည်။

"ကလေးများရှိသူများတွင်သာ အိမ်တွင်းပျော်ရွှင်မှု သုခ, စိတ်အေးချမ်းသာမှုကိစ္စ ရရှိနိုင်သည်။" ဟု ဆိုရိုးစကား ပုံတခု ရှိလေသည်။ ကလေးသူငယ်များသည် အိမ်ထောင်မှု သုခ ကိုယာမက အစိုးရနှင့် နိုင်ငံတော်အတွက်ပါ ကြီးစွာသော ပျော်ရွှင်မှုဖြစ်ပေသည်။ ကလေးသူငယ်များ မစ္စုပ္ပန်တွင် ရှင်ပြချမ်းသာစွာ စိတ်အေးလက်အေးရှိမှု အနာဂါတ် ဘဝတွင် အားအင်ပြည့်ဖြိုးပညာတိုး၍ တန်းခိုးကြီးစွာ နိုင်ငံ၏ တာဝန်ကို ကိုယ်စွမ်းဉာဏ်စွမ်းနှင့် ထမ်းဆောင်နိုင်မည်မှာ အမှန်ပင်ဖြစ်သည်ဟု ဆိုဗီယက်ပြည်သူတို့က စဉ်မြဲစွာ ယုံကြည်ထားလေသည်။ သို့ဖြစ်၍ ဆိုဗီယက်ယူနီယံတွင် ကလေးများကို အထူး အခွင့်အရေး အပေးဆုံး ဖြစ်ပေသည်။ ကမ္ဘာ့နိုင်ငံ အပေါင်းတို့တွင် ဆိုဗီယက် ယူနီယံသည် ကလေးများကို အခွင့်အရေး အပေးဆုံး ဖြစ်ပေသည်။ အနာဂါတ် ကမ္ဘာကြီး၏ ကောင်းမည် မကောင်းမည်ကို သိလိုလျှင် ကလေးများကိုသာ အကဲခတ်ရမည်ဟူ၍ စကားပုံရှိခဲ့လေသည်။

## ကလေးများ၏ လောကနိဗ္ဗာန်

ဆိုဗီယက် ယူနီယံတွင် အခွင့်ထူးခံ လူတန်းစားကို သင် တွေ့မြင် လိုပါလျှင် သူငယ်တန်းများ ရင်ခွင်ပိုက် ကျောင်းများ မျိုးညှဉ်းကလေးများ ဌာနများနှင့် မျိုးညှဉ်း စခန်းများကို ကြည့်ပါလျှင် ကလေးများအား ဆရာမများ စောင့်ရှောက်ပုံ ကလေးများရှင်ပြနေပုံများကိုအံ့သြလောက် အောင် သင် တွေ့မြင်ရပါလိမ့်မည်။ ကလေးများသည် သူတို့ ဘာမျှ မတောင်းတတ် မလုပ်တတ်သေးပေ။ နိုင်ငံတော် အာ စီးရက အထူးသဖြင့်အခွင့်အရေးပေးပြီး မီးကုန် ယမ်းကုန် ပြုစု ပျိုးထောင်စောင့်ရှောက် ကြည့်ရှုရမည့် အဓိကတာဝန် ကြီး ရှိပေသည်။ သို့ပါ၍ ဆိုဗီယက်နိုင်ငံတော်သည် ကလေး များ အတွက်ကျောင်းများ ရင်ခွင်ပိုက်ရိပ်သာများ ဘော်ဒါ များ ပန်းခြံဥယျာဉ်များ ကစားကွင်းများ ရေချိုးရန်ဌာန များ မျိုးညှဉ်း လူငယ် စခန်းများ ကလေး ဆေးရုံများ ကလေးအပန်းဖြေ ရိပ်သာများ စသည် တည်ဆောက်ထုတ်ဝင် ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ ဆိုဗီယက် နိုင်ငံလောက် ငွေကြေးအကုန်ခံပြီး အမြောက်အများ သုံးစွဲခြင်းမရှိပေ။ ကလေးသူငယ်များ ထိမ်းသိမ်းစောင့်ရှောက်မှု အတွက် တလ လျှင် ကလေးတဦးအတွက် အစိုးရက ရူဘယ်ငွေ ၅၀ မှ ၆၀ အထိ ဗမာငွေ ၂၅၀ မှ ၃၀၀ အထိ သုံးခွင့် ပြုထားပေသည်။

အကောင်းဆုံး ဟူသမျှ ကလေးများ အတွက်သာ ဖြစ်ရမည်ဟု ဆိုဗီယက်ယူနီယံ ဥပဒေတွင် ပြဋ္ဌာန်း ထား လေသည်။

သို့ပါ၍ ဆိုဗီယက် ယူနီယံတွင် ကလေးများ အတွက် ပြုစုပျိုးထောင်ထားပုံများကို အောက်ပါစုရင်းအတိုင်းတွေ့ရပေသည်။ ဆိုဗီယက် ယူနီယံကလေးသူငယ် ပေါင်း ၃၉ သန်းသည် ကလေးစာသင်ကျောင်းများသို့စတင်တက်နေကြပါပြီ။ အကောင်းဆုံးအလှဆုံး အဆောက်အဦးပေါင်း ၂၀၀,၀၀၀။ ကျောင်ကို ကလေးသူငယ်များကျောင်းအတွက် ပေးထားပြီး ဘာသာပေါင်း ၅၉ ဘာသာဖြင့် စာပေသင်ကြား ပေးနေသည်။ စက်မှုလက်မှုအတတ်သင်ဂေဟာနှင့် နှန်းတော် ၅၀၀၀ ပါဝင်ဆောမျိုးညွှန့်ကလေးများ၏နေဆောင်ဌာနပေါင်း ၂,၇၅၁ ဝါသနာအရ လိုက်စားနိုင်သည့်ဌာန ၁၃၅ ဌာန။ သဘာဝကို ချစ်မြတ်နိုးသူများ လိုက်စားရန်ဌာန ၅၇၃။ ကလေးသူငယ် စာကြည့်တိုက်ပေါင်း ၅,၀၀၀။ ကလေးများအတွက် ပန်းခြံ ၂၅၀။ အားကစားရုံပေါင်း ၃၀၀။ ကလေးများအတွက် မီးရထား ဌာန ၂၀၀။မျိုးညွှန့်စာနယ်ဇင်း ၅၆မျိုး။ ကလေး သူငယ်များ အတွက်ထုတ်ဝေသော စာအုပ်ပေါင်းတန်ဖိုးလျှင် အုပ်ရေ သန်း ၁၅၀ ကျော်။ ကလေးဇာတ်ရုံ ၁၀၂။ ကလေးရုပ်သေးရုံ ၁၀၀။ ကလေးသူငယ်များကြည့်ရှုရန် စပါယ်ရှယ် ကလေး အထူးကု ဆရာဝန်ပေါင်း ၅၈၉၀ တို့ရှိလေသည်။ ၁၉၆၂ ခုနှစ်က ကလေးပေါင်း ၃ သန်းခန့် တို့သည် ပစ္စည်းများ ပြည့်စုံပေါများစွာ ကလေးများအတွက် ဘာတခု လိုနေသည်ဟု ပြစရာမရှိသော လှုပစ္စာ တည်ဆောက် ထားသည့် နွေရာသီ စခန်းများနှင့် အပန်းဖြေ ကျန်းမာရေး ရိပ်သာ (၁၀၉၂)တို့၌ အနားယူနေခဲ့ကြသည်။ ကလေးပေါင်း ၄ သန်းသည် သူငယ်တန်းကျောင်းနှင့် ရင်ခွင်ပိုက်

ကျောင်းမျှားတွင် တက်ရောက်နေကြသည်။ ကျောင်းသား ဒဂွယ် မတိုင်မီ ကလေးတသန်းရှစ်သိန်းသည် ကလေးထိန်း ရိပ်သာနှင့် ရင်ဝှင်ပိုက်ကျောင်းတွင် နေလေသည်။ ကလေး သူငယ်များ ပျော်ရွှင်ချမ်းမြေ့မှု ရှိမှုသာလျှင် လူကြီးများ (အိမ်ထောင်စုများ)၏ ပျော်ရွှင်မှု သုခ ရနိုင်လေသည်။

## ကလေးများအတွက် ဘတ်ဂျက်ငွေ

ကလေးများအတွက် ထုတ်ဝေသော သတင်းစာ ၂၅ စောင်နှင့် မဂ္ဂဇင်း ၃၄ စောင်ရှိလေသည်။ ကလေးများ အာသုံးစရိပ်ကို အစိုးရဘတ်ဂျက်၌ ငွေဖြာခုနှင်တွင် ရူဘယ်ငွေ သန်းပေါင်း ၁၀၃,၀၀၀ ဆတ်မှတ်ခွင့်ပြုလေသည်။ (မြန်မာငွေ သန်းပေါင်း ၅ သိန်းကျော်) ကလေးများအား ပုံဆဲ့ပညာ ပန်းချီပညာကို စိတ်ဝင်စားအောင် သင်ပြပေးသည်။ ပုံမဆဲ့စားတ်သော ကလေးဟူ၍ မရှိအောင် သင်ပေးသည်။ ၃ နှစ်အရွယ်တွင် စက္ကူပေါ်တွင် မျဉ်းကြောင်းဆဲ့ခြစ် တတ်သည်။ ၅ နှစ် ၇ နှစ်တွင် ပန်းချီရေးဆဲ့လာကြသည်။ ၇ နှစ် အရွယ် ကလေးများ ရေးဆဲ့သော ပန်းချီကားမျာကို ဆိုဗီယက် ယူနီယံတွင် ကလေးများ ပန်းချီ ပြပဲ့ဟူ၍ နှစ်စဉ် ကျင်းပ ပေးသည်။ ကလေးများအား ကမ္ဘာ့ အကြောင်းအရာများကို စိတ်ဝင်စား လာအောင် ဆဲ့ဆောင် သင်ပြပေးခြင်း ဖြစ်ပေသည်။ ကလေးများ၏ မျက်လုံးများသည် အနာဂါတ် ကမ္ဘာတွင်စူးစိုက် ကြည့်ရှုထတ်ဝေအောင် သင်ပြခြင်း နှည်းပေးခြင်း ဖြစ်ပေသည်။

## သတင်းစာ မဂ္ဂဇင်း ဂျာနယ် စာအုပ်လောက

ဆိုဗီယက်နိုင်ငံတော်တွင် သတင်းစာ အမျိုးမျိုးရှိလေသည်။ နိုင်ငံရေးသတင်းစာ စီးပွားရေးသတင်းစာ လူမှုရေးစိုက်ပျိုးရေး လမ်းပန်းဆက်သွယ်ရေးတို့နှင့် ပတ်သက်သော သတင်းစာ အဘို့မှာ ၈၉ မျိုး ထုတ်ဝေသည်။ ယဉ်ကျေးမှုနှင့် ဒေသုပညာစာပေ ပညာရေးနှင့်ဆိုင်သည့် သတင်းစာတို့မှာ ၃၁ မျိုးထုတ်ဝေသည်။ လူငယ်များအတွက် ထုတ်ဝေသည့် သတင်းစာမှာ ကွန်ဆိုမို စကားယား ပရာပဒါးဟု နာမည်ရှိသည်။ နေ့စဉ်စောင်ရေ ၃,၃၅၀,၀၀၀ (၃ သန်း ၃ သိန်း ၅ သောင်း) ဖြစ်လေသည်။ ကလေးများအတွက် အထူး သတင်းစာကို တပါတ်နှစ်ခါ ထုတ်ဝေလေသည်။ ထိုသတင်းစာမှာ ကလေးများအတွက် စိတ်ဝင်စားဘွယ် ကောင်းသော အချိန် ဖြုန်းနည်းများ ကစားနည်း များကို အသား ပေးပြီး ပေါ်ပြ ထားလေသည်။ "ပိုင်အိုနီယာ စကာယာ ပရာဗဒါး" ဟု ခေါ်လေသည်။ နေ့စဉ်စောင်ရေ ၆ သန်းကျော် ထုတ်ဝေ ရသည်။ ကမ္ဘာပေါ်တွင်အကြီးဆုံး ကလေးသတင်းစာ ဖြစ်သည်။ တနေ့လျှင် ကလေးများထံမှ စာပေါင်း ၂၀၀၀ ကို ရရှိပြီး အယ်ဒီတာတို့က အလုပ် လုပ်ပေးရလေသည်။

## ပရာဗဒါး သတင်းစာကြီး

ကွန်မြူနစ် ပါတီ၏ ဆာဘော် ဖြစ်သော ပရာဗဒါး သတင်းစာကြီးမှာ အလွန်ကြီးကျယ် ခမ်းနားလှ ပေသည်။ ပထမဆုံးစပြီးထွက်စဉ်အခါက ၆၀,၀၀၀ ထွက်၍ ၁၉၁၇ ခုနှစ်

တွင် နှစ်သိန်းထွက်ပြီး ယခု ၁၉၆၂ ခု အာ ဂျနီတွင် နေ့စဉ် စောင်ရေ ၆ သန်း ၇ သိန်းကျော် ထုတ်ဝေနေရသည်။ ကမ္ဘာပေါ်တွင် အပြန့်နှံ့ဆုံး သတင်းစာဖြစ်သည်။ စတနှဲ့ ဝန်ထမ်းသတင်းထောက် ၅ သန်းက သတင်းများရေးပို့ကြသည်။ စာဖတ် ပရိသတ်များထံမှ နေ့စဉ် စာပေါင်း ၃၀၀,၁၃၈ စောင်ကို လက်ခံရရှိပြီး အယ်ဒီတာများက တာဝန်ခဲယူပြီး အလုပ် လုပ်ပေးရသည်။ ပရာဗဒါး သတင်းစာကို စာစီပြီး ခေတ်မှီ ပလတ်စတစ်ပြား မက်ရထစ်စာလုံးပုံကို မြို့ကြီးများ ဖြစ်သော လီနင်ဂရက်၊ ကိဗ၊ ဗိုလ်ဂိုဂရက်၊ တပ်ရှတင့်၊ အလ်မာအားတား၊ ခါဗာရောဒှင့် မော်စကို စသော မြို့ကြီး ၂၂ မြို့တို့တွင် တပြိုင်နက် ရိုထရိုခေါ် စက်ကြီးများနှင့် ရိုက်နှိပ်၍ တပြိုင်နက် တချိန်တည်း ထုတ်ဝေကြသည်။ ပရာဗဒါး သတင်းစာဘိုက်ကြီးမှ အခြားသတင်းစာကြီး ၅ စောင်နှင့် မဂ္ဂဇင်း ၂၀ စောင်ကို ပုံနှိပ်ထုတ်ဝေနေလသည်။ ပရာဗဒါး မှာ (သစ္စာတရားဖြစ်၍) ခေါင်းဆောင်ကြီး လီနင် တည်ထောင်ခဲ့သော သတင်းစာဖြစ်ရာ အနှစ် ၅၀ ပြည့်ပြီ ဖြစ်လေသည်။ ၇ နှစ်စီမံကိန်း ပြည့်လျှင် စောင်ရေ သန်း ၉၀ ထုတ်ဝေမည် ဖြစ်သည်။ ပရာပဒါး သတင်းစာကြီးအဲ့သို့ တိုးတက်ထွန်းကားလာသော သတင်းစာ အမျိုးပေါင်း ၆၆၉၂ မျိုး ရှိရာ နေ့စဉ်စောင်ရေ ၇၁ သန်း ထုတ်ဝေရလေသည်။ ကျေးလက် တောရွာများတွင် သေးငယ်သော သတင်းစာများ ၂၄၁၉ မျိုး ရှိပြန်လေသည်။ မဂ္ဂဇင်း ဂျာနယ် အပါတ်စဉ် စာစောင် တို့မှာ ၄၁၂၁ မျိုးရှိရာ စောင်ရေ ၈၇၂ သန်း ထုတ်ဝေ ရလေသည်။ ဖြန်းမျခြင်း အားဖြင့် စာ,နယ်,ဇင်း,

စောင်ရေပေါင်း ၉၄၃ သန်း ထုတ်ဝေလျက် ရှိသည်။ ထိပ်သီး ရှေ့တန်း ဆိုဗီယက်အလုပ်သမား သမဂ္ဂ၏ ထရုဒ်ခေါ် စနစ်ဥ် သတင်းစာနှင့် လယ်ယာအလုပ်သမားတို့၏ ဆယ်စဏ်းယာ ဇီရင်ခေါ် နေ့စဉ်သတင်း ၁ စောင်ရေမှာ ၂ သန်းကျော် ထုတ်ဝေရသည်။

၁၉၆၁ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ၌ ဆိုဗီယက်ပြည်သူ တို့ ဘာသာ ၆၀ မျိုးဖြင့်သတင်းစာကို ထုတ်ဝေပြီး မဂ္ဂဇင်း များကို ဆိုဗီယက်တိုင်းရင်းဘာသာ ၈၉ မျိုးဖြင့် ထုတ်ဝေ၍ နိုင်ငံခြားဘာသာ ၄၇ မျိုးဖြင့် ထုတ်ဝေနေသည်။

## နိုင်ငံခြား စာအုပ်များ ထုပ်ဝေပုံ

နိုင်ငံခြား စာရေးဆရာများ၏ စာအုပ် ၂၀၀၀ ကျော်ကို ရုရှားဘာသာနှင့် အခြားတိုင်းရင်းသား ဘာသာများကို ပြန်ဆို၍ထုတ်ဝေလေသည်။ ဥပမာပြရလျှင် ဆိုဗီယက်ယူနီယံ ဘာသာ ပြန်ဆိုပြီး ပုံနှိပ်ထုတ်ဝေခဲ့သော အင်္ဂလိပ် စာရေး ဆရာများ၏ စာအုပ်များကို စာအုပ်စင် တခုတွင် တင်ထား ပြီး တခြားစာအုပ်စင်တခုတွင် ပြင်သစ်စာရေး ဆရာများ၏ ဘာသာပြန် စာအုပ်များကို တင်ထားလျှင် ပထမ စာအုပ် စဉ်သည် မော်စကိုမြို့မှ လန်ဒန်မြို့အထိ၎င်း ဒုတိယ စာအုပ် စဉ်သည် မော်စကိုမြို့မှ ပါရီမြို့(ပြင်သစ်)အထိ၎င်း ရှည်လျား မည်ဟု ခန့်မှန်းကြလေသည်။ စာအုပ်စာတန်းများကို ဆိုဗီ ယက် တိုင်းရင်းဘာသာ ၈၉ မျိုး တို့ဖြင့်၎င်း နိုင်ငံခြား ဘာသာ ၄၈ မျိုးတို့ဖြင့်၎င်း ရိုက်နှိပ်ဖြန့်ချိထုတ်ဝေလေသည်။

## စာဖတ်သော ဆိုဗီယက် ပြည်သူများ

ဆိုဗီယက်ပြည်သူတို့အား "စာဘတ်သော ပြည်သူ" ဟူသော ဘွဲ့ကိုရကြသည်။ ဆိုဗီယက်ပြည်တို့သည် စာကြည့်တိုက် စာဖတ်ခန်းများတွင် ပြည့်ကြပ်နေအောင် စာဖတ်ကြ၏။ ပန်းခြံများ မီရထားများ မော်တော်ကားများ မော်တော်ဘုတ်များ သဘော်ဝများ ဘတ်စကားများနှင့် မြေအောက် ရထားများပေါ် တွင်လည်း စာဘတ်ကြ၏။ အားလပ်ခွင့် ကလေးများရလျှင် နေဆုတိုင်းတွင် ပြည်သူတို့သည် သိပ္ပံစာအုပ်များ ကျောင်းသုံး စာအုပ်များ ဝတ္ထု မဂ္ဂဇင်းများကို ဘတ်ရှုကြသည်။ လေးနက်သော စာပေများကို ဆိုဗီယက်ပြည်သူတို့အတွက် အထူးလိုအပ်နေပြီဟု ဇပြောကြ၏။ ဆိုဗီယက် ယူနီယံတွင် သိပ္ပံနှင့် စာပေနယ် အသီးသီးမှ စာအုပ် ၈၀၀၀ ခန့်ကို မိနစ်တိုင်းတွင် ရိုက်နှိပ် ထုတ်ဝေလျက်ရှိနေ၏။ တနှေလျှင် ပြည်သူတို့သည် စာအုပ် ၂ သန်း၀ယ်၍ ဘတ်ကြ၏။ စာကြည့်တိုက်များမှလည်း စာအုပ် ၂ သန်း ငှါးရန်း ဘတ်ကြ၏။ တနှစ်လျှင် စာအုပ်ပေါင်း သန်း ၁၂၀၀ ပုံနှိပ် ထုတ်ဝေသည်။ လွန်ခဲ့သော ၅ နှစ် စီမံကိန်းထက် ၂ နှစ် စီမံကိန်းတွင် သတင်းစာစောင်ရေ နှစ်ဉ် သန်း ၂၀ တိုးတက် လာခြင်း မဂ္ဂဇင်း ဂျာနယ် စာစောင်များ စောင်ရေ ၎၇ သန်း တိုးတက်လာပေသည်။ ရုရှားပြည်နယ်စုတွင် ပြည်သူ အတွက် ရောင်းချသော စာအုပ်ဆိုင်ကြီးပေါင်း ၄၀၀ ကျော် ရှိ၍ ရောင်းချသော နေရာပေါင်း ၁၇၇၆ ရှိလေသည်။

## လီနင် စာကြည့်တိုက်ကြီး

အကြီးဆုံးသောစာကြည့်တိုက်ကြီးများမှာ မော်စကိုမြို့မှ လီနင်စာကြည့်တိုက် လီနင်ဂရက်မြို့မှ ဆောလတီတော့ စာချီဒရင် စာကြည့်တိုက် သိပ္ပံပညာ အကယ်ဒမီမျှားနှင့် စာကက်ကိုလ် စာကြည့်တိုက်ကြီး များပင်ဖြစ်သည်။ မော်စကိုမြို့ရှိ လီနင်စာကြည့်တိုက်မှာ စာအုပ်မဂ္ဂဇင်းဆောင်းစာနှင့် စာမူဦးရေ ၂၂သန်းရှိလေသည်။ မော်စကိုမြို့တွင် စာအုပ်ဆိုင်ကြီး ၂၀၀၀ ရှိသည်။ လီနင် စာကြည့် တိုက်ကြီးတွင် ကမ္ဘာပေါ်ရှိဘာသာ ၁၆၀ ဖြင့်ရေးသားထုတ်ဝေထားသော စာအုပ်စာတန်းများ ရှိလေသည်။ စာဖတ်သူ ၂၀၀,၀၀၀၊ အမှုထမ်း ၂၀၀၀ ရှိ၏။

## စာအုပ်များ ထုတ်ဝေခဲ့ပုံ

လွန်ခဲ့သော (၁၉၆၂)ခုနှစ်က ဆိုဗီယက် ယူနီယံတွင် စာအုပ်များ အုပ်ရေသန်းပေါင်း (၁၂၀၀) ရိုက်နှိပ် ထုတ်ဝေခဲ့ရာ ဆိုဗီယက်ပြည်သူတဦးလျှင် စာအုပ် ၆ အုပ်နှင့်ညီမျှ၏။ ၁၉၁၇ ခုနှစ်ဇာဘုရင်ခေတ်ရုရှားပြည်တွင်စာအုပ် ၃၃ သန်းသာ ပုံနှိပ် ထုတ်ဝေခဲ့၏။ ရုရှား ဖယ်ဒရေးရှင်း ပြည်နယ်များကမူ နှစ်စဉ်စာအုပ် ၂ သန်း ထုပ်ဝေလျက် ရှိသေး၏။ သို့ဖြစ်စေကာမူ ဆိုဗီယက် ပြည်မကြီးမှာတွင် ရုပ်ရှင်များ ဘက်မှလည်း အထူး တိုးတက်လျက် ရှိ၏။ တနိုင်ငံလုံးရှိ ရုပ်ရှင်များတွင် နှစ်စဉ်လူပေါင်း ၁၀ သန်းကျော် ဝင်ရောက်ကြည့်ရှုလျက်ရှိ၏။ လူပေါင်း သန်း ၃၆၀၀ ကျော် တို့သည်

ရုပ်ရှင်မှန်မှန် ကြည့်နေကြပြီးလျှင် ရုပ်ရှင်ကား ထုတ်လုပ်မှုမှာ အဆင့်မြင်း ၂၀ တိုးပွားလျက်ရှိလေသည်။

## ရေအား လျှပ်စစ်ဓာတ်အား ပေးရုံအတွက် အာဘယ်မှ ချေတာရေး ရန်ပုံငွေပါသလဲ

စတာလင်ဂရက် (ယခင်နာမည်) ယခုနာမည် ဗော်လဂါဂရက်မြို့ ရေးအား လျှပ်စစ်ဓာတ်အား ပေးရုံကြီးသည် လျှပ်စစ် ဓာတ်အား ကီလိုဝပ် အာဝါ ၂,၅၀၀,၀၀၀ ထုပ်လုပ် လျက်ရှိလေသည်။ ၎င်းစက်ရုံကြီးတွင် အလုပ်သမား ၁၅ ဦး ခန့်လောက်ပင် ကုန်ပေသည်။ သူဘာသာရေးအားဖြင့် လယ်ပြီး အလုပ် လုပ်နေပေသည်။ အလုပ်သမား ၁၅ ဦး လောက်မှာ ကြည့်နေခဲ့ပင် ဖြစ်တော့သည်။ ထိုမျှ လျှပ်စစ် ဓာတ်အား ထုပ်လုပ် နိုင်သော စက်ကြီးကို ယခင်နည်းအတိုင်း မီးထိုး ဓာတ်အားပေးရုံဆိုလျှင် အလုပ်သမား ၂၂,၀၀၀ လိုပေသည်။ ရေနံ တန်ပေါင်း ၁၀,၀၀၀ တင် သဘော်အစင်းရေ ၁၆၀ နှင့် သယ်ယူရပေမည်။ သဘော်မှ ရထားပေါ် တင်ရန်နှင့် ရထားမှ တဖန်ချပြီး စက်ရုံအရောက်ပို့ရန် အလုပ်သမား စုစုပေါင်း ၅၅,၀၀၀ ကုန်ပေမည်။ ရေနုပ္ပစရပ် ရေနံဘုံး အလုပ်သမား ၁၀ တွေပါ တွက်ဆပါက တနေ့ကီလိုဝပ် ၂ သန်းခွဲ ထုတ်လုပ် နိုင်သော စက်ရုံကြီး၏စရိတ်မှာ တနေ့တွင်ပင် ရူဘယ်ငွေ သိန်းပေါင်း မျှားစွာကုန်နိုင်သည်။ ရေအားလျှပ်စစ် ဓာတ်အား ပေးရုံစရိတ်မှာ တနေ့လျှင် အလုပ်သမား၁ ရူဘယ်ငွေ

၂၅ ပြင် ကုန်စရာ မရှိတော့ပေ။ ဤသို့စရိပ်အကုန် အလွန် သက်သာပြီး အကျိုးအနှစ် ရနိုင်လေသည်။

အန်ဂရာ မြစ်ပေါ်တွင် ဘရက်စ် ရေအား လျှပ်စစ် ဓါတ်အားပေး စက်ခွံကြီးတခု ကီလိုဝပ် ၄ သန်း ၅ သိန်း ထုတ်ပါသည်။ ဧဗါလဂါစက်ရုံထက် နှစ်ဆကြီးသည်။

လီနာမြစ်ပေါ်တွင် ကီလိုဝပ်သန်း ၂၀ ထုတ်တဲ့ ရေအား လျှပ်စစ်ဓာတ်အားပေးရုံကြီး ဆောက်လုပ်နေပါသည်။

အထက်ပါ ရေအား လျှပ်စစ် ဓာတ်အားပေးရုံတွေကို မော်စကိုမြို့မှ နေပြီးလျှင် တယ်လဗီးရှင်း ( ရုပ်မြင်သံကြား) စက်တွေတတ်ဆင်ထားတဲ့ ဗဟိုဌာနကနေပြီးလျှင် ခလုပ်ကို နှိပ်ရုံနှင့် ချုပ်ကိုင်ခုပ်မောင်းရန် အုပ်ထိမ်းနိုင်ဘို့ စီမံ ပြုလုပ်နေပါပြီ။ အလွန်ဝေးလှတဲ့ မော်စကိုမြို့မှနေပြီး ဆိုဗီယက် တပြည်လုံးရှိ ရေအား လျှပ်စစ်အားပေး ရုံငယ်တွေကို အလို အလျောက် ကီရိယာဖြင် အုပ်ချုပ်တဲ့အဆင့်ကို ရောက်နေပြီဟု ဆိုနိုင်အောင် စီစဉ်နေပါပြီ။ ၇ နှစ် စီမံကိန်းတွင် ပါဝင်တဲ့ စီမံကိန်းတရပ် ဖြစ်ပေသည်။

၁၉၇၀ ခုနှစ်တွင် ဆိုဗီယက်ယူနီယံတွင် လျှပ်စစ်ဓာဝင် အား ကီလိုဝပ်နာရီ ၃ သန်းမှ သန်း ၂၀ အထိ ထုတ်လုပ်ရန် စီမံ နေပါပြီ။

## ပင်စင် စားများ အကြောင်း

ဆိုဗီယက် နိုင်ငံတွင် အလုပ် သမား များအား ယောကျ်ားအသက် ၆၀ မိန်းမ အသက် ၅၅ နှစ်တွင် ပင်စင် ယူနိုင်သည်။ ပင်စင်မယူဘဲ ဆက်လက် အလုပ် လုပ်လုက

လုပ်နှိုင်သည်။ ဆက်လက်အလုပ် လုပ်နေသော ပင်စင် စား ပေါင်း ၂.၆သန်းရှိလေသည်။ပင်စင်စားဦးရေမှာ၄,၂၀၀,၀၀၀ (၄ သန်း ၂ သိန်း )ရှိရာ ယောကျ်ား ၁,၉၀၀,၀၀၀ ဖြစ်လေသည်။ မိန်းမ ၂,၃၀၀,၀၀၀ ဖြစ်လေသည်။ လုပ်သက်စေ့သော ကျား ( ၆၀ ) မ ( ၅၅ ) နှစ် ပြည့်သော နေ့တွင် မိမိတို့၏ လုပ်သက်မှတ်တန်း စာအုပ်ကို လူမှုဖူလုံရေး ဌာနသို့ ပေး အပ်ရသည်။ ထိုစာအုပ်ထဲတွင် လွန်ခဲ့သည့် တနှစ်အတွင်း ရရှိခဲ့သည့် ဖြန်းမျှဝင်ငွေ သို့မဟုတ် လွန်ခဲ့သည့် ၁၀ နှစ် အတွင်း ၅ နှစ်အတွင်း ဖြန်းမျှခြင်း ဝင်ငွေတို့ကို သတ်မှတ် ထား၏။ ၎င်းလုပ်သက်မှတ်တန်း စာအုပ်ကို ပေးအပ် လိုက် သည်နှင့် တပြိုင်နက် ပင်စင်စာအုပ် ရရှိမည်ဖြစ်၏။

သတ္ထုလုပ်ငန်း ဓါတုဗေဒလုပ်ငန်း သတ္ထုတူးဖော်ရေး လုပ်ငန်းများ၌ အလုပ်သမားတို့သည် ကျား (၆၀) မ (၅၅) ထက်ပို၍စောစွာ ပင်စင်ယူနိုင်၏။ ပင်စင်စားဖြစ်သော်လည်း အလုပ်သမား များကဲ့သို့ အခမဲ့ ဆေးဝါး ကုသခွင့်ကို မူလ အလုပ်သမား ဆေးရုံတွင် ကုသနိုင်၏။

လူမှုဖူလုံရေး ဌာနသည် မစုံမ်း မသန်သူ များနှင့် အလုပ်မလုပ်သော သက်ကြီး ရွယ်ကြီး များကို အနားယူ ဆေးကု စခန်းနှင့် အပန်းဖြေ အားလပ်ရက် ဂေဟာများသို့ သွားရောက်နေထိုင်ရန် အခမဲ့ လက်မှတ်ထုတ်ပေး၏။ ၁၉၆၁ နှစ်ထွင် သက်ကြီး ရွယ်ကြီး ၄၂,၅၉၆ တို့ကို ထိုနေရာများသို့ လူမှုဖူလုံရေးမှ အခမဲ့ပို့ပေးခဲ့၏။ ဆိုလိုရင်းမှာ သက်ကြီး

ရွယ်ကြီး ပင်စင် စားများသည်၎င်း မသန် မစွမ်း သူများ သည်၎င်း အလုပ် လုပ်နေသော အလုပ်သမားများ တန်းတူ အခွင့်အရေးများ ရနိုင်လေသည်။

အောက်ခြေ ရောက်နေသော ဆိုဗီယက် ခေတ်ဆိုးကြီး

ဆိုဗီယက်ယူနီယံသည် ၁၉၁၇ ခုနှစ်တွင် စက်မှုလက်မှု လုပ်ငန်းများ မတည်ထောင်ရသေးသဖြင့် မည်မျှ အောက် ခြေသို့ ဆင်းခဲ့သနည်း အောက်ပါ စာရင်းဇယားကို ကြည့်က သိနိုင်ပါသည်။ ပြိတိန်နှင့် နှိုင်းစာလျှင် ၄ ပုံ ၁ ပုံ ဂျာမနီနှင့် ၅ ပုံ တပုံ အမေရိကန်နှင့် စာလျှင် ၁၀ ပုံ တပုံသာ ရှိလေ သည်။ အဓမရိကန်နှင့် ရုခိုင်နှုံးအားဖြင့် နှိုင်းယှဉ် ပြထား ပါသည်။

| | ဆိုဗီယက် | အမေရိကံ |
|---|---|---|
| လျှပ်စစ်ဝတ်အား (ကီလိုဝပ်) | ၁၄ | ၂၆၀ |
| ကျောက်မီးသွေး(ပေါင်တန်ချိန်) | ၄၅၂ | ၁၁,၆၉၃ |
| သံမဏိ (ပေါင်တန်ချိန်) | ၆၆ | ၃၁၅ |
| ဆီလပ်မြေ( ″ ) | ၂၄ | ၃၅ |
| စက္ကူ″ | ၃.၁ | ၃၅.၂ |
| ချည်ထည်များ အတောင်အား ဖြင့် | ၁၄.၁ | ၆၃.၂၅ |

ဤသို့ အောက်ခြေသိမ်း တိုင်ခြေ မြေလှူး နေသော ရုရှား နိုင်ငံကြီးကို ရုရှား လူမျိုးတို့သည် မတိုးတက် မနေရ စီ ကိန်းကြီးများချ၍ လူတိုင်းစစ်အလုပ်ကို ကြိုးစား လုပ် တိုင်ကြ၏။ စက်မှုလက်မှု လုပ်ငန်းတို့ကို နောက်မဆုတ်စာန်း

လုပ်ကိုင် ကြသဖြင့် ၁၉၅၄ မှ ၁၉၆၁ ခုနှစ်အတွင်း နှစ်စဉ် မည်သည့် နိုင်ငံနှင့်မှ မယှဉ်သာအောင် တဟုန်တိုး တိုးတက်လာပုံ ထုခိုင်နှုံးတို့မှာ အောက်ပါ ဇယားကို ကြည့်လျှင် သိနိုင်ပါသည်။ ဆိုဗီယက်ယူနီယံတွင် ၁၁.၇ ထုခိုင်နှုံး တိုးတက်၍ အမေရိကန်တွင် ၃.၈ ထုခိုင်နှုံး သာလျှင် တိုးတက်သည်။

## ဆိုဗီယက်နိုင်ငံ တိုးတက်လာပုံ အလုံးစုံ

| | ဆိုဗီယက်ယူနီယံ | အမေရိကန် |
|---|---|---|
| သံမဏိ | ၈.၀ | ၁.၄ |
| ရေနံ | ၁၅.၄ | ၁.၄ |
| လျှပ်စစ် မောတ်အား | ၁၁.၇ | ၆.၈ |
| ဘီလပ်မြေ | ၁၅.၆ | ၃.၃ |
| သိုးမွေး အထည် အဝတ် | ၆.၅ | ၁.၇ |
| သားရေ ဘိနပ်များ | ၈.၁ | ၁.၇ |
| သကြား | ၇.၄ | ၂.၆ |

## နှစ်စဉ်တိုးတက် နေပုံစံ ရင်း

အမေရိကန်နှင့် ဆိုဗီယက်ယူနီယံ စက်မှုလက်မှု ထုတ်တုန်ကို အရေအတွက်အားဖြင့် ၁၉၅၄ ခုမှ ၁၉၆၁ ခုနှစ် အတွင်း နှစ်စဉ်ဖြန်းမျှ တိုးတက်နေပုံကို အောက်ပါ စာရင်း ဇယားအတိုင်း သိသာနိုင်ပါသည်။

| | ဆိုဗီယက်ယူနီယံ | အမေရိကန် |
|---|---|---|
| သံဝိန်း(ထန်သန်းစာရင်း) | ၂.၉ | ၁.၈ |
| သံမဏိ ( ။ ) | ၄.၁ | ၁.၃ |
| ကျောက်မီးသွေး( ။ ) | ၂၁.၂ | ဂ.၄ |
| ရေနံ ( ။ ) | ၁၄.၂ | ၄.ဂ |
| လျှပ်စစ်ဓာတ်အားကီလိုဝပ်သန်း | ၂၂,၄၀၀ | ၄၄,၂၀၀ |
| ဘိလပ်မြေ တန် သန်းစာရင်း | ၄.၄ | ၁.၁ |
| ဝါဂွမ်း ချည်ထည် (သန်း စတုရန်းပေ) | ၁၅၉.၇ | ၆၄ဂ.၄ |
| ဆိုးဖွေးထည်(သန်းစတုရန်းပေ) | ၆၀.၄ | ၁၆.ဂ |
| သားရေဘိနပ် အရံ သန်း | ၂၅.၅ | ၉.ဂ |
| သကြား (သန်း တထောင်) | ၃၃၁ | ဂ၇ |

၁၉၆၀ ၁၉၇၀ ၁၉ဂ၀

## စီမံကိန်းမျှားအရ တိုးတက်ပုံနှင့် မှန်းဆချက်

| | ၁၉၆၀ | ၁၉၇၀ | ၁၉ဂ၀ |
|---|---|---|---|
| လျှပ်စစ်ဓာတ်အား (ကီလိုဝပ် သန်းပေါင်း) | | | |
| ထောင်ဂဏန်း | ၂၉၂.၃ | ၉၀၀ ၁၁၀၀ | ၂၇၀၀ ၃၀၀၀ |
| သံမဏိ တန်ချိန် | | | |
| သန်းပေါင်း | ၆၅ | ၁၄၅ | ၂၅၀ |
| ရေနံ တန်ချိန် | | | |
| သန်းပေါင်း | ၁၄ဂ | ၃၉၀ | ၆၉၀ ဂ၁၀ |

| | | | | |
|---|---|---|---|---|
| ခါတ်ငွေ့ (သန်းပေါင်း ထောင် ဂဏန်း ကုဗမီတာ) | ၄၇ | ၃၁၀ | ၃၂၅ | ၆၈၀ ၇၂၀ |
| ကျောက်မီးသွေး (တန်ချိန် သန်း ဂဏန်း) | ၅၁၃ | ၆၈၆ | ၇၀၀ | ၁၁၈၀ ၁၂၀၀ |
| ဘိလပ်ခြေ (တန်ချိန် သန်းပေါင်း) | ၄၅.၅ | ၁၂၂ | | ၂၃၃ ၂၃၅ |
| အထည်အစက် (သန်းတထောင် ဒီတာ) | ၆.၆ | ၁၃.၆ | | ၂၀ ၂၂ |
| သားရေဘိနပ် (အရံ သန်းပေါင်း) | ၄၁၉ | ဂ၂၅ | | ၉၀၀ ၁၀၀၀ |

လယ်ယာ စိုက်ပျိုးရေး ဌာနမှ တိုးတက် ထွက်ပုံနှင့် မှန်းဆချက်

| | | | |
|---|---|---|---|
| | ၁၉၆၀ | ၁၉၇၀ | ၁၉၈၀ |
| ကောက်ပဲဆီးနှုံ (တန်ချိန် သန်း ဂဏန်း) | ၁၃၄ | ၂၃ဂ | ၂၉၀ ၃၁၀ |
| အသား (တန်ချိန် သန်း ဂဏန်း) | ဂ.၇ | ၂၅ | ၃၀ ၃၂ |
| နို့ (တန်ချိန် သန်းဂဏန်း) | ၆.၁၇ | ၁၃၅ | ၁၇၀ ၁၈၀ |
| သိုးမွေး (တန်ချိန် ထောင်ပေါင်း) | ၃၅၇ | ဂဝဝ | ၁၀၄၅ ၁၁၅၅ |

| | | | |
|---|---|---|---|
| ချည်ထည် (တန်ချိန် သန်းပေါင်း) ၄.၃ | ဂ | ၁၀ | ၁၁ |
| အာလူး (တန်ချိန် သန်းပေါင်း) ဂဂ.၄ | ၁၄၀ | | ၁၅၆ |
| ဟင်းသီး ဟင်းရွက်နှင့် ဖရဲသီး (တန်ချိန် သန်းပေါင်း) ၁၉.၂ | ၄၇ | | ၁၅ |
| အသီးမျာ၊ စပေတာဘဲရိုးနှင့် သပျက်သီး (တန်ချိန် သန်းဂဏန်း) ၄.၉ | ၂ဂ | | ၁ |

## အမေရိကံနှင့် ဆိုဗီယက်ယူနီယံတို့ တိုးတက်ပုံ အချိန် ကွာခြားပုံ

သံမဏိ တန်ချိန်သန်းပေါင်း ၂၇ ၂ ၆၅ အထိထုတ်ရန် အတွက် အမေရိကံတွင် နှစ်ပေါင်း ၃၀ (၁၉၃၂ မှ ၄၁ အထိ) အားထုပ်ရသည်။ ဆိုဗီယက်ယူနီယံတွင်(၁၉၅၁ မှ ၆၀ အထိ) ၁၀ နှစ်နှင့် ရသည်။

သံစိုန်း တန်ချိန်သန်းပေါင်း ၁၀ မှ ၄၇ ထုပ်လုပ်ရန် အတွက် အမေရိကန်တွင် (၁၉၀၄ မှ ၄၁ အထိ ) ၃၈ နှစ် ကြိုးစားရသည်။ ဆိုဗီယက်ယူနီယံတွင် (၁၉၅၁ မှ ၆၀ အထိ ) ၁၀ နှစ်နှင့် ရသည်။

ရေနံ တန်ချိန်သန်းပေါင်း ၃၈ မှ ၄၈ ထုတ်လုပ်ရန် အတွက် အမေရိကန်တွင် (၁၉၁၅ မှ ၃၆ အထိ) ၂၂ နှစ်ကြိုးစားရသည်။ ဆိုဗီယက် ယူနီယံတွင် ( ၁၉၅၁ မှ ၆၀ အထိ ) ၁၀ နှစ်နှင့် ရသည်။

လျှပ်စစ် ဓာတ်အား ကီလိုဝပ် သန်းပေါင်း ၉၁,၀၀၀ မှ ၂၂၀,၀၀၀ ထုတ်လုပ်ရန် အတွက် အမေရိကန်တွင် ၂၁ နှစ် (၁၉၂၁ မှ ၄၂ အထိ) ကြိုးစားရသည်။ ဆိုဗီယက်ယူနီယံတွင် (၁၉၅၁ မှ ၆၀ အထိ) ၁၀ နှင့်နှင့် ရသည်။

ဘိလပ်မြေတန်ချိန်သန်းပေါင်း ၁၀ မှ ၄၅ အထိ ထုတ်လုပ်ရန် အမေရိကန်တွင် ၄၂ နှစ် (၁၉၁၂ မှ ၃၅ အထိ) ကြိုးစားရသည်။ ဆိုဗီယက်ယူနီယံတွင် (၁၉၅၁ မှ ၆၀ အထိ) ၁၀ နှစ်နှင့် ရသည်။

၁၉၀၀ ခုနှစ် ဆိုဗီယက်ထုတ်ကုန်နှင့် ၁၉၆၀ခုနှစ် ဆိုရှယ်လစ် မဟုတ်တဲ့ နိုင်ငံပေါင်းစုံ ထုတ်ကုန်နှင့် နှိုင်းယှဉ် ပြချက်

| | ဆိုဗီယက် ယူနီယံ | ဆိုရှယ်လစ် မဟုတ်တဲ့ နိုင်ငံပေါင်း |
|---|---|---|
| လျှပ်စစ် ဓာတ်အား (ကီလိုဝပ်သန်း) | ၃,၀၀၀,၀၀၀ | ၁,၈၇၀,၀၀၀ |
| ဂရန် (တန် သန်း) | ၇၁၀ | ၈၈၉ |
| ကျောက်မီးသွေး( ″ ) | ၁၂၀၀ | ၁၀၀၉ |
| သံမဏိ ( ″ ) | ၂၅၀ | ၂၃၉ |
| ဓာတ်မြေ သြဇာ( ″ ) | ၁၃၅ | ၃၄ |
| ဆင်းရှူးစေးနှင့် | | |
| ပလပ်စတိပ် ( ″ ) | ၂၁ | ၆.၅ |
| ဘိလပ်မြေ ( ″ ) | ၂၃၅ | ၂၂၃ |

| | | | |
|---|---|---|---|
| အထည်အဝတ်(စတုရန်းပေ) | | | |
| သန်းပေါင်း | | ၂၃၅,၀၀၀ | ၄၀၆,၀၀၀ |
| ကောက်ပဲသီးနှံ(တန်သန်း) | | ၃၁၅ | ၅၅၀ |
| သိုးမွေး | ( ။ ) | ၁.၁ | ၂.၀ |
| ဝါဂွမ်း | ( ။ ) | ၁၁ | ၂၁ |
| ပဲလာဥနီ | ( ။ ) | ၁၀၈ | ၃၆ |
| နှီဝံ | ( ။ ) | ၁၈၀ | ၂၄၅ |
| အသား | ( ။ ) | ၃၂ | ၄၀ |

## နိုင်ငံသားတဦး ပိုင်ဆိုင်ခွင့်ရှိပုံ

ဆိုဗီယက်နိုင်ငံသားတဦးသည်ကိုယ်ပိုင်နေရန်အတွက် အိမ်တလုံး ကားစီး ရေဒီယိုတလုံး စသည်ဖြင့် ကိုယ်ပိုင်ပုဂ္ဂလိက ပိုင်ဆိုင်ခွင့် ရှိလေသည်။ လယ်သမား တဦးသည် တန္ခစ်လျှင် လယ်တကေအာပိုင် စုဆောင်းနိုင်သည်ဖြင် အိမ်တလုံး ကားတစီး စသည် ပိုင်ထားနိုင်ပါသည်။

## ဆိုဗီယက်ခရီး၏ နိဂုံးချုပ် အကျိုးတရားများ

ကျွန်ုပ်တို့ ဆိုဗီယက်ယူနီယံသို့ မသွားမီ အများ လူထုက ထင်မှတ်နေသည်မှာ ဆိုဗီယက်ယူနီယံတွင် လွတ်လပ်စွာ နေထိုင်ခွင့် ပြောဆိုခွင့်မရှိ အလွန်ဆင်းရဲသည် အလွန်ကြပ်တဲ့ကျဉ်းမြောင်းသည် အစားအစာမလုံလောက် ဘာသာကိုးကွယ်မှု မရှိ စသည် ထင်မှတ်နေကြသည်။

ကျွန်ုပ်တို့ တွေ့ခဲ့ရသော ဆိုဗီယက်ယူနီယံထဲင် လူတ်လပ်ခွင့် နေရာတိုင်းတွင်အပြည့်အဝရှိသည်။ ဆင်းရဲသူမရှိ အစားအစာ လုံလောက်သည် ကြပ်တဲကျဉ်းမြောင်းခြင်းမရှိ သွားခြင်ရာသွား စားခြင်ရာစား နေခြင်သလို နေနိုင်သည်။ ဘာသာ ကိုးကွယ်မှု ကြိုက်ရာကိုးကွယ်နိုင်သည်။ သူခိုး ဒါးပြ မရှိရာဇဝတ်မှုလည်း အနည်းငယ်မျှရှိမည် သူတောင်းစား ခါးပိုက်နှိုက် လမ်းသရဲ ပြန်ပေးဆဲစ့ိုမရှိ အလုပ်အကိုင်မရှိသော ဂျပိုးတေလေမရှိ မြို့တွင်းမြို့ပြင် စက်ရုံကြီး စက်ရုံငယ်တို့ဖြင့် စက်မှုလက်မှုအကြီးအကျယ် ထွန်းကားနေ၏။ မြို့တိုင်း ရွာတိုင်းတွင် နေထိုင်ဆုတိုက်ကြီးများ ကောင်းလှသောလမ်းကြီး လမ်းငယ်များ လှုပသော ဥယျာဉ်များတို့ဖြင့် သာယာစိုပြေလျက် နစ်ဘဲ့ နှတ်နှန်းပမာ မပြတ်ဆန်းကြယ် လှုန်တင့်တယ်သော လောကနိဗ္ဗာန် မြို့ရွာများကိုသာ တွေ့မြင်ရပေသည်။

မှတ်ချက်

ဆိုဗီယက် ယူနီယံသည် အလွန်ကြီးကျယ် လှသော နိုင်ငံကြီးဖြစ်ရာ ကျွန်ုပ်သည် ထိုဆိုဗီယက်ယူနီယံ၏ တိုးတက်ပုံ အကြောင်းအထူတို့ကို ကောင်းစွာဖေါ်ပြ ရေးသား နေလျင် ကျိစာအုပ်သည် အလွန်ကြီးပြီး သွားပါလိမ့်မည်။ သို့ပါ၍ ဒုတိယပိုင်းမှ စ၍ ကျွန်ုပ်ထို့ ခရီးလှည့်လည် စဉ်ကတွေ့သော အကြောင်း အထူတို့ကို ကျွန်ုပ်သည် ရန်ကုန်မြို့ ဘုထုလမ်း အမှတ် ၇၆ မှ ထုတ်ဝေနေသော ဗုဒ္ဓ ဓမ္မ လောကသတင်းစာတွင် ထည့်သွင်းဖေါ်ပြခဲ့သော ဆောင်းပါးများကို စုပေါင်း၍ ထည့်သွင်း ပြပါတော့မည်။

# ဒုတိယပိုင်း

## နေရင်း ဦးကောဝိဒ ဆရာတော်၏

# ဆိုဗီယက် သာသနာပြု ခရီးစဉ်

### မှတ်တန်း

### သာသနာပြု ခရီးစဉ်ကြခြင်း

### ရန်ကုန်မြို့တော်မှ တရုပ်ပြည် ကုမင်းမြို့သို့

၁၃၂၃ ခုပထမဝါဆိုလဆန်း ၃ ရက် (၁၅ ၆ ၆၁) ကြာသပတေးနေ့နံနက် (၅)နာရီတွင် ဆိုဗီယက်နိုင်ငံ ဗဟိုရှိ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၏ ဖိတ်ကြားခြင်းခံရသော ဆိုဗီယက် ချုရှားပြည်သူ့သား သာသနာပြု အဖွဲ့ဝင်များဖြစ်ကြသည့် မဟာနာယက ဆရာတော် နေရင်း ဦးကောဝိဒ၊ တရားဝန်ကြီး ဦးချန်ထွန်း၊ အတွဲ့ဒ်းရေးမှူး ဦးသာဝင်း ဘဏ္ဍာရေးမှူး တရားဝန်ကြီးကတော် ဒေါ်ခင်သိန်းတို့သည် မိုးမိုတို့နေရာမှ လေဆိပ်သို့ လာကြရသည်။ လေဆိပ်သို့ ရုရှားပြည်ထောင်စုနိုင်ငံ, တရုပ်ပြည်ထောင်စုနိုင်ငံ, ပိုလန်နိုင်ငံ, အရှေ့ဂျာမဏီနိုင်ငံတို့မှ သံရုံးအဖွဲ့ဝင်များ မင်္ဂလာဂတိဝိသုဒ္ဓိ အဖွဲ့ဝင် သီလရှင်, ရဿေ့, ယောဂီ, လူသူတော်စဉ်များ၊ ဓမ္မကထိက အဖွဲ့ဝင် ဆရာတော် သံဃာတော်များ၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့ အဖွဲ့ဝင်များ၊ တရား လွှတ်တော်ချုပ်မှ အတွင်းဝန်

စသော ရုံးသူရုံးသားများ ဆင်ခြသံဂါယနာ ဆုမ်းကုမ်းဆိုင်ရာ အမျိုးသမီးအဖွဲဝင်များ၊ အခြားဂုဏ်သရေရှိ လူကြီးလူကောစ်း အမြောက်အများ လိုက်လံပို့သကြလေလည်။ ယောဂီ အဖွဲများက သာသနာပြုခရီးအောင်မြိစေ, ဆရာတော်တို့ကျန်းမာကြပါစေ, ချမ်းသာကြပါ့စေ, ပြည်တော်ပြန်ခရီး အမြန်ပြီးမြောက် အောင်မြိစေ"ဟု ကြွေးကြော်ပြီးလျှင်။ ။

ဆရာဒကာ၊ သာသနာပြုကြရာ၊ ကြည်သာ ကိုယ်စိတ်။ ။

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာဖြာစေ။ ။


နေရင်း ဆရာတော်၊ ထေရ်မဟော်၊ ရွှင်ပျော်ကိုယ်စိတ်။ ။

ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာဖြာစေ။ ။

ငါတို့ဆရာ၊ ကြွလေရာ၊ ကြည်သာကိုယ်စိတ်။ ။
ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာဖြာစေ။ ။

ကမ္ဘာနီတခွင်၊ ဆရာရွှင်၊ ကြည်လင်ကိုယ်စိတ်။ ။
ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဝမ်းသာပါစေ၊ လန်းဖြာဖြာစေ။ ။

အောင်ပါစေသော၊ အောင်စေသော၊ အောင်ကြပါစေသော။ ။ဟု ဆုတောင်းကြသည်။





နေရင်း ဦးဇကာဝိဒ ဆရာဘော်နှင့် ဗုဒ္ဓဘာသာ မစ်ရှင် အဖွဲ့တို့အား လိုက်ပို့ကြသော
ပရိသတ်များ မင်္ဂလာဒုံ လေဆိပ်တွင် တွေ့ရပုံ

## လေယာဉ်ပေါ်တွင်

ခရီးမှာ တရုပ်လေယာဉ် (စီ အေ အေ့ စီ) နှင့် ရန်ကုန်မှ ကူမင်းသို့ သွားရမည်ဖြစ်သည်။ နံနက် (၇) နာရီတိတိအချိန်တွင် တရုပ်လေယာဉ်သည် မင်္ဂလာဒုံလေဆိပ်မှ မိုးရွာနေဆဲတွင် စတင်ထွက်ခွာသည်။ ကောင်းကင်သို့ရောက်၍ နာရီဝက်အတွင်းတွင် မိုးသက်လေပြင်း တိုက်ခတ်နေသဖြင့် ခရီးသည်များ ပင်ပန်းစွာ ရာသီဥတု၏ ဒဏ်ကိုခံရပါသည်။ ရာသီဥတု ကောင်းနေသော အခါ ခရီးသည်တို့သည် ကိုယ့်အိမ် ကိုယ့်နေရာတွင် နေသကဲ့သို့ စကား တသောသော ရယ်မောပြောဆိုကာ စားကာ သောက်ကာဖြင့် ပျော်ရွှင် နေကြကုန်၏။ ည့ဲခံ တရုပ်အမျိုးသမီး လေယာဉ်မယ် ကလေးမှာ ညှဲ့ဝတ်ကျေပြန်စွာ ပြုစုရှာ၏။ ချိုချင်သကြားလုံးများ လာပေးခြင်း မွှေးကြိုင်နေသော တရုပ် လဘက်ရေကြမ်းကို လာပေးခြင်း ပြုရှာပေ၏။ မျက်နှာ ကလေးက ချိုသာစွာနှင့် အင်္ဂလိပ်စကားလဲ မတတ် မြန်မာ စကားလဲမတတ် တရုပ် တိုင်းရင်းဘာသာကိုသာ ပြောရှာ၏။

ကျွန်ုပ်တို့ အင်းရေးမှူး ဦးသာဝင်းသည် တရုပ်လေယာဉ်မယ်ကလေးကို ခဏခဏခေါ်၍ လဘက်ရေကြမ်း တောင်းသောက်ရသည်။ "တရုပ် လဘက်ရေကြမ်း မွှေးနံ့ကလေး လွှမ်းနေသည်၊ မြိန်စမ်းပါ ဆရာဘော်" ဟုပင် ကဗျာသံနှင့် ပြောသေးသည်။ အင်္ဂလိပ်စကားမတတ်သော လေယာဉ် ယ်ကလေးကို ယခု ဘယ်ရောက်နေပြီလဲ ကူမင်းမြို့ ဘယ်အချိန်ရောက်မည်လဲ ဟုမေးသော်လဲ သူမေးတာက တခြား လေ

ယာဉ်မယ်ကလေးက ပြုံးစိစိနှင့် တမျိုးဖြစ်နေသည်။ ဦးသာဝင်းကား တခိခိနှင့် ပ်တီသောမနဿ ဖြစ်နေရှာသည်။ လေယာဉ်ပေါ်တွင် ဘေးကြည့်လိုက်, စာရေးလိုက်, ပုတီးစိပ်လိုက်, စားလိုက်သောက်လိုက်နှင့် နှစ်ခြိုက်ပျော်ရွှင်စွာ နေနိုင်သူမှာ ဦးသာဝင်း ပင်ဖြစ်သည်။

ဦးချန်ထွန်းမှာ သတင်းစာဖတ်ခါ နေပေသည်။ ဒေါ်ခင်သိန်းကား မူးနောက်နေသဖြင့် ဘလမ်းလုံး မျက်စိမှိတ်ကာ လိုက်လာလေသည်။ အချို့သူများအနှက် အော့ကြ မူးကြလေသည်။ ခရီးသည် (၁၈) ယောက်ပါရှိသည်၊ အမှန်မှာ (၂၄)ယောက် စီးနိုင်သော လေယာဉ်ဖြစ်သည်။

## လေယာဉ်ပေါ်တွင် ကုသိုလ်ပြုရခြင်း

ကျွန်ုပ်သည် လေယာဉ်ပေါ် ရောက်သော အချိန်မှ စ၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ တနေ့(၅)ကြိမ် ကျ ဘုရားရှိခိုးသော ဘုန်းကြီးသင်္ဃာ ဘုရားရှိခိုးကြီးကို အကြိမကြိမ် သရဇ္ဈာယ်၍ရွတ်ခဲ့ခြင်း၊ ဘုရား(၅)ဆူ အာန္တရယ်ကင်း ဘုရားရှိခိုးကြံးကဲ့ အကြိမ်ကြိမ်ရှိခိုးခြင်း နတ်ဧကာင်း နတ်မြတ်တို့အား မေတ္တာပို့ခြင်း၊ ဘုရား ဂုဏ်တော်များကို အကြိမ်ကြိမ်ပို့ား ျားခြင်း၊ ကျွန်ုပ်တို့သွားရောက်မည့် တရုပ်ပြည် ရှရှားပြည်တို့အား ပြည်လုံးခြုံ၍ မေတ္တာ ပို့ားများခြင်း ပရိတ်ကြီးပါဠိတော်လာ ပရိတ် (၁၁)သုတ်တို့ကို အနည်းဆုံး (၂၅)ခေါက်မျှ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဓမ္မစကြာသုတ္တန်,

မဟာသမယ သုတ္တန်ကြီးတို့ကို ရွတ်ဖတ် ပူဇော်မှုများ ခြင်းဖြင့် အချိန်ကို ကုန်လွန်စေရပေသည်။

ကူမင်းမြို့သည် ပင်လယ်ရေပြင်မှ ပေ (၅၄၀၀) မြင့်သော တောင်ထိပ်မြို့ ဖြစ်ရာ ရောက်ကာနီး၍ နာမိုက် အလိုတွင် တောင်ပေါ်မှ တက်လာသော လေလိုင်းဒဏ်ကို ဘုရားဘုရား ဟု တမ်းတ၍ ခံလိုက်ရပါသေးသည်။ နှတ်တော့ကို ဓမ္မာပုဒ်ခြင်း၊ အမျှဝေခြင်း၊ သစ္စာခိုဋ္ဌာန် ပြုခြင်းတို့ကို အထူးပြု၍ နေရပါသည်။ ရန်ကုန်မှ နံနက် (၈) နာရီ ထွက်လာ၍ ကူမင်းသို့ (၁၂) နာရီခွဲရောက် (၄) နာရီခွဲ ကြာပေသည်။

## ကူမင်းမြို့ဝယ် ရှုခင်ဘုယ်

ကူမင်းမြို့သို့ ရောက်သောအခါ တရုပ်ပြည် ဗုဒ္ဓဘာသာ ဗဟိုရှိအဖဲ့ကြီးမှ ယူနန်နယ်လုံးဆိုင်ရာ ကူမင်းမြို့ ဗုဒ္ဓဘာသာ အဖဲ့ ဥက္ကဋ္ဌ ဆွန်လေချိုင်နှင့် ယူနန်ပြည်နယ်အစိုးရ ဘာသာ ရေးဌာန ညွှန်ကြားရေးဝန် ဟွမ်ဝင်ပင်တို့အဖဲ့က လာရောက် ကြိုဆိုကြပေသည်။ လေဆိပ်တွင် ပြုလုပ်စရာရှိသော နိုင်ငံကူး လက်မှတ်တွင်ရှိ ဗီဇာကို ကြည့်ရှုခြင်း၊ ပြည်ဝင်တံဆိတ် နှိပ် ခြင်း ကိစ္စစသည်တို့ကို ကြိုဆိုသောအဖဲ့ဝင်တို့က ဆောင်ရွက် ကြ၏။ အဂေါက်တော်ဌာနကမူ အစိုးရည့်သည်တော်များ ဖြစ်၍ လုံးဝကြည့်ရှု စစ်ဆေးခြင်း မရှိပေ။

ဂုဏ်နောက် ကျွန်ုပ်တို့ကို ကူမင်းမြို့ရှိ အကြီးဆုံး (ကူမင်း ပေ ဘတယ် သစ်ကြီး)သို့ မော်တော်ကားများဖြင့် ယူဆောင်၍ ချမ်းသာစွာ တည်းခိုရန် ထားပေးသည်။ ထို

ဟော်တယ်ကြီးမှာ (၃)ထပ် အခန်းပေါင်း (၁၀၀)ကျော်ရှိ၍ နိုင်ငံခြား ည့်သည်တော်များ တည်းခိုရန် ဟော်တယ်ဖြစ်ပေသည်။ အခန်းတိုင်း၌ တိုင်းရင်းဖြစ် လဘက်ရေကြမ်းသောက်ရန် ရေနွေး ဓာတ်ဘူးနှင့် လဘက်ခြောက် ပုံ့ခွက်ထောက် စီးကရက်၊ မီးချစ်၊ သကြားလုံး၊ ချောကလက်တို့ကို အသင့်ထားပေသည်။ ရေချိုးခန်း၌ ရေနွေး၊ ရေအေးချိုးရန် အသင့်ရှိပေသည်။ ထိုဟော်တယ်ကြီးကား ခေတ်သစ်ဟော်တယ်ကြီးမို့ ကမ္ဘာ့အဆင့် အတန်းမှီ ဟော်တယ်ဖြစ်ပေသည်။ မြို့တွင်းနှင့် လေယာဉ်ကွင်းမှာ (၄) မိုင် ရှိသည်ဟု ပြောကြသည်။

ကူမင်းမြို့သည် ရှေးဟောင်း မြို့ကလေးကို ပြန်လည် တည်ထောင်ထားသော မြို့ဖြစ်သည်။ ကျယ်ပြန့်ဖြောင့်ဖြူးနေသော လမ်းမကြီးများ၊ လမ်းဘေး တဘက်တချက်တွင် စီတန်း၍ ဖြောင့်မတ် တက်ခ်ျနေကာကြည့်လို့ မဆုံးနိုင်သော ထင်းရှူးပင်လို့ သစ်ပင်တန်းများ၊ လမ်းဘေး တဘက် တချက်နှင့် လမ်းလယ် အခ်ျိနေရာများ၌ ပန်းပင်များ စိုက်ဆားကာ ပန်းပွင့်နေပုံများ၊ မြင့်မားလှသော လမ်းဘေးရှိ ခေတ်သစ် (၃)ထပ်တိုက် အိုက် တန်းလျား ကြီးများ၊ ဆေရုံကြီးများ၊ စာသင် ကျောင်းများ၊ ရုံးများ တည်ဆောက် ထားပုံများ၊ မြို့ပြင်တွင် စက်မှု လက်မှု စက်ရုံကြီးများ၊ တည်ထားပုံမှာ အလွန်တင့်တယ်၍ ကြည့်ရှုသာယာ မျက်စိအရသာရှိလှပေသည်။

မြို့တွင်း၊ မြို့ပြင် ရှိသမျှမြေလွတ် တိုနေရာမျှမရှိ၊ သီးနှံ စားပင်များ အပြည့်ရှိနေကြသည်။ လူကြီး လူငယ် အလုပ်မရှိသူ ဟူ၍မရှိကြ။ ကျောင်းနေရခြင်း၊ အလုပ် လုပ်နိုင်သူတို့က အ

လုပ် လုပ်နေရခြင်း၊ ဝတ်ပုံ စားပုံတို့ကို ကြားဝါးခြင်း မရှိဘဲ အဖြာဖြာထောင် ဘောင်းဘီ အင်္ကျီတို့ကို ဝတ်ဆင်ပုံ တွေ့ရခြင်း၊ အာမျိုးသီး ၂ ဘူးမှာ မြန်မာနိုင်ငံရှိ မြန်မာအမျိုးသီးများကဲ့သို့ လက်ကောက် လက်စွတ် ပုတီး နားဆွဲဘောင်းတို့ဖြင့် ကြွားကြွားဝါးဝါး ပကာသန အလှပြင်ပုံသွင် နွှတ်ခမ်းနီ ပါးနီအရောင်ချယ် ပြုပြင်၍ဝတ်ဆင်ထားပုံ မတွေ့ရခြင်းမှာ အလွန်ကောင်း။ နိုင်လွန် ဂျော်ဂျက် တိုဘရက်ကိုး စသော နိုင်ငံခြား အဝတ်အထည်များ၊ အစားအသောက် များကို သုံးစဲ့ဘို့ကား ဝေးလှပါ၏။ တိုင်းရင်းဖြစ်ကိုသာ အသုံးပြုကြသည်။ အင်္ဂလိပ် အမေရိကံနိုင်ငံဖြစ်မှန်သမျှ ဘာတခုမှရှိပုံမရချေ။ အဆောက်အဦး မှန်သမျှတို့၌လည်း တိုင်းရင်းဖြစ်ကိုသာ အသုံးပြုထားလေသည်။

ကူမင်းမြို့တွင်ခြင် ယင်မရှိခြင်း၊ ခွေး ကြိုးတို့ကို မတွေ့ရခြင်း၊ ကြက် ဘဲတို့ မွေးမြူထားပုံ မတွေ့ရခြင်း၊ အမိုက်သရိုက် မရှိခြင်းတို့မှာ အလွန်ကောင်းသော သန့်ရှင်းရေးတို့ဖြစ်ပေသည်။ လူတိုင်းကျန်းမာသန်စွမ်းသူမှန်သမျှ အလုပ်ရှိရမည်ဖြစ်၍ ပျင်းသူ ခိုကပ်သူတို့ တရုပ်နိုင်ငံ၌ တဦးမျှ မရှိရချေ။ ရသမျှကိုမှန်မှန်စားချတာသုံးအဖြုံးမပါ ကြွားဝါခြင်းကို ရှောင်၍ တိုင်းပြည် တည်ထောင်ရာ၌ အသုံးပြုကြသဖြင့် စက်ရုံကြီးများ၊ မိုးပါးနီးသော ဘုံရိပ်သ ကြီးများ၊ ခန့်ငြားလှသော လမ်းကြီးများ လေယာဉ် မီးရထား မော်တော်ကား စသည်တို့ ကမ္ဘာ့အဆင့်အတန်းမှီ ဖြစ်ပေါ်လာရခြင်း ဖြစ်ပေသည်။ လမ်းသား လမ်းလာသူတို့ အသံဆူညံမှု မရှိ တိတ်ဆိပ်ငြိမ်ဆက်လျက်ရှိသည်။ ည အခါတွင်လည်း ရေဒီယို သီချင်း

သံများ ဆူးညံမှု မရှိဘဲ တိတ်ဆိပ် ငြိမ်သက်လျက်ရှိရာ ဗားထုး အားထုတ်ရာ ဆီတ်ငြိမ်ရာ ရိပ်သာကြီး ပမာ ဖြစ်၏။ ဇီမ်ခံ ပစ္စည်း မှန်သမျှ ရရှိဘို့ရာမှာ ဒုလ္လဘကြီးတရပ် ဖြစ်ပါ၏ပ၏။ ဆူခိုး သူဝှက် အချောင်သမား ခါပိုက်နှိုက် လမ်းသရဲတို့ ဆို သည်မှာ ဘယ်လိုပါလဲဟု မေးရဆောင် ဖြစ်နေပေသည်။

## ရှေးဘုရား ကျောင်းများ

ညနေပိုင်းတွင်း ကုမင်းမြို့မှ (၂၅)မိုင် ကွာတွင်ရှိ ဝါတင် ရှန်တောင်သို့ ဗုဒ္ဓသာသနာအပ္ပဲ့ ညကွဲ့ ဆွန်လေချိုင်နှင့် ယူနှန် ပြည်နယ် ဘာသာရေး ဌာနညွှန်ကြ ားရေး ဝန်တို့က မော်တောင်ကား (၂)စီးဖြင့် လိုက်ပို့ကြသည်။ ပေ ( ၂၀၀၀ ) ကျော် ခန့်မြင့်သော ထိုတောင်ပေါ်တွင် နှီစ်ပေါင်း (၆၀၀) ကျော်က တည်ထားခဲ့သော ဝါတင်စူးမဟာယာနဂိုဏ်း ဘုရား ကျောင်းနှင့် နောက်ထပ် ပေ ( ၂၀၀ ) ကွာ လောက်တွင် ရှိသော ထိုင်ဟွာ မဟာယာနဂိုဏ်း ဘုရားကျောင်းတော်တို့သို့ မော်တောင်ကားများဖြင့် လှည့်ပတ်ကာ တက်ရောက် ဖူးမျှော် ကြရပေသည်။

အဝင်ဝ ပဋ္ဌမဆောင်တွင် အရိမေတ္တေယျ ဘုရားလောင်း ပုံ တည်ထားလျက် ဘေးက နတ်ဘီလူး ရုပ်ထုကြီးများ တာ ဘက်တချက်ထားပုံ၊ ဒုတိယအဆင့်တက်ပြီး ဒုတိယအဆောင် ကြီးတွင် အလယ်က သကျမုနီ ( ဂေါတမ ) ရုပ်ပွားတော်ပုံ ဘေးတဘက်စီ ရှင်မဟာကဿပ (ဘုန်းကြီးအို) ရုပ်ပုံကြီးနှင့် ရှင်အနာဒန္ဒာ (ရဟန်းပျို) ရုပ်ပုံများ တည်ထားပုံတို့ကို ဖူးရ

သည်မှာ ကြည့်လို့ မဝ မထနိုင်အောင်ပင် ရှိလှ၏။ ဘေးပတ်လည် လိုက်တွဲဝင်း နောက်ကျော ပထဲလည်တွင်ငင်း ဇာတ်နိပါတ်ပုံပြင် ရုပ်လုံးဘို့ကိုထု၍ ဆေးရောင်စုံခြယ်ထားပုံတို့မှာ အလွန် မျက်စိအရသာကို ဆဲ့ဆောင်ထား၏။ ရှေးကထုထား ပြုလုပ်သော ရုပ်လုံး ရုပ်ထုများ၏ သဘာဝကျပုံမှာ ယခုခေတ် ပန်းချီကားထက် ကောင်းလှပေ၏။ ဘုရားကြည်ညိုပြီးလျှင် စည်တီးရန် တုံးခေါက်ရန် စည်ကြီးနှင့် တုံးတခု ထားရှိရ၏။ အမျှဝေရန် လက္ခဏာထားရှိပေသည်။

အဓဆောင်ပတ်လည်တွင် တဆင့်ထက် တဆင့် (၄)ထောင့် အည်ထားလျက် အလယ်တွင် ပန်းပင်များ စိုက်ထားပြီး ပန်းအမျိုးမျိုးတို့ ပွင့်နေပုံတို့မှာအနုပညာက မခွာခြင်အောင် ကြည့်စရာ ကောင်းလှ၏။ ဥတုထူသီက မိုးကလေးတဖွဲဖွဲနှင့် တောင်ထိပ်မှ ရှုမျှော်ကြည့်ရာ၌ စိမ်းလန်းစိုပြေသော စိုက်ခင်းများ၊ ရေအိုင် ရေကန်များ၊ တော တောင်များ တည်နေပုံမှာ သာယာလှပေ၏။ ၎င်း ဘုရားကျောင်း (၂)ကျောင်း၌ မဟာယာန ဘုန်းတော်ကြီးများ (၃၀) ခန့်မျှ ရှိသည်ဆို၏။ ဘုန်းကြီးများမှာ သာသနာ့ဝတ္တရားလယ်မြေများကို ကိုယ်တိုင်လုပ်ကိုင် စားသောက်ရသည်၊ ကျောင်း တန်ဆောင်းတို့ကိုကား အစိုးရက ပြင်ဆင် ပေးသည်ဆို၏။ ဘုန်းကြီးများက ကျောင်းသားများအား စာသင်ပေးထုခမ်းဒဆောင်ကိုလည်း တွေ့ရသည်။ ဘုရား ရုပ်ပွား နတ်ရုပ် များမှာ တရုပ် ရှေ့မှောင်ထောင် တဝင်းဝင်းနေပုံ၊ တံခွန်လုံးကြီးများ ဆဲ့ထားပုံတို့မှာ ခန့်ငြားလှပေ၏။ ကုမင်းမြို့တွင် ဤသို့သော ဘုရားကျောင်း (၁၁)ကျောင်းမျှ ရှိသည်ဆို၏။ မြန်မာပြည်တွင် ရှေးချသည်

သက် ၌ရှောင် ကောင်းလှ ပေသည်။ ရွှေပ်ထု ရုပ်လုံးတို့မှာ မြန်မာ ပန်းပု ပန်းချီမျိုး မမှီနိုင်လောက်အောင် ကောင်းလှပေ၏။ တရုပ်အစိုးရက ဘာသာရေးကြည်ညိုမှုကိုကား မကန့်ကွက်ပါ၊ ဘာသာရေး အမှီပြု၍ လိမ်လည် အလှူခံခြင်း၊ ခုတုံးလုပ်ကာ ဝါဒဖြန့်ခြင်း တို့ကိုသာ အခွင့်မပြုဟု သိရသည်။

အနှစ် (၆၀၀) ကျော်က ကည်ရှိခဲ့သော ဤမဟာယာန ဂိုဏ်း ဘုရားကျောင်းမျိုး၊ မဟာယာနဂိုဏ်းဝင်တို့ ကိုးကွယ်သော ဘုရား ရုပ်ထု များကို မပျက် မစီးအောင် စောင့်ရှောက်ပေးသော အစိုးရနှင့် ပုဒ္ဓဘာသာဝင်များအား ခြိုးကျူးစရာ ကောင်းလှပါပေသည်။ ဝါတင်ရှန် တောင်ပေါ်မှ ရွှေမြောခင်းကြီးကို ကြည့်ပြီးလျှင် ရှရှားနိုင်ငံ သွားရမည့် ပုဒ္ဓဘာသာ မစ်ရှင်အဖွဲ့အတွက် ခရီးလမ်းတထောက် အပြီးပန်းကာ ရောက်လာရပုံ သံဝေဂ ကဗျာ လေးခွီးကြီး တပုဒ် ဖြစ်ပေါ် လာလေသည်။

## ရှရှားသွား မစ်ရှင်အတွက် သစ်လွင်သော သံဝေဂ ကဗျာ

## လေးခွီးကြီး

တံခွန်ထူဘို့ ခေတ်အခါတွင် ပြိုင်စံရှားစေတို့၊ ကွန်မြူနစ်ခေါ် နိုင်ငံတလွှားကိုလ၊ တလိုင်လိုင်ပွားစေဘို့၊ ငါတို့ ဘာသာ သာသနာ၊ (အိုကွယ်) မြိုင်မြိုင် ဆိုင်ဆိုင် သွားလာကြမှာတဲ့ ငါတို့ ဆရာဒကာ။ ။

သြော်....ကမ္ဘာတလွှားမှာလ၊ ထာရွားမှာနော် ဗဟိုဖြစ်ပါ
တဲ့၊ မော်စကို ထိုခရီးကိုဖြင့်၊ အလိုလိုငြီးတွားစရာ ဝေဟင်
နဘံက၊ လေယာဉ်ပုံ့ ဒေါင်းအသွင်စီးပြီးတော့၊ ကောင်း
ကင်ကြီးဝယ်တက်လာရပါပေါ့၊မသက်မသာမျက်နှာလေးရယ်
နဲ့! အသက်ဟာ ဘယ်နေမှန်းတောင် မသိပါဘူး၊ တကယ်လေ
ကြမ်းကာ မိုးရေဖွိုင်ဖွိုင်ကြားမှာလ၊ အဆိုးတွေက နိုင်မသွား
စေဘို့ ဘဝသံသရာ၊ (ကွယ်တို့ရယ်) တန်ခိုး အထွေထွေ တ
ဖွိုင်ဖွိုင်ထွားစေဘို့ ကမ္ဘာ့နိုင်ငံတကာ ။ ။

အမြင်မှန်စွာ ဆရာတကာ ကြုံလာကြပါတဲ့၊ မဂ်လာဒုံ
လေယာဉ် စခန်းရယ်မှ၊ ဝေဟင်လမ်း အဟုတ်ညီ အပျံကင်းပါ
တဲ့၊ တရုပ်ပြည် ကုမင်းမြို့ဆီသို့၊ တလှလှဆင်းပါရ ပဌမ ဆိတ်
ကမ်းလွှာ၊ ကမ္ဘာ့ တံဆိတ်တန်း ရှာတဲ့ တောင်သေလာ မြို့
သစုပါ့တကား၊ (ကွယ်တို့ရယ်) သာသနာ့ အရိပ် စခမ်းကြီး
သာစေဘို့ အောင်မြေ ပထဗျာ ဖြစ်ပါစေသား။ ။

အပျံကင်းက၁ ကုမင်း တောင်ရိပ်သာ၌၊ မှောင်အဝိုင်္ဂ၁
ပိတ်ကာသမျှ ရှင်းစေဘို့၊အောင်နိမိတ် ဘာဝနာ ဝိုင်္ဂလင်း
ပြီးတော့၊ ဝါတင်စူးဘုရားကျောင်းဆော်၌၊ အမျှားကောင်း
ရန် ဆုပတ္ထနာ တောင်းပါလို့၊ လွန်ခဲ့ရာအပေါင်း သိန်းသောင်း
မက ငွေးပြီးလျှင်၊ ငြိမ်းချမ်းရေး အဟုတ်ရပါ စေတော့လို့၊
ဗုဒ္ဓ၏ဓမ္မာ တရားကိုလ၊ ကမ္ဘာတလွှားမှာ အတည် အမှန်ပွားး
စေဘို့၊ ထေရ်"အရဟံ" အရှင် ပုဂံပြည်ကြွရောက်တဲ့ ထုံးလိုပ၊
ပြည်အမတံ ဝင်ရန် ရှင်ရှင်ကြည်ကြည် စိတ်က မပြတ်စောပြီး
လျှင်၊ သြော်.... စိုရုံ တိဋ္ဌတုရယ်တဲ့ သဒ္ဓမ္မော။ ။

## ကူမင်းမြို့မှ ပီကင်းမြို့တော်သို့

(၁၆-၉-၆၁) နေ့ နံနက် (၈) နာရီတွင် ကူမင်း လေဆိတ်မှ (စီအေအေစီ) ရန်ကုန်မှ လာသော လေယာဉ်ဖြင့်ပင် ဆက်လက် ထွက်ခွာ လာခဲ့ကြသည်။ နေရောင် လင်းလျှက်ရှိသည်တု သာယာနေသဖြင့် ကသိကအောက် ဒုက္ခမရောက်ကြဘဲ (၁၀) နာရီခွဲတွင် ချုံကင်းမြို့သို့ ဆိုက်ရောက်လေသည်။ ချုံကင်းမြို့သည် တောင်ပတ်လည် ဝိုင်းနေဖြင့် ရာသီ ဥတု မကောင်းပါလျှင် အဆိုးဆုံး ဒုက္ခနှင့် ကွဲကြုံကာ ဆင်းရဲ ရသည်ဟု ပြောကြ၏။ တနာရီခေတ္တ နားနေကာ ရာသီ ဥတု အခြေအနေ ဆက်လက် စုံစမ်းပြီးလျှင် သွားနေကျ ခရီးစဉ် ဖြစ်သော စီယန်မြို့ကို ရာသီ ဥတု ဆိုးသဖြင့် မသွားတော့ဘဲ ဥဟန်မြို့ဘက်ကို လှည့်သွားရသည်။ (၁၁) နာရီခွဲ ထွက်ရာ (၂) နာရီခွဲတွင် ဝူဟန်သို့ ရောက်သည်။ ဝူဟန်မြို့ကြီးသည် မြို့လည်တွင် မြစ်ကြီးတည်ရှိလျက် ခမ်းနားကြီးကျယ်လှသည်။ စစ်ကိုင်း တံတားနှီးပါလို့ တံတားကြီးပြုလုပ်ထားရာ နှစ်ထပ် ဖြစ်လျက် အောက်ထပ်မှ မီးရထား၊ အပေါ်ထပ်မှ ကားများ သွားလျက် သဘော်ဝများ မြစ်တွင်း ခုဝင်မောင်းလျှက် ရှိပုံ မြင်ရ၏။ ဝူဟန်တွင် (၁) နာရီ နားပြန်သည်။ (၃) နာရီခွဲ လေယာဉ် ထွက်ပြန်ရာ ည (၇) နာရီတွင်မှ ပီကင်းမြို့တော် လေဆိတ်သို့ ရောက်ကြသည်။ ရာသီဥတု ကောင်းသောဘက်မှ လှည့်သွားရ၍ တနာရီ လေယာဉ်ဒုံချိန် ပိုစီးရသည်။ အတွင်းရေးမှူး ဦးသာဝင်းသည် လေယာဉ်အခြိန် ပိုစီးရသောကြောင့် အောက်ပါ ကဗျာပုဒ်ကို ဖော်ထုတ်စပ်ဆိုလေသည်။

## လေယာဉ်ကြော ကဗျာ တိုချိုး

လေယာဉ်ရယ်တဲ့ ပြန်လေသည်၊ ပီကင်းခေါ် မြို့တော်ကြီး နှီးလာခဲ့ပြီ။ ။ချုံကင်းမှသည်၊ ဝူဟန်ဆီလက်ချိုး။ ။ဥတုရာသီ ပိုးရယ်ကြောင့်၊ ပြန်သည့်ချိန်တိုး။ ။

ပီကင်းလေဆိတ်သည် အလှန်ကြီးမားလှ၏၊ အဆောက် အဦးမှာအသစ်ဖြစ်နေ၍ ကြီးကျယ်ခန့်ငြားလှသည်။ ညွှန်ခမ်း ကြီးများ ဆိုဖါကုလားတိုင်ကြီးမျဲ့မှာ ခန့်ငြား ကြီးကျယ် တင့်တယ် လှပေ၏။ ကျွန်ုပ်စို့ မစ်ရှင် အဖဲ့အား ကွမ်ကြည် ကျောင်းမှ ဘုန်းတော်ကြီးနှင့် ဗုဒ္ဓဘာသာအဖဲ့ ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက လာကြိုပြီးလျှင် ညွှန်ခမ်း ဆောင်၌ ညစာ ကျွေးခဲ့ကြ ခေတ္တ နားနေရသည်။ လေ ယာဉ် စီးရသောအခါ၌ (၉) နာရီဖြစ်နေ၍ အပန်းဖြေရန် နားစနကြရသည်။ လေယာဉ်ပျံ ကွင်းတွင် စလယာဉ်ပျံတို့ ဆိုက်ထားသည်မှာ ဗျိုင်းငှက်တွေ့ ကျနေဘိသည့် အလား ထင်မှားစရာ ဖြစ်ပေ၏။

ပီကင်းလေဆိတ်မှ မြို့တွင်းသို့ မိုင် (၂၀) ကျော် ဝေးလေ သည်။ လမ်းမကြီးကား သမံထလင်း ကွန်ကရစ် ခင်းထား၍ ကျယ်ပြန့်လှ၏။ လမ်းဘေး တဘက်တချက် စိုက်ထားသော ထင်းရှူး ပင်များမှာ လှုပပါပေသည်။ စိမ်းလန်း စိုပြေသော ဟောခင်းများနှင့် စက်မှုလက်မှုစက်ရုံ အဆောက် အဦးများ၊ ဆိုရိပ်သာ တိုက် တန်းလျားများကို ကားပေါ်မှ မြို့တွင်းဆို လာရင်း ကြည့်ရသည်မှာ ပီတိဖြစ်လှသည်။ မြို့တွင်း ထောက်

စသာအခါ ရန်ကုန် ပြည်လမ်းမကြီးထက် (၄)ဆကျယ်သော လမ်းမ ကြီးကိုဂင်း၊ လမ်းဘေး တဘက်တချက်တွင် စီတန်း စိုက်ထားရှိ ကနက္ကဒန်ထီးသဏ္ဌာန် ခွန်တက်နေသာ ထင်းရှူးပင် တန်းမျှား ကိုဂင်း မြင်ရသဖြင့် မျက်စိပသာဒ ရှိလှုပ်သည်။

ကျွန်ုပ်တို့အား ဟော်တယ် အကြီးဆုံးတို့တွင် တခုအပါ အဝင် ဖြစ်သော အသစ်ဖြစ်သော (၆)ထပ် ရှင်ခြောင် ဟော်တယ်ကြီးတွင် အစိုးရ ည့်သည် တော်အဖြစ် နေရာ ချထားပေးသည်။

## ပီကင်း ညှဉ်ပဲကြီး

(၁၇-၆-၆၁) နေ့တွင် ဗုဒ္ဓဘာသာ အဖွဲ့ချုပ်မှ နေ့လည်စာဖြင့် ညှဉ်ခံကျွေးမွေးသည်။ ကွမ်ကြည်ကျောင်းမှ ဘုန်းကြီး [၂] ပါးနှင့် အခြားကျောင်းမှ ဘုန်းကြီး [၁] ပါး၊ ပီကင်းမှ ဘုန်းကြီး [၃] ပါးနှင့် မြန်မာ ဘုန်းကြီး [၁] ပါး (ဘုန်းကြီး [၇] ပါး) ဗုဒ္ဓဘာသာ အဖွဲ့ကြီးမှ လူကြီးများ၊ အစိုးရ ကောင်စယ် ဘာသာရေး ဌာန ညွှန်ကြားရေးဝန် တရုပ် မြန်မာ ချစ်ကြည်ရေး အဖွဲ့ဝင်လူကြီးများ ပါဝင်ကြသည်။ တရားဝန်ကြီး ဦးချန်ထွန်းက တရုပ်ပြည်မှ အံ့တော်မြတ်မြန်မာပြည်လာရောက်ချိန်မှစ၍ ဘာသာရေး စိတ်ဓာတ်မှ မေတ္တာစိတ်ဓာတ် ကိန်းဝပ်လာ၍ ချစ်ကြည်ရေး ခိုင်မြဲပုံကိုဂင်း၊ နိုင်ငံရေး ခေါင်းဆောင်ကြီးများ တဘက်နှင့် တဘက် အမြှောအမြင်ကြီးစွာ ဆက်ဆံမှုကြောင့် ချစ်ကြည်ရေး

တိုးတက်လာပုံ၊ မြန်မာနှင့် တရုပ်တို့မှ ဆွေမျိုးရင်းချာ ပမာ ရာဇဝင်အဆက်ဆက်မှ ဆင်းသက်လာပုံ စသည်များကို ပြော ဆို၍ တရုတ်မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေဟု ဆုတောင်း ကြကာ ထမင်းစားပွဲကြီးကို ကျင်းပကြသည်။ ကျွန်ုပ်တို့မှာ ဘုန်းကြီးခြင်း ပြောဆိုကြ ရယ်မောကြလျက် ဟင်းသီး ဟင်း ရွက် သက်သတ်လွတ်များ စားသုံးကြရသည်မှာ ကောင်းလှ ပေ၏။ ကျွန်ုပ်သည် ဗုဒ္ဓဘာသာ အဖွဲ့ဝင်တို့အား ဂုဏ်တော် ပုတီး တကုံးစီ မေတ္တာလက်ဆောင် ပေးခဲ့သည်။

## ကွမ်းကြည် ဘုရားကျောင်း

ညနေ(၄)နာရီတွင် ကွမ်းကြည် ဘုရားကျောင်းသို့ သွား ရောက် ကြည့်ရှုကြ လေသည်။ အုင်္ဂတံတိုင်းကြီး ပတ်လည် ဝိုင်းကာ ပိကင်းမြို့လည်တွင် တည်ရှိသည်။ ရှေးကဘုရင်များ ကိုးကွယ်သော ကျောင်းဖြစ်သည်။ ကမ္ဘာကျော် တရုပ် ရဟန်းတော် ဖာဟီယန် အိန္ဒိယ နိုင်ငံနှင့် သီဟိုဠ်ကျွန်းမှ ဘုရားဖူးလှည့်လည်၍ ပြန်လာချိန်တွင် တည်ဆောက်သော ဘုရားကျောင်း ဖြစ်သည်။ အလယ်က ဘုရားရုပ်ပွားတော် ကျိန်းဝပ်ရာ ဂန္ဓကုဋီဘုင် အလယ်ပလ္လင်များ၌ ကဿပဘုရား ဂေါတမဘုရားရုပ်ပွားနှင့် ပုဉ်မည့်အရိုမေတ္တေယျ ရုပ်ပွားတော် သားပုံ၊ ဘုရားရုပ်ပွား ဘေးတို့တွင် အရှင်မဟာ ကဿပနှင့် ချင်အာနန္ဒာ ရုပ်ပွားများ မတ်ရတ်ပုံများဆာည်ထားပုံ၊ ဘေး ဘာဘက် တချက်စီ ရဟန္တာ ရုပ်ပွား(၉)ဆူစီ တည်ထားပုံ၊ ဘုရားကျောဘက်မှ နတ်ရုပ်များဆေားပုံ၊ တံခွန်လုံးကြီးများ

စသည် ဆဲထားပုံ ဘုရားဝတ်ပြုရာ နေရာတို့တွင် ပိုးဖဲမျှား ဖုံးထားသော ဖုံမျှားထားရှိပုံ ရှေ့ရောင်ဝင်းနေသော ရွှမ်ပွဲား မျှားကို ဖူးတွေ့ရသည်မှာ အလွန် ကြည်နူးဘွယ် ရှိလှ၏။

နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ ပြတိုက်တခုတည်ထားလျက် ဘေးဘက်တွင် ဗုဒ္ဓဘာသာအဖွဲ့၏ ဌာနချုပ် ညွှေ့ခံရာ ခန်းမဆောင်၌ ကော်ဇောနီကြီးများ ခန်းလုံးပြည့်ခင်းလျက် ဆုံဖာကုလားထိုင်ကြီးများဖြင့် တခမ်းတနားထားရှိကာ ညွှေ့ခံကြသည်။ ထိုပြတိုက်တွင် ကျွန်ုပ်သည် သာရသင်္ဂဟ အင္ဂကထာ ဘာသာပြန် ကျမ်းကြီးနှင့် သင်္ဂန်းသပိတ်များ ထည့်သွင်းထားကဲ့သည်။ ဤခရောင်းတိုက်ဘုန်းကြီး(၂)ပါးမှာ ဗုဒ္ဓဘာသာ အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဖြစ်လျက် ရေျာင်းတိုက်ကို အဖွဲ့က စီမံအုပ်ချုပ် ထားလေသည်။ ဘေးပတ်လည်တွင် ကျောင်းဆောင်များ ဝိုင်းဆင်း၏။ ပန်းခြံများ ပန်းအိုးများဝှင် ပန်းပွင့်နေပုံများ၊ အစီအရီထားရှိသော ပန်းဆိုင်းများမှာ ကြည့်လို့ မည်းဘွယ် ရှိလှ၏။ ကျောင်းဝတွင် ကျောက်စာကျောက်တိုင်ကြီးများ စိုက်ထူလျက်ရှိလေသည်။

## ပီကင်းဘဲကျော် ကမ္ဘာကျော်


ပီကင်းမြို့ရောက်သော သူသည် ပီကင်းဘဲကျော် မစားရလျှင် ပီကင်းရောက်ကျိုးမနပ်ဟု ပြောစမှတ် ရှိပေသည်။ ကျွန်ုပ်အား သံအမတ်ကတော်ကြီးက ဆရာတော်ပီကင်း ဘဲကျော် စားဘူးအောင် ဆိုပြီး ပီကင်းဘဲကျော်ကို ကပ်လှူပေသည်။ ပီကင်းဘဲကျော်ဆိုသည်မှာ ရက်ပေါင်း (၁၀၀)တိတိ

အေးမြလှသော ဥယျာဉ်အတွင်း၌ ဘဲကလေးကို အဖိုးတန် ပန်းသီး သပျက်သီး စသည်တို့ကို ကျွေးလျက် နေပျောက် မဆိုးအောင် မွေးထားပြီးမှ ပုံသကူပြုလုပ်ခါ မီးငွေ့နွေးနွေး ဖြင့် ဖြေးဖြေး ဆေးဆေး ကင်ခါ ထောင်းသော ပီကင်းဘဲ ကျော် ဖြစ်ပေသည်။ တရုပ်ပြည်၌ ဗုဒ္ဓဘာသာ များသည် သကဿတ်လွတ် စားကြပေသည်။ ဘုန်းကြီးများ အဖို့မှာ သားငါး မစားကောင်းဟုပင် အယူရှိပေသည်။ အကယ်၍ ဘုန်းကြီးဝတ်လျက် သားငါး စားပါမူ ဘီလူး ငရဲ့ သဘက် လောက် ထင်မှတ်ပေသည်။ ကျန်ုပ်မှာ မြန်မာပြည်မှ ထွက် ခွါ လာခဲ့ရသော လေယာဉ်ပျံ ပေါ်မှစတင်၍ သက်သတ် လွတ်နှင့် တိုးခနရပေရာ သံအမတ်ကြီး အိမ်တွင် မြန်မာ ဆွမ်းဟင်းများနှင့် ဘုန်းပေးရသည်ကိုကား မေ့နိုင်ဘွယ် မရှိအောင် ကောင်းလှပါပေသည်။


## ဝက်စတင် စေတီတော်ကြီး

(၁၇ ဖ ၆၁)နေ့ နံနက် (ဂ) နာရီအချိန်တွင် ပီကင်းမြို့နှင့် (၁၅) မိုင်လောက်ကွာဝေးသော ဝက်စတင် တောင်တန်း တွင် ဗုဒ္ဓဘာသာ အဖွဲ့ချုပ်မှ ကြီးမှူး၍ အစိုးရက လှူဒါန်း သော ငွေ သိန်း(၃၀)ကျော်ဖြင့် ဆောက်လုပ်နေ၍ ပြီးလု ဆဲဆဲ ရှိသည့် စွယ်တော် တည်ထားရန် ဂန္ဓကုဋီ အပါအဝင် ဘုရား စေတီတော်ကြီးသို့ သွားရောက် ဖူးမျှော်ရာ ပြော၍ မယုံကြည်နိုင်စရာ ခိုင်ခန့် ကောင်းမွန် ထူးချွန်လှသော တရုပ် ပုံ စေတ်တော်ပုံကို ဖူးမြင်ကြရ ပေသည်။ သူတို့အဆိုက

အမေရိကံများ ဖျက်ဆီးသွားခြင်း ပြန်တည်ရသည်ဟု ဝါဒ ဖြန့်နေရာ အထိုက်နာလှပေသည်။ ပထမစေတီဟောင်း နေရာတွင် အမေရိကံတို့ ဖျက်ခြင်းပျက်နေသည်ဟု စာတန်း ရေးခြင်းပြထား ပေသည်။



ဗုဒ္ဓဘာသာ အဖွဲ့ချုပ်မှ သီန်း ၃၀ အကုန်ခံ၍ တည်ဆောက်ထားသော ဝက်စတင် စေတီတော်ကြီးပုံ



မြတ်စွယ်တော် ကိန်းဝပ်ရာ ဧရာ ပီဿားရှိ
ရွှေကြုပ်တော်

ဘုရားစေတီတော်ကြီးမှာ ဝက်စတင် တောင်တန်းဘေး တွင် တည်ထားရာ ကြည့်လို့ ပဏာဂရှိလှပေသည်။ လှိုင်ဂူထဲမှ လှည့်၍ အပေါ်ထပ်မျှားသို့ တက်ရန် လှေခါးရှိပေသည်။ လှေခါးမှာ ကျောက်သလင်းမျှားကို ပြုလုပ်ထားရာ ခိုင်ခန့် လှပေသည်။ အထက်ဆုံးထပ်တွင် ဘုရားရုပ်ပွါးတော်မျှား တည်ထားခြင်း ဒုတိယ အထပ်မှာ တရားစာပေကျန်းဂန်မျှား တည်ထာခြင်း တို့ကို ပြုထားပေသည်။ အောက်ထပ်ဝင်လျှင် ဝင်ခြင်း ဖူးမြင်ရန်ထာသည်မှာ ဧရာ ပီသာရှိသော ရွှေသား အစစ်နှင့် ပြုလုပ်ထားသော ရွှေကြုပ်နှင့် ပူဇော်ထားသော ဗုဒ္ဓ၏ စွယ်တော်မြတ်ပင်ဖြစ်ပေသည်။ တရုတ်ရာဇဝင် အစဉ် အလာ အရ တရုပ်ဘုရင် ဦးတည်ဘွား လက်ထက်က စ၍ ဘုရင်အဆက်ဆက်တို့ ကိုးကွယ် ဆည်းကပ် ပူဇော် လာခဲ့ကြ သော ဗုဒ္ဓစွယ်တော်မြတ်ပင် ဖြစ်ပေသည်။

## တရုပ်ပြည်တွင် မြန်မာဆွမ်း

(၁၈ ၆ ၆၁) နေ့တွင် နေ့ဆွမ်းကို မြန် ၁ သံအမတ်ကြီး ဗိုလ်ချုပ်ကျော်ဝင်းနှင့် သံအမတ် ကထော်ကြီးတို့က ကမ်လှူကြပေသည်။ မြန်မာလူမျိုးအိမ်တွင် မြန်မာစစ်စင်တို့က မြန်မာလို ဆက်ကပ်လှူဒါန်းသော ဆွမ်းကိုစားရသဖြင့် ဝမ်းသာ အားရ ကျေနပ်လှပေသည်။ မြန်စကားမျှားကို ပြောဆိုကြ လျှက် တရုပ်ပြည်၏ အရှေ့ကြောင်း အရာမျှားကို မေးမြန်း သုတေသနပြုခဲ့ရပေသည်။ သံအမတ်ကြီးကတော် ၂ ဖျာပုံမြို့မှ ကျောင်း ဒါယကာကြီး ဦးထွန်း၏ သမီးရင်း ဖြစ်ပြီးလျှင်

ကျွန်ုပ်တို့ ဝိပဿနာ ယောဂီအဖွဲ့ဝင် တပည့်ရင်း ဖြစ်နေ၍ လွန်မင်းစွာ ဝမ်းသာအားရ ဖြစ်ခဲ့ရသည်။

(၁၈-၆-၆၁)နေ့ ၂နာရီ အချိန် ပီကင်းမြို့ အလယ် ဗဟိုရှိ တွင် တည်ရှိသော BUDDHIST ACCADMY ဗုဒ္ဓဓမ္မတရား အကယ်ဒမီ ခေါ် ဗုဒ္ဓဘာသာ ကျောင်းသို့ သွားရောက်လည်ပတ်ကြသည်။ ထိုကျောင်းသည် ဗုဒ္ဓဘာသာ ဗဟိုရှိအဖွဲ့ချုပ်က အုပ်ချုပ်ထားသော ကျောင်းဖြစ်သည်။ ကျောင်းအုပ်ဘုန်းတော်ကြီး လက်ထောက်ဘုန်းကြီး ၂ ပါးနှင့် စာပြုပုဂ္ဂိုလ် ၃ ပါး စသင်သား တရုပ်ရှုဟန်းတော် ၉၀ ရှိသည်ဟု သိခဲ့ရသည်။ ကျွန်ုတို့ ရောက်ရှိသော အချိန်၌ စာချုပ်ဂိုလ်က မတ်စာပ် ရုပ်လျက် တရုပ်ဗုဒ္ဓဘာသာ ဘေဇကို သင်ကြားနေရာ တရုပ် မဟာယာန ရဟန်းပေါင်း ၈၄ ပါးတိတိ မြင်ခဲ့ရပေသည်။ မေးမြန်း ကြည့်ရသောအခါ ဝိနည်းကို သင်ကြားနေသည်ဟုသိရသည်။ စာသင်သားများက ကုလားထိုင် စားပွဲနှင့် သင်နေကြ ပေသည်။ ဗုဒ္ဓဘာသာ အစစ်တွေ့မှု ဟုတ်ပမလား၊ ငါတို့လောခြိန်ရောက်မှ တမင်တကာ ဆင်ပြင်ထား ခြင်း ပေလောဟု သံသယဖြစ်မိပေသည်။ သို့ရာတွင် ကတုံးပြောင်ပြောင်တွေ့ကရင်း၊ ဦးခေါင်းတွင် တဝါရ နှစ်ဝါရ အာထိမ်း အမှတ်အဖြစ်ဖြင့် ဖယောင်းတိုင်နှင့် ဘုရားမီး ပူဇော်ရစသော အမာရွတ်ကလေးများကရင်း သက်သေခံရှိပေသော ကြောင့် ယုံရပေသည်။

ထိုဗုဒ္ဓဘာသာ သိပ္ပံကျောင်းကြီးမှာ ရှေးဟောင်း ဗုဒ္ဓဘာသာ ကျောင်းကြီးတခုဖြစ်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း

၁၂၀၀ က တည်ဆောင်ခဲ့သော ဖါယွတ်ခေါ် ကျောင်းတော်ကြီးဖြစ်ပေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀၀ ကျော်ကထပ်မံဖြင်ဆင်ထားပြီးလျှင် ကျောက်စာတိုင်ကြီးမှာရေးထားသော ကျောက်စာများက သက်ဒသခံလျှက်ရှိပေသည်။ အလယ်ကဘုရားဆောင်ကြီးတည်ထားလျက် ဘေးပတ်လည်မှ ကျောင်းတော့ ဝိုင်းခါ တည်ဆောက် ထားသည်။ ပိဋကတ် တိုက်နှင့် ညှော်ခံဆောင် များကိုလည်း တခင်းတနား တည်ထားလေသည်။ ဘုရားဆောင်ကြီးတွင် အလယ်မှ ကဿပ, ဂေါတမ, အရိမေတ္တေယျ ဘုရား ၃ ဆူ တည်ထားလျက် ဘေးမှ ရဟန္တာရုပ်ပွား ၁၀ ဆူဖြင့်တည်ထား ံမှာ ကြည့်ညိုဘွယ်ရာ ကောင်းလှ ပေသည်။ ပူဇော်ထားသော တံခွန်လုံးကြီးများမှာလည်း အလွန်ပဏာရလှပေသည်။ ဘုရားဝတ်ပြုရန်နေရာတို့မှာ ကတိ ပါ အနှီကြီးများ ခင်းထားခြင်း ထူးထောက် ရှိခိုးရာ တို့၌ ကတိပါဖုံများကို ထားပုံတို့မှာ ကြက်သရေရှိလှ ပါပေသည်။ ပူဇော်ထားသော အမှေးတိုင် ဆီမီးဖယောင်းတိုင်တို့မှ သင်းပျံ့ ကြိုင်လှိုင်သော၊ ရနံ့တို့ဖြင့် အေးအေးလူလူ မွေးကြူလျက် ရှိရကား ရှင်အားဖြိုးဝေ ပိတိတွေ့ တလှိုင်လှိုင် ပွားခဲ့ ရပေသည်။

## ပီကင်းမြို့ဝယ် အံ့သြဘွယ်

တရုပ်ပြည်၏မြို့တော် ပီကင်းမြို့ကြီးမှာ ကမ္ဘာတွင်အကြီးဆုံးမြို့တွင် အပါအဝင်ဖြစ်၏။ ရှေးကတည်ရှိခဲ့သော မြို့ရိုးနှင့် ဂိတ်အဝင် တခါးကြီးတို့ မှာလည်း ယခုတိုင် ရှိသေးသည်။

မြို့လယ်တွင် တည်ရှိသော နန်းတော်ကြီးမှာ ၁ မိုင်ပတ်လည် ကျယ်ဝန်းပေသည်။ မြို့ရိုးကြီးဝိုင်းခါ တံတိုင်းကာလျက် အာလွန် ခမ်းနားပေသည်။ ဘုရင့်အိပ်ဆောင်, ညွှန့်ခံဆောင်, ညီလာခံဆောင်, မိဖုရားဆောင်, စသောအဆောင်ဆောင် အာခမ်းခမ်းတို့မှာ ဆန်းပြားလှပေ၏။ ပန်းညွှန့် ပန်းတက် ပန်းခက် ပန်းပုတို့ဖြင့် အဆန်းဟူသမျှ စုထားသလိုပင် တင့်တယ်လှပေသည်။

ဘုရင့်နေရာသီ စံနန်းတော်ကြီးမှာလည်း တဘက်က ရေကံကြီး တဘက်မှ တောင်တန်းတွင် တည်ထားရာ အလွန် ခမ်းနားဘင့်တယ်၍ ရှုခြင်ဘွယ်ရှိလှပေသည်။ တောင်အဆင့်ဆင့်တွင် အဆောင်အဆင့်ဆင့် ထားရှိပြီးလျှင် တောင်ထိပ်က မြောင်စဉ်ကြီးမှာလည်း တခမ်းတနားပင်။ ရေလယ်တွင် တည်ထားသော လေညှင်းခံ အဆောင်မှာလည်း အနှံရောင် ရွှေရောင်တဝင်းဝင်းတို့ဖြင့် ကြက်သရေမင်္ဂလာရှိလှပေသည်။ စံနန်းတော်ဝင်း အတွင်းရှိ ဥယျဉ်ပန်းခြံတို့မှာလည်း ကြည်နူးသာယာ ရှိလှပါသည်။ လှေယဉ်များဖြင့် ရေလယ်သို့ သွား၍ လှော်ခတ်ခါ ပျော်နေကြသူများ ဥယျာဉ် ပန်းခြံတည်းတွင် အပန်းဖြေနေသူများ အဆောင်ဆောင် အခမ်းခမ်းသို့ မှောင်တန်း လှည့်လည်ကြည့်ရှုသူတို့ကား ပြည့်ကြပ်လျက် ရှိပေသည်။ အဆောင်တိုင်း အခမ်းတိုင်း ငြံ့နှံလျောက်ထား စောင်းတန်းများမှစ၍ အဆောက်အဦးအားလုံးတို့မှာ မျက်စိ အရသာ ဆဲ့ဆောင်လှသော ပန်းပုလက်ရာအမျိုးမျိုး ဆေးချယ်ထားသော ပန်းချီလက်ရာအမျိုးမျိုးတို့မှာ အနားက မခွါချင်အောင် ကောင်းမွန်လှပေသည်။

## ပီကင်း (စ်) ဒုလုံး

ပီကင်းရောက်သူသည် (ဒီ) ဒုလုံးကို ဆီရသည်။ ဒီဒုလုံး မသိလျှင် ပီကင်းရောက်ကျိုးမနပ်ဟု ပြောစမှတ်ပြုကြသည်။ ထို(ဒီ)ဒုလုံးမှာ

DUCK (ဒပ်ခ) ဝမ်းဘဲကင်
DUST (ဒပ်စတ) ဖုံမှုံ
DOG (ဒေါ့ဂ်) ခွေး

ပီကင်းဘဲကျော် ကမ္ဘာကျော်ဖြစ်နေသည်။ ပီကင်းဖုံထမှုံမှာ ဖြစ်ခြင်လျှင် ချက်ခြင်း ဖုံမုံတိုင်း ထလာသည်။ ၎င်းကို ဆီရအောင် ကြုံဘူးရမည်။ ပီကင်းခွေးမှာလဲ ကမ္ဘာကျော်လူတိုင်း ကျိုက် ဖြစ်ပေသည်။ ကျန်ုပ်တို့မှာ ပီကင်းဘဲကျော် တခုကိုသာ ကြုံတွေ့ခဲ့ရလေသည်။

**တ**ရုပ်ပြည်သည် ကွန်မြူနစ်ဝါဒလက်ခံ၍ ကွန်မြူနစ် စနစ် အရ တိုင်းပြည် ပြန်လည်ထူထောင်ခဲ့ရာ ၁၀ နှစ် ကျော်ခါမျှ ရှိသေးသည်။ ထို ၁၀ နှစ်မြောက် အထိမ်းအမှတ် အဖြစ်ဖြင့် စနမူနာ ပြခလောက်သော အဆောက်အဦးကြီး ၁၀ ခု တို့မှာ စံနမူနာပြသာဓကအဖြစ်ဖြင့် ကမ္ဘာလူထု၏အရှုခံ အဆောက် အဦးတို့ ဖြစ်ခဲပသည်။ ထိုအဆောက် အဦးကြီ ၁၀ ခု တို့ထဲင် ပါလီမန် အဆောင်အဦ ကြီးတခုကိုသာ ကျန်တို့သွားရောက် ကြည့်ရှု ခဲ့ရသည်။ ပါလီမန် ညှဉ်ခမ်း ခမ်းမဆောင် တခုမှာ ပေ ၃၀၀ ပတ်လည်ရှိ ပြီးလျှင် ပေ ၃၀၀ ပြည့် ခမ်းလုံးပြည့်

ကတိပါကော်ဇောကြီးမှ တခုတည်းဖြစ်နေ၍ ဘယ်သို့ ယက်လုပ်ပါသနည်းဟု အဲ့ချီး မကုန်နိုင်အောင် ရှိပေသည်။ ပြည်နယ် အလိုက် ခမ်းမဆောင်းကြီးတို့ ပြုလုပ် ထားသည်မှာ တအုံတသြပြန့်ပြောမကုန် ဂုဏ်ပေါင်းစုံသော ခမ်းဆောင်ကြီး ဖြစ်ပေသည်။ ၁၀ နှစ်မြောက် အထိမ်းအမှတ်အတွက် စံနမူနာ ပြ အဆောက် အဦကြီး ၁၀ ခုဘို့မှာ

၁။ ။ပြည်သူ့ပါလီမန် လွှတ်တော်ကြီး။

၂။ ။ရာဇဝင်သမိုင်း ပြတိုက်ကြီး၊

၃။ ။မီးရထား ဘူတာရုံကြီး။

၄။ ။အလုပ်သမားများ အားကစားကွင်းကြီး။

၅။ ။စစ်ဘက်ဆိုင်ရာ သမိုင်းပြတိုက်ကြီး။

၆။ ။လယ်ယာ စိုက်ပျိုးရေး ပြတိုက်ကြီး။

၇။ ။လူမျိုးစု ပြတိုက်ကြီး။

၈။ ။လေယာဉ်ပျံ ကွင်းကြီး။

၉။ ။ကြေးနန်း ရုံးကြီး။

၁၀။ ။ရုပ်မြင်သံကြားအသံလွှင့်ရုံကြီး တို့ ဖြစ်ပေသည်။

တရုပ်ပြည်ပီကင်းမြို့၌ ကြည့်ရော ရှုစရာတို့ကို ကြည့်ရှုခြင်း ဘုရားပုထိုးဖူးမြော်ခြင်း စသောကိစ္စတို့ကို ပြုပြီးလျှင် ကျွန်ုပ်သည် အောက်ပါ သံဝဂ လေးချီး ကဗျာပုဒ်ဖြင့် ရှုးရိုးဆရာ ၂ားအလိုက် စပ်ဆိုမိသည်မှာ ဤသို့ပေတည်း။

## တရုပ်ပြည်ဘဲ့ ကဗျာ လေးချိုးကြီး

အတည်မည်းစရာ ကမ္ဘာသို့ပြခြင်လို့၊ ပီကင်းကို ဆရာတို့ကြွစဉ်က၊ အလီလီရှင်းလင်းစွာ သဒ္ဒါမချို့စရာပေပါ၊ (ကွယ်တို့ရယ်) သာသနာ ဘာသာတို့ရယ်က၊ ရှိနေတယ်။ ။

အများ ကဲ့ခြင်းအောင်လို့၊ ဘုရားကျောင်းဆိုတာ ၃ ခု ဧတ္တခဲ့ပါရဲ့၊ တခုသော ဘုရား ကျောင်းတော်၌၊ အများ အပေါင်းနော်တရုပ်ဗုဒ္ဓဘာသာရဟန်းရှစ်ဆယ်ကျော်တို့က အပြစ် အသွယ်သွယ် ကင်းအောင် ဆုပ်ပြတဲ့၊ ဗုဒ္ဓ၏ ဝိနည်း တရားကိုလ၊ အသိမမှားအောင်သင်ပြနေပုံတို့ရယ်၊အထင်ကရ မြင်ခဲ့တယ်။ ။

ဝက်စတင် တောင်ခြရင်းမှလ၊ တဘက်တွင်အမျောင်တွေ့ကြင်းစေဘို့၊ အရောင်တွေဝင်းခါ ဗုဒ္ဓစေတီကြီးကိုလဲ၊ ဒ ဟုပ်ပ အသရေမငြိုးအောင်၊ သိန်းသန်း အကုန်ခံ၍ ကိန်းခမ်းတွေ့ အဖုံဖုံတကယ်ပြပြီးလျှင်၊ အပါယ်ကကင်းအောင်တည်ထောင် ထားခြေပေါ့၊ မြည်ဘောင်တလွှားအပူဇော်ခံနေတဲ့၊ တဆူနော် အရဟံ စွယ်တော်မြတ်ကိုလ၊ တကယ်နော်မှတ်ခါ ဥဘပနာ ဘို့လုပ်ထားတယ်၊ အဟုတ်ပဋိးစေဘို့၊ ဂေါတမရဲ့ သာသနာ ဘာသာတရား၊ (ကွယ်တို့ရယ်) အလုပ်မမှား စေဘို့၊ ပြောပြုပါရစေတော့၊ ကမ္ဘာ့ ကမ္ဘာတလွှား။ ။

ကြားမြင်စရာ၊ ဘုရားရှင် ဘဂဝါ၏၊ သာသနာ အထူးစည်ကားစေဘို့ ဦးတည်ဘွား တရုပ်ဘုရင်ရှိစဉ်က၊ အဟုတ်

ပင် စွယ်တော်မြတ်ကိုလေ၊ တကယ်နော် အမြတ်ထားခါ ကိုးကွယ်ပုံကဲ့သို့ တံခိုးအသွယ်သွယ်စုံအောင်၊ တရုပ်တွေလုပ်နေကြပြီပေါ့၊ ဒုက္ခတွေ အကုန်ကင်းအောင်လို့ ဘုံအတွင်း တရုပ်ပြည်၌၊ အဟုတ်ထည်တဲ့ သာသနာကြောင့်၊ ဒါယကာတွေ အထက်စခန်း ပေါက်ပြီးလျှင်၊ မင်္ဂလာကြီးထောက်ကြပါစေတော့လို့၊ ဆရာကဝေ၊ ဂါထာတွေ သရဇ္ဈာယ်ပြီးပြီးတော၊ အာပါယာတွေ တကယ်ကင်းကြ ပါစေသတည်းဟု ( တပည့်တို့ရယ်) ငါဆရာ မထေရ် ဘာဝနာတွေပွါးပြီးလျှင် ကမ္ဘာ မကျေအောင်၊ အခါခါလေ ဆုတောင်းခဲ့လေပြီတကား ။။ ။။

## ရုရှား နိုင်ငံဘက်သို့ ထွက်ပြေ

(၂၀-၆-၆၁)နေ့ နံနက် (၅)နာရီခွဲတွင် ပီကင်းမြို့ ရှင်းချောင် ဟော်တယ်ကြီးမှ ထွက်လာ၍ (၆)နာရီတွင် လေယာဉ်ပျံကွင်းသို့ ရောက်ကြသည်။ ဗုဒ္ဓဘာသာအဖဲ့ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တကွ ကွမ်းကြည်ဘုန်းစောင်ကြီးပါ လိုက်ပို့ကြသည်။ ဆိုဗီယက် ကျက် လေယာဉ်ပျံကြီး (CCCP) လူ ၁၀၀ နီးပါးတင်ဆောင်နိုင်၏။ (၆)နာရီ မိနစ် ၅၀တွင် ထွက်ရန် ဖြစ်သော်လည်း အနည်းငယ် စက်ချို့ယွင်းသဖြင့် ပြင်နေ၍ (၁၁)ရီခွဲတွင် ထွက်ရာ နေ့လည် (၂) နာရီတွင် (အိရွက်)ခေါ်သော ဆိုဗီယက်နယ်ခြားမြို့သို့ ရောက်ကြသည်။လေယာဉ်ကွင်းလည်းကြီးကျယ်လှ၏။ လေယာဉ်ပျံတွေသည်း ပြည့်နှက်လျက်မြင်ရသည်။ ဆိုင်ဘေးရိုးယားနယ်တွင်း

သို့ ဝင်လာပြီ ဖြစ်ရကား လေယာဉ်အဆင်းတွင် ခိုက်ခိုက်တုန်အောင် အေးမြလှ၏။ ဘူရိယတ် ပြည်နယ် လက်ထောက်သာသနာပိုင် ဘုန်းတော်ကြီး (၄)ဦးနှင့် လောကဓာတ် ဆရာတဦး၊ စကားပြန်တဦး၊ ဆိုဗီယက်အစိုးရ ဘာသာရေးကောင်စီ ညွှန်ကြားရေးမှူး လာရောက်ကြိုဆိုကြသည်။ လေယာဉ်ပျံရုံးကြီးမှာလည်း ကြီးကျယ်ခန့်ငြားလှပေ၏။ အထူးညွှန်ကြားရေးမှူး သို့ ခေါ်ယူကာ အနှားယူစေပြီး နေ့လည်စာဖြင့် ညွှန်ခံကျွေးမွေး ကြပေသည်။

ဂုဏ်မှတဖန်ဆက်လက်၍ ညနေ (၆) နာရီထွက် လေယာဉ်ဖြင့် ဘူရိယတ် ပြည်နယ် မြို့တော် ဥလန်ဥဒေးမြို့သို့ အကြိုလာသော အဖွဲဝင် (၅)ဦးနှင့်အတူ မီးနင်းလိုက်ပါ လာကြပြန်ရာ၊ တောင်စဉ် တောင်တန်းများနှင့် ကမ္ဘာ ကျော် ဘိုင်ကာ ရေကန်ကြီးပေါ်မှ ဖြတ်သန်းလျက် (၇)နာရီ အချိန်ဆိုက်ရောက်ကြလေပြီ။ လေဆိပ်တွင် ရှေ့ရှားနိုင်ငံလုံး ဆိုင်ရာ သာသနာပိုင် ဘုန်းတော်ကြီးနှင့် လာမဟား ဘုန်းတော်ကြီးများ၊ ဥလန်ဥဒေးမြို့ သာသနာရေး ဆိုင်ရာဌာန ညွှန်ကြားနှင့် ပြည်နယ်ဝန်ကြီး များနှင့် ဂုဏ်သရေရှိ လူကြီး လူကောင်း မြောက်များစွာတို့က လာရောက်ကြိုဆိုကြပြီး အထူး ညွှန်သည် တော်များ၏ တည်းခိုရာ ဟော်တယ်ကြီးသို့ ခေါ်ယူပင့်ဆောင်ကာ အနှားယူစေသည်။ ထိုနေ့အဖို့ ကျွန်ုပ်တို့အားပင်ပန်းမည် စိုး၍ ခရီးစဉ် မထားတော့ဘဲ အနားယူနေကြသည်။

# ဆိုဗီယက်မှာ တလကြာ




ဆိုဗီယက် ရုရှားပြည် ဗုဒ္ဓဘာသာ ဗဟိုရုံးအဖွဲ့ကြီး၏
ဥက္ကဋ္ဌ မဟာယာန သံဃာ့ရာဇာ သာသနာပိုင်
ဆရာတော် ဘုရားကြီးပုံ

## ရုရှားပြည်လုံးဆိုင်ရာ သာဆနာပိုင် ရဟန်းမင်းကြီး

(၂၁ ၆ ၆၁)နေ့နံနက် (၁၁)နာရီတွင် တည်းခိုရာ ဟော်တယ်မှ မော်စကိုးတာကား (၁၀)စီးတို့ဖြင့် ကျွန်ုပ်တို့ သာသနာပြု အဖွဲ့သည် ဘူရိယတ် ပြည်နယ် မြို့တော် ဥလန်ဥဒေးမြို့မှ ဒဖွဲ့ဝင်များနှင့်အတူ ရဟန်းမင်းကြီး သီတင်းသုံးရာ ကိုလိုမိတာ (၄၅)မိုင်ကွာ တောင်ခြရှိ ဓမ္မရိပ်သာ စခန်းသို့ သွားရောက်ကြရာ မိနစ် (၃၀)မျှဖြင့် ရောက်ရှိ ကြသည်။ မော်တော်ကားကို အလွန်လျှင်မြန်စွာမောင်းကြ၏။ လမ်းကလည်း ကောင်းနေသည်။ မိုးကလေးကရွာ လေကလေးကတိုက် သဖြင့် အလွန်ဒေးလှသော မိုးရေ မိုးဖဲများအောက်တွင် အရောင် တဖိတ်ဖိတ် တောက်ပနေသော ရဟန်းမင်းကြီး၏ အဝတ်ကို ဝတ်ဆင်လျက် ခန့်ငြားဘည်ငြိမ်စွာ ရပ်နေသော သာသနာပိုင် ဆရာတော်ကြီးနှင့်၊ ဒု ရဟန်းမင်ကြီး အဝတ်အစားတို့ဖြင့် ကောက်ပြောင်လက်နေသော ဒုတိယသာသနာပိုင် (၂)ဦးမိက ဘေးကရပ်လျက် လာမား ရဟန်းများက ဓိဘန်းရပ်ပြီး စစ်ဗိုလ်ကြီးများကဲ့သို့သော အဆောင်အရောင်တို့ကို ဝတ်ဆင်ထားသော လားမား ဘုန်းတော်ကြီးများက တစိတဘန်း နေကြ၏။ ကနက္ကဒါန် ထီးကဲ့သို့သော ထီးဝါကြီးများကို ကိုင်ဆောင်ထားကြသည်။ ၎င်းနောက် ဗုဒ္ဓဘာသာဝင် ဥပါသကာ ဥပါသိကာများက ပန်းစီးများကို ကိုင် ဂါဦးညွှတ်ရိုကျိုး ရှိခိုးပါ၍ ကြိုဆိုနကြပုံတို့မှာ မြန်မာနိုင်ငံပင် ဖြစ်နေသလားဟု ထင်မှားရပေ တော့သည်။

## ငါးဖမ်းသမားများ ဘဝနှင့် ပတ်သက်၍ ပြဇာတ်ရေးသားခြင်း

ရည်ရွယ်ချက်- ကျောင်းသားများ ဒေသဆိုင်ရာ ပြဿနာများကို ဖော်ထုတ်နိုင်ရန်






ဘုရား ရုပ်ပွားတော်များကို ပူဇော် ရှိခိုးနေသော
ပဉ္စသီခ နတ်သားမခြား ပုံဆောင် ဂုဏ်ထောင်ထွန်းပ မယ်လျပို့

အချို့လာမား ဘုန်းကြီးများက နဲ့ကြီးများကို မှုတ်နေကြသည်။ အချို့က ခရူသင်းမှုတ်နေကြသည်၊ ဗုဒ္ဓဘာသာဝင်ပေါင်း (၅၀၀) ကျော်တို့က ဘေးတဖက်စီမှ ပန်းစီးများကို ကိုင်ကာရပ်နေကြပြီး သူတို့ဘာသာဘာဝ ဓမ္မဂီတီများဖြင့် ကြော်ငြာနေကြသည်။ အချို့က နှုံသာ မီးဒုတ်ကြီးများကို ကိုင်ဆောင်ဝှေ့ရမ်းကာ မေ့ကြိုင်နေအောင်ပြုပေး နေပေသည်။ အတီးအမှုတ်တို့ကလည်း ဆူညံနေကြသည်။ ပန်းမွှေရာ ဝါဝါဝင်း ပန်းပွင့်ကလေးများ သည်လည်း တလမ်းလုံး ကျောင်းဝင်း တခုလုံးဝင်းနေသည်။ ရှိသေလေးမြတ်စွာ လက်အုပ် ချီကြလျက် ခါးကို ကိုင်းညွှတ်ကာ အလေးပြုနေသော ပရိသတ်ဘို့က သူတို့ဘ သခင်ဖြင့် ကောင်းချီး ကြွးကြော် ကြလျက် မကျောင်းဝင်း အတွင်း ဘုရားကျောင်းကြီးသို့ ကျွန်ုပ်အား ပင့်ဆောင်သွားကြသည်။

## ဓမ္မလက်ဆောင်များ ပေးခဲ့ပုံ


ဘုရားကျောင်းမှ ဟန် ညွှေ့ခံရာဌာန ဓမ္မသာလာ တန်ဆောင်းသို့ ပင့်ဆောင်သွားပြန်သည်။ လူပရိသတ်များ အားတွင်းဆောင်သို့ မဝင်ရပေ။ ကျွန်ုပ်အား ၁၁ နာရီထိုးရန် အချိန် နီးကပ်နေသဖြင့် ဆွမ်းကပ်ကြသည်။ ဆွမ်းစားခြင်းကိစ္စပြီးစီးသောအခါ ကျွန်ုပ်တို့ ယူဆောင်လာသော ဗုဒ္ဓ ရုပ်ပွားတော်၊ သာသနာ့အလံဧကာ၊ မြန်မာရဟန်းတော်တို့အသုံးအဆောင်ဖြစ်သော သင်္ကန်း, သပိတ်, ပရိက္ခာရာများ၊ လှယ်အိပ်များ၊ ဆေးရောင်စုံပန်းချီကား၊ ဓဉ်ထည်, ယွန်းထည်, ညောင်ရေ အိုးများကို ရဟန်မင်းကြီး အား ကျွန်ုပ်တို့က လက်ဆောင် ပေးကြသည်။ ၎င်းနောက် အချင်းချင်း ကျေးဇူးတင်စကား ပြော[illegible]ည်။

ဗုဒ္ဓဘာသာ ဘုန်းကြီးများနှင့် ဂေလ ကောလိပ်ခွဲမှ ကျောင်းသားများ ဆွေးနွေးပွဲတက်ရောက်ကြစဉ်





ဂန္ဓကုဋိ အတွင်းရှိ ကျေးဆင်းထုတော်ပေါင်း ၁၅၀၀ အနက်
ကျေးဆင်းထု ရုပ်ပွားတော် တဆူ၏ပုံ




ဂန္ဓကုဋီ ကျောင်းကြီးအတွင်း ဓာတ်တော်များ ကိန်းဝပ်ထား
ခဲတ်တော် ကြုပ်ပုံ

ထီးဖြူမဏ္ဍာပ်မျိုးပုံ ဖြစ်သည်။ ဒ ဝင်ရှေ တည့်ဘည့်ရှိ နောက်ကျောကပ်နေသော မှန်ဘီဒိုမျှားတွင် ဗုဒ္ဓရုပ်ပုံးတော်ကြီး ဆင်းတုတော် အမျိုးမျိုးတို့ကို ပန်း,ဆီမီးတို့ဖြင့် ထိန်ညီးစွာ ပူဇော်ထားလေသည်။ အပေါ်( ၂ )ဆင့်ဆောင် ပတ်ပတ်လည်တွင် မှန်ဘီဒိုဝိုင်းနေလျက် ကြေးဆင်းတု တော်တော် မြောက်များစွာတို့ကို တွေ့ရဖူးရသည်။ ဘုရား ရုပ်ပုံးတော် ပေါင်း(၁၅၀၀)ကျော်ရှိသည်ဟုဆရာတော်ကြီးအမိန့်ရှိသည်။ ဆွမ်းစား ပြီးသော အခါ ကျွန်ုပ်အား ကနက္ကဒါန် ထီးကြီးမှုးလျက် လာမရဟန်းများက တီးမှုတ်ကြိုဆိုကာ နှံ့သာမီးတိုင်များ အခိုးများ ဝှေ့ရမ်းလျက် သာသနာပိုင်ကြီး (၂)ပါး ဘေး တဘက်တချက်စီခြံရံလျက် ဂန္ဓကုဋီ ကျောင်းတိုက် အာတုံင်းသို့ ပင့်ကြွပြန်သည်။ ဘုရား ရုပ်ပုံးတော်များကို ရှိခိုးပူဇော်ကြသည်။


ဂုဏ်းနောက် အလယ်ကပလ္လင်တွင် သာသနာပိုင် ရဟန်းမင်းကြီးက ထိုင်လျက် ဘေး(၂)ဖက် စီတန်းကာတံခါးပေါက်ကြီး အထိ ရဟန်းများ၏ အဆင့်အတန်းအလိုက် ထိုင်ခုံနီမှ မြင့် ထားလျက် ဖိတ်ဖိတ်လက် အရောင်ထွက်သော အခင်းများကိုခင်းထားသည်။ ထိုင်ခုံရှေ့ စားပဲတို့တွင် ဂလိုင်လျှပ်ရန် ခေါင်းလောင်း ကလေးတခုစီခင် ငပေါန်းအိုး ငပြာဆန်ပန်းပေါက်ပေါက် ပန်းကန်,တီးရန်စည်ကလေးများ တင်ထားသည်။ ကျွန်ုပ်အား ဒုတိယ ရဟန်းမင်းကြီးနေထုတွင် ပူဇော်တင်ထားလျက် ဒုတိယ ရဟန်းမင်းကြီး၏ အဆောင် အယောင်များကို သက်နှံးပေါ်မှ ဝတ်ဆင်ထားကည်။ ဟန်းတပါး အချက်ပြ ရွတ်ဆိုသောအခါ အားလုံး ညီညာစွာ

ဂုဏ်ရည်ထူးခြားသော ဘုရားရှိခိုးကျောင်းတော်ကြီး

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်းရပ်ကွက်၊ ဗဟန်းမြို့နယ်ခန်းမအနီး၌ တည်ရှိသော ဤဘုရားရှိခိုးကျောင်းတော်ကြီးသည် ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်ရာ ဘုရားရှိခိုးကျောင်းတော်ကြီးဖြစ်ပါသည်။



ဒေါက်တာဘီအာရ်အမ်ဘေဒကာ့ဖဆုံးဖြတ်ချက်ကို ကန့်ကွက်ဆန္ဒပြနေသော ဒလိတ်အသိုက်အဝန်းဝင်များ



**တိဘက် ဘာသာရှိ ပရိတ်ဓမ္မခံများကို စည်းဝါးအံကိုက် ကျန်စ္စာ ရွတ်ဆိုပြီးလျှင် တပိုဒ်တပိုဒ်ပြီးကာနိုးတွင် ခေါင်းလောင်းကို ဆူညံစ္စာလွှပ်ကာ နှဲကြီး(၂)ခုကို မှုတ်လျက် လင်းကွင်းကြီး(၂)ခုကို ဂွမ်းဂွမ်းနှင့် တီးခါ စည်ကြီးကို တီးလေသည်။ ဆန်ပန်း များကိုလည်း ကြဲကြသည်။**



ပြောင်းဖူးကြီးတွေ ပေါများတဲ့ ဆောင်းရာသီ


ဤသို့ (၉)ကြိမ်မျှ ပြုလုပ်ကြရာ တနာရီသာသာ ကြာမြင့်သည်။ ကျွန်ုပ်အား ကောင်းခြီးမင်္ဂလာ သြဘာပေးခြင်း၊ ခြီးကျူးခြင်း၊ ဆုတောင်းခြင်း၊ အောင်ဘိသိက် သွန်းပေးခြင်းများ ပြုကြပုံမှာ ရာဇဝင် စာတင်လောက်သော စံနမူနာတခုဖြစ်ပေသည်။ နှစ်ပေါင်း(၃၀၀)ကျော်က တိဘက်နိုင်ငံမှ ဆင်းသက်လာသော ဗုဒ္ဓဘာသာဖြစ်၍ သူတို့ထုံးတမ်းစဉ်လာအရ ကောင်းခြီးပေးခြင်း ဖြစ်ရာ ကြက်သီးဖျန်းဖျန်းထကာ စာအုံတသြ ပြောပြ မကုန်နိုင်အောင် ရှိပါပေသည်။

## ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ပဲ့ကြီး


ဗုဒ္ဓဘာသာဝင် မဟာယာန ရဟန်းတို့၏ ကောင်းခြီးပေးပဲ့ကြီးပြီးသောအခါ မိုးရွာလေတိုက် ခိုက်ခိုက်တုန် ချမ်းလျက် အအေးဒီဂရီ(၅၀)မျှလောက်တွင် ၂ နာရီခန့်မျှ ရပ်နေသော ယောကျား, မိန်းမ, အဘိုးအို, အဖွားအို များနှင့် ကလေးသူငယ်များတို့သည် စိတန်းလျက် ရဟန်းမင်းကြီးနေရာပလ္လင်သို့ အတင်းတိုးဝှေ့ကာ တင်ပလ္လင်ခွေထိုင်လျက် အပူဇော်ခံနေရသော ကျွန်ုပ်အား ဦးတိုက် ရှိခိုးကြကုန်သည်။ သူတို့၏ ဟုဝါကလေးများ၊ ဆယ်ပြား ငါးမူး ၁ ကျပ် ၂ ကျပ် ၅ ကျပ် ၁၀ ဒေါ် ၂၀ တန် (ရူဘယ်ငွေ) လှူကြသည်။

ကျွန်ုပ်က ချမ်းသာကြွယ်ဝစေဟု ကောင်းချီးပေးကာ ဓမ္မ
ကျွန်းဂန် ဓမစာထုတ်ကလေးနှင့် သူတို့၏ ဦးထိပ်ကိုတို့ပေးခဲ့
သည်။ မဟာယာနရဟန်း ၂ ပါးက ဘေးကရပ်လျက် အမြဲန်
တွန်းပေးရသည်။ ရလိုက်သောရုရှား ရွာဘယ်ငွေ့ စက္ကူတို့မှာ
လွယ်အိတ်တလုံးနှင့် အပြည့်ဖြစ်ပေသည်။ အခြိန်ကြာပြီး လူ
တွေ့မျှားလှခြင်း၊ အခု ၂ခါ၃ခါ လာဦးတိုက်သောကြောင့်
ကျွန်ုပ် အလွန်ပင်ပန်းသည်ကို မြင်ရသောကြောင့် လာမား
ရဟန်းတို့က တံခါးကိုအတင်းဆဲပိတ်ကာ စားမြစ်ယူရသည်။
အခု အဘိုးအို အဘွားအိုတို့ ငိုယိုကြသည်။ အံ့သြဘွယ်
ကောင်းလှသော ဗုဒ္ဓဘာသာတို့ ဖြစ်ပေသည်။ အခု မှာ
သူတို့၏ စိပ်ပုတီးမျှားကို ယူလာကြသည်၊ အခု မှာပုလင်းထဲ
တွင် ရေထည့်လျက် ယူလာကြသည်။ အခု မှာ သကြားလုံး
မျှား၊ အခု မှာ သူတို့စားနေကြ ဆေးလုံးကလေးမျှားကို ယူ
လာကြသည်။ ၎င်းတို့ကို ကျွန်ုပ်က လက်နှင့်ကိုင်ယူပြီး ဓမ္မ
သာပါစေ၊ အောင်မြင်ပါစေ၊ ကျန်းမာပါစေ၊ ရောဂါကင်းပါ
စေဟု ဆုပေးပြီး ပြန်ပေးရသည်မှာ တစေ့ တပန်းဖြင့်ပေ
သည်။ ဘာသာမရှိဟု အပြောခံနေရသော ကွန်မြူနစ်နိုင်ငံ
တွင် ဤမျှ ဘာသာရေးကို လေးစားခြင်းကား အထူး ပူဇော်
ခံရသည်မှာ တအုံ့ တသြပြောမကုန်နိုင်အောင် ဖြစ်ပေသည်။
ကျွန်ုပ်အားလာရောက် ပူဇော်သောငွေမျှားကို ကျွန်ုပ်က ပြန်
၍ လူခဲ့ပေသည်။ မြန်မာငွေ(၅၀၀၀)ရှိမည်ဟုခန့်မှန်းရသည်။


ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကျောင်းသားများ ပညာသင်ကြားရေးအတွက် ကောင်းမွန်သော အခြေခံအုတ်မြစ်ကို ချပေးခဲ့ကြသည့် ဆရာ၊ဆရာမများ




ကြယ်လထင်ရှားတဲ့ ဝတ်စုံတွေ




ရုပ်ရှင်ကားတွေမှာ ဝတ်ဆင်ခဲ့ကြတဲ့ ဝတ်စုံတွေကို ပြသထားတဲ့ ပုံတွေ ၁ ပုံ




ဘုန်းတော်ကြီးများသည် ကျောင်းအတွင်း တည်ထားသော
သကျမုနီ စေတီတော်အား နေ့စဉ်ဝတ်ပြုနေပုံ



ကုန်ဈေးကြီးတက်လာသည့်အတွက် ဆင်းရဲသားများ ဒုက္ခရောက်ကြရသည်ဟု ဝန်ကြီးချုပ်ဦးနုက ပြောကြား



ဘူရိယတ် ပြည်နယ်အတွင်း ရှိသော ကုဃိန္နာရုံ
ရုပ်ပုံးတော် ကျိန်းဝပ်တော်မူရာ
ဂန္ဓကုဋီ ကျောင်းတော်ကြီး



လာမ ဘုန်းတော်ကြီးတပါးသည်
ဘုရားကို ဆီမီး ပူဇော်နေပုံ

## ဗုဒ္ဓဘာသာ မစ်ရှင် အဖွဲ့ကြီးအား ဆုတောင်းပေးသော ရဟန်းမင်းကြီး

ကျွန်ုပ်တို့အား လူအဖေါင်းတို့က ပူဇော်ပဲ့ပြိုးသောအခါ ပဏ္ဍိတ ဟံဒေပါလာမ အမည်ရသော ရုရှား ပြည်လုံး ဆိုင်ရာ သာသနာပိုင်ကြီးသည် ကျွန်ုပ်နှင့် ညက္ကဋ္ဌ (တရားဝန်ကြီး) ဦးချန်ထွန်း၊ အတွင်းရေးမှူး ဦးသာဝင်း၊ ဘဏ္ဍာရေးမှူး တရားဝန်ကြီးဟောတော် ဒေါ်ခင်သိန်း တို့အား နာရီတလုံးစီကို ၎င်း၊ ကျွန်ုပ်အား ရဟန်းမင်းကြီး၏ ထိပ်ဆောင်း သရဖူနှင့် ဝတ်စုံ တခုကိုဂုဏ်း၊ ဦးချန်ထွန်းအား အမတ်ကြီးများ ဝတ်ဆင်သော ဝတ်လုံကြီးကိုဂုဏ်း၊ ဒေါ်ခင်သိန်းအား အမတ်ကြီးများ ဝတ်ဆင်သော ဝတ်လုံကြီးကိုဂုဏ်း၊ အတွင်းရေးမှူး ဦးသာဝင်းအား စစ်သူကြီးများဝတ်ဆင်သော ဝတ်လုံကြီးကိုဂုဏ်း အသီးသီး ကောင်းခြိုးပေး၍ ခြိုးမြှင့် ပြန်သည်။

## ဆိုဗိယက် သာသနာပိုင် ရဟန်းမင်းကြီး

ရုရှားပြည်ဆောင်စု ဗုဒ္ဓဘာသာ ဗဟိုအဖွဲ့ကြီး၏ ညက္ကဋ္ဌကြီး ဟူ၍ဂုဏ်း၊ ရုရှား သာသနာပိုင် ကြီးဟူ၍ဂုဏ်း၊ ထုရှားရဟန်းမင်းကြီးဟူ၍ဂုဏ်း၊ နာမည်အမျိုးမျိုးကုဏ်ထူးအမျိုးမျိုး တို့ဖြင့် တံခုးကြီးလှသော အရှင်အိမ်ရှေ့ဒေါ်ဇီ ရှာထုပေါ့ အမည် ပဏ္ဍိတ ဟံဒေပါလာမအမည်ရသော ဆရာတော်ကြီးသည်ကား သက်တော် ၇၁ နှစ်ရှိပြီး (သက်ဆတော် ၇၉ နှစ်တွင် (၁၂-၃-၆၃) နေ့က ဘဝနတ်ဆံ ပြန်လွန် သွားခဲ့လပြီ။ ) အလွန် ငြိမ်သက်



သာသနာပိုင် ရဟန်းမင်းကြီး၏ပုံ

ဘာညီကြည်ဖွယ်သာ ကွန်ဖြေရှိ၏၊ စကား ကျွယ်ကျယ် မပြော တိုးတိုးသာ ပြောဆို၏၊ ဗုဒ္ဓဂုဏ်မျှားကို ပုတီးစိတ် ပွားများ လျက် လက်တွင် စိတ်ပုတီး အမြဲကိုင်ထား၏။ တနေ့ ၃ ကြိမ် ဘုရားဝတ်ပြုရာ တခါလျှင် ၁ နာရီခွဲ အမြဲကြာ၏။ ဘုရားကို အလွန်ရိုသေ၏။ အသက်ငယ်ငယ် ၁၀ နှစ်အရွယ်မှ လာမ ဆုန်းကြီးကျောင်းရောက်ပြီး ပညာသင်လာခဲ့သည်။ တိဘက် ဗုဒ္ဓဘာသာ ကျန်းစာတို့ဌ် တာဘက် ကမ်းခတ် တတ်မြောက် သည်။ တရုတ်ဟောရာဌ် ပရိသာတ် စိတ်ဝင်စား လာအောင် ဟောပြော နိုင်၏။ ဆိုဗီယက် အစိုးရတို့က အလွန် လေးစား ရိုသေ၏။ ဆရာတော်ကြီးအမိန့်ရှိသမျှ အားလုံး လိုက်နာပြီး လုပ်ဆောင်ပေးရ၏။ (ကျွန်ုပ်တို့အား ဆိုဗီယက် အစိုးရတို့က ဘိတ်ကြားခြင်းခံရမှုမှာထိုသာသနာပိုင်ကြီး၏အမိန့်စကားကို လိုက်နာ၍ ဘိတ်ကြားခြင်းဖြစ်သည်။) ဤသို့ ဂုဏ်အပေါင်း နှင့်ပြည့်စုံသဖြင့် ဆုရှားတပြည်လုံးရှိလာမရဟန်း ၆၀၀ ကျော် တို့၏ အကြီးအမှူး ဦးစီး ဦးကိုင် သာသနာပိုင်ဟူ၍ တင် မြောက်ခံရ၏။ လက်ထောက် သာသနာ ၂ ပါးမျှ ရှိလေ သည်။

## အိမ်ပေါ်ဂါ ကျောင်းတိုက်ကြီး

သာသနာပိုင် ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်း တိုက်ကြီးသည်ကား ဥလာ့ကျေးရွာ အနီးတွင်ရှိ၏၊ ဥလံဥဒေး မြို့နှင့် ကိလိုမီတာ ၄၀ ကွာ၏။ တောင်တန်းဝေးတွင် တည်

ခဲ့ချိန်၏၊ မြို့မှ ကျောင်းအဆောက် ကတ္တရာလမ်း ဖြစ်သည်။ မိနစ် ၃၀ နှင့် ဆောက်နိုင်၏။ ကျောင်းတိုက်ကြီးကား ၃ ကေလောက် နီးပါး ကျယ်ဝန်း၏။ အလယ်ကဘုရား ဂန္ဓကုဋီကျောင်းတိုက်ကြီး ဘေးမှကျောင်းပေါင်း ၃၀ ကျော် ခြံရံပြီး တည်ထား၏။ သာသနာပိုင်ကြီး သီဟင်းသုံးရာ ကျောင်းမှာလည်း အခြားကျောင်းများကဲ့သို့ပင်ရှိ၏၊ အထူးမကြီးကျယ်လှပေ။ တန်းစာ အခွင့် အရေးဟူသော အဓိပ္ပါယ်ကို ပြလျက်ရှိ၏၊ ဘုရားပတ်ပြုအခမ်း၊ စာကြည့်အခမ်း၊ တရားထိုင်ရာအခမ်း၊ ညှဉ်ခမ်း အိပ်ခမ်းများသာရှိ၏။ အိပ်ရာခေါင်းရင်းတွင်ဗေဒင်ပင်ပျိုကို စိုက်ပြီး ကိုးကွယ်ထား၏။ ဘုရားပုံများ၊ ဘုရားဆင်းတုတော်များ အမျိုးမျိုး ကိုးကွယ်ထား၏ မြန်မာပြည်မှ ဗုဒ္ဓရုပ်ပွားတော်မှာ အနီးကပ်ဆုံး ကိုးကွယ်ထားသည်။ ဂန္ဓကုဋီကျောင်းတိုက်ကြီးမှာ ၁၉၄၅ ခုနှစ်က ထပ်မံ ပြင်ဆင်ထား၏။ သာသနာပိုင်ကြီး၏ ဆရာ ၇-ဆက်လောက်က တည်ထောင်ခဲ့သော ကျောင်းဖြစ်၏။ ပိဋကတ်တိုက် တခုရှိ၏။ ဆိုဗီယက် ပုဒ္ဓဘာသာဝင် များအတွက် တရားစီရင်ရာ ဗဟို ဝိနိစ္ဆယ တရားရုံး တခုရှိ၏။ စေတီတော် ၂ ဆူ တိဘက် ပုံအတိုင်း မြေပြင်တွင် တည်ထားသည်။ ပုဒ္ဓ ဓာတ်တော်များ ဌာပနာထည့်သွင်းသည်။ စေတီတော်ထိပ်ဖျား အထွဋ်များမှာ ဘူရိယတ် အမျိုးသားများက ကွန်ဒိယန့် တိဘက် ဘုရားများမှ ပုံများကိုယူ၍ ထုလုပ်ထားအည်၊ ကြည်ညိုဘွယ်ရာ ကောင်းလှ၏။ လာမဘုန်းကြီးများနှင့် ပုဒ္ဓဘာသာဝင်များ ဘုရားကို ၃ ကြိမ် လှည့်ပတ်၍ ရှိခိုးပူဇော်ကြသည်မှာ ကြည်ညိုဘွယ်ရှိလှ၏။။



သာသနာ ပိုင်ကြီး ၏ ပိဋကတ်တိုက်ကြီးတွင်
ဗုဒ္ဓကျမ်းစာများကို လေ့လာ ကြည့်ရှုနေပုံ

ပိဋကတ်တိုက်ကြီးတွင်ကျမ်းစာပေါင်း ၁၀၀၀ ကျော်ရှိ၏။ တိဘက် မှန်ဂိုလီးယား ဂန္ဒိယ တရုပ်ပြည် မြန်မာပြည် ၂းမှ ဗုဒ္ဓဘာသာ ကျမ်းစာမျိုးပင်ဖြစ်တော့သည်။ ရှေးမိုင်းခံစက္ကူ ပရပိုက်များ သစ်သားများတွင်ထွင်းထားသော ရှေးဟောင်းစာ တွေ့ များလှ၏။ အဘိုးများစွာ တန်သော အရောင် ၉ မျိုးဖြင့် ရေးသားထားသော အုပ်စုံ ၁၀၀ တဲ့ ပါသော တိဘက် "ဟန်ဂျူရ" ဗုဒ္ဓဝင်ကျမ်းကြီး ၎ရောင်ဖြင့် ရေးသားထားသော အုပ်တဲ့ ၂၂၅ တဲ့ပါ "ဒန်ဂျူရ" ဗုဒ္ဓဝင်ကျမ်းကြီး တို့မှာ ၎င်း၊ ပဉ္စမဗြာက် တိဘက်ပြည် ရဟန်းမင်းကြီး ဒလိုင်လာမရေးသော အုပ်တဲ့ ၂၁ တဲ့ပါ ဗုဒ္ဓဝင်ကျမ်းကြီးနှင့် ၎ဒါက်ချဝါဒ ဗုဒ္ဓဂိုဏ်းတည်ထောင်သူ ဇုန်ဟာဗာ၏ဗုဒ္ဓဝင် ကျမ်းများမှာ၎င်း၊ ဂန္ဒိယ အမျိုးသား သမိုင်း ပါရဂူနှင့် အာဘီဓမ္မာ ဆရာကြီးတဉီးဖြစ်သူ တရာနာသာနှင့် တိဘက် မှန်ဂိုလီးယား ဘုရိယတံ ဗုဒ္ဓဘာသာ ကျောင်းများ၌ အာဘီဓမ္မာ ကျမ်းစာပို့ချ သင်ကြားပေးသူ စတင်တည်ထောင်ပေးသူ "ဂန်ချင်ကျာရန်ရှာဗာ"၏ ဗုဒ္ဓ ကျမ်းစာတို့ သည်ကား ပိဋကတ်တိုက်ကြီးအာဘုက် ဂုဏ်ကြက်သရေဆောင် နမူနာစံပြ ဓမ္မ ကျမ်းစာများ ဖြစ်ခဲပသည်။ ဗုဒ္ဓရုပ်ပွားတော် အများအပြားနှင့် ဗုဒ္ဓဝင်ကားချပ် (ပန်းချီဆေးရောင်စုံချယ်) ကားချပ်များ ချိပ်ဆဲ့ထားပုံမှာ ပဏာရ လှပါပေသည်။ မြန်မာပြည်မှ ကမ္မဝါစာကိုပင် တွေ့မြင်ခဲ့ရ၏။

ကျန့်ပ် (နေရင်း ဦးကောဝိဒ) သည် ရှင်သာမဏေ အဖြစ်တွင် သီဟိုဠ်ဘာသာမှ ပါဠိဘာသာပြန်ဆိုထားပြီးလျှင် ရဟန်းဖြစ်ခါ ၅ဝ၇ရတွင် မြန်မာ ဘာသာ ပြန်ထားသော

ပိဋကတ် ၃ ပုံ အဋ္ဌကထာ ပေါင်းချုပ်ခေါ် သာရသင်္ဂဟ အဋ္ဌကထာ ပါဠိနှင့် မြန်မာပြန် စာအုပ်ကို ထိုဆုရှား ပိဋကတ်တိုက်ကြီးတွင် လက်ဆောင် အဖြစ်ထားကဲ့ပါသည်။ (တရုတ်ပြည် ပီကင်းမြို့ ကွမ်းကြည်ကျောင်းတိုက် ပိဋကတ် တိုက်ကြီးတွင်လည်း ထိုစာအုပ်ကို တည်ထားခဲ့ ပါသေးသည်။)

ဂင်းနောက် ကျန်အားကိုးကွယ်ရန် ဓာတ်တော်ကြုပ် ပါသော ဘုရားတဆူနှင့် ဦးချန်ထွန်းအား ဘုရားပုံရေးဆဲ့ ထားသော ပန်းချီကားချပ် ကိုဂင်း၊ အထူး ဘုရား တရား လက်ဆောင်အဖြစ် ပေးအပ်ပြန်သည်။ ဤလက်ဆောင်ပဏ္ဏာကာရတို့သည် အလွန်ပေးခဲသည်၊ တကယ် အရေးပါ အရာရောက်၍ အာဇာနေယျမြောက် ဂုဏ်ပြုလောက်သောကမ္ဘာ့ကြက်သရေဆောင် ခေါင်းဆောင် ပုဂ္ဂိုလ်များကိုသာ ပေးအပ်ခြင်း ခံရသည်ဟု စကားပြန် မစ္စဘာယူရီက ပြောပြလေသည်။

ဂင်းနောက် သာသနာပိုင်ကြီး၏ ပိဋကတ် တိုက်ကိုဂင်း (ပေစာထုပ်ပေါင်း ၁၀၀ ကျော်ရှိသည်) လူအနည်းငယ် လာပါက ကြည်ညိုဝတ်ပြုရာ ဘုရား ကျောင်းငယ်ကိုဂင်း၊ မြေပြင်တည်ထားသော စေတီ ၂ ဆူနှင့် ခေါင်းလောင်း ကိုဂင်း ရဟန်း ဂင်းကြီးခေါ် သာသနာပိုင်၏ ကျိန်းစက်ရာ ကျောင်းကိုဂင်း လိုက်လံပြသလေသည်။ ကျိန်းစက်ရာ နေရာမှာ၊ ဘုရားဝတ်ပြုသောနေရာ၊ တရားအားထုပ်သော နေရာနှင့် ဗောဓိပင်ကို ကျောင်းခမ်းတွင်း ပန်းအိုးနှင့် စိုက်ထား၍ ပူဇော်ထားပုံ မြန်မာနိုင်ငံမှ ပင့်လာသောဘုရား ၊နီပေါ ဘုရင်ထံမှ ပင့်လာသော ဘုရားတို့ကိုဂင်း၊ အခြားဆင်းထု ရုပ်ပွား အစားစားတို့ကို အမြင်ဘဒ္ဒိုး ကိုးကွယ်ဆည်းပုံကို ပြသလေသည်။ ကျန်



ဗုဒ္ဓဘာသာဝင်များ ဘုရားရှိခိုးများအား ဆီမီးခွက်ပေါင်း (၁၀၀၀)ကျော်တို့ဖြင့် ဆီမီးပူဇော်နေပုံ

သွားလေရာသို့ ဗုဒ္ဓဘာသာ လူထုကြီးသည် ဝိုင်းအုံ လိုက်ပါလျက် ရှိကြသည်။

ဂျင်းနောက် ရှေးက ဘုရိယတ် လူမျိုးတို့ နေရာအိမ် အစာတည် မထားဘဲ ရွက်ထည် တဲပုံတတိုင်း ပြုလုပ် ထားသောကျောင်းငယ်ကလေး။ ဂျင်းအတွင်း အိပ်မှာ ၄-နေရာထားပြီး ည့်သည် သာဇောက်ပါလျှင် ဝတ်ပြုပုံကိုလည်း လိုက်လံပြသပါသည်။

ဂျင်းနောက်ဂန္ဓကုဋီဘုရားကျောင်းကြီးရှေတွင် ပရိသတ်ကြီးဘား ဗုဒ္ဓဘာသာ တရားတော်ကို ကျန်းသည် သာသနာ



နေရင်းဆရာတော်သည် သာသနာပိုင် ၂ ပါး၏ အလယ်တွင် ထိုင်လျက်
ရာရှား ပြည်သူ ဗုဒ္ဓဘာသာဝင် တို့အား တရားဟောနေပုံ



နေရင်းဆရာတော်ဘုရား ရောက်ရှိဌာနတိုင်းတွင် ဗုဒ္ဓဘာသာဝင်များက ဤသိုလက်အုပ်ချီမိုး ရှိခိုးကြိုဆိုနေကြပုံ

ဖြောင်းနှင့် သြဘာပေးကြသည်မှာ အလွန်အားရ ပီတိကြွပုံလက္ခဏာရပေသည်။ ကွန်မြူနစ် နိုင်ငံ၌ ဗုဒ္ဓဘာသာတရားကို လွတ်လပ်စွာ ဟောပြောခွင့်ရသည်မှာ အလွန် အကြီး အထူး အံ့ဘွယ်ကြီးပင်. ဖြစ်ပါပေသည်။ (ကျွန်ုပ်ဟောသော တရားတော်ကို နောက်ပိုင်းတွင် ပြဆိုထားပါသည်)

## ဆရာအတတ်သင် ဓကာလိပ် ကျောင်းကြီး

ညနေ ၃ နာရီတွင် သာသနာပိုင်ကြီး၏ စံရာ ဓမ္မရိပ်သာကြီးမှ ပြန်လာကြ၍ ၃ နာရီခွဲတွင် ဥလန်ဥဒေးမြို့သို့ ပြန်

ရောက်၍ ခေတ္တနားနေပြီးလျှင် ဆရာအတတ်သင် ကောလိပ် ကျောင်းကြီးသို့ သွားရောက် ကြည့်ရှုကြသည်။ ကျောင်းသူ ကျောင်းသားတို့မှာ အားခွန်ဗလ ပြည့်ဝသူ ၂၀ ကျော်မှ ၃၀ အတွင်းရှိသူများဖြစ်ကြ၏။ ကျောင်းအုပ်ကြီးနှင့် ကျောင်းသူ ကျောင်းသားတို့သည် ကျောင်းအဝင်မှပင် အသင့် စောင့်နေပြီး သြဘာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ကြိုဆိုကာ ကျွန်ုပ်တို့ အဖွဲဝင်များအား ခေါ်ဆောင် သွားကြသည်။ ပညာသင်ကြားရာ အဆောင် အခန်းအားလုံးတို့ကို ဆိုင်ရာ ဆိုင်ရာ ဌာနမှ ဆရာလုပ်သူတို့က ပြောပြကြသည်။ ဓမ်းခြင် တာရှိလျှင် မေးပါဦးဟု ဖိတ်မန္တ်က ပြုပေသည်။ ကျွန်ုပ်တို့က မေးသင့်သည်ကို မေးမြန်းသည်ကို ကျေနပ်အောင် အဖြေပေးနှာသည်။

ဂုင်းနောက် ဘွဲ့နှင်းသဘင်ဟောကြီးသို့ ခေါ်ဆောင်ထား ပြီးလျှင် ကျောင်းသား ဆရာ ဆရာမ ၃၀၀ ကျော်တို့က တရား ဝန်ကြီး ဦးချုန်ထွန်းအား တရားဟောရန် တောင်းပန်သဖြင့် အချိန် တနာရီနီးပါးမျှ မြန်မာနိုင်ငံ ပညာရေးတိုးတက်နေပုံ အကြောင်းကို အင်္ဂလိပ် ခေတ်၊ ယခု လွတ်လပ်ရေး ခေတ်၊ ၂ - ခေတ် စလုံးကို နှိုင်းယှဉ်ပြီးပြောပြရာ သြဘာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် ကောင်းခြီး ပေးကြလေသည်။

## ဥလုံဥဒေး မြို့တော်

ဘူရိယတ် ပြည်နယ်ရှိ ဥလုံဥဒေး မြို့တော်တွင် ကျွန်ုပ်တို့ ၃ ရက်နေခဲ့ကြသည်။ ထိုမြို့သည် လူဦးရေ ၃ သိန်း နေထိုင် သျှက် ရှိပါသည်။ ပြည်နယ်ဧရိယာမှာ ၁,၀၀၀,၀၀၀,

ကျော် ရှိသည်ဟု သိရသည်။ ဥလုံဥဒေးမြို့သည် အလွန် တင့်တယ် သာယာလှ၏။ တောင် ကမ်းပါးစောင်းမှ မြေပြန့်အထိ စိတန်းတည်ထားသဖြင့် ကြည့်လို့မည်းနိုင်အောင် ရှိပေသည်။ တိုက်တန်းကြီးများ စိတန်းနေခြင်း၊ ဖြောင့်ဖြူးသာယာသော လမ်းမများ၊ စက်ရုံကြီးများ၊ ဥယျာဉ်ကြီးများ၊ ရုံးကြီးများ၊ ကျောင်းများတို့ကို အစီ အစဉ်ဖြင့် တင့်တယ် လှပအောင် ဆောက်ထားသောမြို့ ဖြစ်လေသည်။ စျေးမှာ စျေးတန်းရယ်လို့ မရှိပေ၊ အစိုးရ ဖွင့်လှစ်ထားသော ကုန်ပဒေသာ ဆိုင်ကြီးများသာလျှင် ရှိပေသည်။ ထို့ဆိုင်ကြီးများတွင် မိမိတို့ အလိုရှိရာကို အဖိုးချိုသာစွာဖြင့် ဝယ်ယူရရှိ နိုင်ပေသည်။

## မီးရထားခေါင်း စက်ရုံကြီး

အလွန်ကြီးကျယ် ခမ်းနားသော မီးရထား စက်ခေါင်းရုံကြီးကို သွားရောက် ကြည့်ရှုခဲ့ကြရာ၌ သံမှုန့်တွေကို သံရေကြို့သည်ကစပြီး ဘီးများလုပ်ပုံ၊ မောင်းတန်၊ ဘွိုင်လာစသည် စက်ခေါင်းတခုလုံး ပြီးအောင်လုပ်ကာ မောင်းထွက်သည် အထိ ပြီးပုံကို လိုက်လံပြသကြပေသည်။ အလုပ်သမား မိန်းမများ အလွန်ပေါများ၏။ တမြို့လုံး နွားနို့ပေးသော ဌာနကိုလည်း သွားရောက် ကြည့်ရှုခဲ့ရ၏။ နွားမများ မွေးမြူထားပုံ နို့ညှစ်ပုံ၊ နို့ကိုသန့်ရှင်း စင်ကြယ်အောင်လုပ်ပုံ၊ ဖြန့်ချိပုံအထိ လိုက်လံပြသကြ၏၊ ကုန်ပဒေသာဆိုင်ကြီးမျာ းကို သွားရောက် ကြည့်ရှုခဲ့ ကြိတ်ကြိတ်တိုး သူထက်ငါရအောင် ဝယ်ယူနေကြသည်ကို တွေ့ခဲ့ရ၏။

လောကဓာတ် ဓာတုဗေဒ သုတေသနပညာသင်ကျောင်း တာဝ်ကြီးကိုလည်း သွားရောက်ကြည့်ရှုကြရပြန်သည်။ လက်တွေ့အားဖြင့် အမျိုးမျိုးသော ကျောက်,သံ,ခဲ,သတ္ထုသဘာဝ အစုစုတို့ကို တခုမကျန် ခေတ်မှီသော သုတေသန တန်ဆာ အမျိုးမျိုးတို့ဖြင့် အခန်းကိုစိန့်ခဲ့စိတ်ရှာဖွေနေကြပုံကို မြင်ရသည်မှာအားရစရာကောင်းလှပေသည်။ ကျောင်းသား ၂၀၀ ခန့်ကျော်ရှိ၏။ ကျောင်းအုပ်ကြီး၏ တောင်းပန်ချက် အရ ကျောင်းသားများအား ကျွန်ုပ်တို့သာသနာပြုအဖွဲ့ တရားဝန်ကြီး ဦးချန်ထွန်းက တနာရီတိတိ လောကဓာတ် ပညာနှင့် ဗုဒ္ဓဘာသာကိုက်ညီပုံ၊ လောကဓာတ် ဘာသာဆည် ဗုဒ္ဓဘာသာမှ ဆင်းသက်လာရပုံတို့ကို အကျယ်တဝင့် ရှင်းလင်းဟောပြောရာ ကျောင်းသားများ သြဘာ လက်ခုပ်သံ တဖြောင်းဖြောင်းနှင့် သောင်းသောင်းဖျဖျ ချီးကျူးကြလေသည်။

## ပြည်သူ့ဆေးရုံကြီး

ထိုနောက်တဖန် ဥလံဥဒေးမြို့ ဆေးရုံကြီးကို သွားရောက်ကြည့်ရှုပြန်ရာ အလွန်သင်္ဘင်္ဘင်ရပ်ရပ် ၃ ထပ် ဆောက်လုပ်ထားသော တိုက်ကြီး ၃ ခုနှင့် လူနာများ ထားပုံကို တွေ့ရသည်။ လူနာများကို အခမ်းရှည်ကြီး ပြုလုပ်မထားဘဲ အခမ်းငယ် တခုတွင် လူနာ ၉- ယောက် ကုတင် ၉- လုံးနှင့် သူနာပြုဆရာမတဦး စောင့်ရှောက်၏။ အလယ်က စားပွဲနှင့် ကုလားထိုင်ထားရှိသည်၊ ၎င်း ၉-ဦးအတွက် ရေချိုးခန်း, အိမ်သာတို့

အသင့်ထားရှိ၏၊ ကောင်းလှပေသည်။ ခဲ့စိပ်ခမ်း၊ ဓာတ်နှင့် မီးကင်ရာ အခန်းစသော အခန်းပေါင်းစုံ အထပ် ပေါင်းစုံတို့ကို တခုစီ တခုစီ လိုက်ပြ၍ ရှင်းလင်းစွာ ပြောဆိုပေးသည်။

မျက်စိ ထောဂါ ကုသရာ အခမ်း၌ လုံးဝ ကွယ်နေသော မျက်စိကို လူသေမှ ၂၄-နာရီမတိုင်မီ မျက်စိကိုထုတ်ယူ အစားသွင်းပြီးပြန်၍ ကုန်ဆိုင်သော ခြင်္ကြာင့်၊ ကုသ၍မျက်စိမြင်နေသူများ ရှိနေပုံကို အကျယ်တဝင့် ရှင်းလင်း ပြောပြ လေသည်။ ကျန်ုပ်တို့ ဓမ္မကထိက အဖဲ့ချုပ်ကြီးမှ ဩဝါဒ ဓိစ္ဆိယ ဆရာတော်ဖြစ်သည့်ပြင် နာမည်ကျော် ဓမ္မကထိကဖြစ်၍ လူကြိုက်များလှသော ဓမ္မကထိက ဆရာတော် ဇီးကုန်းမြို့ ဓမ္မရိပ်သာ ဦးဥာဏ်ဝိန္ဒ (မျက်မမြင်) ကိုယ်တော်ကြီးကို ပို့၍ ကုသလျှင် အလွန် ကောင်းမွာဘဲဟု အမှတ်တရ တမ်းတ မိပေသည်။ ၎င်းဆေးရုံသည် ပဋ္ဌမဖွင့်စဉ် ဆရာဝန် ၅-ဦးနှင့် စခဲ့ရာ ယခု အခါ ဆရာဝန် ၁၅၀၀-နှင့် ဆေးရုံတွင်၎င်း၊ တောတွင်၎င်း အနှံ့အပြား အခမဲ့ အစိုးရက လိုက်လံ ကုသပေးရလေသည်။ သီးခြားဆေးဆိုင် ဟူ၍တဆိုင်မျှ မရှိကြ။

ကျန်ုပ်အား ဖူးမြော် ကြည့်ရှုရန် ဟော်တယ်မှ အဝင် အထွက်တို၌ ကျန်ုပ်တို့အား ဦးတိုက်ရိုးခိုး၍ ဆုပေးရန် စောင့်မြော်နေကြသော ဗုဒ္ဓဘာသာဝင် ယောကျ်ား မိန်းမတို့မှာ အမြဲတန်း စောင့်နေ ကြပေသည်။ ကျန်ုပ်က သူတို့ ဦးခေါင်းကို စာအုပ်ကလေးနှင့် ထိကာ ချမ်းသာကြပါစေဟု ဆုပေးပြီးမှ ပြန်ကြလေသည်။ ကျေးမွေး ညှော်ခံသည်တို့မှာ ပြော


မကုန်နိုအောင် ရှိပေသည်။ ရာသီဥတုမှာ သူတို့အတွက် နေသာ၍ ကောင်းလှ၏။ ကျွန်တို့ကား အလွန်အေးတဲ့ခြမ်းတုံးပင် ရှိပေသေးသည်။

## ချစတမြို့သို့ သွားခြင်း

၂၃-၆-၆၁ နေ့တွင် ညနေ ၇- နာရီ ဥလံ ဥဒေးမြို့မှ ချစတမြို့သို့ လေယာဉ်ဖြင့် ထွက်ခွါ လာရာ ပဌမသာသနာပိုင်ကြီးနှင့် အဖွဲဝင် ၅- ဦးတို့အပြင် မြို့မိမြို့ဘ ၃- ဦးပါ တပါတည်း လိုက်ပါ့ကြကုန်၏။ ၉ နာရီမိထိုးမီ ၁၀-မိနစ် အလိုတွင် ချိတမြို့သို့ ရောက်သည်။ ဒုတိယသာသနာပိုင်နှင့် အဖွဲဝင် ၂ွား၊ ချိတမြို့မှ ဘာသာရေး. အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီး၊ တရားလွှတ်တော် ချုပ်မှ တရားဝန်ကြီး၊ ပုလိပ်မင်းကြီး၊ မြို့နိ စီပါယ် ဥက္ကဋ္ဌ စသော ဂုဏ်သရေရှိ လူကြီး လူကောင်းများက လေယာဉ် အနီးသို့ လာရောက်ကြိဆိုကြကာ ပုဝါကလေးများနှင့် ဓာဉီးစီပူဇော် အလေးပြုကြပြီးလျှင် မော်တော်ကား ၁၀-စီး ဖြင့် ချိတမြို့တွင်းရှိ နိုင်ငံခြားသားတို့ တည်းခိုရာ အင်တိုရိ ဟော်ဘယ်ကြီးသို့ ပို့ကာ တည်းခိုစေသည်။ မြို့ပေါ်မှ ဗုဒ္ဓဘာသာဝင်များက ဟော်တယ်အဝမှနေ၍ဆီးကြိုကာ ရှိခိုးပူဇော်ကန်တော့ကြသည်မှာ ကျွန်ုပ်အား လမ်းသွားစရာ မရှိဖအောင်ပင် ဖြစ်ပေသည်။ ချမ်းသာပါစေဟု တဦးစီအား ဦးထိပ်ကို လက်နှင့် ထိကာ ဆုပေးမှု ထသွားကြသည်။

## စက်ရုံကြီး

(၂၄-၆-၆၁)နေ့ နံနက်ပိုင်း (၉)နာရီမှ (၁၁) နာရီ အထိ အဲယား ကွန်ပရက်ရှားခေါ် လမ်းခင်းရာ, မြေညှိရာ, အဆောက် အဦး တည်ဆောက်ရာတို့၌ အသုံးပြုသော စက်



စက်ရုံမှ ထုပ်လုပ်သော စက်မျိုးကို
နေရင်းဆရာတော်တို့ ကြည့်ရှုနေကြပုံ

များး ထုပ်လုပ်ရာ စက်ရုံကြီးသို့ သွားရောက် ကြည့်ရှုကြ၏။ သံရည်ကြိုသည်မှ အစ စက်တလုံးပြီးသည်အထိ တတ်ဆင်ပြီး မောင်းနှင်ပုံ အထိ တွေ့ရမြင်ရ၏။ကမ္ဘာ့ စျေးကွက် တင်ကာ ရောင်းနေရသဖြင့် ပို၍ လက်မလယ် နိုင်အောင် ဖြစ်နေပုံကို မန်နေဂျာက လိုက်လံ ရှင်းပြပေသည်။ ၎င်းနောက် လာဘ်ရည် အချို အချင် မုန့် မျိုးစုံ တို့ဖြင့် ညှဲခံကြသည်။ စက်ခွံ ဥက္ကဋ္ဌကကျန်ပ်တို့အား အဲယားကွန်ပရက်ရှား စက်ပုံသဏ္ဌာန် ပြုလုပ်ထားသော ကြေးစက်ရုပ်ကလေးကို လက်ဆောင်အဖြစ် ပေးလိုက် လေသည်။

## ဒုသာသနာပိုင်ရိပ်သာလွန်သာယာ

နေ့လည်စာ စားသုံးကြပြီး မွန်းလွဲ တနာရီအချိန်တွင် ဒုတိယသာသနာပိုင် ဒီကမွောလာမဆရာတော်၏နေရာ ချိတာ မြို့မှ မိုင် (၃၀) ဝေးကွာသော အာဂျင်းစကင်ရှာသို့ ကား (၁၀) စီးတို့ဖြင့် ပဋ္ဌမသာသနာပိုင်ကြီးနှင့်အတူ သွားကြရာ ညနေ (၅) နာရီတွင် ဆိုက်ရောက်ကြသည်။ ဒု-သာသနာ ပိုင်အမှူးရှိသောလားမားရဟန်းများ, တပည့် ဒကာ-ဒကာမ ပရိသတ် ပေါင်းစုံတို့က ပန်းစီးများ, တံခွန်များကိုင်၍ နှုံ့ သာအမွေးတိုင်များကို မီးညှိပြီး အမွေးနှံ့ပေးကာ သူတို့

ဓမ္မတာဘုတိုင်း လားမဲး ရဟန်းများက ခရုသင်းမှုတ်ခြင်း၊ နဲမှုတ်ခြင်း၊ စည်တီးခြင်းစသော အောင်သံများ ဟစ်အော်ကြွေးကြော်လျက် ကျွန်ုပ်တို့အဖွဲ့အား ကြိုးကျယ်ခန်းနားစွာ ကြိုဆိုပေသည်။



နေရင်း ဆရာတော်တို့သည် မော်တော်ကားများဖြင့် ဒုဿဿနာပိုင်ကြီး၏ ဓမ္မရိပ်သာသို့ ဆောက်လာကြပုံ

# ဆိုပီယက်မှာ တလကြာ



ဒု- သာသနာပိုင်၏ ဓမ္မရိပ်သာ ဂန္ဓကုဋီကျောင်းဝတ္ထင်
နေရင်း ဆရာတော်က တရားဟောနေပုံ



နေရင်း ဆရာတော်အား ပထမ သာသနာ ပိုင်ကြီးက ရွှေဆောင်လျက် ကနက္ကဒက် ထီးကြီးမိုးခါ နှံသာမီးဒုတ် များကို မီးရှို့လျက် ညီခံရာ ဌာနသို့ ပင့်လာပုံ

ကျောင်းဝင်းအတွင်း လှည့်လည်ပြီးမှ ဂန္ဓကုဋီဘုရား ကျောင်းသို့ သွားကြရသည်။ ဂန္ဓကုဋီကျောင်းခန်းအတွင်း သို့ ထူးများ မဝင်ရဘဲ ပြင်ဘက်က ဝိုင်းအုံစောင့်နေရသည်။ ပဌမ သာသနာပိုင်ကြီးက အလယ်မှ ပလ္လင်နှင့်ထိုင်၍ ကျွန်ုပ်



နေရင်း ဆရာတော်သည် ကြိုဆိုသော ပရိသတ်ကြီး၏ အပူဇော် ခံယူလျက် ဓမ္မရိပ်သာ အတွင်းသို့ ဝင်ရောက်နေမုံ့

နှင့် ဒုတိယသာသနာပိုင်တို့က ဘေးတဖက်စီ ထိပ်ဆုံးမှ ပလ္လင်နှင့်ထိုင်ကြရသည်။ အခြား လားမား ရဟန်းများက ရှေ့တည့်တည့်မှ တဖက်တဘန်းစီ ခုံမြင့်များနှင့် ထိုင်ကြရသည်။ လားမား ရဟန်းများ၏ အဝတ်တန်းဆာများကို ဝတ်လျက် ဦးထိပ်မှ အဆင့်အတန်းအလိုက် ဒါဂ်ချာ, သရဖူများကို ဆောင်းထားကာ ကွင်းခန့်ငြားစွာဖြင့် ထိုင်နေကြသည်မှာ ရှစ်ဘုရင်များ ရှေတော်၌ မှူးကြီးမတ်ကြီးများ ခစားနေသည်နှင့်တူကြလေသည်။



ဇနရင်း ဆရာတော်အား ဒု-သာသနာပိုင်ကြီး၏ တပည့် ပရိသတ်များက ရွှေရောင်ထီးကြီး မိုးကာလျက် ပင့်လာပုံနှင့် ပန်းစည်းများဆက်ကပ်ပူဇော်နေပုံ

ဂျင်းနောက် သာသနာပိုင်ကြီးက စတင်၍ ရွှတ်ဖတ် သရဏ္ဌာယ်လိုက်သောအခါ စီးဝါးအံကိုက် ကျနစ္စာ ဖြေးဖြေးဆေးဆေး ခပ်ဇအားအေားဖြင့် သူတို့တံထုပရိတ်ခမ္မံ အလာတို့ကို သာယာထူးတင့် ကျူးရင့်ကြွပြီးလျှင် တခုစီ တခုစီ အဆုံးဌ သာသနာပိုင်ကြီးက ဝရဇိန်လက်နက်ကို ကိုင်လျက် အချက်ပြ လှုပ်လိုက်သောအခါ အခြားလားမားရဟန်းများက ဘဲလ်ခေါ် ဂလိုင်လှုပ်ပေးခြင်း၊ နဲမှတ်ပေးခြင်း၊ လင်းကွင်းတီးပေးခြင်း၊ နောက်ဆုံး ကက္ကဋ္ဌစည်သံဟိန်းလျက် တဒိန်းဒိန်း မြည်ဟီးကာ ကောင်းခြိုးသဘာ မင်္ဂလာအမှုဘိသိက်သွန်းပေးခြင်းပွဲကြရာ (၉) ကြိမ်တိတိ တနာရီကြာမျှ ဖြစ်လေသည်။ ဆံပန်းပေါက်ပေါက်များ ကြဲချလျက် အပြင်ဘက်မှ ကြည့်နေသော ပရိသတ်ကြီးက သာဓုကောင်းခြိုးပေးကြကုန်သည်။

ကျွန်ုပ်အား ဤမျှ ကောင်းခြိုးပေးခြင်း ပွဲကြသော ထူရှားပြည် သာသနာပိုင် (၂) ဦးအမှူးပြုသော မဟာယာန ဂိုဏ်းဝင် လားမားရဟန်းများအား ဗုဒ္ဓဘာသာဝင်များက မအံ့မသြ ကံတကောစ ပြုဝံ့စွာမရှိတော့ပေ။ နှစ်ပေါင်း (၃၀၀) ခန့်က တိဘက်ပြည်မှ ဆင်းသက်လာသော ဗုဒ္ဓဘာသာဝင် အဆက်ဆက်တို့ဖြစ်ကြ၍ အချက်ကျကျ ပရိတ္တဓမ္မခံအလာကို ဘိသိက်ခံ မင်္ဂလာအဖြစ် ပြုလုပ်ကြပုံတို့မှာ စံနမူနာ တင်လောက်စရာဖြစ်ပါပေသည်။

အခမ်းအနားပြီးဆုံးသောအခါ ဂန္ဓကုဋီဖြင်ဘက်တွင် စုရုံးနေသောလူထုကြီးအား ကျွန်ုပ်က တရားဟောရာ လက်



နေရင်း ဆရာတော်အား ပူဇော်နေကြသော
ပရိသတ်များပုံ

ခုပ် လက်ဝါးတဲ့ညီးရှိုင်း၊ သာဓုသံပေးရှိုင်း၊ အကြိမ်ကြိမ် ရှိုခိုးရှိုင်း ကောင်းခြီးပေးကြကုန်သည်။

တရားဟောပြီးသောကျန်ုပ်အား တဦးစီ လာရောက် ဦးတိုက်ကြကုန်သည်။ အလှူမခံဘဲ အလှန်အမင်းထံပြင်း လှသောသဒ္ဒါဖြင့် ငွေ ၁၀-၂၀-၅၀- စသည် ဇွတ်အတင်းလှူ

ခြင်း၊ ကျွန်ုပ်က ချမ်းသာပါစေဟု မေတ္တာကောင်းခြီး ဆုတောင်းကြီးပေးရခြင်း၊ ဗုဒ္ဓဆုပေး ကျမ်းစာအုပ် ကလေးဖြင့် ဦးခေါင်းကို ထိပေးရခြင်း၊ သူတို့ယူလာသော ပုတီး, လက်ကိုင်ပုဝါ, ဆေးခဲ, သကြားခဲ, ရေပုလင်းမျှားကို ကျွန်ုပ်က လက်နှင့်ကိုင်ကာ ပြန်ပေးရခြင်းပြုရသည်။ ကျွန်ုပ်မှာ ကြာလွန်း၍ မတတ်နိုင်တော့ဘဲ အတင်းတိုးကာ ထွက်ပြေးရသည်။ နောက်မှ လူထုကြီးက ဝိုင်းအုံလိုက်နေသည်။ ကျွန်ုပ် တဲ့ကျောင်းသို့ အတင်းလိုက်လာပြန်သဖြင့် ကျောင်းမှ ထွက်ကာ ဆုပေးရပြန်သည်။



ဂန္ဓကုဋီမှ အထွက်တွင် နေရင်းဆရာတော်က ပူဇော် နေသော ပရိသတ်ကြီးအား ဦးခေါင်းကို လက်နှင့်ထိလျက် ဆုပေးနေရပုံ



နေရင်းဆရာတော် ဘုရားသည် ကျေးလက် တောရွာများသို့ ကြွရောက် ကြည့်ရှုရာတွင် နောက်မှလိုက်ပါလာကြသော ပရိသတ်များပုံ

ဤသို့ ညီမိုးမချုပ်မီ ကျောင်းမှ ထွက်ကာ ဆုပေးရသည်မှာ မအားရအောင် ဖြစ်ပေသည်။ ကျွန်ုပ်တို့ တည်းခိုရာကျောင်းများကို ဟော်တယ် အခန်းများကဲ့သို့ ပြင်ဆင်ထားလေသည်။ ဘာမှ လိုလေသေး မရှိအောင် ပြုစုရှာပေသည်။ ဗုဒ္ဓဘာသာဝင် အချင်းချင်းဖြစ်၍ ယခုလို ပြုစုခြင်းပါတကားဟု များစွာတက်ကြွ ပီတိသောမနဿ ဖြစ်ရလေ

သည်။ ဒု-သာသနာပိုင်၏ရိပ်သာကြီးကား ကျယ်ဝန်းလှ၏။ စကျောင်းဆောင်ပေါင်း (၂၀) ရှိပေသည်။ တောင်ပတ်လည် ဝိုင်းကာ၍ ရှုတိုင်းသာယာလှ၏၊ စိတ်၏ကြည်နူးပီတိအထူး ရသောနေရာဌာနဖြစ်ပေသည်။

ဒု-သာသနာပိုင်ကြီးသည် ပဌမသာသနာပိုင်ကြီးနှင့် အတူ ညွှေခံဏ ခန်းမဆောင်၌ ကျွန်ုပ်တို့အား ပင့်ခေါ်ပြီး လျှင် ကျွန်ုပ်အား ကိုးကွယ်ရန် ကြေးဆင်းတုတဆူနှင့် ဘုရား ဆွမ်းကပ်ရန် ကြေးခွက် တစုံနှင့် ဘုရားရှေ့ပူဇော်ရန် တမ်း ခွန်ကြီး (၂) ခု၊ ဥဒိုးချန်ထွန်း၊ ဒေါ်ခင်သိန်း၊ ဦးသာဝင်းတို့ အား၊ အသီးသီးကိုးကွယ်ရန် ဆင်းတုတော်တဆူစီနှင့် ဆွမ်း ကပ်ရန် ကြေးခွက်တစုံ၊ တမ်းခွန်ကြီးမျှားကိုဆုပေးလေသည်။ ကျွန်ုပ်တို့ အဖဲ့မှလည်း ကြေးဆင်းတုတဆူ၊ သင်္ကန်းဒုံစုံတစုံ၊ လွယ်အိပ်၊ ငွေရေခွက်၊ ယွန်းညောင်ရေအိုး၊ ဂုဏ်ထောပုတီး၊ ဆင်စွယ်ပုတီးမျှားကို ဒု-သာသနာပိုင်ကြီးအား လှူဒါန်းခဲ့ ကြပေသည်။

ထိုပဌမ ဝါဆိုလဆန်း (၁၂) ရက် စနေနေ့ညတွင် ဒု-သာသနာပိုင်၏ မမွေရိပ်သာကျောင်းတွင် တည်းခို နားနေ ကြရသည်။ ညအခါ လက်လေးက သာသာ၊ ညတုထသီက အေးအေး၊ တောင်ပတ်လည်ဝိုင်းလျက် ရှုလိုက်တိုင်း ကြည် နူးဘွယ်ကောင်းလှသဖြင့် ချိတမြိုသို့လာရသော အကြောင်း အရာတို့ကို တွေးပြီးလျှင် အူအသဲမှ ထွက်ပေါ် လာသော အာဇာက်ပါ ဓမ္မသံဝဂ လေးချိုးကြီးဖြင့် ဥဒါန်းကျူးမိခဲ့ပေ သည်။

## ချိတသွား ဓမ္မသံဓဝဂ ထေးချီးကြီး

သုဂတဓမ္မခံ အရေးနော် ကဝိဆရာ တပါးရယ်ကား၊ ဥလန်ဥဒေးမှနော် ချိတာသို့သွားရပြန်ပေါ့၊ ကြည့်စရာ ရှုစရာတွေက သားနားလိုက်ပါဘိ၊ သူတို့ရဲ့ဘဝ သံသရာတခွင် [တပည့်တို့ရယ်] မသိတာတွေက ယခုအခါမှာ များလိုက်ပါပေရဲ့၊ လူတို့၏ ဓမ္မကံအလားပင်။ ။

ဩသြော်--ပါဝါစတိုင်ကြီးလိုက်ပါတဲ့၊ သာသနာပိုင်ကြီးရယ်က၊ ရာဇာအဆိုင်ဆိုင်တွေအပေါ်မှာ သြဇာအာဏာစူးဝင်ပါပေရဲ့၊ အထူးပင် နေရာတိုင်းမှာလ၊ သချာပိုင်းကာပတပည့် ဒကာတွေအစုံအလင်နှင့်၊ ကဝိဆရာတွေ သားစလား ဂုဏ်အစဉ်ရအောင်လို့၊ ကားတွေ အစုံအလင်နှင့် လိုက်ကာပို့ပို့ ကြည့်ရှင်စရာ ကောင်းလိုက်ပါပေရဲ့၊ စီစဉ်ပို့ကောင်းလိုက်တဲ့ သာသနာပိုင်ကြီးရယ်ကြောင့်၊ ပါဝါ စတိုင်ကြီးပါပေရဲ့ ငါတို့ အဖွဲဝင်တွေမှာကယ်၊ (တပည့်တို့ရယ်) ကမ္ဘာအဆိုင်ဆိုင်က ခြီးကျူးကြပါပေရဲ့၊ သဒ္ဓါမချိုကြတဲ့ ဒါယကာတို့ရဲ့ တကယ့် အမြင်မှန်ပုံတွေရယ်။ ။

သာသနာပြုရှာတဲ့၊ ဆရာဒကာတစုတို့ကိုလ၊ ကမ္ဘာက ရှုကာကြည့်နေတဲ့ အခင်းရယ်ကြောင့်၊ အဓိပတိ ဓမ္မေမပျက်မသေ့လင်းအောင်လို့ ငါတို့ ရောက်လေရာတွင်၊ အနောက်တွေ့ ကြည်ကာရှင်းစေဘို့ ငါတို့ ပြောခဲ့တဲ့စကား၊ (တပည့်တို့ရယ်) ထောက်ရာ တည်ရာ လင်းစေဘို့ ဆရာဟောခဲ့တဲ့တရား။ ။

ဓမ္မအမြင်သာ၊ ဘဝစဉ်အလာ အခါကောင်းစေဘို့၊ သာသနာ့ အကြောင်း စာရုံးစကားတို့ကိုလ၊ မျှားမျှားဟောရန် အခါကလဲမသင့်ပေဘူး၊ ဘာဝနာနှင့်နေရန် နိဿယည်းကိုလဲ၊ စိပ်ပုတီးပြကာ တခါဟောခဲ့ပါရဲ့၊ ဓမ္မသဘောအပြည့်အဝတို့ကိုလဲ၊ သိကြရန် စာကယ် အရေးကြီးပါရဲ့၊ အပါယ်ဘေးကင်းရန် ကုသိုလ်တရားကိုလ၊ ဥဒဟိုပ္ပဒေးရန် လမ်းညွှန်ခဲ့ပေသပေါ့၊ လူ့ဗဟိုတလွဲတွင် အထက်တန်းမြင့်ကြပါစေတော့လို့၊ (တပည့်တို့ရယ်) ဘဝဂ်လျှမ်းပြီး မဂ်စခန်းကြီး ဖွင့်နိုင် ကြပါစေသားဟု ဆရာဆုတောင်း ခဲ့လေပြီ စာကား။ ။

## ရာရှားပြည်၌ ဘုရားတည်ပေးရန် ဆုံးဖြတ်ချက်

ဒု-သာသနာပိုင် ဒီ ကမ္ဘာလာမ အမည်ရသော ဆရာတော်ကြီး၏ဓမ္မရိပ်သာတွင်ညအခါ ဦးချန်ထွန်း၊ ဦးသာဝင်း၊ ဒေါ်ခင်သိန်းနှင့် ကျွန်ုပ်သည် သာသနာပိုင် (၂) ပါးနှင့် အတူ ဘူရိယတ် ပြည်နယ်တွင် ရှိသော ဗုဒ္ဓဘာသာဝင် လူမျှားမှာ လူကြီးပိုင်းက သာလျှင် အလွန်ရှိသော ကိုင်းရှိုင်းကြပြီး၊ လူငယ်ပိုင်းမှာ တဖြေးဖြေး ခေါင်းပါးလျက် ကြာရှေ့လျှင် ပြောင်းသွားမည့် အနေကဲ့သို့ ဖြစ်နေသောကြောင့် အရှေ့ဆက်လက်တည်တံ့စေခြင်းအကျိုးငှါ၊ ကျွန်ုပ်တို့မြန်မာနိုင်ငံမှနေ၍ သာသနာပိုင် ကျောင်းတိုက် (၂) ဌာနတွင် ကြေးစည်, ခေါင်းလောင်း တခုစီနှင့် ကျောက်ဆင်းတု ဘုရားရုပ်ပွားတော်, ထိုင်တော်မူ တဆူစီ တည်ထားပေးရန် သဘောတူ ဆုံးဖြတ်ကြသည်။

ထိုဆင်းတုတော်, ကြေးစည်, ထိုးစည်, ခေါင်းလောင်းတို့တွင် နေရင်းဥိးကောဝိဒဆရာတော် ကြီးမှူးသော မင်္ဂလာဂတိဝိသုဒ္ဓိ အသင်းဝင်များ ကောင်မှုဟူ၍ ကမ္ဘည်းတပ်ကာ သူဒါန်းရန် သာသနာပိုင် (၂) ပါးက အကြံပေးသည်ကို သဘောတူကြလေသည်။ တောင်တန်း သာသနာပြု အဖွဲ့မှ ချင်း, ကချင်, ကယားပြည် တို့၌ သာသနာပြု သက်သို့ ကျန်ုပ်တို့ အဖွဲ့ကြီးမှ ရောရှားပြည်တွင် ဘဂဝါဘုရား၏ သာသနာ အရှည်တည်တံ့ရန်အတွက် ဘုရားတည်ပေးရန် ဆုံးဖြတ်ချက်ချပြီးသောအခါ၊ ဝမ်းသာအားရ ပီတိပါမောဇ္ဇ ဖြစ်သဖြင့် အောက်ပါဓမ္မသံဝေဂလေးချိုးကြိုးကိုရေးလိုက်လေသည်။

## ရောရှားပြည် သာသနာပြုကဗျာ လေချိုးကြိုး

ဘဂဝါဘုရားမှာ သာသနာပြု ဒေသစာ လှည့်သက့ဲသို့၊ ရောရှားပြည်မှာ ဆရာဒကာတစု သေသေချာချာ ကြည့်ပြန်တော့၊ ဒေသနာအရှိ လာခဲ့တဲ့၊ သာသနာ့ဓမ္မ ထုတ်ပြစရာပင်၊ (ကွယ်တို့ရယ်) မြေပထဗျာမှာရှိပါတဲ့၊ မဟာယာန ဗုဒ္ဓအာသာဝင်တွေကွယ်။ ။

မြန်မာပြည် ချင်းတောင်ဒေသတို့လိုပ၊ သာသနာအရှည်တည်ရန် စာရင်းအဆောင်ဆောင် ပြုသင့်ပေသပ၊ သူတို့အမြင့် စခန်းကတော့ မဟာယာန အဆက်အနွယ်တွေကွယ်၊ (ကွယ်တို့ရယ်) လူတို့ အဆင့်အတန်းမှာလဲဘဲ၊ သဘာဝကြောင့် တက်နေပြန်တယ်။ ။

ရောက်ရာ ရောက်ရာ ဌာနတိုင်းမှာလ၊ ကြောက်စရာ, ကြောက်စရာ လာကြဝိုင်းကြပါလို့၊ ကာယ, ဝစီကိုင်းကြရှိုင်း

ကြပါတဲ့ ဘူရိယတ်ပြည်နယ်တခွင်၊ ဇမ္မူဒီအမြတ်နယ် အဝင်မှာစောဲ့ တကယ်ပင်ရှား၊ (ကုယ်တို့ရယ်) လူပလီတတ် အသွင်တွေ့ကလဲ ဘယ်တွင်မှ မမြင်ရဖြား။ ။

ကြည့်ရတဲ့အခါမှာကုယ်၊ တပည့်ဒကာတွေ့ သနားစရာကောင်းလိုက်ပါရဲ့၊ ဘုရားဘဂဝါ၏ သားအစစ်တို့ကလဲ တရားချစ်လျှင် တကယ်ဥပေက္ခာမထားသင့်ပေဘူး၊ ပယ်ကြပစ်ကြတဲ့အသွင် ဖြစ်နေလျှင်လဲ အစစ်ခံမြေမှာ နှစ်အရှေ့မသွားဘဲနဲ့၊ တဖြစ်အခြေအနေနှင့်ပင် ပျောက်ကုယ် သွားပါ၊ လိမ့်မယ်၊ နောက်ဆုယ် နောက်ပွားသားမြေးကလေးတို့မှာလဲ၊ ဘုရားပေးတဲ့ တရားအေးအေးတို့မှာ၊ အလကားဝေးရာသို့ ရောက်ပါလိမ့်မယ်၊ ကြောက်စရာ ဤအချက် တို့ကိုလဲ၊ ပြည်ပျက်မည့်အရေးကဲ့သို့ လေးနက်စွာတကယ်တွေးသင့်ကြပေသပ၊ (ဟယ်)ရှေးဘဝက ဆွေမျိုးဖြစ်ခဲ့တဲ့ သူတို့ အတွက်ရယ်ကြောင့်၊ ဆူလို့ ပွက်လို့လာကာ အသဲအူပြုတ်ရတော့မှာလား၊ ဒုက္ခခေါ် ဘုံစနက်ကိုလဲ၊ အကုန်ဖျက်ကာ စိတ်အကြိုးနှင့်တွေးလို့ရယ်၊ (ဩ) နိဗ္ဗာန်ရမှ အေးရတော့မှာပါတကား။ ။

## အာဂျင်းစကင်ရှာကလေး

ကျွန်ုပ်တို့သည် ဒု-သာသနာပိုင်၏ ဓမ္မရိပ်သာမှ မထွက်မီ (၁၀) ဦး (၁၅) ဦး (၂၀) ဦး (၅၀) ဦးစသည်ဖြင့် အစုလိုက်, အစုလိုက် ကျွန်ုပ်ကို လာရောက် ဦးတိုက် ရှိခိုးပူဇော်ကြသူတို့ကား များလှပေသည်။ နံနက် (၉) နာရီခဲ့


တွင် ကျောင်းတိုက်မှ ထွက်လာခဲ့ကြ၍ ထိုရွာကလေးကို သွားစရောက်ကြည့်ရှုရာ၊ ကလေထိန်းကျောင်း၊ စာပေးရာဌာန၊ တလေးသူငယ်များ စာသင်ချင်အောင် အရုပ်နှင့် ရှေးဦးစွာ ပြသင်သောကျောင်း၊ နွားမွေးမြူရာ၊ သိုးမွေးမြူရာ၊ သိုးမွေးရိပ်ဌာန စသည်တို့ကို လိုက်လံပြသရာ သူ့နေရာနှင့်သူ အာလွန်ကောင်းလှပါပေသည်။ ကိုယ့်အိမ် ကိုယ့်ဝင်းခြံနှင့် ကာရံနေပုံမှာ အထက်မြန်မာပြည် ကျေးရွာများနှင့်တူလှပေသည်။ ဥလုံဥဒေးခရိုင်နှင့် ချိတခရိုင်တို့၌ ကျေးရွာများ နေပုံတို့မှာ ကိုယ့်အိမ် ကိုယ့်ဝင်းခြံကာရံ၍ နေကြသည်။ အိမ်များမှာလည်း သစ်သားအိမ်တွေချည်းဖြစ်လေသည်။ ထင်းရှူးသစ်စသည်တို့ကို အလုံးအရှေ အတိုင်း (၂) ခြမ်း ခဲကာ အရှေ လိုက်ကာရံကြသည်။ သစ် (၂) ခုကြားတွင် နှင်းအအေး ဒဏ် ခံနိုင်ရန် လုံနေအောင် သိုးမွေးထွေးညှပ်ကာ လေလုံ အောင်လုပ်ထားရသည်။ တံခါးတို့မှာလည်း လေလုံမှုန်တံခါးများသာဖြစ်ကြသည်။ ပန်းပင် ပန်းခြံများနှင့် သပ်ရပ်စွာ ပြုပြင်ထားကြလေသည်။

## နေရင်းဆရာတော်၏ ရာရှားပြည်တရား


ကျွန်ုပ် ရာရှားနိုင်ငံ ဘူရိယတ်ပြည်နယ်နှင့်ချိတပြည်နယ်, သာသနာပိုင် ဆရာတော်ကြီး (၂) ပါး၏ ဓမ္မရိပ်သာတွင် ဗုဒ္ဓဘာသာ လူထုကြီးအား ဟောကြားခဲ့သော တရားတော် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် ဆိုဗီယက်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များကို တွေ့မြင်လိုပါ၍ မိုင်ပေါင်းများစွာ ဝေးကွာတဲ့ ခရိုးမှ

ကြေးမုံပြင်ဆိုင်းဘုတ်ကြီးကို ကြည့်ရှုနေကြသော ပြည်သူများ



ကြေးမုံပြင်ဆိုင်းဘုတ်ကြီးသည် ပြည်သူများ၏ အာရုံကို ဆွဲဆောင်နိုင်ခဲ့ပေသည်။ ဆိုင်းဘုတ်ကြီးပေါ်တွင် ပြည်သူများ၏ ဆန္ဒအတိုင်း ကြေးမုံပြင်ကို ဖော်ပြထားသည်။ ကြေးမုံပြင်ထဲတ



ဗုဒ္ဓဘာသာဝန်ကြီးဌာန ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ပညာရှင်များ ညီလာခံကြီး ဖွင့်လှစ်ခဲ့

မျှားကို မြင်ရသဖြင့် အလွန်ကြည်နူး၍ ပီတိ အထူး ဖြစ်ရပါ
ကြောင်း။ ကျွန်ုပ်တို့ကို သူ့ထက်ငါတိုးဝှေ့၍ ရှိခိုးကြ မြတ်
နိုးကြ ပူဇော်ကြသော ဘုရိယတ်ပြည် (ချိတပြည်) နယ်သား
မျှား နေရာတိုင်း ဓနဏာတိုင်း လိုပင်တွေ့နေရသဖြင့် အလွန် အ
လွန် ဝမ်းသာလှပါကြောင်း။ ဗုဒ္ဓဘသ ဝင်မျှား ဤပြည်
နယ်မျှားတွင် မြို့တိုင်း ရွာတိုင်းလို တွေ့မြင်ရသဖြင့် ဝမ်းသာ
မဆုံး ဖြစ်ရပါကြောင်း။ မြန်မာ ဗုဒ္ဓဘာသာဝင်မျှားနှင့်
ထူရှားဗုဒ္ဓဘာသာဝင်မျှားမှာ ညီအကို မောင်နှမ အရင်းအ
ချာမျှား ဖြစ်ကြကြောင်း။ အမိ အဘ တဦးတည်းမှ ပေါက်
ဖွားသော ဆွေမျိုးရင်းမျှား ဖြစ်ကြရကြောင်း။ ကျွန်ုပ်သည်
သင်တို့ကို မြင်ရတဲ့အခါ ကဲ့ကွာနေသော ညီအကို မောင်နှမ
မျှား တွေ့ရသကဲ့သို့ ထင်မှတ်ပြီး မျက်ရည်မဆည်နိုင်အောင်
ပင် ဖြစ်ရပါကြောင်း။ အလွန် ချစ်ခင်လှသော ဆွေမျိုးရင်း
မျှားကို တွေ့မြင် ချင်လွန်းလို့ မိုင်ပေါင်းမျှားစွာ ဝေးကွာ
ထူမှ လာခဲ့ရပါကြောင်း။ သင်တို့၏ ထူရှားနိုင်ငံ သာသနာ
ပိုင်ကြီး (၂) ပါးသည် ကျွန်ုပ်တို့ နိုင်ငံသို့ လာရောက် လည်
ပတ်၍ ဘုရားပုထိုးအမျိုးမျိုးတို့ကို ဖူးမြော်ပြီး ပြန်သွားကြ
ပါသည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်မျှားအား ကိုယ်တိုင်
မြင်ရ တွေ့ရပြီး ချစ်ကြည် ရင်းနှီးမှုကို ရယူသွားပါသည်။
ကျွန်ုပ်တို့ သည်လည်း ဆိုပိယက် ဗုဒ္ဓဘာသာဝင် မျှား၏
မေတ္တာကို ခံယူလိုသဖြင့် လာခဲ့ရပါသည်။ ဆိုပိယက် ဗုဒ္ဓ
ဘာသာဝင်မျှား၏ လေးမြတ်စွာ ဝမ်းမြောက်ဝမ်းသာ ချစ်
ကြည် ရင်းနှီးမှုကို ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ရသဖြင့် အလွန်
အကြူး ကျေးဇူးလဲတင်ပါသည်။ တသက်လုံးလဲ မမေ့နိုင်ပါ။

ခိုင်မာ တောင့်တင်းသော မေတ္တာ ခင်တော်ကြီးဖြင့် ချီနှောင်ဖို့ကြသော ဆိုဗီယက်နှင့် မြန်မာပြည်သူတို့မှာ ဓာဉီးနှင့်တဉီး ညီရင်းအကို မောင်ရင်းနှမတို့ကဲ့သို့ မကဲ့ပျက်နိုင်သော ချစ်ကြည်ရေး ရပြီဟု ယုံကြည်ပါသည်။

ဆိုဗီယက် ပြည်သူတို့၏ လွတ်လပ်စွာ ဘာသာကို ကိုးကွယ်မှု၊ ဘာသာရေးပွဲတော်များ လွတ်လပ်စွာကျင်းပမှု၊ ဗုဒ္ဓဘာသာ တရားများကို လွတ်လပ်စွာ ဟောပြောနိုင်မှု၊ လွတ်လပ်စွာ သွားလာနိုင်မှုများကို ကိုယ်တိုင် တွေ့မြင်ရ၍ အလွန်ဝမ်းမြောက်ပါသည်။

ဆိုဗီယက်နိုင်ငံသည် ပျဉ်ပုံဘဝမှနေပြီး အနှစ် (၄၀) အတွင်းတွင် မကြုံဘူးအောင် တဟုန်ထိုး အဖက်ဖက်မှ တိုးတက် နေပုံတို့ကို တွေ့မြင်ရ၍ အလွန်ဝမ်းမြောက်ပါသည်။

ကျနုပ်တို့ တွေ့မြင်ရသမျှသောမြို့များ ကျေးရွာများတွင် စားဝတ်နေရေးပြည့်ဝနေမှုကို တွေ့ရသဖြင့် အလွန် အံ့အားသင့်မိကြောင်း။ လှပတင့်တယ်သော လူနေအိမ်များ၊ ကြီးကျယ်ခမ်းနားသော ရုံးများ, စျေးများ, ကပွဲရုံများ, ပန်းခြံဥယျာဉ်များ, ဖြောင့်တန်းညီညွတ် ချောမွေ့လှသော လမ်းကြီး, လမ်းဟယ်များ, ကလေးများအတွက် အထူးအခွင့် အရေးပေးထားသော ကလေး ကစားကွင်း, ကလေးပန်းခြံ ကလေးများ, ပျော်ရွှင်ဖွယ် နှန်းတော် စသည်များ, ယဉ်ကျေးမှုစုဆောင်း ထားသော ပြတိုက် အမျိုးမျိုး, စာအုပ် မျိုးစုံရှိပီပြင်ကတ်တိုက်များ, နှမူနာစံပြ ကြီးကျယ်လှသော ကပွဲရုံကြီးများ, ရုပ်ရှင်ရုံကြီးများ, ကုန်ပဒေသာ တိုက်ကြီးများ, အ

လှန်ကြီးကျယ်လှသော စက်မှု လက်မှု စက်ရုံကြီး များနှင့် ပြည့်နေသော မြို့များ, ကျေးရွာများကို မြင်ရ၍ အလွန် ကျေနပ်အားရမိကြောင်း ဆိုဗီယက်နိုင်ငံသည် အာကာသဆိုင် ရာဌာန၊ မြေပြင်ဌာန၊ ရေပြင် ရေအောက်ဌာန၊ ထိပ် တန်းရောက်နေကြောင်းကို တွေ့ရသဖြင့် အလွန် ဝမ်းသာ အားရဖြစ်မိကြောင်း။ ဤသို့ ကမ္ဘာ့ထိပ်တန်း နိုင်ငံကြီး တ



ဂျီ ၁၄၀၊ ဖြူဖြူလေး ဂန္ဓမုန်လှိုင်

ခုတ္တင် ဗုဒ္ဓဘာသာတရား ထွန်းကားစွာ တွေ့နေရ၍ ကျွန်ုပ်မှာ ဝမ်းသာလုံးဆို့ပြီးလျှင် မျက်ရေမဆယ်နိုင်အောင် ဖြစ်လာရပါကြောင်း။ ကျွန်ုပ်သည် ယနေ့မှစ၍ သင်တို့ ဗုဒ္ဓဘာသာဝင်များ နေထိုင်ရာ ဘူရိယတ် ပြည်နယ်နှင့် ချိတ်ပြည်နယ်ကြီးများ အတွင်းရှိ ဗုဒ္ဓဘာသာဝင်များနှင့် ပြည်နယ်သူ, နယ်သားများအားဂုဏ်း၊ ခေါင်းဆောင်ကြီး မစ္စတာ ကရွှက် အမှူးရှိသော ဆိုဗိယက်ယူနိယံ နိုင်ငံသူ, နိုင်ငံသားအားလုံးကိုဂုဏ်း လိုရာဆန္ဒ ကြံသမျှ ပြည့်ဝကြပါစေ, ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ, အသက် ရှေကြာစွာဖြင့် လူသားတို့ အကျိုးကို ပြည့်ဝအောင် ရွက်ဆောင် နိုင်ကြပါစေ၊ အသင်တို့ ရည်မှန်းထားသော စားဝတ် နေရေး အလကားပေးပြီး ပူစရာမရှိ အေးချမ်းစွာ နေရသော လောကနိဗ္ဗာန်ကြီးသို့ အမြန်မောက်ကြပါစေဟု ဆုတောင်းပါကြောင်း။

ဂုဏ်းနောက် ဆက်လက်၍ အောက်ပါအတိုင်း ဟောပြောပြန်လေသည်။

သဗ္ဗပါပဿ အကာရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါနုသာသနံ။

အကုသိုလ်ဖြစ်သမျှ အမြစ်က ပယ်ကွယ်။
ကုသိုလ်ရှိသမျှ ပြည့်ဝရမယ်။
မိမိစိတ်ကို ထိုးပြ၍ ဆုံးမရမယ်။
ဤသည်ကား မြတ်ဘုရားဆုံးမစာယ်။ ။

ဤဂါထာ သည်ကား ဂင်္ဂါသဲမျှ ဖွဉ့်ကြတဲ့ ဘုရားတိုင်း ဆုံးမတဲ့ ဂါထာဖြစ်ပေသည်။ အကုသိုလ်ဆိုတဲ့ မကောင်းတာ ဖြစ်သမျှ အမြစ်မှ ပယ်လိုက်ပါ၊ ကောင်းမြတ်တဲ့ ကုသိုလ် ရှိသမျှ ပြည့်စေအောင်လုပ်ပါ။ မိမိစိတ်ကို ယဉ်ကျေးအောင် ထိုးပြ၍ ဆုံးမပါ။ ဤ ၃-ချက် လိုက်နာလျှင် လောကဆော သံသရာပါ ကောင်းမှုနှင့်၍ နိဗ္ဗာန်ရောက်မည် ဆိုတဲ့ ဘုရား၏ ဆုံးမဩဝါဒပင် ဖြစ်ပေတယ်။ ဤသို့ ဘုရား ဟောပြသော အကျဉ်းချုပ် ဩဝါဒစကားမျှားကို အကျယ်တဝင့် ရှင်းလင်း ဟောကြားခဲ့လေသည်။

## မော်စကိုခရီး လေယာဉ်စီး

(၂၆-၆-၆၁) နေ့တွင်....ချိတ်မြို့ တည်းခိုရာ အင်တိုရီ ဟော်တယ်ကြီးမှ နံနက် (၁၀) နာရီတွင် လေယာဉ်ကွင်းသို့ လာခဲ့ကြသည်။ မထွက်ခွါမီ ဟော်တယ်သို့ လာရောက် စောင့်နေကြသော ဗုဒ္ဓဘာသာဝင်တို့အား (၂၀) စု(၃၀) စု (၅) ကြိမ်မျှ ဆင်းကာ ဆုပေးရသည်။ လေယာဉ်ကွင်း ထောက်သောအခါ စောင့်နေသော ဗုဒ္ဓဘာသာဝင် (၁၀၀) ကျော်တို့အား ဆုပေးရသေးသည်။ ဦးတိုက်ကြ, ရှိခိုးကြ, တိုးဝှေ့ကာ ဆုခံယူလာကြသည်မှာ သနားစရာကောင်းလှ၏။

ချိတ်မြို့မှ ဥလံဥဒေးမြို့သို့ လေယာဉ် (၂) နာရီ စီးရသည်။ ဥလံဥဒေးမှတဖန် လေယာဉ်ဖြင့် ဆက်ထွက်ရာ တန္ဒရီတိုတို စီးရပြန်သည်။ အိရ္ဂကုမြို့သို့ ရောက်ပြန်သည် ၎င်းတွင် တနာရီခန့် နားနေကြသည်။ အိရ္ဂကုမြို့နှင့် မော်စကိုမြို့မှာမူ မိုင်ပေါင်း (၃၅၀၀) ကျော်ဝေးကွာသေးသည်။



လာမ ဘုန်းကြီးများသည် နေရင်းဆရာတော်အား ကျောင်းမှ
အထွက်တွင် ခရီးသင်းမှုတ်ကာ နှုပ်ဆက်နေပုံ

(၁၂) နာရီ အချိန်တွင် ဂျက်လေယာဉ် ကြီးဖြင့် အိန္ဒိကုမ္ပဏီမှ ထွက်ခဲ့ရာ (၃) နာရီတွင် အွန်းမြို့သို့ဆင်းသည်။ နာရီဝက်နားပြီး ဆက်လက်ထွက်ပြန်ရာ ညနေ (၇) နာရီခွဲတွင် မော်စကိုလေဆိပ်သို့ ချောမောစွာ ရောက်ရှိလေပြီ။ ဂျက်လေယာဉ်ကား အမြင့် (၃) မိုင်ခန့်မှ တက်၍ ပံ့သဖြင့် ငြိမ်ချက်သား ကောင်းလှ၏။ လှုပ်ခြင်း, ခုန်ခြင်း မရှိပါပေ။

မော်စကို လေဆိပ်တွင် ဘာသာရေး ကောင်ဆယ် ညကွင်နှင့် အဖဲ့ဝင်များ၊ ယဉ်ကျေးမှု ကောင်ဆယ် ညကွင်နှင့် အဖဲ့ဝင်များက ကား (၅) စီးနှင့်လာကြိုကြသည်။ လေဆိပ်မှ မြို့တွင်းသို့အလာ ကားလမ်းဘေး တဘက်စီတွင် သစ်ပင်များ အစအည စတန်းနေပုံမျာ သာယာလှပေသည်။ ထူထပ်တချက် တိုက်တန်းလျားကြီး များကလည်း ခန့်ငြားလှပါပေသည်။ မြို့တွင်းသို့ ရောက်သောအခါ ကျွန်ုပ်တို့ အဖဲ့ဝင်များအား ယူကရိန်း ဟော်တယ်ကြီးတွင် နေထိုချထားကြသည်။ ယူကရိန်းဟော်တယ်ကြီးမှာ အထပ် (၃၀) ကျော် ရှိ၍ အခန်းပေါင်း (၁၀၀၀) ကျော် ရှိပေသည်။ နှိုင်ငံခြားသွေ့သည် အဝင်အထွက်တွေ့ ရှုပ်ပွလျက် ရှိပေသည်။ အခမ်းရဘို့ရာ မလွယ်ကူပေ၊ (၇) ရက်က ကြိုတင်၍ စာရင်းသွင်းထားမှ ရနိုင်ပေသည်။ ကျွန်ုပ်တို့ အတွက်မှာ ဘာသာရေးကောင်ဆယ်မှ စီစဉ်ပြီးဖြစ်နေ၍ အဆင်သင့်ပင်ဖြစ်ပေသည်။

ဤသို့သော ဟော်တယ်မျိုးကား တမြို့လုံးတွင် များစွာရှိပေသည်။ သို့ထွတွင် ယူကရိန်း ဟော်တယ်ကြီးကဲ့သို့ ခေတ်အဆန်ဆုံးသော မိုးပံ့ ဟော်တယ်မျိုး မဟုတ်ကြချေ။



မော်စကိုမြို့တွင်းရှိ ယူကရိန်းဟော်တယ်ကြီး



ပြည်ပ နိုင်ငံတော်များ ဂဠုန်ဘုရင်ကြီး ကျဆုံးခြင်း

ဂဠုန်ဘုရင်ကြီး ကျဆုံးခြင်း ။ ။ ဂဠုန်ဘုရင်ကြီးသည် ဂဠုန်ပြည်ကို ဆယ့်ခုနစ်နှစ်တိတိ အုပ်စိုးခဲ့ပြီးနောက် ဂဠုန်ပြည်ကို ဆက်ခံမည့်သူ မရှိသဖြင့် ဂဠုန်ပြည်သည် ဘုရင်ခံစနစ်ဖြင့် အုပ်ချုပ်ခြင်းခံရသည်။ ဂဠုန်ဘုရင်ကြီးသည် ဂဠုန်ပြည်ကို ဆယ့်ခုနစ်နှစ်တိတိ အုပ်စိုးခဲ့ပြီးနောက် ဂဠုန်ပြည်ကို ဆက်ခံမည့်သူ မရှိသဖြင့် ဂဠုန်ပြည်သည် ဘုရင်ခံစနစ်ဖြင့် အုပ်ချုပ်ခြင်းခံရသည်။ (၅) (၇) ဂဠုန်ဘုရင်ကြီး ကျဆုံးခြင်း

နှုန်းဌာန, လေယာဉ်လက်မှတ်ဟူရန်ဌာန, ငွေလဲဌာနစသော လိုအပ်သမျှတို့ကို အလုံးစုံ လွယ်လင့်တကူ ပြုလုပ်နိုင်ရန် အာသင့်ဖွင့်ထားပေသည်။ တိုလီမိုလီ ဝယ်ချင်စရာ ဆိုင်များလည်းအသင့်ဖွင့်ထားပေသည်။ စားစရာဆိုင်များကိုအထပ်ဘိုင်းဖွင့်ထားသည်။ အထက်ထပ်များသို့ တက်ရန် စက်လှေခါးဂ- စင်းရှိပေသည်။ သို့ရာတွင်လူများလွန်း၍(၁၅)မိနစ်ခန့် စောင့်ကာစီးရသည်။

မော်စကိုမြို့ ယူကရိန်း ဟော်တယ်တွင် ကျွန်ုပ်တို့ အာည်းခိုရာ အခန်းမှ ပတ်ပတ်လည် ရှုမြင်ခင်းတွကို ရှုလျက် ထိုဟော်တယ်ကြီးအကြောင်းကို အောက်ပါ အတိုင်း ကဗျာဗန္ဓဖြင့် ဖွဲ့စည်းမိခဲ့လေသည်။

ယူကရိန်းဟော်တယ်ကြီးဘွဲ့ လေးချိုးသံချို

တော်တောင်ကို ပျော်စရာ ကောင်းပါပေ့၊ မော်စကိုဟော်တယ် အပေါင်းတွင်ဖြင့်၊ တော်တယ် ကောင်းတယ်ဟို့ ဆိုရပေ။ ။

မပြတ်ကောင်းအောင်လို့၊ အထပ်ငါး သုံးဆယ် ကျော်နှင့်၊ ကုန်းအော်လျှင် ဘယ်လိုကြားနိုင်ပါ့မလဲ၊ မသွားနိုင် ထ....ကိုင်ကာ ဖုံးနှင့် ပြောလိုက်လျှင်၊ ဟာ....ချက်ခြင်း ကြားရပေ။ ။

အထက်ထပ် တွေကိုလ၊ စက်တပ်သည့် ထိုလှေကားရယ်နှင့်၊ လိုလေရာ သေချာရောက်နိုင်တယ်၊ အံ့လောက်သည့် ထိုဟော်တယ်၊ ပျော်ဘွယ်က [illegible]။ ။

အသရေတိုးစေဘို၊ ရေချိုးရန် ပူအောအေးနှင့်၊ လိုလေ
ငေးမရှိအောင် ညှော်သည်တို့အား၊ တကယ့်ကို စေတနာနှင့်၊
ရေမြရာမှာ ငွေရှာကောင်းပါပေ၊ ငွေလာအောင် ငွေနှင့်မျှား
ပုံက၊ ငွေများများ အကုန်ခံ၍၊ ပုံစံမှာ မိုးပျံတော့မလိုပ၊
အဖိုးတန် ပစ္စည်းတွေနှင့်၊ ချစ်တီးတွေ စိန်ရွှေ ရောင်းသည့်
နှယ်၊ ထိန်ထိန်ဝေ အမှမ်းချယ်လျက်၊ လှမ်းစဖွယ် ယူကရိန်း
ရယ်က၊ အပူငြိမ်းရန် နွေဘို့ကောင်းလှတယ်။ (ကွယ်တို့ရယ်)
ဟာခိုဘို့ကောင်း။ ။


## ဘာသာရေးကောင်ဆယ်ညီကွင်း

(၂၇-၆-၆၁) နေ့ နံနက် (၁၀) နာရီတွင် မော်စကိုမြို့
ဘာသာရေး ကောင်ဆယ် ရုံးသို့ သွားရောက်ကြသည်။ ညီကွင်း
နှင့် အဖွဲဝင်များသည် ရုံးပေါက်ဝမှ ဆီးကြို၍ ရုံးခန်းအတွင်း
သို့ခေါ်ဆောင် သွားကြသည်။ ဘာသာရေးကောင်ဆယ် ရုံး
ကြီးသည်ကား၊ (၃) ထပ်ရုံးကြီးဖြစ်၍ ခန့်ငြား လှပေ၏။
ကျွန်ုပ်တို့ပဋိဘာဘာသာ သာသနာပြုအဖွဲကြီးအား ကောင်းမွန်
စွာ စားကောင်းသောက်ဖွယ်ဖြင့် ကျွေးခံပေ၏။ ကျွေးခံပွဲတွင်
ဘာသာရေးကောင်ဆယ် ညီကွင်းကြီးက မြန်မာနိုင်ငံမှ ဘာ
သာရေးခေါင်းဆောင်များ လာရောက်ကြသဖြင့် ဆိုဗီယက်
အစိုးရကိုယ်စား ဝမ်းမြောက်စွာကြိုဆို ကျွေးခံပါသည်၊ ကျေး
ဇူးတင်လှပါသည်။ ဆောရှား တနိုင်ငံလုံး သွားလိုရာ သွားပါ၊
လိုချင်တာပြောပါ၊ ကြည့်ချင်တာကြည့်ပါ၊ အဆီးအတား
ဘာမျှမရှိပါ၊ အိမ်သူ, အိမ်သား တိုင်းရင်းသားတို့ ကဲ့သို့
သွားလာနေထိုင်ပါ၊ ပျော်ရွှင်စွာ နေထိုင်ပါဟု ဘိတ်မန္တကး
ပြုကာ ပြောဆိုပါသည်။

ကျွန်ုပ်တို့ အဖွဲ့လည်း ဘာသာရေး ကောင်ဆယ်ကို အာယ်လို ဥပဒေနှင့် ဖွဲ့စည်း၍ ဘယ်လို အခွင့်အရေး ရှိပါသလဲ စသည်ဖြင့် စကား ခပ်ရှည်ရှည် မေးမြန်းသည်ကို စိတ်ရှည် ရှည်နှင့် ပြေဆိုပေသည်။ ဘာသာရေးကောင်ဆယ်ကို အစိုးရက ဖွဲ့စည်းပေးပုံ, အဖွဲ့တဖွဲ့လျှင် အနည်းဆုံး (၅) ဦးရှိပုံ, မော်စကိုမြို့ကို ဌာနချုပ်ထား၍ ပြည်နယ် အားလုံး မြို့တိုင်းဘဉ် ကောင်ဆယ်ဖွဲ့ထားပုံ, ထိုကောင်ဆယ် ဘာသာရေးနှင့် ပတ်သက်သမျှ မိမိတို့ သဘောကျရာကို ပြုလုပ်နိုင်သော အခွင့်အာဏာ ပေးထားပုံ, ဘာသာရေး ကောင်ဆယ် ဥက္ကဋ္ဌသည် မြို့တော်ဝန်ကဲ့သို့ ဘာသာရေး ကိစ္စ အရပ်ရပ်တွင် ပြုလုပ်နိုင်သော အာဏာ အပြည့်အဝရှိပုံ, ဘာသာရေးကောင်ဆယ်မှ ကမ္ဘာအရပ်ရပ်ရှိ ဘာသာရေး ခေါင်းဆောင်များကို ဖိတ်ကြား ည့်ခံ ကြိုဆိုပြုစုရပုံတို့ကို အကျယ်တဝင့်ပြောဆို လျက် အထွေထွေ စကားဆွေးနွေးကြ၍ အစည်းအဝေးကို နှုပ်သိမ်းလိုက်လေသည်။

## ဘုရားသခင်ရေးကောင်ဆယ်ညီခံပွဲ

နေ့ (၂) နာရီအချိန်တွင် မြို့နယ်ပါယ် ကောင်ဆယ် ခန်းမကြီး၌ ဘာသာရေး ကောင်ဆယ်မှ နေ့လည်စာဖြင့် ညီခံပွဲကျင်းပသည်။ ကျွန်ုပ်မှာ မြန်မာနိုင်ငံ သံရုံး သံမှူး ဦးစိန်မောင်တို့က နှုတ်ဆက်, နေ့ဆက်း မြန်မာထုံးစံအတိုင်း မြန်မာဆက်းဟင်း အပြည့်အစုံနှင့် ကပ်လှူသဖြင့် ဆက်းစားပြီး ဖြစ်လေသည်။ မော်စကိုတွင် နေထိုင်သီတင်းသုံးစဉ် နေ့စဉ် ဆက်းဒါယကာ ခံယူထားလေသည်။ ကုန်မြန်စ ဗဟိုမြို့တော်



## မော်စကိုမြို့တွင်း လူအများနေထိုင်ရာ ပြည်တော်သာ တိုက်ကြီးများပုံ

ကြီးဌ် ဆွဲဒါယကာရနေသည်မှာ အံ့သြစရာပင်။ မော်စဂ္ဂို အသံလွှင့်ရုံတွင် အလုပ်လုပ်နေသော မောင်ကျင်ဟုတ် ဇနီး မောင်နှံတို့ကလည်း မရအရ အခွင့်ရှာ၍ ဆွမ်းကပ်ကြသေးသည်။ မြန်မာဘုန်းကြီးတွေခဲ့, ကြုံခဲ့ ဒုလ္လဘ အစစ်ဘဲ ဆိုဒါကိုယ်တိုင် ကြုံနေရ၍ အလွန် ဝမ်းသာအားရ ပီတိသောမနဿဖြစ်ကြသည်။

ဘာသာရေး ကောင်ဆယ် ညှိခံပွဲတွင် စားသောက်မပြီးမီတွင်၎င်း၊ ပြီးသော အခါတွင်၎င်း မော်စကို ဘာသာရေးဆိုင်ရာ ဥက္ကဋ္ဌနှင့် ကျန်ုပ်တို့အဖွဲ့ ဝင်များ တိုက အပြန် အလှန် ကျေးဇူး တင်ကြောင်း၊ တနိုင်ငံနှင့် တနိုင်ငံ

ချစ်ကြည် ရင်းနှီးရေး၊ တဦးနှင့်တဦး အထင်အမြင် မလွဲနိုင်ရန် ယုံကြည်စွာ ဆက်ဆံရေး၊ နိုင်ငံကြီးပွားရေး၊ ဘာသာရေးအစွန်က် အထင်အမြင် အမှန်ရရေး အဓိကထား၍ အမြန် အလှန် ပြောဆိုကြကာ ညှိုခံပွဲကို ရုပ်သိမ်းကြသည်။ ညှိုခံပွဲတွင် ဘာသာရေး ယဉ်ကျေးမှုဆိုင်ရာ ခေါင်းဆောင်ပေါင်း (၂၀) ကျော်ပါဝင်ခဲ့လေသည်။ မြန်မာနိုင်ငံ ရာရှားသံရုံးမှ ပြန်လာသော အရာရှိများလည်း ပါဝင်လေသည်။


## ကရင်မလင်နန်းတော်ကြီး

(၂၈-၆-၅၁) နေ့ နံနက်တွင် (၁၂) နာရီမှ (၃) နာရီအထိ၊ ကရင်မလင် နန်းတော်ကြီးသို့ သွားရောက် ကြည့်ရှု




မော်စကိုမြို့ ကရင်မလင် နန်းတော်ကြီးကို အဝေးမှ မြင်ရပုံ

ကြသည်။ နန်းဆောင်ဝင်း အတွင်းတွင် လီနင်နေခဲ့သော အဆောက်အဦးကို ပဌမ ကြည့်ရှုရာ လီနင်သည် နိုင်ငံခြားဘာသာစကား (၉) မျိုးတတ်ပုံကိုၾကား, လီနင်စာရေးထား ခန်းမ, ထမင်းစားခန်း, အိပ်ခန်း, လီနင်၏ အမနေရာ ခန်းမ, မိခင်နေရာ ခန်းမ, စည်းဝေးခန်းမ, ထမင်းချက်ခန်း စသည်တို့ကို ကြည့်ရှုကြရသည်။ ၎င်းနောက် တဖန် စတာလင်နှင့် လီနင်တို့၏ အလောင်းများကို ပကတိ ပုံအတိုင်း ဆေးစိမ်ထား




ပုံ (၁၃) လီနင်နှင့် စတာလင်တို့ ပဌမ ကြည့်ရှုခဲ့ကြသော အဆောက်အဦး

သော အာဇာနည်ဗိမာန်သို့ သွားရောက် ကြည့်ရှုကြသည်။ မြေပေါ်မှ မြေအောက်သို့ လှေခါးအဆင့်ဆင့်ဖြင့် လက်ျာရစ် လှည့်ဆင်းသွားရပြီး မြေအောက်ဂူအတွင်း အလောင်းစင်ထားရာ မှန်သေတ္တာနှင့် ပန်းနွယ် ပန်းခက် တို့ဖြင့် ဆန်းကြယ်လှသော နေရာကို လှည့်ပတ် ဆင်းကာ ကြည့်ရှုပြီး အပေါ်သို့ပြန်ဘက်ရ၏။ အလွန် အံ့ဘွယ် ဆန်းကြယ်လှသော လိုဏ်ဂူတို့ ကျောက်သလင်းများဖြင့် ပြုလုပ်ထားပေသည်။ စစ်သား (၄) ဦးက (၄) ထောင့်မှ ရပ်လျက် အလေးပြုနေရလေသည်။ တနေ့လျှင် လူပေါင်း (၃၀၀၀၀) နီးပါး စီတန်းပြီး လက်မှတ်ယူကာ လာကြည့် နေသည်ကို တွေ့ခဲ့ရသည်။




နန်းတော်အတွင်း ဘုရင့် အိပ်ခန်းဆောင်ကို တွေ့ရပုံ

ဂင်းနောက်တဖန် ကရင်မလင် နန်းစတာ် အတွင်း၌၊ ဘုရင်အဆက်ဆက်တို့ ထီးနန်းစိုးစံ တန်ခိုးလှုံ့ခဲ့၍ အဖိုး တန်လှသော စကျောက်သံပတ္တမြား, ပန်းနု, ပန်းဆိုင်း, ပန်းခက်, ပန်းလက်, ပန်းနွယ်တို့ဖြင့် ဆန်းကြယ် လှပသော မျက်နှာကြက်များ, ပန်းဖန်ခံဆိုင်း ကြီးများ, နန်းတိုင် ကြီးများ, ရွှေရောင်ချယ်ထားသော ပန်းအိုး ပန်းမိုးတိုင်ကြီးများ, ဘု




ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ရုံးချုပ်ကြီး

ဘုရားရှိခိုးခန်းမ ဆောင်းပေါ်ရှိ ကြေးဝိုင်းတွင် ဘုရားရှိခိုးခန်းမ ဆောင်းပေါ်ရှိ ကြေးဝိုင်းတွင်




ရင်မျှား ညှော့ခံထုခမ်းမ, အိပ်ခန်း, ပဲ့တော်တည်ထုခန်းမ, ပဲ့ကြည့်ဆောင် စသည်တို့မှာ ရှေးရောင်တဝင်းဝင်းနှင့် အသစ်ပကတိအတိုင်း တည်ရှိပေသည်။

တဖန်ဆက်လက်၍ အဆောင်တခုသို့ တက်ကြပြီး လျှင် ဘုရင်မင်းတို့ ထိုင်သော ရှေပလ္လင်, ငွေပလ္လင်, ဆင်စယ်ပလ္လင်, ကျောက်သံပတ္တမြား ပလ္လင် စသည်များ၊ ဘုရင့်စီးဟော်မြင်း, ဆင်တို့တွင် ဖုံးအုပ်သော ရှေကန်ယက်, ရှေကုန်း, ရှေခြူးစသော ရှေအထူတ်တပ်အဆင် တန်းဆာများ၊ ဘုရင်ဝတ်ဆင်သော ဝတ်စုံ, မိဖုရားဝတ်ဆင်သော ဝတ်စုံများ ကိုင်၊ မှူးကြီး မတ်ရာ ဖေနာပတိတို့ဝတ်သောအဝတ်များ၊



နန်းတော်ဒါတွင်း ပြထားသော ရှေးခေတ်က အမြောက်ကြီးကို ဓတ်ရပုံ



နန်းတော်ဝင်းအတွင်း ဘုရင်နေခဲ့သော အဆောင်ကြီးကို တွေ့ရပုံ

ရှေးက စစ်သားများဝတ်သော သံချပ်ကာ အဝတ်, ချပ်, မြှီနှံး, ဓား, လှံ, သေနတ်စသည်တို့ကိုငင်း၊ ဘုရင့်သရဖူ ရွှေတွင် ရတနာစီချယ်သော သရဖူ၊ ကမ္ဘာတွင် အကြီးဆုံး မြကြီး (၂) လုံးထာရှိသော သရဖူ ရွှေလှံတန်, ရတနာလှံတန် စသော အုံမကုန်ပြောမကုန် အလှန်စုံလှသော ဘုရင့်နှင့်ဆိုင်ရာ အသုံးအဆောင်တို့ကို အဆောင်ဆောင် အခန်းခန်းတို့ဖြင့် လှမ်းလို့မကုန် ဆွဲလို့မကုန် အုံသြမကုန်နိုင်အောင် ကြည့်ရှုရသည်မှာ အလွန်ပင်ပန်း နှမ်းနယ်သည်အထိ ဖြစ်ရတော့သည်။ စာရေးသူ၌ ကုန်စရာမရှိတော့ပေ။ ကိုယ်တိုင်သွားကြည့်မှသာ သိနိုင်ပေသည်။

ဤနန်းတော်ကြီးမှာ လွန်ခဲ့သော အနှစ် (၈၀၀) မှ တည်ဆောက်ခဲ့ပြီး ဘုရင်အဆက်ဆက် နောက်ဆုံး ဇာဘုရင် အထိ ထီးနန်းဆက်ခဲ့သော နေရာဖြစ်ပေသည်။ နေ့စဉ် ကြည့်ရှုသူများမှာ တနေ့လုံး လက်မှတ်ကိုယ်စီနှင့် စီတန်း ကြည့်ရှုနေကြပေသည်။ ထောင်ပေါင်းများစွာ, သောင်းပေါင်းများစွာ မခန့်မှန်းနိုင်အောင် ဖြစ်ပေသည်။ နန်းတော်ရှေ့ တည့်တည့်တွင် ကမ္ဘာတွင် အကြီးဆုံးသော ခေါင်းလောင်းကြီး ပြုတ်ကျနေရာ အုဇ္ဈုံ ခံ၍ထားလေသည်။ ပြုတ်ကျသော ဒဏ်ကြောင့် အနည်းငယ်ပဲ့နေလေသည်။ (၂၇) တန် ရှိသည် ဆို၏။ ခေါင်းလောင်းကြီးထိုးပုံက်လျှင် (၅) မိုင် ပတ်လည် ကကြားရလေသည်။

ကရင်မလင် နန်းတော်၏ ကြည့်စရာ ရှုစရာတို့ မကုန်နိုင် သဖြင့် မယုံနိုင်အောင်ဖြစ်စရာ ရှိသဖြင့် အောက်ပါ သံဝေဂ ဏဗျာဓလေးချိုးကြီးဖြင့် ငြီးတွားမိလေသည်။

## ကရင်မလင်နန်းတော်ကြီးဘဲလေးချိုးကြီး

အစဉ်ပင် မှန်းမျော်လို့မပြီးနိုင်ပါကလား၊ ကရင်မလင် နန်းတော်ကြီးရယ်က၊ ရမ်းရောလို့မပြီးနိုင်ပါဘူး၊ သူတို့ရှင်ဘုရင်တွေ (ကွယ်တို့ရယ်) လွမ်းလို့မြော်လို့လဲမပြီးနိုင်ပါကလား လူတို့အဆင်အပြင်တွေ။။ ။။

ဩော်....ဇာဝါရင်ထီအောင်ပ၊ ကမ္ဘာတွင်ကြီးကျယ်လှတဲ့ သောင်းမက, သိန်းကတန်ပေသော၊ ဖန်ရွှေဥ အကာအခင်းတွေနှင့်၊ ထုဇာမင်းတို့ထိုင်ကာနေတဲ့၊ ကုလားထိုင်

စားပွဲတော်မှာ ဖိတ်ဖိတ်လက် ဝေနေသည့်ပြင်၊ အိပ်နေရန် ရွှေသလွန်နှင့်၊ ရေတန်ခွန်လှတ်ကာ ချိုးရေသုံးပြီးလျှင်၊ တန်ခိုးတော်မြတ်ဖုံးရန် အဝတ်တန်ဆာဆင်တဲ့ အာနုံးများရယ်က၊ ဆန်းပြားသွယ်သွယ်၊ နန်းဝယ် နန်းတွင်း မှာသာ ရှိထိုက်တယ်၊ ကြည့်မလိုက်နိုင်တယ်။ ။

အားဆောင်ဆောင် ပြောင်းကာ ကြည့်ပြန်တော့၊ မောင်မောင်ခမျာတော့ ညောင်းနာထိပြီးလျှင်။ ကောင်းတာတွေကြည့်ရတာကလဲမပြီးနိုင်၊ ဟိုးမှိုင်ကာချလျက် ထိုင်နေချင်ပုံများ၊ (တပည့်တို့ရယ်) ထိုးပိုင်နှိုးပိုင်တို့၏ စတိုင်အဆင်တန်းဆာတော့ပါတကား။ ။

အားမရနိုင်၊ အနားကလဲမခွာချင်လိုက်ပါဘိ၊ ကမ္ဘာတွင်နာမည်နာယူတို့၊ အဆူဆူဘုရင်တော့ ခေါင်းမှာထားတဲ့၊ သရဖူအဆင်အပြင်တွေကလဲ ထိန်ထိန်ဝေလျက်၊ စိန်ရွှေတွေ့မရတော့ကသာတဲ့ပြင်၊ မြေထက်ကမ္ဘာတွင်အလှဆုံးဖြစ်ပေသော၊ မြလုံးကြီး(၂)စုံမှာရှုရတာကြက်သရေရှိပါဘိ၊ လက်လက်ဝေစရှပလွင်တို့နှင့်၊ ခင်ဗျဲ့ မင်ဗျဲ့အဆင်အပြင်အတွဲ့သွဲ့တို့ကပေါပါဘိသနဲ့၊ ပြောစရာကြည့်စရာ မကုန်နိုင်သည့်ပြင်၊ ဂုဏ်ပြိုင်စရာ ရတနာများရယ်က၊ ကမ္ဘာတလွှားက လာကာကြည့်ရတဲ့ပြင်၊ ပါဝါရှိလှတဲ့ အနှစ်(၈၀) နန်းတော်ကြီးရယ်က၊ မှန်းမျှော်ကာ ကြည့်လို့ မကုန်နိုင်သည့်ပြင်၊ အမိအမောင်တို့ မယုံလျင်လာကာကြည့်ပါတော့၊ ပါဝါရှိလှတဲ့ မြို့တော်ကြီးမှာလ၊ ကမ္ဘာကသိအောင် ကြည့်စရာဂုဏ်ဟိတ်သာလှိုရယ်၊ (တပည့်တို့ရယ်) အဓိပတိ ဘုရိပ်သ ကြီးဖြစ်၍ နေလေပြီတကား။ ။


# ဆိုဗီယက်မှာ တလကြာ



## လူထုအများ နေထိုင်ရန် ပြည်တော်သာ တိုက်တန်းများ




စံနှုန်းပြ ကြီးကျယ်လှသော အားကစားရုံကြီး



ပြေးဝင်လာသော လှိုင်းတံပိုးများ

ကြီးမားသော လှိုင်းတံပိုးများသည် ကမ်းခြေသို့ ပြေးဝင်လာသောအခါ ကမ်းခြေရှိ သဲများကို ဆွဲယူသွားတတ်ကြသည်။ ထိုသို့ဆွဲယူသွားသော သဲများသည် ရေအောက်ခြေတွင် သဲတောင်များ ဖြစ်ပေါ်စေသည်။ ထိုသဲတောင်များသည် ရေအောက်ခြေတွင် ရှိနေသော်လည်း ကမ်းခြေသို့ ပြေးဝင်လာသော လှိုင်းတံပိုးများကို ကမ်းခြေသို့ မပြေးဝင်ခင် ဟန့်တားပေးသည်။ ထိုသဲတောင်များသည် ကမ်းခြေသို့ ပြေးဝင်လာသော လှိုင်းတံပိုးများ၏ စွမ်းအားကို လျော့ပါးသွားစေသည်။ ထို့ကြောင့် ကမ်းခြေသို့ ပြေးဝင်လာသော လှိုင်းတံပိုးများသည် ကမ်းခြေကို ထိခိုက်နိုင်စွမ်း လျော့ပါးသွားသည်။




ည ကျောင်းသင်တန်း

အထပ်ပေါင်း (၃၂) ထပ် ရှိလေသည်။ ကျောင်းကြီး၏ အကျယ် အဝန်းမှာ စတုရန်းမိတာ ၈၀၀၀၀ စတုရန်းပေ ၈၆၀၀၀ ရှစ်သန်း ၆ သိန်းရှိလေသည်။


အခန်းပေါင်း အဘယ်မျှ များသနည်းဆိုပါမူ တခန်းလျှင် တရက်နေသွားပါက အနှစ်ခြောက်ဆယ်ရှိမှ ပြီးဆုံးမည်ဟု ဆိုလေသည်။ မြို့လယ် လီနင်တောင်ကုန်းပေါ်တွင် တည်ထားသည့်ကျောင်းပေါ်မှ နေကြည့်လျှင် တမြို့လုံး၏ ရှုခင်း မြင်ကွင်းများကို ထင်လင်းစွာ မြင်ရပေသည်။ ကျောင်းသူ ကျောင်းသားပေါင်း (၂၂၀၀၀) တို့ ပညာသင်ယူနေကြရာ

(၁၄၀၅၅) တို့မှာ နေ့ကျောင်းသားများဖြစ်ကြ၍ (၄၆၇၅) တို့မှာ ညနေကျောင်းသူ ကျောင်းသားတို့ဖြစ်ကြသည်၊ တဖန် (၁၄၄၀) တို့မှာ အဝေးမှ နေ၍ စာပေးစာယူနှင့် သင်ကြားနေသူတို့ဖြစ်ကြသည်။ စာမေးပွဲကို တနှစ် (၂) ကြိမ် ဖြဆိုကြရသည်။




ဆိုဗီယက်ကျောင်းသားများ ဘွဲ့ယူပွဲ

ဆရာများမှာ ပရော်ဖက်ဆာခေါ် ပါမောက္ခများ ဘွဲ့ရရ
လက်ချရာခေါ် ကထိကများ ဂုဂ၊ ဆရာပေါင်း ၂၀၂၃ မှ
၁၄၅ ဦးတို့မှာ လောကဓာတ် ဓာတုဗေဒပညာသင် ဆရာတို့
ဖြစ်ကြသည်။



ဂြိုဟ်ပေါင်းများကြီးမြင့်ရေး ငြင်းခုန်ခဲ့ကြသော ဂရိပညာရှင်များ

စာသင်ခန်းကြီးပေါင်း ၁၆၃၊ လက်တွေ့ စမ်းသပ် ခဲစိတ် သုတေသနလုပ်ပြသော အခန်း ၂၅၀ ရှိသည်။ သင်တန်းမှာ ၅ နှစ်သင်တန်းဖြစ်၍ လောကခေတ်ပညာမှာ ၅ နှစ်ခဲ့ သင်ယူရသည်။ အဝေးမှ စာပေးစာယူသင်တန်းမှာလည်း ၅ နှစ်ဖြစ်သည်။ ဆိုဗီယက်ရာရှားပြည်နှင့်တက္ခ နိုင်ငံပေါင်း ၅၀ မှ ကျောင်းသူ ကျောင်းသားတို့ လာရောက်ပညာသင်ယူနေကြ



မိုးလေးသပည္ဩ သင်ကြား ပြသနေစဉ်ပုံ



ဖြစ်သည်။ ကျောင်းသား ၃၀၀ ကျော်မှာ လောကဓာတ်ပညာ ဆိုင်းယင်း(စ်)ပညာကို ဆည်းပူးသင်ယူသူတို့ဖြစ်ကြသည်။

မော်စကို ယူနီဗာစီတီ ကျောင်းတော်ကြီးကို ၁၇၅၅ ခု နှစ်တွင် လောကဓာတ်ပါရဂူ လိုမိုနိုစိုဗ်၏ အကြံပေးချက်အရ တည်ထောင်ခဲ့ရာ နှစ်ပေါင်း ၂၀၀ ရှိနေ၍ ဆိုဗီယက်ရာရှားနိုင်ငံတွင် ရှေးအကျဆုံး၊ အကြီးဆုံး၊ အကျယ်ဝန်းဆုံး တွယ်ညှဉ်ရန် မရှိသော အဓိပတိ ကဝိတန်ဆာ-အတုလရတနာ အမွှာ

မင်္ဂလာတက္ကသိုလ်ကျောင်းဆောင်ကြီး ဖြစ်ပေသည်။ ၁၉၅၅ ခုနှစ်ကပင် အနှစ် ၂၀၀ ပြည့် အဆိမ်းအမှတ်ပွဲ ကျင်းပပြီးခဲ့လေပြီ။

အနှစ် ၂၀၀ ပညာတတ်တသိန်း

အနှစ် ၂၀၀ အတွင်းတွင် မော်စကို တက္ကသိုလ်ကျောင်းတော်ကြီးမှ ပညာတတ် ဒီဂရီ ရသူဦးပေါင်း (၁၀၀၀၀၀) ကျော် မွေးထုတ်ခဲ့လေပြီ။



ဂီတပညာလေ့လာ သင်ကြားနေစဉ်

အောက်တိုဘာ တော်လှန်ရေး မတိုင်မီ ကွန်မြူနစ်များ အာဏာ မရမီ ၁၆၃ နှစ် အတွင်းတွင် ဒီကရီ ရသူပညာတတ် ၄၀၀၀၀ သာမှေးထုတ်နိုင်ခဲ့၏၊ တော်လှန်ရေး ပြီးသော ၄၂ နှစ် အတွင်းတွင် ၆၀၀၀၀ ကျော်သော ပညာတတ်ဒီဂရီတို့ကို မွေးထုတ်နိုင်ခဲ့လေသည်။ မည်မျှ အံ့ဘွယ်ဂုဏ်ပေါင်း ကြွယ်သည်ကို ယုံလောက်ဘွယ် ပမာဏသာကေပြခြင်းဖြစ်ပေသည်။

ဤကျောင်းတော်ကြီးမှ စပယ်ရှယ်လစ်ခေါ် ပါရဂူများ ၄၁၀၀ မွေးထုတ်နိုင်ခဲ့၏။ သုတေသနခေါ် ကျမ်းကျင်သူပေါင်း ၁၆၀၀ ကျော်တို့ကို မွေးထုတ်၍ အရေးလုပ်စရာပေါ်ပေါက်ခဲ့လေပြီ။

ဒုတိယကမ္ဘာစစ်ကြီး အတွင်းတွင် ကျောင်းသူ ကျောင်းသား ဆရာ ဆရာမများ ၃၀၀၀ ကျော်တို့က မိမိတို့ စွမ်းနိုင်ရာဌာနမှ နေ၍ ကူညီဆောင်ရွက်ကြသည်။ စစ်ကြီး ပြီးသော ခေတ်တွင် လောကခေတ်ပညာ၊ စီးပွားရေးပညာ၊ ယဉ်ကျေးမှုပညာတို့ကိုလည်း အထူးအားပေး ခဲ့လေသည်။

## ၁၉၅၃ ခုနှစ်တွင် ပြီးဆုံးခဲ့ခြင်း

ဤကျောင်းတော်ကြီးကို ၁၉၄၈ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ရာ ၅ နှစ်စီမံကိန်းအရ ၁၉၅၃ ခုနှစ်တွင် ပြီးဆုံးခဲ့လေသည်။ ဤကျောင်းတော်ကြီး၌ ပညာသင်ကြားသူများ သာလျှင်မဟုတ်ပါ ကြည့်ရှုလာသူ တို့မှာလည်း နေ့စဉ်နှင့် အမျှ ပေါများစည်ကားလှပေသည်။ နှင်ငံခြားမှ ကျောင်းသားပေါင်း ၅၀၀၀ ကျော်တို့ နှစ်စဉ်လာ၍ ကြည့်ရှုကြ လေ့

လာကြသည်၊ ည့်သည်တို့မှာ နေ့စဉ် တနေ့လျှင် ၅၀၀ နီး ပါး လာရောက်ကြည့်ရှုကြလေသည်။

ကျောင်းတော်ကြီးအောက်ထပ်တွင် ထမင်းဆိုင် စာအုပ် ဆိုင် တိုလီမိုလီဆိုင်မှစ၍ သားရေအိတ် စသည် အလုံးစုံ အ လှယ်တကူ ဝယ်ယူရန်ဆိုင်သော ဆိုင်များ အပြည့်အစုံရှိသည်။ ကျောင်းအိပ် ဘော်ဒါ နေသူများ အတွက်လည်း ကျောင်း ကြီးအတွင်း ကိုယ့်အခန်းနှင့် ကိုယ် နေရသည်၊ အခန်းတိုင်း တွင် ရေချိုးခန်း အိမ်သာခန်း စာကြည့်ခန်းမှစပြီး အပြည့်ဒ စုံ ဟော်တယ်မှာထားသကဲ့သို့ ထားပေသည်။

## လိုတာပြ ဆုငွေရမည်


ပိဋကတ်တိုက်ကြီးကလည်း ကျောင်းပေါ်တွင်အသင့်ရှိ၏။ စာအုပ်ပေါင်း (၅၀၀၀၀၀) ကျော် ရှိသည်ဟု သိရှိရသည်။ စာဖတ်ခန်းတွင်လည်း သွားရောက် ဖတ်နိုင်၏။ ကိုယ့်အခန်း သို့ ယူ၍လည်းဖတ်နိုင်သည်။ ဘော်ဒါပေး စာရွက်တွင် လိပ် စာ အခန်း နံပါတ်နှင့် ရေးပြီး စက်ကြိုးနှင့် ပို့ပါက ချက်ခြင်း မကြာမီ လိုသော စာအုပ်ရောက်လာနိုင်ပါသည်။ ရေချိုးကန် ကစားကွင်း ပဲကြည့်ခန်းမကြီး ရုပ်ရှင်ကြည့်ခန်း အနုပညာ အကသင် ခန်းမကြီးတို့ကား ဝင်းဝင်းပြောင်ပြောင် အဆောင် တလက်လက် ကတ္တီပါ အနီကြီးများ ခင်းထားပေသည်။ ကျောင်းကြီးအတွင်းတွင် ကျောင်းသားများအတွက် ဘယ် အရာလိုနေသည်ဟု ပြောပြနိုင်ပါမူ ဆုငွေပင် ပေးမည်ဟု သိရ ပေသည်။

ဤမျှကြီးကျယ်သော ကျောင်းကြီးမျိုးကား ဘယ်တိုင်း ပြည်မှ မရှိသေးဟုဆို၏။ ၂-ထပ်၊ ၃-ထပ်၊ ၅-ထပ် ကျောင်း ဆောင်များရှိနိုင်ပေသည်၊ ၃၂-ထပ် ရှိ၏။ ဤလို ကြီးကျယ် သောကျောင်းကြီးမျိုး မြန်မာနိုင်ငံတော်တွင် ရန်ကုန်၊ မန္တ လေး၊ မော်လမြိုင် ၃-မြို့တို့၌ တကျောင်းစီရှိပါမူ ကျောင်း သားတွေ နေလိုသမျှ လာကြပါဟု ခေါ်နိုင်လောက်အောင် မော်နိုင်စရာဖြစ်မည်မှာ ကိန်းသေပါက်ဖြစ်နိုင်ပေသတည်း။

မော်စကိုမြို့တော်တွင် ရေးစရာတွေကအများကြီးရှိသော လည်း မြို့အစည်လိုက်ပါရှိပြီး အတိုချုံးရန်အတွက် လီနင်ဂရက် မြို့ သွားပုံအကြောင်းကို ဆက်လက်ရေးပါမည်။ တမြို့လျှင် အရေးကြီးသော တနေရာ, နှစ်နေရာမျှကိုသာ ရေးသွားမည် ဖြစ်ပါသည်။

## လီနင်ဂရက်မြို့

(၃၀-၆-၆၁) နေ့ ည (၁၂)နာရီထွက် ရထားနှင့် မော်စကို မြို့မှ ကျွန်ုပ်တို့အဖဲ့သည် ဒု-သာသနာပိုင်နှင့် အဖဲ့ဝင် (၃) ဦးနှင့်အတူ (အားလုံး ဂ-ဦး) လီနင်ဂရက် ရထားကို စီးနင်း လိုက်ပါ လာခဲ့ကြသည်။ ရထားတဲ့သည် ယခု မြန်မာပြည် ဂျပန်တဲ့ကြီးများထက် အနည်းငယ် ပိုကောင်းသည်။ တဲ့တ တဲ့တွင် တဲ့စောင့် တယောက်နှင့် စားစရာပေးသူ တဦးပါ သည်။ လဘက်ရည်, ကော်ဖီ, ထောပတ်, ပေါင်မုန့်, ကိတ် မုန့်တို့ကို တောင်းလျှင် ချက်ခြင်း လာပေးသည်။ ရထားမှာ မလှုပ်ဘဲ ငြိမ်သက်စွာ သွားသဖြင့် အိပ်ရေးမပျက်ပေ။



ဘုန်းတက္ကသိုလ်ကြီးမှ ဘွဲ့ရဂုဏ်ထူးဆောင်တော်။

ငယ်ဘဝ ဇာတိရပ်ရွာ ကျောင်းသားဘဝ



"ကြည်ဖြူစင်ဝံ့ ယဖစားငင်ဝံ့
ဘုရားတရားကို ကိုးစင်းကားခံ့
ကြီးကြွယ်ပြုလုပ်ကြ ကျောင်းကန်ဘုရားကို
ဝန်းရံဝိုင်းလျက် ကျောင်းသားတို့ကို
ဆင်ခြင်ဉာဏ်ရှိ ပညာတတ်ကြ
ဝန်းကျင်ရွာသူ ရွာသားတို့ကို
ကြည်ညိုလေးစား ကိုးကွယ်ကြ"
(ဘွဲ့-2-ဂ)


ဘုန်းတက္ကသိုလ်ကြီးမှ ဘွဲ့ရဂုဏ်ထူးဆောင်တော်။

## ဗုဒ္ဓဘာသာဝင်များ ဝတ်ရုံဆင်ယင်ပုံ





ဗုဒ္ဓဘာသာဝင်များသည် ဝတ်ရုံကို ဘယ်ဘက်ပခုံးပေါ်သို့ တင်ပေးထားသော ပုံစံမျိုးဖြင့် ဝတ်ဆင်ကြသည်။

လီနင်ဂရက်မြို့သည် ရှေးဘုရင် အာဆက်ဆက် တို့နှင့် နာက်ဆုံးပီတာ ဘုရင်အထိ နန်းစံခဲ့သော မြို့တော်ဖြစ်၏။ မြို့လယ်တွင် နိဗာခေါ် မြစ်ကြီးရှိ၏။ မြစ်ကမ်းကို အင်္ဂတေသမန်တလင်းကိုင်ထား၍ သာယာလှ၏။ ပီတာဘုရင်၏ နန်းတော်ကြီးမှာ ကြီးမားလှပေ၏။ ဆောင်းထုသီ နန်းတော်, နွေရာသီနန်းတော်ဟု (၂) ဌာနရှိပေသည်။



ပီတာဘုရင်ကြီး၏ ရုပ်တုတော်ကြီး

ပီစာဘုရင်၏ ဆောင်းထုသီ နန်းတော်မှာ တနေ့လုံး ကြည့်သော်လဲ မဆုံးနိုင်၊ (၅) ရက်ပြည့်မှ ဆုံးမည်ဟုပြောကြ၏။ အခန်းခန်း အဆောင်ဆောင် ပြောင်ပြောင်လက်လက် မင်းအဆက်ဆက် သုံးခဲ့သော ပစ္စည်းများကို ပြတိုက်များကဲ့သို့ ပြသထား၏။ ရွှေ, စိန်, ကျောက်သံဖတ္တမြားထားရာ အခန်းမှာ သေချာ စစ်ဆေး လတ်မှတ် ပေးပြီးမှ ဝင်ရ၏။ ဘုရင်အဆက်ဆက်တို့ သုံးဆောင်ခဲ့သော အဖိုးတန်ရွှေငွေစိန် ကျောက်သံ ပတ္တမြားတို့မှာ ကြည့်ရှုရ မငြီးနိုင်အောင် ရှိလှ၏ ယခုအခါနန်းတော်ကြီး မှာလူထု ကြည့်ရှုရန် ပြတိုက် အဖြစ် သာပြုလုပ်ထားတော့သည်။ အဖိုးတန် ပန်းချီကားအမျိုးမျိုး ရုပ်ထုအမျိုးမျိုး ရွှေးဟောင်းပစ္စည်း အမျိုးမျိုးတို့ကိုသူ ဒ




နန်းတော်တွင်း ခမ်းမ ဆောင်များပုံ

ခန်းနှင့်သူ ပြထား ပေသည်။ ကြည့်ရှုရန် နေရာတို့ကို ဆဲ့ဆန့်ပြီး မိုင်ဖဲ့လျှင်(၁၇)မိုင်ခန့်ရှည်မည်ဟု သိရသည်။ ကြည့်ရှုသူများ မှာလည်း နေ့စဉ်နှင့်အမျှ တိုးဝဲ့ကာ ကြည့်ရှုနေကြသည်။ ဤဆောင်းရာသီ နန်းတော် အကြောင်းကို ကုန်စင်အောင် ဘယ်နည်းနှင့်မျှမရေးနိုင်ချေ။





ကြည့်ရှုသူများ ခင်းကျင်းစီးနင်းထားသော ဘုရင်ခံ ဘုရားသခင်၏ ပလ္လင်

# ဆိုဗီယက်မှာ တလကြာ



ဘာသာရေးအဆောက်အအုံများကို ပြန်လည်ပြုပြင်ထားသော ဗလာဒီမာမြို့ရှိ ဘုရားကျောင်းတော်ကြီး

နွေရာသီနှစ်တော်မှာမြို့နှင့် မိုင် (၂၀) ဝေးကွာလေ
ပင်လယ် ကမ်းခြေတွင် ဖြစ်ကောင်း (၅) ခန့်ကို သစ်ပင်ညွှာများနှင့် ရေပန်းပေါင်း (၂၀၀) ကျော်ဝန်းပြုံ၍ ဝဆာနေအောင်
ပြုလုပ်ထားသဖြင့် အလွန်သာယာလှပေ၏။ ဤနေရာသို့လည်း
မော်တော်ကားများဖြင့်လာ၍ ကြည့်ရှုသူတို့က ဒေါ်မျာ
လှပါပေသည်။




ဂုဏ်ထူးဆောင်ဘုရားကြီး

ပင်လ

ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သူ ဒေါက်တာအောင်ဆန်းစုကြည်


ဒေါက်တာအောင်ဆန်းစုကြည်သည် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ နိုဘယ်ဆု ကော်မတီ၏ ရုံးချုပ်တွင် ဆုကို လက်ခံရရှိခဲ့ပြီး ဆုရသူ ဖြစ်ကြောင်း ကြေညာသည့်



ဓာတ်ပုံ။ ။ ခြင်္သေ့ကို ဖမ်းဆီးထားသည့် ကြိုးကိုင်ထားသူ ဦးဘခင်လှ

ခြင်္သေ့ကို ဖမ်းဆီးသူ ဦးဘခင်လှ (ခြင်္သေ့ကြိုး) နှင့် ဦးဘသိန်း (ခြင်္သေ့ကျား) တို့သည် ခြင်္သေ့ကို ဖမ်းဆီးပုံ အကြောင်းကို ပြောပြကြသည်။


"ခြင်္သေ့ကို ဖမ်းဆီးရာတွင် ခြင်္သေ့ကြိုးသည် ခြင်္သေ့ကို ကြိုးတန်းလန်းဖြင့် ဝိုင်းထားပြီး ခြင်္သေ့ကျားသည် ခြင်္သေ့ကို ကျားတန်းလန်းဖြင့် ဝိုင်းထားကြသည်။ ခြင်္သေ့ကို ဖမ်းဆီးသည့်နေ့တ



ဝင်ငွေတစ်ဦးစီ ပြည်တွင်းထုတ်ကုန်


## လောကဓါတ်ပညာကျောင်းကြီး

အရှေ့ပိုင်း ဆိုင်ရာ လောကဓါတ် ပညာ သုတေသန ကျောင်းကြီးတခုရှိသည်။ ထိုကျောင်းကြီးတွင်ကျောင်းသား (၁၈၀) ကျော်ဝို့အရှေ့တိုင်း ပညာဘက်မှ ကျမ်းစာ အမျိုး မျိုးတို့ကို လေ့လာဆည်းပူးနေကြပုံတို့ကို တွေ့မြင်ခဲ့ကြရ၏လေ သည်။ မြန်မာပြည်မှကျမ်းစာ(၃)စေ ငံ့ရှိသည်ဆို၍ ယူခိုင်း




ဂျပန်တပ်မတော်ကြီးမှူးချုပ်ဗိုလ်ချုပ်ကြီး ဘိုမိုးသည် ရန်ကုန်ရောက်ရှိလာသော ဂျပန်ဝန်ကြီးချုပ် ကျေးကြီးတွင် ဂုန်ဒိုယ်၊ တိဘက်၊ တရုတ်၊ ဂျာပန်၊ တန်ဂဘာသာ(၅) မျိုးရှိစာပေတိုက်ကို လေ့လာနေသည်ဟု သိရ

# ဆိုဗီယက်မှာ တလကြာ



ပုံအောက်ခြေဖော်ပြချက်- ဆိုဗီယက်ပြည်ထောင်စု ယမန်ဂါ မဏ္ဍိုင်ဒေသ ဘုရားကြီးတစ်ဆူ၏ ရှေ့တော်တွင် ဘုရားရှိခိုးနေကြသော ဗုဒ္ဓဘာသာဝင်များ။


သည်။ ကျမ်းစာအုပ် ပေါင်း (၈၀၀၀) ကျော် ရှိသည် ဟု ကျောင်းအုပ်ကြီးက ပြောပြ၏။ ထိုသည့်ဘာသာအရပ်ရပ် စာပေတို့မှ ကောင်းနိုးရာရာကို ရွေးထုတ်ပြီးအစိုးရထံ ရေးပို့ ရသည်ဟု သိရှာသည်။ အလွန်ကောင်းသော နည်းပေသည်။ ကျနုပ်တို့မြန်မာနိုင်ငံ၌ ဤသို့သော ကျောင်း ရှိုး ဖွင့်နိုင်ပါမူ အလွန်အကျိုးများပေလိမ့်မည်။



ကြိုးကိုင်ထားသော ကောင်ကလေး


# မြို့တော်ကောင်ဆယ်

လိုနင်ဂရက်မြို့တော်ကို ကောင်ဆယ်ဖွဲ့ပြီး အုပ်ချုပ်သည့် ကောင်ဆယ်ဥက္ကဋ္ဌက ကျွန်ုပ်ဘို့အဖွဲ့အား ညွှဲခံပွဲ တခု ပေးသည် ဥက္ကဋ္ဌကို (မြို့တော်ဝန်) ဟု ခေါ်ဆပသည်။ မင်းဘား လူကြီး (၇၀၀) ရှိသည်ဟုသိရ၏ ( )နှစ်တကြိမ်ရွေးကောက်



ဘုရားဖူးခရီးသွားများ ရပ်နားအနားယူရန် ဘုရားပွဲစင်တာ

ဘုရားဖူးခရီးသွားများ ရပ်နားအနားယူရန် ဘုရားပွဲစင်တာ ဆောက်လုပ်ရေးအတွက် ဘုရားပွဲစင်တာ ဆောက်လုပ်ရေးကော်မတီ ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။ ဘုရားပွဲစင်တာ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဒေါက်တာ ဦးသန်းဝင်းမြင့် ဒုဥက္ကဋ္ဌအဖြစ် ဦးဝင်းမြင့်ဦး၊ ဒေါက်တာ ဦးသိန်းဝင်း၊ ဦးသန်းဝင်း၊ ဦးသိန်းဝင်းမြင့်တို့ ပါဝင်ကြောင်း သိရှိရပါသည်။ ဘုရားပွဲစင်တာ ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဦးသန်းဝင်းမြင့်က ဘုရားပွဲစင်တာ ဆောက်လုပ်ရေးအတွက် ဘုရားဖူးခရီးသွားများ ရပ်နားအနားယူရန် ဘုရားပွဲစင်တာ ဆောက်လုပ်ရေးကော်မတီ ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါသည်။



ဂုဏ်ယူထဲးဒွါးဆဲ ဇာတ်ဆောင်များ ဖြစ်ကြွစဟပဒုန်လ



ကြယ်ပွင့်ဆုကို ရရှိခဲ့သော ဇာတ်ဆောင်များ

ဂုဏ်ယူထဲးဒွါးဆဲ ဇာတ်ဆောင်များ ဖြစ်ကြွစဟပဒုန်လ

လီနင်ဂရက်မြို့ကို တော်လှန်ရေးစပြီးသောအခါ ပဋိမမြို့တော်အဖြစ် ထားရှိ ခေါင်းဆောင်ကြီး လီနင်ကိုယ်တိုင် နေထိုင်ခဲ့ အုပ်ချုပ်ခဲ့သည်။ ဗော်စကိုမြို့ကို ရပြီးသောအခါမှ ဗော်စကိုသို့ ပြောင်းပြီး မြို့တော်အဖြစ် အသုံးပြုခဲ့ အုပ်ချုပ်သည်။ မြို့တွင်းမြို့ပြင် ကျေးရွာပါမကျန် လီနင်ပန်းခြံ လီနင်လမ်း စသည်မှည့်ခေါ်ပြီး၊ လီနင်ရုပ်ထုကြီးများကို နေရာတိုင်းလိုပင် အမြင်တင်ထားပြုလုပ်ထားကြသည်။ အချို့ နေရာဥ စတာ့လင်ရုပ်တုပါ ပူးတွဲရှိလေသည်။ လီနင်ဂရက် မြို့တွင် (၄) ရက်နေခဲ့ပြီး တွေ့ကြုံရသမျှကိုဖေါက်သည်သည်ချရခြင်းခြင်းဖြစ်ပေသည်။ လီနင်ဂရက်မြို့၏ လှပုံခမ်းနားပုံစသည်တို့ကား အာဘယ်မှာ ရေးချကုန်နိုင်ပါမည်နည်း။ စာ တာအုပ်ဆိတ်သဘ်ခရေးမှ ပြည့်စုံပေမည်။ လူဦးရေ (၃)သန်းနေသောမြို့ဖြစ်၏။ ဘာသာရေးဘုရားရှိခိုးကျောင်း (၁၉) ခုရှိသည်ဟုဆိုသည်။ အချို့ ဘုရား ရှိခိုး ကျောင်းတို့ကို ပြတိုက် အဖြစ် အသုံးပြုထားသည်ကိုတွေ့ရ၏။


ပီတာဘုရင်၏ လူတသိန်းနှင့် အနှစ်(၄၀) ဆောက်လုပ်ရသော စိန်အိဆယ် ဘုရားရှိခိုးကျောင်းကြီးမှာလည်းပြတိုက်ပြုလုပ်ထားလေသည်။ အမိုးအလယ် ထိပ်ဖူးတွင် ရွှေပိသာချိန် (၄၀၀) ကျော်ကို ဖုံးအုပ်ထားသဖြင့် အလွန် အံ့ဘွယ်ကောင်းသော ဘုရားရှိခိုး ကျောင်းကြီးမှာ "သင်္ဘသဒ်ဘာဏာအနီစွာ" ဆိုတဲ့အတိုင်း ပြတိုက်ဘဝသို့ ရွှေ့လျောပြောင်းကြွအနိစ္စဖြစ်ရလေသည်။





ပုံ(၁၀)။ ဆေးရုံကြီးတစ်ခု

ဆေးရုံကြီးတစ်ခုကို ပုံ(၁၀)တွင် ပြထားသည်။ ဆေးရုံကြီးတွင် လူနာများ ကုသခြင်းနှင့် ဆေးကုသမှုဆိုင်ရာ ဝန်ထမ်းများ အလုပ်လုပ်ကိုင်ခြင်းတို့ ပြုလုပ်ကြသည်။ ဆေးရုံကြီးတွင

ခေတ္တနားသည်။ ဟာကုမြို့မှ (၁၁) နာရီ (၁၅) မိနစ်တွင် အဒလာမြို့သို့ ဆက်လက်ထွက်ပြန်ရာ နေ့လည် တနာရီအချိန်တွင် အဒလာ မြို့ လေယာဉ် စခန်းသို့ ရောက်ကြသည်။ အဒလာမြို့မှာ လေဆိပ်မြို့ငယ်ကလေး ဖြစ်၍ ၎င်းမှ ပင်လယ်ကမ်းခြေ တောင်ကမ်းပါး အတိုင်း ကားဖြင့် လာကြရာ (၂)



ပရိမိုး စကြာ ဟော်တယ်ကြီးနှင့် ရေချိုး ဆိပ်ကမ်းသာပုံ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ချုပ်ရုံး

ဦးနေဝင်းသည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့ တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့ပြီး ဗိုလ်ချုပ်ကြီး ဦးနေဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ချုပ်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

ထောင်စုံ အခိုင်အခိုင် ကားကား စွင့်စွင့် ပွင့်နေသော ပန်း ခင်း ပန်းကွက်များ ချွန်တက်နေသော ထင်းရူးပင်တန်းများ တောင်ကမ်းပါး စောင်းတွင် ဆောက်ထားသော တိုက်ကား လေး, ထိုက်ကြီး အမျိုးမျိုးတို့ကို မြင်ရသည်မှာ ပန်းချီကား များ ရေးထားဘိသည့်အလား ထင်ရသည်။


ဟာကနဲ, ဟင်ကနဲ, ထအဲအဲနှင် အမြဲလိုပင် အံ့သြ ခြီး မှမ်းသွားရသည်။ မော်တော်ကားက တောင်ကို ပတ်လျက် ကျွဲကနဲ ဘရိတ်အုပ်လိုက်, မောင်းလိုက်, ကားချင်းဆုံလိုက် နှင့် တိုက်ခိုက်တော့မည့် အလား အောက်မေ့ရ သော်လည်း ဆိုက်ခြင်းမရှိပေ။ တထိတ်ထိတ်နှင့် မော်တော်ကား တောင် ဘေးပင်လယ်ထဲ ကျသွား တော့မလားဟု အောက်မေ့ လောက်အောင် အမောင်းကလည်း မြန်လှသည်။ တောင် တန်းပါးယံ ပပ်လယ် ကမ်းခြေတလျောက် ကီလိုမီတာ (၃၀) မျှရှိပေသည်။ ဆိုဗီယက်ထုရှား နိုင်ငံတွင် ကြည့်ရှုရှု အား မရ အလှဆုံးသော မြို့ဖြစ်၍ ဥတု (၃) ပါးလုံး သာယာ ပွင့် လန်းစိုပြေနေသော ရာသီဥတု အကောင်းဆုံးသော နေထုတ ခုပစ်။ ဆေးဝါးကုသရန် နေထူဒဋ္ဌာနလည်း ဥတုထူသီနှင့် ပင် လယ်လေခံရ, ပင်လယ်ရေချိုးရဖြင့် အကောင်းဆုံး ဖြစ်ပေ သည်။

ရေချိုးရန် ဆိပ်ကမ်းကို ပြုလုပ်ထားသည် မှာလည်း သာယာလှပါပေသည်။ ၁၉၃၄-ခုနှစ်ကမှ ဤသို့ အနားယူ ဖျော်ရွှင်ရန် စခန်းတခုအဖြစ် ပြုလုပ် ထားရာ ခေတ်မှီသော



ခေတ်သစ် အပန်းဖြေ ရိပ်သာပုံ

ကျွး, မ, ကြီး, ငယ် အသွယ်သွယ် တို့မှာ ပေါများလှ၏။ ပင်လယ်ရေထဲတွင် ဂလိုက်ဒါခေါ် မော်တော်ကလေးများနှင့် ၎င်း၊ တဝိုဝိုစီးကာ ပျော်ရွှင်နေကြကုန်၏။




ဂလိုက်ဒါ ရေယာဉ်စီး စခန်းပုံ

တမြို့လုံးကို လှည့်လည်ကြည့်သော အခါ ပန်းမြို့တော်ဟု ဆိုရမလောက်ပင်။ ပန်းပွင့်, ပန်းပင်မျိုးမှာ အိမ်တိုင်း, ခြံတိုင်း, ဥယျာဉ်တိုင်းတွင် ဝေဝေဆာဆာ အလွန် သာယာလှပေ၏။ လမ်းဘေးတောင်ကမ်းပါးယံ, အိမ်ဝင်းတို့၌ ပန်းမွှေးရာမျိုး, ပန်းကော်ဇောမျိုး ခင်းထားသလားဟု ထင်ရတော့၏။ ဓာတ်ပုံဆရာတို့က ဓာတ်ပုံရိုက်၍ မငြီးနိုင်သလောက် ကဗျာဆရာမျိုးက ကဗျာဖွဲ့၍ မဖြစ်နိုင် အရှုံးပေးရသောမြို့ဟုပင်ပြောကြသည်။ တောင်စွယ် အထပ်ထပ် ချိုင့်ဝှမ်းအရပ်ရပ်တို့ကို ဖြောင့်မတ်သော လမ်းမျိုး၊ လမ်းဘေး သစ်ပင်မျိုး စီဘန်းစိုက်ထားခြင်းမျိုး၊ ခိုင်ခံ့တင့်တယ် လှပသော တိုက်တာ အဆောက် အဦးမျိုး၊ ထိန်ထိန် ဝေနေအောင် ထွန်းထားသော မီးတန်း မီးလုံးမျိုး၊ ပင်လယ်ကမ်းနှင့်အမျှ လှုပစ္စာဆောက်ထားသော ရေချိုးဆိပ်မျိုးဖြင့် ပြုလုပ်ထားပုံမျိုးမှာနှတ်မြို့ကလေးတမြို့ဟု ဆိုရမလောက်ပင် တင့်တယ်သာယာ ရှုချင်စရာ နေချင်စရာ ကောင်းလှပါပေ၏ ဥတုရာသီမှာလည်း မပူမအေး အလွန်ကောင်းလှ၏။


ဤဆိုချီမြို့ကလေး၏ ရှုခင်းသာယာ တင်တင့်စွာ ရှိပုံကို စာရေးသား၍ ကုန်နိုင်စရာ မရှိပေ။ ကဗျာဆရာမျိုး အရှုံးပေးရသည် ဆိုသော စကားသည် မှန်လှပေ၏။ ဆိုချီမြို့ပင်လယ်ကမ်းခြေသို့ အပမ်းဖြေလာသူတို့မှာ အချို့ကား ဤမျှပျော်ရွှင်ဘွယ်ရာ ကောင်းသော နေရာမျိုး၌ ချစ်ခင်သူမျိုးနှင့် ခဲလာကြရ၍ ငိုသူတွဲကလည်းမနဲလှပေ။ ချစ်ခင်သူတော်နှင့်အတူ လာရ၍ ပျော်ရွှင်ရယ်မော တသောသော နေသူ တို့ကလဲည်း ပေါလှပါပေသည်။ ပင်လယ်ရေပြင်

ဆင်ခြေဖုံးဘုရားကြီးတွင် ရုပ်ထွက်ပေါ်လာသော ဘုရားပုံ




ဆင်ခြေဖုံးဘုရားကြီးတွင် ရုပ်ထွက်ပေါ်လာသော ဘုရားပုံ

ဆိုဗီယက်မှာ တလကြာ



ခေသစ် အာပမ်းဖြေ ရိပ်သာကြီးပုံ




ကြယ်ဝစာလှဘုရား ၁၉၀၀-ခုနှစ်တွင် ဦးသုခမောဟ ဖူးငါးရွာလယ်ဘုရား ဖွဲ့စည်းတည်ထားခဲ့သော (ဝန်းဂူးဘုရား)

ဘုရားပြုပြင်ခြင်းဖွဲ့စည်းခြင်းများ

ဘုရားပြုပြင်ခြင်းဖွဲ့စည်းခြင်းများ

(ဝန်းဂူးဘုရား) ကြယ်ဝစာလှဘုရား ဖူးငါးရွာလယ်ဘုရား ဖွဲ့စည်းတည်ထားခဲ့သော ၁၉၀၀-ခုနှစ်တွင် ဦးသုခမောဟ




ရေနံချောင်းမြို့ ကုန်သည်လမ်းမကြီးပေါ်တွင် ရေနံတင်ကားများ ဖြတ်သွားလာနေကြပုံ။

# ရေနံချောင်းမြို့ ကုန်သည်လမ်းမကြီးပေါ်တွင် ရေနံတင်ကားများ ဖြတ်သွားလာနေကြပုံ။


အဦးကြီးမှာ တောင် (၃) ဆင့်ကို လှည့်ပတ်ကာ ဆောက်လုပ်ထားသော (၃) ထပ်အဆောက်အဦး ဖြစ်သည်။ လူနေ (၄၀၀) ဆထုဝန် (၁၆) ဦး၊ ဆထုမ (၃၀) ရှိသည်ယုံသိရသည်။ အဆုပ်နှာ, နှုလုံးတုန်, ဒူလာ, မီးယပ် အာလုံး ရောဂါကြွင်းများ သုတ်သင်ထုဋ္ဌာနဖြစ်သည်။ လူမမာများ ကစား ရေချိုးရန် ရေကန်၊ အလေးမ ကာယဗလများကိုပါ ပြုပြင်သင်ပြပေးသည်။ လူမမာတို့ကို ပေ (၂၅၀) စတောင်အောက် သို့ဆင်း၍ ပင်လယ်ရေချိုးရန် နေထုဋ္ဌာနမှာလည်း အလှန်ကောင်းလှပေသည်။ ပင်လယ်ရေခဲချိုးထုဋ္ဌာနသို့ သံလမ်းနှင့် ခါတ်ကြိုးဆွဲကာ ဆင်းရတက်ရသော တောင်ခေါင်းထဲတွင် ဥမင်လိုက်ခေါင်းဖေါက်၍ဆင်းရတက်ရသေဝခါတ်မော်ခေါ်ကာကြီးကိုလည်း ခန့်ညားစွာ စီးရပေသည်။

ဆထုဝန်က စမ်းသပ်စစ်ဆေးပုံ, ကုသပုံ, လူမမာ နေထုံအခန်းတို့ကို အကုန် လိုက်ပြပေသည်။ ဆေးရုံနှင့် မတူဘဲ၊ ဟော်တယ်ကြီးအလားအောက်မေ့ရသည်။ ခင်းထားသော လှေခါးမှအစ စကြံ့လမ်းအတိုင်းရှိကော်ဇောကြီးများ၊ တခန်းလျှင် (၂) ဦးသာ တာဝန်ရှိပြီး မွေထု, ကုတင်များ၊ ကုလားထိုင်, စားပွဲ, ရေချိုးခန်း, အိမ်သာခန်း, အဝတ် လဲလှယ်ရန်နေထု, ဘီဒိုု, မှန်တင်ခုံမှအစ အပြည့်အစုံ ထားရှိပုံများမှာ စုံလင်လှ၍ ဟော်တယ်ကြီးပင် ထင်ရသည်။ အထပ်တိုင်းရှိ ည့်ခံထုဋ္ဌာနတို့မှာလည်း ခန့်ညားလှ၏။ တနေ့ လျှင် ဒစာ(၅) ကြိမ် ကျေးပေသည်။ အစာကျေးထုခန်းမကြီးဥ ပြင်ဆင်ထားပုံကို တွေ့ရသည်မှာ ဟော်တယ်များအတိုင်း



အပေါ်ပုံ ရုပ်ရှင်ဆရာမ ဖြိုးနီဝေး


ငယ်ငယ် ကြည်ဇာက ရုပ်ရှင်ကို စိတ်ဝင်စားခဲ့ပုံ ရှင်းပြရာတွင် ကျွန်မ ရုပ်ရှင်ကို ဘယ်လို စိတ်ဝင်စားခဲ့ပုံ ရှင်းပြရမလဲ။ ကျွန်မ ရုပ်ရှင်ကို စိတ်ဝင်စားခဲ့တာ ဘယ်လောက်ကြာပြီလဲ ဆိုတာ ကျွန်မ မသိပါဘူး။ ကျွန်မ ရုပ်ရှင်ကို စိတ်ဝင်စားခဲ့တာ ကျွန်မ မွေးကတည်းကပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်မ ရုပ်ရှင်ကို စိတ်ဝင်စားခဲ့တာ ကျွန်မ ကိုယ်ဝန်ရှိစဉ်ကပဲ ဖြစ်ပါလိမ့်မယ်။ ကျွန်မ ရုပ်ရှင်ကို စိတ်ဝင်စားခဲ့တာ ကျွန်မ ကိုယ်ဝန်ရှိစဉ်ကပဲ ဖြစ်ပါလိမ့်မယ်။



ပုဂံမြို့ ဓမ္မရာဇိကဘုရားကြီးအနီး ရှေးဟောင်းကျောက်စာများ

ရုရှပြည်နယ်စုမှ မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးမှာ ဆိုဗီယက်ယူနီယံ သယ်ယူ ပို့ဆောင်ရေး စနစ်တွင် အရေး ကြီးသော နေရာမှ ပါဝင်လေသည်။ ဆိုဗီယက် ယူနီယံတွင် ကမ္ဘာ့ အကြီးဆုံး ပြည်တွင်း ရေကြောင်းလမ်းများ အများ ဆုံးရှိရာ၊ မြစ်ပေါင်း ၁၁၀,၀၀၀ ကျော်နှင့် အိုင်ကြီးပေါင်း ၂,၅၀၀ ကျော်ရှိလေသည်။သဘော်ဝသွားနိုင်သော ရေကြောင်း လမ်းသည် ကီလိုမီတာ ၁၄၆,၀၀၀ အထိရှိလေသည်။ ထို့ပြင် ဆိုဗီယက် ယူနီယံသည် တူးမြောင်း များလည်း အများ အပြား ဖေါက်လုပ်ခဲ့ သေးသည်။ ထိုတူးမြောင်း များသည် ဆိုဗီယက် ယူနီယံ ဥရောပ တိုက်ပိုင်းများတွင် တခုထဲဆော ရေနက် လမ်းကြောင်း ဖြစ်ပြီး၊ ပင်လယ်နက် အာဇော့ ပင်လယ်၊ ကက်စပီယံ ပင်လယ်၊ ဘောက်တစ် ပင်လယ်နှင့် ပင်လယ် ဖြူတို့နှင့် ဆက်သွယ် ပေးထားသည်။

မြစ်ကြောင်းသွား သဘော်ဂများတွင် စက်မှုဆိုင်ရာ တိုး တက်မှုအတွက် အဓိကအချက်မှာ ခေတ်မှီ ဒီဇယ် စက်များ

ကို သဘော်များပေါ်တွင် အဓိက စက်နှင့် အရံ စက်များ အဖြစ် တပ်ဆင် အသုံးပြု ခြင်းပင် ဖြစ်ပေသည်။ ရုရှပြည် နယ်စု မြစ်ကြောင်း သဘော်များတွင် အလို အလျောက် စနစ်များ တပ်ဆင် ထားရာ စက်များကို စိတ်ချ လက်ချ အုပ်ထိန်း နိုင်ပြီး၊ စက်ခန်း တွင်း၌ အမြဲတန်း စောင့်ပြီး မောင်းနှင် နေစရာ မလိုတော်ခေါ်။ သဘော် အားလုံးကို ၁၆၆၅ -ခု နှစ် ကုန်တွင် အလို အလျောက် အုပ်ထိန်းစက် တပ်ဆင်ပြီးမည်ဖြစ်သည်။

မကြာမီ နှစ်များအတွင်း ရုရှားပြည် နယ်စု ပြည်တွင်း ရေကြောင်းဘွား သဘော်များတွင် တန်ချိန် ၂,၀၀၀ အထိ တင်ဆောင် နိုင်သည့် ကုန်တင် သဘော်များ ရှိလာ လေသည်။ တန်ချိန် ၅,၀၀၀ တင်နိုင်ပြီး၊ တနာရီ ၂၁ ကီလို မိုတာ သွားနိုင်သော ပိုမို ကောင်းမွန်သည့် မော်တော် သဘော်ကြီး တစင်း၏ပုံစံကို ပြုလုပ်ခဲ့လေသည်။

ရုရှပြည် နယ်စု မြစ်ကြောင်း အလုပ်သမား များသည် ခရီးသည်များ တန့်ထက် တန့် တိုးတက် သယ်ယူ ပို့ဆောင် ပေးနေသည်။ ဤနှစ်တွင် ခရီးသယ် သန်း ၁၁၀ သယ်ယူ ပို့ဆောင် ပေးလိမ့်မည်ဟု မျှော်လင့် ရသည် ခရီးသည်တင် သဘော်များ၏ အမြန်နှုန်း မှာလည်း တိုး တက်နေပေသည်။ ရေအောက် တောင်ပန်တပ် သဘော်များ ပေါ်ပေါက်နေပြီး၊ အမြန်နှုန်း တနာရီ ကီလိုမီတာ တထု အထိ ပြေးကြသည်။ ဤသဘော် များသည် စက်များ ကောင်းလှပြီး၊ စရိတ် သက်သာ လှ၏။ ဤနှစ် သဘော်

သွားလာရေး ရာသီ အစောင်း ခရီးသည် နှစ်သန်းဝက္ခ် သယ်ယူ ပို့ဆောင် ပေးလိမ့်မည်ဟု မျှော်လင့်ရ၏။

သုံးထပ် မော်တော် သဘော်ဘများနှင့် ဒီဇယ် လျှပ်စစ် သဘော်ဘများကို ရေချပြီး ဖြစ်၏။ ၎င်းတို့သည် ရှုရှုပြည်နယ် စုရှိ အကြီးဆုံးသော အိုင်ကြီးများ အတွင်း၌ ခရီးသည်များကို သယ်ယူ ပို့ဆောင် ပေးပေသည်။ ဒီဇယ်လျှပ်စစ် သဘော်ဘကြီး များကို ခရီးဝေးအတွက် အသုံးပြုလိမ့်မည် ဖြစ်၏။ ၎င်းတို့၏ အမြန် နှုန်းမှာ တနာရီ ၂၇ ကီလိုမီတာ ဖြစ်လေသည်။

ဆိုဗီယက် ယူနီယံတွင် ခေတ်မှီစက် ကရိ ယာများ တပ်ဆင် ထားသော ဆီပ်ကမ်းများ ရှိ၏ ဆီပ်ကမ်းနှင့် ဆီပ်ခံသမ္မာန် အများ အပြားကို မြစ်များ အနီးရှိ စက်ရုံ များအတွက် ဆောက်လုပ် ထား၏။

ဆိုဗီယက် စီးပွားရေး စနစ်မှ ရေကြောင်းသွား သဘော်ဘ များ၏ အခန်းသည် မှန်မှန်ကြီး တိုးလျက် ရှိပေသည်။

မြေအောက် ဥမင်မီးရထား

မော်စကို မြေအောက် မီးရထားသည် ကမ္ဘာတွင် နာမည် ကျော်လျက်ရှိသည်။ သန့်ရှင်းသည်- သေသပ်သည် လှပ သည်ဟု နာမည် အထူး ကျော်လျက် ရှိသည်။ မြေအောက် ဘူတာရုံသို့ ဆင်းသည်နှင့် တပြိုင်နက် "အမ်" ဟူသော စာလုံးအနီကြီးကို တွေ့ရသည်။ ခေါင်းဆောင်ကြီး လီနင်ကို ဂုဏ်ပြု၍ မှည့်ထားခြင်းဖြစ်၏။ နှစ်-၅-နာရီမှ စတင်ထွက်သည်


ဘက်စကားနှင့် တိုင်စီမောင်းသူများ လက်မှတ် ရောင်းသူများသည် သူတို့၏ အလုပ် ခွင့်သို့ သွားရန် မြေအောက်ရထားနှင့် သွားရသော အချိန် ဖြစ်သည်။ နံက်-၇- နာရီ ဆိုလျှင် စက်ရုံ အလုပ် သမားများ စေး အလုပ်သမား အိုးအိမ် စည်ဆောက်ရေး အလုပ်သမားတို့ သူ့ထက်ငါ လုယက်၍ လာကြပြန်သည်။ နံက်-၉-နာရီ ကျလျှင်လည်း ခုံး အလုပ် သမားများ ကျောင်းသူ ကျောင်းသားများ ပြည့်နှက်နေပြန်သည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင်လည်း ပြည့်ကြပ် လျက်ပင် ရှိ၏။ မြေအောက် ရထား လမ်းမှာ ၅- လမ်းရှိ၏။ မော်စကိုမြို့ ပတ်ဝန်းကျင်ကို သွားချင်သလို သွားနိုင်သည်။ ၂-မိနစ်လျှင် တစင်း ကျစီ ထွက်ဝင်သည့် ရထားမောင်းသူမှာ လူမဟုတ်ချေ။ မောင်းသူ၏ အခန်းတွင် စာပ်ဆင်သည့် လျှပ်စစ်တွက် ချက် စက်က မောင်းနှင်သည့် ဘူတာရုံ ရောက်လျှင် သူ့အလိုလိုရပ်ပြီး တံခါးများအလိုလို ပွင့်ပြီး ၂ မိနစ်အကြာ ပြန်ပိတ်ခါ ထွက်သွားသည်။ ဘူတာ ရုံဆောက်ထျင် ဘူတာရုံ၏ နာမည်ကို အသံသွင်းတိတ်ခွေက သူ့အလိုလို ကျေညာသည်။ လူမပါပဲ စက်က မောင်းနှင်သော်လဲ လွန်ခဲ့တဲ့ ၅ နှစ်အတွင်း မတော်တဆ တိုက်ခိုက်မှု တခါမျှ မဖြစ်ခဲ့ချေ။ သတ်မှတ်သည့် အချိန်အတိုင်း သွားလာလျက်ရှိ၏ တခါမျှမပျက်ခဲ့ချေ၊ နေ့စဉ် ခရီးသည် ၃-သန်းကို သယ်ယူပို့ဆောင် နေ၏၊ ရန်ကုန်မြို့လို မြို့တမြို့၏ လူဦးရေ ၆- ဆကို ပို့ဆောင် နေသည်။ ဘူတာ ရုံပေါင်း ၆၅- ခုရှိပြီး ရထား လမ်းခွဲများ ကိလိုမီတာ-၃၉ ရှည်လျား လေသည်။ ဒေ၆၅- ခု နှစ်တွင် ကိလိုမီတာ - ၁၃၀ - ကျော်မည့် ဖြစ်၏။

အင်ဂျင်နီယာများသည် ရထားကို တနာရီလျှင် ကီလို မီတာ -၉၀ အမြန် ပြေးရန် စီမံနေကြပြီ။ သို့မှ သာလျှင် မြို့အစုန် အဖျားမှ မိနစ် - ၂၀- နှင့် ၂၅- မိနစ် အတွင်း ထောက်မည် ဖြစ်၏ မော်စကို မြို့တွင် လူနေ ရပ်ကွက်များ တိုးခဲ့ ဆောက်လုပ်နေသည်နှင့် အမျှ မြေအောက် ရထား ကိုလည်း တိုးခဲ့ လုပ်ကိုင် နေကြသည်။ မြေအောက်ရထား လမ်းမှာ ကမ္ဘာပေါ်တွင် မြို့ကြီး ၃၀ တွင်ရှိ၏။ သို့ရာတွင် ဆိုဗီယက်နိုင်ငံ မော်စကို မြို့တော်ရှိ မြေအောက်ရထားသည် အသန့်ရှင်းဆုံး အခမ်းညားဆုံး လေကောင်းလေသန့် အရဆုံး အလှပဆုံး ဟူသော နာမည် များမှာ ခရီးသည် တိုင်းက တအံ့တသြ ချီးကျူး ရသည်ဟု နာမည် ကျော်ကြား လျက် ရှိလေသည်။ ဘူဘာရုံများ တွင်သည်း အလွန်အားကောင်း သော လေမှုတ် စက်များက လေကောင်း လေသန့်ကို မှုတ်သွင်း ပေးနေသည်၊ နွေထုသီ လေမှာ အေးနေပြီး ဆောင်းထုသီတွင် နွေးနေသည်၊ အော်တို မက်တစ်ခေါ် အလို အလျောက် စက်မှုပြုလုပ်နေသေလည်။

## မြေသယ်လော်ရီကားသစ်ကြီး

ဘိုင်ကိုရှရှ မော်တော်ကားစက်ရုံမှ "ဘီလာရပ်စ ၅၄၇" ခေါ် လော်ရီကားတစီးကို ထုတ်လုပ် လိုက်သည်။ ထို လော်ရီ ကားကြီးသည် ကုန်တန်ချိန်-၄၀-တင်နိုင်၏။ အမြင့်တွင်လေး လံပြီး အိုင်တွယ်ရခက်မည် ထင်ရသော်လည်း အမှန်မှာ သူ့ တွင်ဘယ်ဆင်ထားသော မြင်းကောင်ရေ-၅၅၀အား စက်ဖြင့် တနာရီလျှင် ကီလိုမီတာ ၅၀-ပြေးလေသည်။ မြေကြီးဖြစ်စေ၊

အားသောအရာဖြစ်စေ၊ ၂၇-ကုဗမီတာ တင်နိုင်၏။ ဤလော်ရီသည် ၃-မီတာခွဲမြင့်သည်။ ဤကားမျိုးကို မင့်စမြို့နှင့် မန်းမဝေးရှိ ဇုဒိန်စိုက်ရုံတွင် ထုတ်လုပ်နေလေသည်။



တန်ချိန် ၄၀- တင်နိုင်သော လော်ရီကားသစ်ကြီးပုံ


## ဒိန်ခဲနှင့် လုပ်သည့်ဝတ်စုံ

ဗိုလ်ဒါနီ့သူတော်သန့်ဌာန အကယ်ဒမီ ဆောဂျိပိထရော့သည် ပို၍ထူးဆန်းသော ပစ္စည်းဖြင့် ပြုလုပ်သည့် ဝတ်စုံကို စာညည်ထဲ့ဝင်လိုက်လေသည်။ ၎င်းမှာ ဒိန်ခဲမှ လုပ်သည့် အဝတ်ဖြစ်သည်။ ငံရဲမီး အပြော့ စားနှင့် အယ်လီကလီ ဆက်ရည်များဖြင့် ဖရိုတိန်းခါတ်စစ်စစ် ရရန် ပြုလုပ်ရသည်။ ထို့ပရို့တိန်းခါတ်ပါသည့် ပစ္စည်းမှ ပရိုတိန်းခါတ်အမျင်များပြုလုပ်၍ အဝတ်အထည်ယက်လုပ်ရန် ချည်အဖြစ်ငင်ယူပြီး ပြုလုပ်ရသည်။ ပရိုတိန်းခါတ်ပါသော နို့အသားပဲ တို့မှလည်း ပြုလုပ်နိုင်ပါသည်။ ၎င်းအဝတ်သည် ဝတ်လို့လဲကောင်းသည်။ သိုးမွေးလား ချည်ထည်လား ချည်တုလားဟု ခွဲမရအောင် ကောင်းမွန်သည်။ သို့ရာတွင် ကြာက်မစားနိုင်အောင် လုံခြုံသောနေရာ၌ သိမ်းထားရမည်။ ပရိုတိန်းခါတ်ကို အထည်လုပ်ငန်း၌ အသုံးချနိုင်အောင် စီမံထားလေပြီ။

## ကုန်ပဒေသာဆိုင်ကြီးများ။

မော့စကဗာခေါ် ကုန်ပဒေသာ တိုက်ဆိုင်ကြီးများသည် ကားအလွန်ကြီးကျယ်ခမ်းနားပေးသည်။ ဤတိုက်ဆိုင်ကြီးမျိုးသည် မှန်နှင့် ကွန်ကရစ်တို့ဖြင့် ဆောက်လုပ် ထားသည့် ၆-ထပ်စေ့းကြီးပင် ဖြစ်ပေသည်။ စေ့းကြီး၏ စုစုပေါင်း အကျယ်အဝန်းစတုရန်းမီတာ ၂၂,၀၀၀ ရှိသော အခန်းများတွင် ရေနွေးသွင်းစက်၊ ရွှေ့လျားသော ခါတ် လှေခါး၊ ရုပ်မြင်သံကြား၊ စုံစမ်းရန်ဌာနနှင့် စာရင်းကိုင် ဌာနတို့ ပါဝင်

# ဆိုဗီယက်မှာ တလကြာ



ပြည်ထဲစီးပွားရေး ကောင်းမွန်လှပုံကို ပြသနေသည်။ ထောင်းချသောကုန်မျိုးမှာ ယောကျ်ားဝတ်နှင့်မိန်းမဝတ်အင်္ကျီမျိုးမှ သားမွေးနှင့် ကုန်သေးပစ္စည်းမျိုး အထိ ပါဝင်လေသည်။

မော့စကဗာကုန်ပဒေသာဆိုင်ခန်းမကြီး လေးခုတွင် ကုန်မျိုးကို ရွှေ့လျားနေသော ကိရိယာဖြင့် တပ်ဆင် ထောင်းချနေသည်။ စျေးဝယ်သူမျိုးသည် ဝယ်လိုသည့် ကုန်ပစ္စည်း

မျှားကို ဆိုင်ဘွင်းရှိ တခြားနေရာမျှားမှာထက် ပို၍ကောင်းကောင်း ရွေးချယ်နိုင်ပေသည်။

ဒုတိယထပ်၌ ကုန်စုံဆိုင် တွင်ပင် ပြုလုပ်သော အဝတ်အထည်မျှားကို ဆိုင်မှလူမျှားက ဝတ်ဆင်၍ ပြသကြရသည်။ ကြိုက်ထုအစတ်အစားကို ရွေးချယ်ပြီး စျေးဝယ်ခမ်း တွင် ဝယ်နိုင်သည်။ ဖက်ရှင်ခမ်းမျှားလည်း ရှိပေသည်။

ဝယ်ယူသော ကုန်ပစ္စည်းမျှားကိုသွားလိုရာသယ်ယူမည်ဆိုလျှင် အပ်ထားရန် နေရာလည်း အသင့်ရှိ၏။ လိုချင်သော ပစ္စည်းကုန်နေလျှင် အမှာစာ ပေးထားခဲ့နိုင်သည်။ ပစ္စည်းဆိုထုတ်ပို့ရာဌာန၊ အိမ်အရောက်ပို့ပေးသောရုံး၊ ရုပ်မြင်သံကြားဖြင့် စုံစမ်းရေးဌာနနှင့် ကိုယ်အတိုင်းပေးပြီးချုပ်ဌာနစသော အားလုံးကပင် စျေးဝယ်သူတို့အဘို့ လွယ်ကူအောင်ဆောင်ရွက်ပေးသည်။ ကုန်ပဒေသာဆိုင်အလုပ်သမားမျှားအတွက် စာကြည့်ခန်းနှင့် ဆေးခန်း ပါရှိသော ကလပ် ကလေးတခု လည်းဖွင့်ထားသည်။

၁၉၆၃ ခုနှစ်တွင်- ဤသို့သော ကုန်ပဒေသာ တိုက်ဆိုင်ကြီးမျိုး မော်စကို မြို့တော်တွင် -၁၇- ဆိုင်ဖွင့်လှစ်ပြီ ပြ။ ပြည်နယ်စု ရုရှားသမတ နိုင်ငံတို့တွင် ဤသို့သော ကုန်စုံတိုက်ဆိုင် ကြီးပေါင်း- ၈၀၀၀- မျှဖွင့်လှစ်ပြီးပြီ ဖြစ်သည်။ ရှေ့ကိုလည်း ဆက်လက် ပြုလုပ် နေထုံးပင် ဖြစ်ခဲ့သည်။

## ရုရှားယဉ်နှင့် ဒေါ်လာငွေတန်ဘိုး


ရာရှား ရုရှားငွေနှင့် အမေရိကန် ဒေါ်လာအား ၁၉၆၁- ခု နှစ်မတိုင်မီက အမေရိကံ ဒေါ်လာငွေတကျပ်လျှင် ရာရှား ရုရှားငွေ ၄- ကျပ်တန်ဘိုး ရှိသည်။ ၁၉၆၁- ခု စ် ဇန်နဝါရီလ ၁- ရက် နေ့မှ စ၍ ဆိုဗီယက် ယူနီယံတွင် ရှိသည့် ရုရှားယ် သန်း- ၂၀- ကျော် တိုးတက် နေပြီဖြစ် သောကြောင့် အမေရိကံ ဒေါ်လာငွေ က ကျပ်သည် ရာရှား ရုရှားငွေ က ကျပ် မပြည့်တော့ပေ၊ ပြား ၉၀- သာတန်ဘိုး ရှိလေသည့် ဤအတိုင်း ကမ္ဘာငွေလဲ ကြီးကြပ်ရေး စံ ၇ိန် အဖြစ် အသုံးပြုနေရလေသည်။

## လူ-၄ ယောက်လျှင်-၁ ယောက်ပညာသင်

ဆိုဗီယက်ယူနီယံ၌ ယခုအချိန် (၁၉၆၁-ခုနှစ်) တွင် လူ ပေါင်း-၆၁-သန်းသည် ပညာသင်ကြားလျက် ရှိပေသည်။ လူ ၄ ယောက်လျင် တယောက်သည် ပညာသင်လျက် နေလေသည်။

## ၇ ရက်လျှင် သဘင် (၂) စင်း

ဆိုဗီယက်ယူနီယံ၌ ရက်သတ္တပါတ်လျှင် အကြီးစား သို့ မဟုတ် အလတ်စား သဘင် ၂ စင်းကို ဆောက်လုပ် ပြီးစီး နေသည်။ တနှစ်လျှင် သဘင်ပေါင်း ၁၀ စင်း ဆောက်လုပ် ပြီးစီးနေလေသည်။



## ရေအောက်တောင်မှန်တပ်သင်္ဘောသစ်ပုံ

ဆိုဗီယက်ယူနီယံတွင် အလွန် လျှင်မြန်သော ရေအောက်တောင်ပန်တပ် သင်္ဘောသစ် တမျိုးပုံစံသစ်ထွင်၍ခုတ်မောင်ပြေးဆွဲလျက် ရှိလေသည်။ တနာရီလျှင် ၎၅-မိုင် ခုတ်မောင်းသည်။ အခမ်း-၃-ခမ်းတွင် ခရီးသည် ၁၀၀-ယောက် စီးနင်းနိုင်သည်။ အခမ်းမှာ မော်တော်ကား ကူရှင် ကဲ့သို့သော ကူရှင် ထိုင်ခုံများ ခမ်းနားစွာ တပ်ထားသည်၊ ကိုယ်တည် အားလုံးကို အလူမီနီယံ သတ္တုဖြင့် ပြုလုပ်ထားသည်။ ကျော် ၅၀ယသင်္ဘော တည်ဆောက်သူများက ပုံစံပြုလုပ်တည်ဆဲသော ကိုမီဆာသင်္ဘောဖြစ်လေသည်။

# ဦးလေးပြည် ဗျာဇဆွဲတော်

(၂၂-၇-၆၁) ဇနုနံက် (၇) နာရီခွဲတွင် ကျွန်ုပ်တို့ဆည် မော်စကိုမြို့ ပီကင်း ဟော်တယ်ကြီးမှထွက်ခွါလာခဲ့ကြသည်၊ မော်စကို နိုင်ငံခြား လေယာဉ်ကွင်းသို့ ရောက်သော ပစ္စည်း များကို ချိန်ထွယ်ကြရာ နေထွင်ဘာန အသီးသီးမှ ပေးပို့ ကြသော လက်ဆောင် ပစ္စည်းတို့မှာ စာချုပ် စာတန်း တွေက များနေ၍ တခွါထားခဲ့ ရသည်။ ခရီးသည် တဦးလျှင် ကီလို (၂၀) ပေါင်နှင့် (၄၂)ပေါင်သာ တင်ယူခွင့် ရှိသည်၊ ပိုလျှင် အပိုခပေးရမည်။ ဘာသာရေး ကောင်ဆယ်မှ ရန်ကုန် ထိ ကုန်ကျသမျှ တာဝန် ယူသော်လည်း ကျွန်ုပ် တို့မှာ ပိုလန်နှင့် ဂျာမကို, လန်ဒန် (၃) နေရာ ဝင်ရဦးမည် ဖြစ်၍ တဆက်တည်း ခရီးမဟုတ် ရကား အပိုခ ပေးလို့ မရနိုင်၊ မရပ်မနား တဆက်တည်း သွားမှသာ ရနိုင် လေသည်။ ဘာသာရေး ဆိုင်ရာ, ယဉ်ကျေးမှု ဆိုင်ရာတို့မှ လိုက်ပို့ကြ သူတို့ကား မျှားလှသည်။ လေယာဉ် အတက်တွင် လက်ဆဲ နှုတ်ဆက် ကြသည်မှာ လေယာဉ် အခြိန်ပင် နောက်ကျ သွားသေးသည်။ ထိုသို့ နှုတ်ဆက် နေကြစဉ် ကျွန်ုပ်တို့ အဖွဲ့နှင့် ရာရှား တပြည်လုံး အတူ လိုက်ပါ နေသော အဖိုးကြီး (ချယ်မီကော့) ငွေကိုင် ဘဏ္ဍာစိုးကြီးသည် မျက် ရည် မဆယ်နိုင်ရှာ။ ထိုအခါ ကျွန်ုပ်တို့ ညကွင်းကြီး ဇနီး ဒေါ်ခင်သိန်းမှာ လည်း ဝမ်းနည်း ကြကဲသဖြင့် ငိုပွဲဆင်ရှာ လေသည်။

တော့ကြုံဆုံကဲ့၊ သံသရာထဲ၌၊ ဖြစ်မြဲတံထွာ၊ ဓမ္မတာကားသူငါအားမျှား ဘော့ကြောင်း၏ တော့သောအခါ၊ တို့သူငါတို့၊ မှန်စွာ ထိန်းချုပ်၊သိမ်းအုပ်၍သာ၊ဖြစ်ခါပျက်မြဲ၊ စိတ်ယူစဲမှု၊ ကြောင့်ပေလျှ၊ ဤဒုက္ခကို၊ မုချမှန်စွာ၊ ရှောင်နိုင်ရာ၏။

ပီယေဟိ ဝိပွယောဂေါ၊ ဤသဘောကို၊ ထုတ်ဟောပေလျှ မြတ်ဗုဒ္ဓ၏၊ ဓမ္မစကြာ၊ ဒေသနာကား၊ သေချာမမှား။ သတိထားမှ၊ ခရီးသွားလို၊ များလှုပ်လိုက်တို့ ထိုထိုဒုက္ခ၊ ကင်းစင်ကြမည်၊ မှတ်ကြမလဲ ရှောင်နိုင်ခဲ ဟူသော။ ။သံဝေဂ လက်ာ ဆောင်ပုဒ်ကို ရေးထုတ် လိုက်ပေသည်။

မော်စကို မြို့ကျက် (၂) မျိုး စက်တပ် လေယာဉ် အကြီးစား ကြီးသည် နံနက် (၈) နာရီခွဲတွင် ထွက်ခွါ လာခဲ့သည်။ ဝါဆောမြို့ လေဆိပ်သို့ (၁၀) နာရီခွဲ ဆောက် ပေသည် လေဆိပ်တွင် နိုင်ငံတကူး လက်မှတ် စစ်ဆေးခြင်းတို့ ခဏနှင့် ပြီး၏။ ပစ္စည်း များကိုလည်း ဘာမှ မစစ် ဆေးဘဲနှင့် ပြန်ပေး သည်။ အလွန်အေးလှ၏။ လေဆိပ် ရုံ၏ အပြင် ဘက်တွင်ခရစ္စယန် ကောင်ဆယ်မှ ဥက္ကဋ္ဌနှင့် အကျိုးဆောင် တို့က ကား(၃) စီးနှင့် လာဆောက်ကြိုဆိုပြီးလျှင် ဝါဆော မြို့အတွင်း ဂရင်း ဟော်တယ် ကြီးတွင် နေရာ ချထားပေး တည်းခို နေထိုင် ကြသည်။

ညနေ (၅)နာရီတွင် ကျွန်ုပ်တို့အား ခရစ္စယန် ကောင် ဆယ်မှကားနှင့်လာခေါ်ပြီးလျှင် တမြို့လုံးသို့ လှည့်လည်ပြသ သည်။စစ်အတွင်းကကျဆုံးနိုင်ငံကြီးများ၏ ကိုးကြွေးခြ

မှန်းခြင်းခံရ၍ အဆောက် အဦး ရှိသမျှ အားလုံး ပြာဖုံး လုမတတ် သုဿန်သင်းချိုင်း ပမာဖြစ်ခဲ့ရရှာသော ဝါဆော မြို့တော်သည် အပျက်ဆို၍ ရှာမတွေ့ပြီ။ (၄) ထပ် (၅) ထပ် အဆောက်အဦးများ၊ ဥယျာဉ် များ၊ ကစား ကွင်း များ၊ ပန်းခြံများ၊ လမ်းဘေးသစ်ပင်များ၊ သစ်ပင်တွေ အကြား ပန်းခင်းပန်းကွက် စိုက်ပျိုးထားပုံများ၊ အစိုးရရုံးကြီးများ၊ ဒီပါတမင့်စတိုးခေါ် ကုန်ပဒေသာ တိုက်ကြီး များးတို့ကား စစ်အတွင်းက ပျက်ခဲ့သည်ဆိုသည်ကို မယုံနိုင်စရာပင်ဖြစ်နေသည်။ လူဦးရေ (၆) သိန်းခဲ့နေသော ဝါဆော မြို့တော်ကား၊ စစ်ဒဏ်အပြင်းမခံရသော ရန်ကုန်မြို့ထက်အဆတရာလောက် သာနေပေသည်။ ဘုရင့်နန်းတော် နေရာတွင် သမတ အိမ် တော် ပြုလုပ်ထားသည်။ ဆိုဗီယက် သံရုံးကြီးကား ကြီးမား လှပါပေသည်။ မြို့ပြင်ထွက်၍ ကြည့်သောအခါ မြစ်ပေါ် တွင် ဆောက်ထားသော တံတားကြီးများမှာလည်း ကြီးကျယ် ခိုင်ခန့်ပါပေသည်။ ရန်ကုန်နှင့် ဒလာက်ကမ်းလောက် ရှိသည်။ ထိုတံတားကြီး နှစ်ခုဖြင့် ကားလမ်း, လူသွား လမ်း၊ ဓါတ်ရထားလမ်း, မီးရထားလမ်းတို့ဖြင့် ပြုလုပ်ထားပေသည်။

## ဘုရားရှိခိုးကျောင်းများပြည့်နေခြင်း

ပိုလန်စာပြည်လုံး၌ လူဦးရေသန်း (၃၀) ရှိသည်။ ဝါဆော မြို့ပေါ် တွင် လူဦးရေ (၆) သိန်းခဲ့သာသာ (၇) သိန်းခန့် ရှိသည်။ မြို့ပေါ် တွင် ခရစ်ယာန် ဘုရားရှိခိုး ကျောင်း (၃၀၀) ကျော်ရှိသည်။ ဇကျးရွာ များတွင် ရွာတိုင်း ဘုရား ရှိခိုး ကျောင်း တကျောင်း အနည်းဆုံး ရှိသည်ဟု ဟု သိရသည်။

ပိုလန်နိုင်ငံသည် ကွန်မြူနစ်နိုင်ငံဖြစ်သည်။ သို့ရာတွင်တပြည်လုံးမှာ ခရစ္စယန် ဘာသာဝင်များလိုချည်း ဖြစ်ကြသည်ဟုသိရသည်။

ထိုဘုရားရှိခိုးကျောင်းများမှာ စစ်အတွင်းက ပျက်စီးခဲ့သော်လည်း ယခုအါ ရှေးပုံ အထိုင်း ပြန်ဆောက်ထားရာအကုန်လုံးအသစ်တော့ပင်ဖြစ်နေသည်။ ပိုလန်နိုင်ငံ၌ ကွန်မြူနစ်အစိုးရ ဖြစ်သော်လည်း ဘာသာရေး လွတ်လပ်ခွင့်ရှိပေသည်။

## ဘာသာရေး ထက်သန်လှခြင်း

(၂၃-၇-၆၁) နေ့သည် တနင်္ဂနွေနေ့ ဖြစ်၍ ကျွန်ုပ်တို့ ဘုရား ရှိခိုးကျောင်းများကို လိုက်လံကြည့်ရှုရာ ကျောင်းတိုင်းတွင် ပြည့်လျှံနေအောင် ဝင်လိုက် ထွက်လိုက် သာသနာပိုင်ကိုကိုးချုပ်ကြီးတော့က ရှေ့ရောင်, ငွေ့ရောင်ခြယ် ဝတ်လုံကြီးများ ဝတ်၍ ရှေ့ရေတကောင်းများကို ကိုင်ပြီး နောက်က အာလံကိုင် အမျိုးသား, အမျိုးသမီးများ ခြံရံလျက် ထွက်လာကာ ဘုရားဝတ်ပြုပုံ၊ ဘုရားစာကို အော်တိုင်မေးကာ ဘုရားကို ရှိခိုးပုံတို့မှာ ခရစ္စယန် တို့အား အလွန် စိတ်အားတက်ကြွစရာကောင်းပေသည်။ ခရစ္စယန်ဘုန်းကြီးများ စုပေါင်း၍ ကောင်ဆယ်ဖွဲ့ထားသည်။ ထိုအဖွဲ့က ကျွန်ုပ်တို့အား ညွှန်ခံကြိုဆိုခြင်းဖြစ်သည်။ သို့ပါ၍ ကျွန်ုပ်သည် အောက်ပါ ကဗျာလေးချိုးကြီးကို ရှေးရိုးအတိုင်းရေးစပ်ကာသူတို့အတွက် ဥဒါန်းကျူးမိပေသည်။

## ဝါဆောမြို့တော်အတွက် သံဝေဂကဗျာ လေးချိုးကြီး

အစစတံခွန်ထူ ဖြစ်နိုင်ရန် အကြောင်း မြင်ပါသဖြင့်
ကမ္ဘာ့ကွန်မြူနစ် နိုင်ငံ အပေါင်းတွင်ဖြင့်၊ ပဋ္ဌမချုန်ကာ နမူ
နာပြနိုင်တဲ့၊ပိုလန်နိုင်ငံဝါဆောမြို့**စတော်**တခွင်၊(ကွယ်တို့ရယ်)
အစစလွန်ကာ အယူဘာသာမူလခိုင်မာတဲ့၊ နဂိုအမှန် သာ
သနာ့သဘော သူတို့ပျော်ရွှင်ရွှင်။

တနှင်္ဂနွေအားရက်အတွင်းမှာလ၊ အပြင်းပြေရန်တခြား
ထွက်မသွားကြဘဲနှင့် ဘုရားအတွက်ဝတ်ပြုရန် ကျောင်းတွေ
မှာစုပြီးလျှင်၊ ဦးခေါင်းတွေ အစိအရိထိုင်လျက်၊ ညီညီထိုင်
ကာ ဘာသာရေး ဂီတတွေ့ ကျူးပြီးလျှင်၊ အထူး ဖြစ်လှတဲ့
စစ်ပိုလ် စစ်သားတွေနှင့်၊ ချစ်သား, ချစ်သီးတွေကိုယ်စီဆိုင်
လျက်၊ ထိုထိုကြွကြွ ထိုင်ကာ ကြီးငယ် ကျားမတွေ့ စုံပါဘီ
သနဲ့၊ ဂုဏ်ပါဝါရှိလှတဲ့ ပညာတတ်များပါ စုံကြပါပေရဲ့၊ ယုံ
ကြည်ရန် ဘာသာရေးကိုလ၊ အခါခါတွေးကာ မေးဖြေတတ်ပြု
ကြပုံတို့ရယ်၊ ရှားအခြေအတိုင်း မချွတ်စုံပေတယ်။

သာသနာပိုင် ဂိုဏ်းချုပ်ကြီးတွေက၊ ပါဝါစတိုင်နှင့်ဆိုင်း
အုပ်ကာ ရှေ့ငဲ့ဝတ်ဆုံကြီးတွေ့ ဆင်ပြီးလျှင် တဲသွင်သွင်
နှုတ်က ရွတ်ကာ ခရစ်တော်ကိုဝတ်ပြုကြလျက်၊ အပြစ်အဖော်
အလှော် တတွေ့ အကုန်ကင်းအောင်လို့တဲ့၊ အဖုံသွင်းရန်
အလံတွေ့ တလူလူလွှင့်ပြီး၊ အဆံတွေ့တဆူဆူဖွင့်ကာ ဘုရား
စာကို ရွတ်ကြလျက်၊ အများတကာ ဘုရားလာတဲ့ တရားနာ
ပရိသတ်တွေကိုလ၊ ပရိတ်စာတွေ့ကို ဘဆိတ်ဖတ်လျက် ဒိတ်



ပုံလုံးနှင့်ပုံ ဝါဆောလျှော်စက်ရုံကြီး

ခေတ်ကညွတ်စေတယ်၊ လွတ်ပေ ကျွတ်ပေ ဆိုတဲ့ သူတို့ရဲ့ အ ပြစ်တွေ အစားစ ။။ (ကွယ်တို့ရယ်) ဇွတ်ပေ မနေကြပေတဲ့ လူတို့ရဲ့ အပြစ်တွေကများ။။

စစ်အာဏာ ရယ်က၊ ပြစ်ခင်းကိုမေးလိုက်တဲ့အခါ၊ အသစ် အဆင်းဆိုတာ ဘာကမ္ဘာမှာမရပါဘူး၊ ပြာကျအောင် မြေ လှန်စံနစ်ကိုသုံးခဲ့ပါပေါ့၊ အဆိုးမှာ ရှုစရာ တခုမျှ မရှိခဲ့သော် လဲ၊ ယခုအခါ လူ့ဘဝမှာ နတ်တွေလာ၍ ဆောက်သကဲ့သို့၊

အဲ့ဒီလောက်တဲ့လမ်းကြီး လမ်းငယ်တို့နှင့်၊ ဆန်းကြယ်တဲ့တိုက်တာ ဥယျာဉ်တွေ၊ လူ့အသွင် အပြင် တွေ့ကလဲ တပြောင်ပြောင်၊ အဆောင်ဆောင်ဟော်တယ်ကြီးတွေကပေါပါဘိ သနဲ့၊ လောက၏ကြက်သရေစုံလှတဲ့၊ တက်နေရုံအလားဝါဆော မြို့ရယ်က၊ သက်သေစုံပမာ ငါတို့ ဆရာဒကာတွေ့ သဘောကျလှတယ်။ (သြော်) ပြောမပြော နိုင်အောင် ရှိပါပေသည် တကား။ ■

## ကြိုးစားသော ဆိုဗီယက်

ဆိုဗီယက် ယူနီယံ၌ ၁၉၆၅ ခုနှစ်တွင် စာတမ်းမြေ သုဇာ ၃၀,၀၀၀,၀၀၀ ထုတ်လုပ်ပြီးကောက်ပဲသီးနှံတန် ၁၆,၀၀၀,၀၀၀ ပိုမို ထွက်ရန် အတွက်၎င်း သကြားတန် ၃,၂၀၀,၀၀၀ အာလူး ၂၀,၀၀၀,၀၀၀ ထွက်လာရန်နှင့် အခြားသော ပဲပြောင်းသော လယ်ယာ ထွက်ကုန်တို့သည် တဟုန်တိုး တိုးတက်လာအောင် ကြိုးစားပြုလုပ်နေကြသည်။

### ဆိုဗီယက်နိုင်ငံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု တဟုန် တိုး တိုးတက်နေပုံ

| ခုနှစ် | ကီလိုဝပ်အာဝါ သန်းပေါင်း |
|---|---|
| ၁၉၅၀ | ၄၈,၀၀၀ |
| ၁၉၅၁ | ၅၁,၀၀၀ |
| ၁၉၅၂ | ၅၈၉,၀၀၀ |
| ၁၉၅၃ | ၆၂၀,၀၀၀ |
| ၁၉၅၄ | ၆၄၂,၀၀၀ |
| ၁၉၅၅ | ၁၀၀,၀၀၀,၀၀၀ |
| ၁၉၅၆ | ၁၀၀,၀၀၀,၀၀၀ |
| ၁၉၅၇ | ၁၁၀,၀၀၀ |
| ၁၉၅၈ | ၁၂၀,၀၀၀ |
| ၁၉၅၉ | ၁၃၀,၀၀၀ |
| ၁၉၆၀ | ၁၄၀,၀၀၀ |

# အရှေ့ကျောမကိုပြည်

(၂၄-၇-၆၂) နေ့နံနက် ဂ-နာရီခွဲ အချိန်တွင် ပိုလန်ပြည် ဝါဆော လေယာဉ်ကွင်းမှ လျက်နှစ်လုံးတပ် လေယာဉ်နှစ်ထွက်ခွာလာခဲ့ကြသည်။ ခရစ်ယန်ကောင်ဆယ်မှ ညကွင်နှင့် အစောင်းရေးမှူးတို့က လိုက်ပို့ကြသည်။ ကျနုပ်တို့ပစ္စည်းများမှာ အလေးချိန်ပိုနေသဖြင့် ပေါင်ပိုအတွက် ပေးကြရသည်။ ခရစ်ယန်ကောင်ဆယ်မှ ပိုလန်ငွေပေးသော်လည်း နိုင်ငံခြားသားဖြစ်၍ နိုင်ငံခြားငွေကိုပေးရသည်။ သို့ပါ၍ ကျနုပ်တို့ ရန်ကုန်မှ ပါလာသော စတာလင်ပေါင်များကို ပေးကြရသည်။ အလေးချိန်ပို ပစ္စည်းများမှာ အခြား မဟုတ်ပေ၊ လက်ဆောင်အဖြစ် ပေးကြသော စာအုပ်စာတမ်း စသည်တို့ဖြစ်ပေသည်။ နိုင်ငံခြား သွားသူတို့ သတိပြုရန် ကောင်းသော အချက်ပင်ဖြစ်သည်။

နံနက် ၁၀-နာရီခွဲအချိန်တွင် အရှေ့ကျောမကိုပြည် အရှေ့ဘာလင်လေဆိပ်သို့ ရောက်ကြသည်။ အစိုးရအဖွဲ့မှ ဒု-ဝန်ကြီးချုပ်နှင့် အရှေ့ဘာလင်မြို့တော်ဝန်ခေါင်းဆောင်သော အာဏာရှိ ကြီးငယ် ၂၀၊ ခရစ်ယန် ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များတို့က ပန်းစည်းများ ဆက်ကာ ကြိုဆိုကြသည်။ ရုပ်ရှင်ရိုက်ခြင်း၊ ရုပ်သေ ရိုက်ခြင်း တို့ကို လည်း အစိုးရ ပြန်ကြားရေး ဌာနမှ ပြုလုပ်ပေသည်။ ဧလဆိပ်ည့်ခံဆု ဌာနဇောင် လာဘက်ရည် မုန့်တို့ဖြင့် ည့်ခံပြီး

ကျေးဇူးတင်စကား အချင်းချင်း ပြောကြလျက်၊ အရှေ့ဘာလင်မြို့တွင်းရှိ နိုင်ငံခြားသား အစိုးရ ညွှန်ကြားရေးမှူးတို့ အားလုံးခိုးထုတ် ဟော်တယ်သို့ ပို့ကြသည်။

## မြို့တော်ဝန် ညွှန်ခံပွဲ

ဟော်တယ်သို့ရောက်သောအခါ တည်းခို နားနေကြပြီး။ ၁၂-နာရီအချိန် မြို့တော်ခန်းမရှိ မြို့တော်ဝန်၏ ညွှန်ခံပွဲသို့ တက်ရောက်ကြရသည်။ ပန်းသီး သပျက်သီးစသော အသီးအနှံများ၊ ကာဖီ မုန့်စသည်တို့ဖြင့် ညွှန်ခံ၍ ကျေးဇူးတင်စကား အပြန်အလှန် ပြောကြ၍ ညွှန်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းရေး၍ လက်မှတ်ထိုးကြရသည်။ မြို့တော်ဝန်က အာရှဘာလင်အကြောင်းရေးသားထားသော စာအုပ်စာတမ်းလက်ဆောင်တို့ကို ပေးလိုက်သည်မှာ များလှပေသည်။ မြို့တော် ခန်းမကြီးကား စစ်အတွင်းက ကျန်ရှိနေသော အာဆောက်အဦးကြီးကို ပြုလုပ်ထားရာ ကြီးကျယ် ခန်းနားလှပါပေ၏။ ကတ္တီပါ အနီကြီးတွေကို ခင်းထားပုံ၊ ပြူးထင်းပေါက်တွင်ဆွဲထားပုံတို့မှာ ကြက်သရေရှိလှပေ၏။

ညနေ ၃-နာရီအချိန်တွင် ခရစ်ယန်ဒီမိုကရက်တစ် ပါတီမှ ညွှန်ခံပွဲကျင်းပပေသည်။ ပါတီ ရုံးကြီး၌ ညွှန်ခံပေသည်။ ၎င်းထပ်အဆောက်အဦးကြီးဖြစ်ပေသည်။ ခရစ်ယန် ဒီမိုကရက်တစ်ပါတီမှာ အစိုးရ ဖွဲ့နိုင်သော ပါတီဖြစ်ပေသည်။ ပါတီဥက္ကဋ္ဌကြီးသည် ဥပဓိရုပ် ကောင်းသည့်ပြင် အပြော အဆိုလည်း အလွန် ကောင်းသောပုဂ္ဂိုလ်ဖြစ်သည် စကားပြော

သောအခါ တွင်လည်း ခေါင်းဆောင်ကြီးလီနင်ဟု နှုတ်ဖျားမှ တဆုတ်တွတ်ပြောသောပုဂ္ဂိုလ်ကြီးဖြစ်သည်။ အစိုးရအဖွဲ့ ဒုဝန်ကြီးချုပ်နှင့် ကက်ဘိုက် နက်စက္ကရီတော်ရီတို့ ပါဝင်ကြလေသည်။ ညွှေ့ခံပွဲတွင် တဦးနှင့် တဦး ကျေးဇူးတင်စကား ပြောကြားသည်မှာ ရှန်းရှန်ဝေ၍ နေကြပေသည်။ ညှပိုင်းတွင် ထိုနေ့အဘို့ အနားယူကာ နေကြသည်။

(၂၅-၇-၆၁) နေ့နက် ၁၁-နာရီတွင် အရှေ့ဂျာမဏီ အစိုးရ၏ ညွှေ့သည်တော်များ ညွှေ့ခံရာနေရာတွင် အစိုးရအဖွဲ့ဝင် ဝန်းကြီးများအဖွဲ့မှ ညွှေ့ခံပွဲကျင်းပသည်။ ဝန်ကြီး အစုံအလင်နှင့် နိုင်ငံရေး ခေါင်းဆောင်ကြီးများနှင့် ဖြူတော်ဝန်တို့ စုံညီစုဝေးတက်ရောက်ကြ၍ ဝမ်းမြောက်ဝမ်းသာ စကားလက်ဆုံ ပြောမကုန်ဖြစ်နေကြလေသည်။

## ပို့စဒမ်မြို့တော်


နေ့ (၂) နာရီတွင် အရှေ့ဘာလင်မှ မော်တော်ကားများဖြင့် ထွက်ခွါခဲ့ကြပေသည်။ ဘာလင်မှ ပို့စဒမ်မြို့သို့သွားကြပေသည်။ ကီလိုမီတာ (၄၀၀) ဝေးသော ခရီးဖြစ်သည်။ လမ်းခရီးတလျှောက် ဂျာမန်ပြည် တပြည်လုံးကို ပတ်ကာ ဖောက်ထားသော အော်တိုဘန်ခေါ် လမ်းမကြီးကား ပြောလို့မကုန်အောင် ကောင်းလှပေသည်။ ကီလိုမီတာ (၁၂၀) ထိအောင် ကားကို မောင်းသော်လည်း ကားမှာ လှုပ်ခြင်း ခုန်ခြင်းမရှိ၊ ငြိမ့်ငြောင်း သာယာလှပေ၏။ လမ်းမှာ ကား (၄) စီး ပြိုင်တူယှဉ်ကာ မောင်းနိုင်သော အသွားတလမ်း အပြန်တလမ်း နှစ်လမ်းတွဲလမ်းကျယ်ကြီးဖြစ်ပေသည်။ ဟစ်

တလော လက်ထက်က ပေါက်ခဲ့သော လမ်းဟု သိရပေသည်။ စစ်ရေးစစ်ရာ ကိစ္စ ရှိပါမူ တပြည်လုံးသို့လျှင်မြန်စွာသယ်ယူမှုဆောင်ရွေး ကိစ္စပြီးအောင် စီစဉ်ထားသော လမ်းမကြီးဖြစ်ပေသည်။


ကားမျှားဟွန်းမတီး ၊ ကျော်ဓာတ်လိုက ဘေးတဖက်က တက်သွားနိုင်သည်။ ၎င်းပေါ်တွင် သွားနေသော ကားတို့မှာ ပျက်နေသည်၊ ဆီပိတ်သည်၊ ကားတိုက်သည် တို့ကို တခါမှမတွေ့ရပေ။ နေရာအသီးသီးမှ ဖြတ်ကာ သွားချင်ရာမြို့သို့သွားနိုင်သော လမ်းမျှားကလည်း ပေါလု ပါပေသည်။ လမ်းတဖက် တချက်ရှိ ကျုံခင်းတို့မှ ကြည့်မဆုံးအောင် လှုပဖေသည်။ တောင်ကုန်းမြင့်ကလေးမျှားပေါ် ကျအောင်ပင် စိုးထိပ်ပျိုးထားပြီးလျှင် မြေအလွတ်ကွက်လပ်ဟူ၍မတွေ့ခဲ့ရပေသည်။ လမ်းခရီးပေါ်တွင် မြို့တွေ့ရွာတွေ့ တွေ့ပါက၊ စက်ရုံမျှား မီးခိုးတလူလူနှင့် အလုပ်လုပ်နေပုံကို တွေ့ရပေသည်။ သြော်....ဒါကြောင့် သူတို့တိုင်းပြည် ကြီးပွားနေပေတာ့တဲ့ဟု ဝမ်းသာကြရပေသည်။ ညနေ (၄) နာရီတွင် ပို့စဒန်မြို့သို့ရောက်ကြပေသည်။

ပို့စဒန်မြို့မှနေ၍ (၄) မိုင်လောက် သွားသောအခါ အလွန်ကြီးမားသော သစ်ပင်ကြီးမျှား ဝိုင်းအုံသော သစ်တောဥယျာဉ်ကြီး၏ အလယ်တွင်၊ ကိုင်ဇ ဘုရင်ကြီး၏ သားတော် မင်းသား၏နေအိမ်သို့ သွားရောက်ကြည့်ရှုကြပေသည်။ ထိုအိမ်မှာ (၂) ထပ်အိမ်ဖြစ်ရာ သစ်ပင်ကြီးတွေ့ဝိုင်းကာနေသဖြင့် အိမ်ကိုမမြင်ရဘဲ ဗုံးကျခြင်းဘေးဒဏ် ကင်းသဖြင့် အကောင်းပကတိအတိုင်း တည်ရှိဆော အိမ်ဖြစ်ပေ

သည်။ ပို့စဒမ်မြို့ရှိ ထိုကိုင်ဇာဘုရင်၏သားတော် ၎င်းသား အိမ်တော်၌ ဒုတိယကမ္ဘာစစ်ကြီးပြီးသော အခါနှင့် ယှဉ်ရာ, အာမေရိကန်, အာဂ်လန်, ပြင်သစ်နိုင်ငံကြီး (၄) နိုင်ငံ၏ ခေါင်းဆောင်ကြီးချုပ်များ စည်းဝေး ပေါင်းဆုံ၍ စစ်ပြဋ္ဌာန်းစာချုပ်၊ ဂျာမဏီ (၂) ခြမ်းကဲ့ စာချုပ်လက်မှတ် ရေးထိုးခဲ့သောနေရာဖြစ်မေသည်။




ပို့စဒမ် ကွန်ဖရင့် ကျင်းပရာ အိမ်တော်



ဒေါက်တာ ဂျိုဇက်ဖ် ဘရိုဒ်စကီ ဆိုဗီယက်ပြည်ထောင်စုမှ ပြန်ရောက်လာပုံကို ပြောပြနေစဉ်


စားပွဲဝိုင်းကြီးတွင် ဝန်ကြီးချုပ် (၄) ဦးထိုင်သော ကုလားထိုင်များနှင့် ထိုကုလားထိုင်များ ရှေ့တွင်ရှိ စာပွဲပေါ်တွင် သူ့တိုင်းပြည်အလံကလေးများ စိုက်ထူထားပုံတို့မှာ ကွန်ဖရင့်ကျင်းပစဉ်က အဘိုင်းဖြစ်ပေသည်။ လိုက်ပို့သူများက ဤနေရာတွင် ရာရှားဝန်ကြီးချုပ်ထိုင်သည်၊ ဤအလံက ရာရှားအလံ၊ စကားပြန်တွေက ဘယ်လိုနေရသည် စသည်ဖြင့် ၎င်း၊ ဂျာမဏီကို ဟောဒီလို နှစ်ခြိမ်း ခဲ့ခဲ့ ကြသည် စသည်




စံစူစီ နန်းတော် အဝင်တံခါးကြီး

ဖြင့်ပြောပြနေပုံတို့မှာ ကြက်ဥဘယ်ရာကောင်းလှသည်။ ယခုအခါ အမျှားပြည်သူတို့ ကြည့်ရှုစရာပြုလုပ်ထားပြီး အနှစ်ယူသောအခါ စားသောက်ကြရန် စားဘယ် သောက်ဘယ် ခန်းများ ဖွင့်ထားသည်။ ကျနုပ်တို့သည် ထုအိမ်ကြီးကို အ

ငါးမြှင့်ထခေးနှင့် ဓာတ်စင်



ငါးမြှင့်ထခေးသည် ဘုရားပွဲတော်များတွင် ဘုရားရှေ့တော်သို့ ပန်းပေးသည့်အခါ ပန်းများကို ကြိုတင်ပြင်ဆင်ထားသည့် ခေးဖြစ်သည်။ ဤခေးသည် ဘုရားရှေ့တော်တွင်





စံစူစိနန်းတော်အတွင်းခန်း လှပဆန်းကြယ်ပုံ



ပြည်လတ်ဘုရားကြီးမှ

ကြီးများမှာလည်း စီတန်းလျက် တမြေ့ တခေါ်ကြီး ရှိပေသည်။ ဥယျာဉ်အတွင်း ကျောက်ခုံများ ခံလျက် ထုလုပ်ထားသော ယောကျား, မိန်းမတို့၏ အလှသဘာဝပြ ရုပ်လုံးရှင်ထုတို့မှာလည်း အဟုတ်ပင်လားဟု ထင်မှားစရာရှိလှပေသည်။ ဥယျာဉ်ထိပ်တွင် ရေပန်းကြီးများဖြင့်ဂန်း၊ စိုက်ပျိုး






နန်းတော်ခမ်းမကြီး ခမ်းနားကြီးကျယ်ပုံ



ဘုရားတည်ခြင်း


ဤမင်းသည် ဘုရားတည်ခြင်းငှါ ကြီးစွာသော ဝီရိယရှိ၏။ ဤမင်းသည် ဘုရားတည်ခြင်းငှါ ကြီးစွာသော ဝီရိယရှိသောကြောင့် ဤမင်းသည် ဘုရားတည်ခြင်းငှါ ကြီးစွာသော ဝီရိယရှိ၏။ ဤမင်းသည် ဘုရားတည်ခြင်းငှါ ကြီးစွာသော ဝီရိယရှိသောကြောင့် ဤမင်းသည် ဘုရားတည်ခြင်းငှါ ကြီးစွာသော ဝီရိယရှိ၏။

နန်းတော်အသစ်မှာ ညယျာဉ်၏ဓနာက်တွင် ရှိပေသည်။ လွန်ခဲ့သော အနှစ် (၃၅၀) ကျော်လောက်ကဆောက်ခဲ့သော နန်းတော်ဖြစ်ပေသည်။ နန်းတော် အတွင်း အခန်းအဆောင် ဆောင်တို့၌ ပန်းချီ ပန်းပုလက်ရာတို့မှာ ယခုခေတ်အထိ မြင်နိုးဘဲ ဆန်းနေပေသည်။ မျက်နှာကျက်တွင် ထုထားသော ပန်းပုလက်ရာများ၊ နံရံဘေးတွင်ရေးထားသော ပန်းချီကားတို့မှာလည်း ယခုပန်းချီတို့လိုက်မမှီနိုင်သော လက်ရာတို့ဖြစ်




နန်းတော်ခမ်းမတွင်း စာဘတ်ခမ်းကြီးပုံ

ပုံ ၂၄
ကြေးစည်ဘုရားကြီး




ဟံသာဝတီခေတ် စံပြဆင်ထောင်နှိပ်



ဒုံးပျံတည်ဆောက်ရေးစခန်းကြီး

ပေသည်။ ကျမ်းပြင်အခင်းခဲ့ သစ်များကို အကွက်ဖော်၍ ခင်းထားသည်မှာ ယခုခေတ် အဓိကာသိုက်ကျောက်ပြားနှင့် မခြားအောင် တူလှပေသည်။ ရှေးဘုရင်တို့ဝတ်ဆင်သောမင်းသိုး အဝတ်အာဘရဏ်များ၊ ဘုရင်နှင့် မိဖုရားတို့စီးသော ဝေါယာဉ်များ၊ ဘုရင့်အသုံးအဆောင်အစားစား တို့ကို မြင်ရသည်မှာ အားကျစရာ ကောင်းလှပေသည်။ ဘုရင်အိပ်ခန်း၊ မိဖုရားအိပ်ခန်းတို့၌ ရှေးကဘုရင်နှင့် ဝိဇုတ္တားတို့ ဘိုင်စက်ကြ


သော ကုတင်တို့မှာ ယခုခေတ်ပုံမျှားနှင့် မတူချေ။ ညှဉ်းမျှား၊ စားသောက်ခန်းမျှားဌ ရုပ်ထု ရုပ်လုံးတို့မှာ အာလုနန်လက်ဟောပြောင်ပေသည်။ ဘုရင်နှင့် မိဖုရားတို့ နေပုံထိုင်ပုံကို သရုပ်ဖော်ပြီး ရေးထားသော အခန်း၊ ရှေးက ဘိုးဘွားမျှား ရုပ်ပုံမျှားကို ပုံတူ ရေးထားသော အခန်းတို့မှာ ရုပ်ဥပဒေ ၂၃း ခန့်ငြားတင့်တယ် ကြည်ညိုဘွယ် ရှိလှပေသည်။




နန်းတော်ဆောင်းကြီးပုံ

နန်းတော်ကြီးမှာနှစ်ထပ်ဖြစ်ရာကြည့်လို့မကုန်နိုင်အောင်ရှိလှပေသည်။ စစ်အတွင်း ဗုံးကျသော ဘေးဒဏ်မှ ကင်းဝေးရသည်မှာ အံ့တပါးဖြစ်ပေသည်။

ဂျာမန် ဘုရင်မှာ ပြင်သစ်သူ မိဖုရားအသစ် ယူထားဆုတွင် ထိုပြင်သစ်သူအား ချစ်မြတ်နိုးလှ သဖြင့်၊ ပြင်သစ်သူစ်တ်သဘော မည်ုးပီန်ဘဲ ဘာကိုမှ စိုးရိမ်စရာမရှိအောင် ပြုလုပ်ထားသော နန်းတော်ဖြစ်သောကြောင့်၊ ဂျာမန် ဘာသာ





ကုန်းတောင်ဝင်းအစောင့်ဒုံရဟတ်ယာဉ်

ကြည်လင်စေသည့် ပြယုဒ်အမှုန်များ

ကြည်လင်စေသည့် ပြယုဒ်အမှုန်များကို ဖယ်ရှားပေးခြင်းဖြင့် ရေကို သန့်စင်စေသည့် နည်းလမ်းကို ဆိုလိုသည်။ ရေကြည်စေသည့် အမှုန်များသည် ရေထဲတွင် ပျော်ဝင်နေသော အမှုန်များ ဖြစ်သ

# လစ်ပစ်စ်ဖြို့တော်

ညနေ (၇) နာရီတွင် ပို့စဒမ်မြို့မှ ကီလိုမီတာ (၂၀၀) ဝေးသော လစ်ပဇစ်မြို့သို့ ရောက်ရှိကြသည်။ အာက်စတိုးရိုး ယားဧရိ ဟော်တယ်ကြီးတွင် တည်းခိုရန် နေရာ ချထားပေးလည်း။ ဟော်တယ်ကြီးမှာ အရှေဘာလင်မြို့တွင် တည်းခို ခဲ့ရသော တော်တယ်ကြီးထက် ကြီးကျယ်ခန်းနား သပ်ရပ်လှပေသည်။ ခေတ္တအပန်းဖြေကာ နားနေ ကြပေသည်။ ည (၈) နာရီတွင် ဟော်တယ်၏ အောက်ထပ်ရှိ ညစ်ခန်းတွင် မြို့တော်ဝန်နှင့် လစ်ပဇစ်မြို့ရှိ ခရစ်ယန် ဒီမိုကရက်တစ် ပါတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးစသော အဖွဲ့အမှူးဆောင် လူကြီးများ၊ လစ်ပဇစ်မြို့ရှိ တက္ကသိုလ် ကျောင်းမှ ပါမောက္ခကြီး ၂ ဦးစသည်တို့က ညစ်ခံကျွေးမွေးကြသည်။ ညစ်ခံပွဲတွင် အချင်းချင်း ရင်းနှီးခင်မင်စွာဖြင့် ပြောဆိုကြသည်မှာ (၁၀) နာရီအချိန်ကျမှ ပြီးကြပေသည်။ လစ်ပဇစ်မြို့မှာ လူဦးရေ (၆) သိန်းကျော် နေထိုင်သော မြို့ကြီးဖြစ်၏။ စက်မှု လက်မှု မြို့တော် တခုလည်းဖြစ်၏။ စစ်အတွင်းက မပျက်မစီးဘဲ အကောင်းပကတိ တည်ရှိနေခဲ့သော မြို့ကြီးဖြစ်ရာ ရန်ကုန်မြို့တော်ထက်ကြီးကျယ်လှပေသည်။ တိုက်ကြီးများ, ကုန်တိုက်ကြီးများ သည် အလွန် ကြီးကျယ် စည်ကား လှပေသည်။ ကျနော်တို့တည်းခိုသော ဟော်တယ်ကြီးမှာ-၃-ထပ် ခေတ်မှီ ဟော်တယ်ကြီးဖြစ်သည်။ အရောင်တဖိတ်ဖိတ် တလက်လက် ထွက်နေသော ခမ်းစီးများ၊ အခင်းကော်ဇော် ကြီးများဖြင့် ခန့်ငြားလှပေသည်။ စိတ်ကိုအေးပြီး ရှင်လန်း ကြည်နူးစေသော ဟော်တယ်ကြီးဖြစ်ပေသည်။

## အော်ပရာသေတာခေါ် ကပွဲရုံကြီး

(၂၆-၇-၆၁) နေ့ နံနက် (၈) နာရီတွင် လစ်ပဇစ်မြို့၏ ကြီးလှ၍ ခေတ်အဆန်ဆုံးနောက်ဆုံးဆောက်လုပ်ထားသော အော်ပရာသေတာခေါ် ကပွဲရုံကြီးကို သွားရောက် ကြည့်ရှုကြသည်။ ထိုကပွဲရုံကြီးမှာ အံတလိမ့် သစ်သားများကို ယှဉ်၍ ခန်းစီးများ, တံခါးများကိုပြုလုပ်ထားရာ ဖိတ်ဖိတ်လက်လက် အရောင်ထွက်နေပေသည်။ ကမ္ဘာတွင် အကောင်းဆုံးခေါ် ထိုက်အောင် ဆောက်လုပ်ထားခြင်း ဖြစ်ပေသသည်။ နားနေရန် အခန်း, စားသောက်ခန်း, ဆေးလိပ်သောက်ခန်း တို့မှာ အလွန်ခန်းနား သပ်ရပ်လှပေသည်။ ပွဲကြည့်သူများ၏ ထိုင်ခုံများမှာလှင်း၊ လမ်းသွားနေရာနှင့် လှေခါးတွင်ဝင်းကတ္တီပါ အနီများခင်းထားပေသည်။ မီများကို အုပ်ချုပ် ထိမ်းသိမ်းပေးသော အခန်း၊ လူအဝင် ဒ ထွက်ပေါက်သိအောင် ပြသော အခန်းများကို လိုက်လံပြသရာ ရာရှားနိုင်ငံ၌ပင် မတွေ့ခဲ့ရပေ။ ကမ္ဘာ့စံနှုန်းပြလောက်အောင် လုပ်ထားသော ကပွဲရုံ အဆောက်အဦးကြီးဖြစ်ပေသည်။

## ဝိုင်မာမြို့သို့သွားကြခြင်း

နေ့ (၁၁) နာရီ အချိန်တွင် လစ်ပဇစ်မြို့မှ ကိလိုမီတာ (၂၀၂)မိုင်ဝေးသော ဝိုင်မာမြို့သို့ သွားရောက်ကြသည်။ ဝိုင်မာမြို့မှာ ဘာသာရေးဆိုင်ရာ ခရစ်ယန် ဂိုဏ်းခွဲပြိုကြီးများ နေထိုင်သောနေရာ ဖြစ်သည့်အပြင်၊ အရှေ့ဂျာမဏီပြည် ခရစ်ယန် ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌကြီးနေထိုင်သောမြို့လည်းဖြစ်


ပေသည်။ နေ့ (၂) နာရီအချိန်တွင် ဝိုင်မာမြို့သို့ ရောက်ရှိပြီး လျှင် ဆင်မယဉ်သာ ဟော်တယ်တွင်တည်းခိုနေကြပေသည်။ ရောက်ရှိ၍ မကြာမြင့်မီပင် မြို့တော်ဝန်ရုံးဧည့်ခံပဲသို့ ရေမိုးကဗျာကရာချိုးပြီး အားပြေးအလှေး တက်ကြရသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကဝိုင်မာမြို့သား ကမ္ဘာကျော် စာရေးဆရာကြီး ရှီလာသည်သူပုံဆိုင်အိမ်ကို ပြတိုက်အဖြစ် ပြုလုပ်ကာ သူထားခဲ့ပေသည်။ထိုပြတိုက်သို့လည်း သွားရောက်ကြည့်ရှုကြသည်။




ကမ္ဘာကျော်စာရေးဆရာကြီး ရှီလာ၏ပုံ

ကမ္ဘာကျော်စာရေးဆရာကြီးဂေါ်သီးကလည်း သူ၏အိမ်ကို ပြတိုက်အဖြစ်ပြုလုပ်တာ လူဒါန်းခဲ့ပေသည်။

ၚင်း ပြတိုက် (၂) ခု မှာ ဝိုင်မာမြို့အတွက် အမှတ် တရ ကြက်သရေဆောင် နေထူများဖြစ်ပေသည်။ ယနေ့တိုင်ကြည့် ရှုနေရသည်၊ ကမ္ဘာကြေသော်လဲ ဥဒါန်း မကြေနိုင်သော စံနမူနာ ပြလောက်သည့် အလှူဖြစ်ပေသည်။ သူတို့အိပ်ခန်း



JJ



ယင်းကြီးစွာသော အိမ်ကြီးသည် ဆိုပီယက်မှာ တလေ့ဖြစ်သည်။ ဤအိမ်ကြီးသည် ဆိုပီယက်မှာ ဘုရားကျောင်းကြီးနှင့် ဆိုပီယက်မှာ ဘုရားကျောင်းကြီး၏ ဘေးတွင် တည်ရှိသည်။ ဤအိမ်ကြီးသည် ဘုရားကျောင်းကြီးနှင့် ဆက်စပ်နေသော အိမ်ကြီးဖြစ်သ

# ကျေး ၉-သန်းတို့ကို သတင်းချိုင်း

ဝိုင်မာမြို့မှ (၁၂) မိုင်လောက် ဝေးကွာသော နေရာသို့ ကား (၄) စီးဖြင့် သွားရောက်လယ်ပတ် ကြသည်။ ဝိုင်မာမြို့သည် မြေနိမ့်ကွင်းပြင် လယ်ယာများ ဝိုင်းနေသည်။ အလည် အပတ် သွားရမည့် နေရာသည်ကား မြေနိမ့်မှ ကုန်းမြင့်သို့ တက်ကာ သွားစရာက်ရသည်။ ကုန်းမြင့်မှ သစ်တောဝိုင်း များကို ဖြတ်ကာ ကွေ့ကောက်သော လမ်းများဖြင့် သွား ရောက်သောအခါ မိုင် (၃၀) ပတ်လည်လောက် နေရာကြီးကို သံကြိုးဝိုင်းခတ်ကာ တစမ်းတနားဖွဲ့လုပ်၍၊ အတွင်း၌ စစ်စ ခမ်းချသော နေရာကဲ့သို့ အဆောက် အဦးပေါင်း များစွာတို့ ဖြင့် ကြီးကျယ်ခန်းနားသော ဒေသကြီးကို တွေ့ရသည်။

ထိုဒေသကြီးမှာ (ကွန်ဆင် ထရေးရှင်းကင့်) ခေါ် ကျူးလူ များ (၆) သန်းကျော်နှင့်၊ အခြားလူမျိုး [၁၇] မျိုး သန်း ပေါင်းများစွာတို့ကို သတ်ရာ သင်းချိုင်း ကြီးပင် ဖြစ်ပေ သည်။သင်းချိုင်း ဒေသ ကြီးကိုရောက်သည်နှင့်တပြိုင်နက် ထိတ်လန့် သွားသည်၊ တုန်တုန် လှုပ်လှုပ် ဖြစ်လာသည်၊ ဝမ်းနည်း ပက်လက် မျက်ရည်ပင် ထွက်လာ သည်။ ဖြစ်မှ ဖြစ်ရလေ ကျူး (၆) သန်းနှင့် အခြားလူမျိုး (၁၇) မျိုး သန်းပေါင်း (၁၀) သန်းလောက် ရှိမည်ဟု ပြောကြသည်။ ထိုသူတို့၏ ကံတူ အကျိုးပေး သေရပုံကား မတွေးဝံ့အောင် ကြောက်စရာ ကောင်းလှ လေစွဟု အလွန် အမင်း ယူကြုံး မရ ဖြစ်ခဲ့သည်။ စကားပြန်တော့တ အမျိုးမျိုးစကားပြော သံ ကြားနေရင်း မကြားဝန့် မကြည့် ဝန့်အောင် ဖြစ်လာသည်။

ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက ဂျာမန် အာဏာရှင်ကြီး ဟစ်တလားနှင့် ဂိုးဘဲလ်၊ ဂိုးရင်း၊ ဟင်းမလား စသော ဂျာမန်ခေါင်းဆောင်များသည် ဥရောပရှိ ကျူးမှန်သမျှ ကျူးပြင်ခုတ် ကျူးငုတ်မကျန် တမျိုးလုံး သတ်ပစ်ရန် ဆုံးဖြတ် ပြီးလျှင်၊ ပိုင်မာ တောင်တန်း ဒေသကို ရှေးချယ် သတ်မှတ်သည်။ စစ်သားစခန်းများကဲ့ဆို နေရာများအဆော် အဦးများ ဆောက်လုပ်သည်။ ကြိုးဝိုင်းသတ်မှတ်ထားသည်။ ကြိုးဝိုင်းကို လျှပ်စစ်ခါတ်အားလွှတ်သည်။ ၎င်းကြိုးဝိုင်းအနီး (၄) မိုင်ပတ်လည်နေရာသို့ မည်သူမျှ လာခွင့်မပြုပေ။

ကျူးလူမျိုးမှန်သမျှ အကုန် ဖမ်းလာသည်။ အဆောက် အဦးတွင် ပြတ်သိတ်စွာပိတ်ထားသည်။ တနေ့လျှင် လူ တဦးအား ပေါင်မုန့်ကလေးတဖဲ့နှင့် ရေတခွက်သာပေးသည်။ မသေထမင်း ကျွေးသည်။ ပထမ သတ်နည်းက အစုလိုက် အပြုံလိုက် လူတွေခေါ်ထုတ်သည်။ အလုပ်သွားလုပ်ရန် ဆို ပြီးထုတ်ယူသည်။ အလုံပိတ်မော်တော်ထရပ် ကားကြီးတွေ ပေါ် ပြတ်သိတ်တင်လိုက်သည်။ အလုံပိတ်ကာ မောင်းထုတ် သွားသည်၊ ၎င်းကားကြီးအလုံပိတ်ခန်းကြီးထဲသို့ ထိုကား ကြီး၏ဒီဇယ်အင်ဂျင်စက်မှကာဗွန်မိုနိုစိုက်ဝက်စခေါ် အဆိပ် ခါတ်ငွေ့များကို ပိုက်များဖြင့်လွှတ်လိုက်ရာ၊ ကားကြီးတွင် ပါသမျှ (၂၀၀) နီးပါးသော ကျူးများ အဆိပ်ငွေ့ ရှူပြီး သေကုန်ကြသည်။

ထိုကားကြီးကို (၁၀)မိုင်လောက် မောင်းကာပြန်လ လျှင် အကုန်လုံးသေပြီးဖြစ်ကုန်ကြသည်၊ ထိုအသေကောင်-

များကို ထုတ်ယူ၍ မီးရို့ ပစ်လိုက် ပြန်သည်။ တနေ့လျှင် ကားကြီးပေါင်းများစုံနှင့် အခေါက်ပေါင်းမျ ားစွာ သတ် ပစ်သည်။ နောက်ဤနည်းသည် နှုးကွေးခြင်းသေး ဘူးဆိုပြီး နည်းအမျိုးမျိုးထွင်ကာ သတ်ပြန်သည်။

ထိုနည်းမှာ လူတွေ့ကွင်းပြင်ထုတ်ပြီး၊ စီတန်း ခိုင်းကာ စက်သေနတ်နှင့် ဒလကြမ်းပစ်ကာ သတ်သည်။ လှုံ့ဆော်နှင့် ထိုးသတ်သည်။ ဓါးနှင့်ခုတ်သတ်သည်၊ ရောဂါပိုးစမ်းမည် ဆိုပြီး အရှင်လတ်လတ် ရင်ကိုခွဲ၍ အသဲကို ခွဲထုတ်သည်၊ လက်သဲခွာသည်၊ မျက်လုံးထုတ်ယူသည်၊ ခြေထောက်ဖြတ် ထားသည်၊ လက်ဖြတ်ထားသည်၊ တကိုယ်လုံးဓါးနှင့်အပိုင်း ပိုင်းခုတ်သည် စသည်ဖြင့် သတ်နည်းမှာ မကျန် ရအောင် နည်းမျိုးစုံအောင်သတ်ပုံများကို သူ့အဆောက်အဦးနှင့် သူ သတ်နည်းလုပ်ပုံတွေ့ကို လိုက်ပြသည်။

အရှင်လတ်လတ် မီးဖိုထဲသို့ အတင်းဆွဲသွင်းပြီး၊ တံခါး ပိတ်ကာ မီးရို့၍ သတ်သောနေ့ရက်မှာကား၊ အလွန်ကြက် သီးဖြန်းဖြန်းထကာ ကြောက်စရာကောင်းလှသည်။ သာမန် လူသား ယောကျ်ား မိန်းမ ကလေးတွေ့တွင် မဟုတ်ပေ။ အထက်တန်း စာပေပါရဂူ, လောကဓါတ်ပါရဂူဆရာကြီးတွေ့ ကိုလည်း ဤနည်းအတိုင်း ရက်ရက် စက်စက် သတ်ပစ်လေ သည်။ ငိုသံ, အော်သံ, ဆူသံထိုက်ကား အဝီစိမှုပ်ကလစသ လို ဆူညံနေသော်လည်း၊ မည်သူမှ အနား မလာရဲသဖြင့် မသိနိုင်ပေ။

သို့ထုတ်ဝေပြီး လွတ်မြောက်သော တဦးတလေသော လူများကြောင့် တဖြေးဖြေး သိကြပြီး၊ နောက်ဆုံး အင်္ဂလိပ်, အမေရိက နှင့် မဟာမိတ်တပ်များထံ သတင်းရောက်သွားရှိ ဤသို့မသတ်သင့်ကြောင်း မဟာမိတ်တို့က ကန့်ကွက်သောအခါ၊ ဂျာမန်အာဏာပိုင် ၂ ဦးက ဂျူးလူမျိုးတသန်း မသတ်စေချင်ရင် စစ်မော်တော်ကားတစီးသောင်းပေးရမည်။ ထို ဂျူးများကိုလည်း ခေါ်သွားရမည်ဟု အဓိပ္ပာယ်ဆို သဖြင့် အင်္ဂလိပ်, အမေရိကန်တို့ ဂျူးတသန်းထားရန်နေရာအခက်အခဲကြောင့် လက်လျော့ လိုက်ရသည်ဟု ပြောကြသည်။ သတ်ပြီးသူများ၏ သွားများ, ဆံပင်များ, ဘိနပ် များမှာ တောင်ကြီးပမာဏ အလွန်များပြားကြီးကျယ်လှသည်။ စစ်ပြီးသောအခါ အကုန်တွေ့ ပုံတို့ကို ပြောပြကြသည်။

အဝေးမှ ရွာများ မြို့များမနံရအောင် မီးရှို့ရာ နေရာမှ ခေါင်းတိုင်ကြီးများသည့် အလွန် မြင့်မား၍ ပြုလုပ်ထားလေသည်။ ဤမျှ ကြောက်လန့်ဘွယ်ကောင်းလှသော နေရာသို့ ရောက်ရသဖြင့်၊ ထိုသေလွန် သွားသူ များအားကုသိုလ်ကို အမျှ အတန်းဝေပြီး ပြန်ထုတ် လာခဲ့ရ သည်။

ထိုဒေသမှ ကားနှင့် ပြန်ထုတ်၍ ၂-မိုင်လောက်အရှိတွင် တောင်ကုန်းမြင့် ဒေသမှ ဝိုင်မာ မြို ဘက်သို့ လှည့်၍၊ ထို (၁၀)သန်းကျော်သော လူမျိုး (၁၈) မျိုးတို့၏ ရုပ်ပုံများကို စီစဉ်ပြုလုပ်ပြီးလျှင် အထိမ်း အမှတ် စစ်သင်းချိုင်း ပုံမျိုး ပြုလုပ် ထားရာကို ဝင်ရောက် ကြည့်ရှု ရပြန်သည်။ အမျိုးမျိုးသော စာတန်းမျ : ထိုး၍ ဝမ်းနည်း ကြေကွဲ

စရာ ဖြစ်ပုံ များကို မြင်ရ သဖြင့်၊ ရောက်လာ သူတိုင်း မျက်ရည် မဆည်နိုင် ဖြစ်နေပုံ များကို မြင်တွေ့ ခဲ့ရ သည်။ ထိုသို့သော သင်းချိုင်း မဟာ ဒေသ ကြီးကို ကြည့်ကာ သံဝေဂ တရား အခါခါ ပွားလျက်၊ ကုသိုလ်ကို အမျှအတန်း ပေးဝေကာ ပြန်လာခဲ့ ကြလေသည်။

ထိုဂျူး (၆) သန်း ကျော်ကို သတ်ရသူ နာဇီ ဗိုလ်ချုပ် ကြီး အိုက်ခ မင်းအား စစ်ပြီး သော အခါ ထုတ်ပြေး၍ အာဂျင်းတီးနား တိုင်းပြည်တွင် တွေ့၍ ဖမ်းလာ ပြီးလျှင် ၁၉၆၂-ခု နှစ် မေလတွင် အင်္ဂရေးလ် အိုင်းပြည် ခုံရုံးတော်မှ ကြီးဇ း သတ်လိုက်ပြီ ဖြစ်ရာ၊ ကမ္ဘာတွင် အကြီးဆုံး ရာဇ ဝတ် မှုကြီးဟု နာမည်တွင် သွားရသော တရားခံကြီး၏ ဘဝဇာတ်သိမ်း တုံးသွာ ရပေပြီဟုကမ္ဘာကမှတ်ကြပေပြီ။

ဝိုင်မာမြို ပြန်ရောက် သောအခါ ကျွန်ုပ် တည်း ခိုရာ (ဆင်မင်း) ဟော်တယ်တွင် ည [၉] နာရီမှ (၁၁) နာရီအထိ အစိုးရ အာဏာ ရနေသော ခရစ်ယန် ဒီမို ကရက်တစ် ပါတီမှ ညွှန်ခုံပွဲ ကျင်းပ ဂုဏ်ပြု ကြသည်။

## ပြန်ပြောင်း ကြုံတွေ့ ရသော ဒုက္ခများ

ဝိုင်မာမြို့မှ မိုင် (၃၀) ဝေးသော ယေနာမြို့သို့ (၂၇-၇-၆၁) နေ့နံက် (၈) နာရီခွဲ အချိန်တွင် ထုတ်လာရာ လမ်းခရီးတွင် ရွှေမျာခင်း များကို ခေတ္တရပ်နားကာ ကြည့်ရှု ကြပြီးလျှင်

(၁၀) နာရီခွဲလောက် ရောက်သဖြင့် အကျန်ပ်တို့ အတွက် ဟော်တယ် တခုကို အပြီး အလွှား ရှာဖွေကာ စားသောက် ပြီးလျှင်၊ ဇိုက်ကင်မရာထုတ်လုပ်ရာ စက်ရုံကြီးသို့ သွားရောက် ကြည့်ရှုကြသည်။

ထိုစက်ရုံကြီးမှာ (၇) ထပ် တိုက်ရှည်ကြီးဖြစ်ရာ အလုပ် သမား (၁၆၀၀) ကျော် ရှိသည်ဟု သိရ၏။ အလုပ် သမား ၁၆၀၀ တို့နှင့် အချိန်မပြတ် ထုတ်လုပ်ပြီး ကမ္ဘာအရပ်ရပ် နိုင်ငံပေါင်း (၁၂၀) သို့ပို့နေရ သော်လည်း အမှာစာက များပြီး လိုသလောက် ထုတ်လုပ်၍ မပို့နိုင် သေးဟုပင် သိခဲ့ရ၏။ မှန်အရိုင်း ထုံးမှ နေ၍ သွေးရောဥာန အချေ လုပ်ရာဥာန မျက်မှန် မှန်ပြုလုပ်ပုံ ကင်မရာ ပြုလုပ်ပုံ မှန် ပြောင်း ပြုလုပ်ပုံ တို့ကို ကြည့်ရ သည်မှာ တအံ့တသြ ဖြစ်ခဲ့မိပြီး ခြိုးကျူးမကုန် နိုင်ဘွယ်ရှိတော့သည်။

အထူးသဖြင့် ဆေးရုံတွင် သွေးစက် ကလေး တစ်ဏ် ကြည့်တဲ့အခါ ပိုးမွှား လေးတွေ ရှုရှု မွှမွှ သွားနေပုံ မြင် ရသော မှန်ဘီလူး မျိုးကို အရှယ် အစားစား ကြည့်ခဲ့ ရသည်။ အထူး သဖြင့် အံ့သြ စရာ ကောင်းလှသော မှန်ဘီလူးကို မြင်ခဲ့ ရသည် မှာကား---- ဇိုက်ကင် မရာ ဆရုပ်ရုံ ဒါရိုက်တာ လူကြီးက ခင်ဗျားတို့ ဗုဒ္ဓဘာသာ တရားဥ္စ် အနှီစွဆိုတဲ့ အပျက်တရားသည် နေရာ တိုင်းတွင် ရှိသည်။ မမျက်သော နေရာ မပျက်သော အရာဝတ္ထု မရှိဘူး ဆိုဒါ ကျန်တို့က လက်တေ့ ပြပါမည် ဆိုပြီး အခန်း တခုသို့ ခေါ်သွားပြီး ထိုမှန်ဘီလူး တပ်ထားသော

မှန်ခုံ ကလေးကို ပြပါသည်။ အောက်မှန်၏ အောက်တွင် ငွေကို အရေကြိုပြီး သုတ်ပြထားပါသည်။

ထိုသုပ်ပြထားသော ငွေရေမှာ မှန်ဘီလူးနှင့် ကြည့်လိုက်သောအခါ အာကာသ ခြားလျက် တည်ရှိနေသော ပရမာကူမြူ။ ကလာပ်စီး ကလေးတွေသည် စင်းဝင်းလက်လက် ဖြစ်လိုက်ပျက် လိုက်နေပုံ ဖြစ်ပြီး ပျောက်သွားနောက်တခု ပေါ်လာပျောက်သွား လိုက်နှင့် နေရောင်တွင် ရွှေမှုန့် ကလေးတွေ ဖြန်းကြဲကာ တဖွဲဖွဲဖြစ်လိုက် ပျက်လိုက် နေပုံ ကဲ့သို့ဂင်း ရေနွေးအိုး ထဲမှ ရေပွက် ကလေးတွေ စီစီ ရီရီ ဖြစ်ပျက် နေပုံ ကဲ့သို့ဂင်း လျှပ်စစ် မီးပန်း မီးပွား သေးသေး ကလေး တွေတို့ ဝင်းဝင်း လက်လက် ပြေးလွှား ဖြစ်ပျက် နေ သကဲ့သို့ဂင်း မြင်ရသဖြင့် သော် ငါတို့ဗုဒ္ဓဘာသာက ပါးစပ် ပြောသာရှိသည် သူတို့မှာ အနိစ္စကို ဒိဋ္ဌ လက်တွေ့ ဆဲ့၍ ပြနိုင် ပါကလားဟု အလွန် အကျူး အထူး အားရ ဖြစ်ခဲ့ရ ပေသည်။

ဧါသည် ကမ္ဘာ လှည့်လာခဲ့ရ ခြင်းသည် ဤမှန်ဘီးလူးနှင့် အနိစ္စ ဖြစ်ပျက်ကို မြင်ရသဖြင့် လာရကျိုး နပ်လေစ့ဟူ၍ အလွန် ကျေနပ် ခဲ့ပေသည်။ ထိုဇိုက် ကင်မရာ ဒါရိုက်တာ လူကြီးအား ခင်ဗျားတို့ ဥာဏ်ပညာ ကြီးကျယ် လှပါသည် ခင်ဗျားတို့၏ မှန်ဘီလူးနှင့် ပြသော အပျက် သဘာဝကို ဒိဋ္ဌ မြင်ရသဖြင့် ကျွန်ုပ်တို့၏ ဗုဒ္ဓဂေါတမ ဟောပြသော တရား ဒေသနာ တော်တို့သည် အလွန်မှန်ကန် လှပါတကား ဟူ၍ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ တရား၌ ပိုမိုကြည်ညို မှုများ

ရပါသည်။ ဗုဒ္ဓ တရားတော်ကို သက်သေ သာဓက အဖြစ် သရုပ ဖေါ်ပြ နိုင်သော ဤမှန်ဘီလူးကို ထုတ်လုပ် နိုင်သေ ာ သင်တို့အား အလွန် အကြူး ကျေးဇူး တင်ပါသည် ဟူ၍ ပြောပြခဲ့ပါသည်။ မြို့တွင် လှည့်ပတ် ကြည့်ရှုရာ နေရာတိုင်း၌ ကျွန်ုပ်တို့အား မျက်လှည့် ပဲ့ပမာ ဝိုင်းကြည့်နေကြသည်မှာ စိတ်ညစ် စရာပင် ဖြစ်နေတော့သည်။ ယေနာမြို့သည် စက်မှုလက်မှု မြို့တခုပင် ဖြစ်ပေသည်။ တောင်ကုန်း မြင့်ကို အမှီပြု၍ တောင်ဘေး ပတ်လည်တွင် မြို့တည် ထားရာ ဖြစ်သဖြင့် ပျော်ရွှင်ဘွယ် ကောင်းလှပေသည်။ ကျွန်ုပ်တို့ ရောက်နေချိန်တွင် ကောင်းကင် တွင် မိုးသား တိမ်တော့ ဖုံးအုပ်ပြီး မိုးတဖွဲဖွဲ ရွာနေချိန် ဖြစ်ပေသည်။

သူတို့ ဂျာမဏီတွင် မြို့တိုင်းလိုပင် စက်မှု လက်မှု တခု နာမည်ကျော် ပစ္စည်း ထုတ်လုပ်ရာ ဌာန ဖြစ်နေသည်။ ကမ္ဘာ အနှံ့အပြား ပို့ချ ရောင်းကြ ရသည်။ ရောင်းလို့ လက်မလည် နိုင်အောင် ထုတ်လုပ် နိုင်ကြ ပါပေသည်။ စက်မှု လက်မှု၏ အကျိုးသည် အလွန် တန်ခိုး ကြီးလှပါ တကား ဟု အံ့အား သင့်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရပါသည်။

## နက္ခတ် ပညာ၏ လက်ငင်း အကျိုး

အရှေးဂျာမဏီ ယေနာမြို့အတွင်း ဇိုက် ကင်မထုအလုပ်ရုံ ကြီးကို ကြည့်ရှုပြီးသောအခါ၊ ထိုအလုပ်ရုံကြီး၏ ဌာန တခုဖြစ်သော ကမ္ဘာ့နက္ခတ်ပညာပြထု ဌာနကြီးကိုလိုက်ပြသည်။ အလုပ်ရုံကြီးမှ (၁၅) မိနစ်လောက် ကားနှင့် သွားရလေ

သည်။ ယေနာမြို့အစွန်းတောင်ခြေခပ်ကျကျ အိမ်နေ ကြွကြွ ဆိတ်ငြိမ်ရပ်ကွက် တခုတွင် တည်ရှိသည်။ ကားဆိုက်ပြီးလျှင် အဆုံးတိုက်တခု (တထပ်တိုက်) အတွင်းသို့ ဝင်သွားကြသည်။ တိုက်ခန်းများတွင် အလုပ် လုပ်နေကြသော စာရေးစာချီများကိုတွေ့ရသည်။ မြန်မာပြည်မှ လာသော ဗုဒ္ဓဘာသာ အဖွဲဝင် ပုဂ္ဂိုလ်ကြီးများလာ၍ နက္ခတ် သွားလာနေပုံကိုပြလိုက်ရန်၊ အလုပ်တိုက် မန်နေဂျာ၏ အမိန့်ကို ပြောပြသဖြင့် လိပ်ခုံးသဏ္ဌာန်ရုံကြီးအတွင်းသို့ သွားကြရသည်။ ရုံထဲတွင် ပတ်လည်ကုလားထိုင်များ ခင်းထားသည်။ လိပ်ခုံးမှာ ကောင်းကင်မိုးကုတ် စက်ဝိုင်းပုံ အတိုင်းဖြစ်နေသည်။

ထိုရုံတွင်းဌာ ဂြိုဟ်တုသဏ္ဌာန် ခပ်ရှည်ရှည်စက်နှင့် မှန်ပြောင်းကြီး ထိပ်က တပ်လျက်ရှိသည်။ ၎င်းမှာ ခလုပ် နှိပ်လိုက်လျှင် လိပ်ခုံးကောင်းကင်ကိုဆလိုက်မီး ထိုးပြသည်။ အစီအစဉ်ပြီးသောအခါ အသက်(၇၀) ကျော် ဂျာမန် လေဂာခတ်နက္ခတ်ပါရဂူ ပုဂ္ဂိုလ်ကြီး ဦးထိပ်ပြောင်ပြောင်နှင့် အဘိုးကြီး ထွက်လာသည်။

ကျွန်ုပ်တို့နှင့် မိတ်ဆက်ပြီးသောအခါ ကောင်းကင်တွင် ယခုအချိန်ထက်နေသော နေလနက္ခတ် တာရာများကို၊ ခင်ဗျားတို့မျက်စိတွင် ထင်ထင်လင်းလင်းမြင်ရအောင် ပြပါမည့်ဟုပြောဆိုပြီးလျှင် ဓာတ်မီးများအားလုံးပိတ်၍ မှောင်အတိဖြစ်နေပေသည်။ အပြင်ဘက် ကောင်းကင်တွင်လည်း မိုးရွာတဖွဲဖွဲ သဲသဲမဲမဲ ရွာချနေလေသည်။ ကောင်းကင်ဆာခုလုံး မိုးတိမ်သ ားတွေ အပြည့်ဖုံးနေသည်။ ဘာမျှမမြင်ရချေ။ တောင်

တော့မှာလည်း အခိုးတွေဝေနေသည်။ တအိမ်နှင့် တအိမ်ပင် မမြင်နိုင်အောင်ဖြစ်နေသည်။ ကျနုပ်သည် "ဘယ်လိုလုပ်ပြီး နက္ခတ်တာရာ ကြယ်တကာကို မြင်နိုင်မည်နည်း။ မြင်ရန် အကြောင်းမရှိ၊ ငါတို့ကို တမင်လိမ်ညာဇော်ဆင်ကာပြမှာဘဲ" ဟုံ ကြည့်မှ ကင်းကာနေလေသည်။ မီးတုပိတ် အမှောင်ရိပ်တော့ဖြစ်နေစဉ် နက္ခတ်ဂြိုဟ်တုမှန်ပြောင်းကြီး ခလုပ်တွေ့ တခုပြီးတခု ဆယ်ခုလောက် နှိပ်လိုက်သောအခါ။ ကြည်နူးဩာယာ တူရိယာအသံများ ထွက်လာပြီးလျှင် ရုပ်ရှင်ပြတော့မည့်ပုံလို ဖြစ်လာသည်။

ငင်းတူရိယာသံကြားမှ အင်္ဂလိပ်အသံထွက်ပြီး ယခုအာချိန်ကောင်းကင်တွင် ထင်ရှားတည်ရှိနေသော နက္ခတ်များနေပုံကို မှန်ဘီလူးနှင့် ကောင်းကင်ကိုထိုးပြီးပုံရိုက်ပြပါမည်။ ကြည့်ရှုနေပါဟူသောအသံထွက်လာပြီးလျှင် တန်ဆောင်မုန်းလပြည့် ကောင်းကင်တွင် နက္ခတ်များ ဝင်းလက် နေသကဲ့သို့ လိပ်ခုံးအမိုးတွင် မိုးရေကောင်းကင်ကြီးလို နက္ခတ်တွေ့ ဝင်းလက်ထွက်နေသည်။ ကတ္တီပါအနက်ထည်ကြီး စိန်ကျောက်ဘော်ကြယ်တွေချယ်ထားသလို ထင်ရသည်၊ ဒါဟာခုနစ်စဉ်ကြယ်၊ ဒါ အင်္ဂါဂြိုဟ်၊ ဒါ သောကြာဂြိုဟ်၊ ဒါ စနေဂြိုဟ် စသည်ဖြင့် မီးမြွေးကလေးများ ထိုးကာ ထိုးကာ ပြနေသည်။ အကဲ့ ကောင်းကင်တွင် အကဲ့ နက္ခတ်တွေ့ ထွက်နေပြီဟု အောက်မေ့ရသည်။သောကြာစနေအင်္ဂါစသောဂြိုဟ်တို့ကား ပိုပြီးဝင်းလက်ကာ အရောင်အောက်နေသည်။ ခုနစ်စဉ်ကြယ် နေပုံမှာလည်း ပကတိမူလအတိုင်းပင်ဖြစ်နေသည်။ နေထွက်

၍ ယခုဘယ်နေရာရောက်နေပြီ ကြည့်ပါဟု မြားကာလွှတ်ပြရသဘောဝကျလှပါပေသည်။

ဂျင်းနောက် ပါရဂူဆရာကြီးက ကိုယ်တိုင် စကားပြော သံထွက်ငှဲ့ပုံမှာ ယနေ့ဝါဆိုလပြည့်နေ့ဘဲ။ ဒါကြောင့်လည်း ယခု ဟောသည်နေရာမှာဟု မီးမြားပြကာပြောသည်ကို တွေ့ရ၊ လထွက်နေပုံကိုလည်း အဲကွေတာ မျဉ်းလိုင်းပေါ် တွင် အသေအချာမြင်ရသဖြင့် သြော်....ငါအထင်မှားနေပြီ၊ တကယ်နက္ခတ်ပညာတတ်ကျမ်းတဲ့ ပါရဂူကြီးပါလားဟု အံ့အားသင့်နေလေသည်။

ကျွန်ုပ်ကိုယ်တိုင် ဝါဆိုလပြည့်ကျော် တရက်တွင် ဝါဆိုရမည်ကိုမြော်ပြီး ယနေ့ဝါဆိုလပြည့်နေ့ ရန်ကုန်တွင် ငါ၏တာပည့်များစွာ တရားနာနေကြသော အချိန်ဖြစ်သည်။ ငါဖြင့် ဘုရားမရှိ, တရားမရှိတဲ့နေရာရောက်နေပြီ ဝမ်းနည်းစရာဘဲ ငါဖြင့် ယနေ့ဝါဆိုပဲ့ မရောက်နိုင်တော့ပါကလားဟု ဝမ်းနည်းကြေကွဲဖြစ်နေချိန်တွင်၊ ယနေ့ဝါဆိုလပြည့်နေ့ဟု ပါရဂူကြီး၏ အဆံကိုကြားရသဖြင့် တအံ့တသြပြောပြမပြီးနိုင်အောင်ဖြစ်ရပေသည်။

ကောင်းကင်ရှိ နက္ခတ်တာရာဂြိုဟ်များစဉ်နှင့် နေလကိုပင် ပကတိ တည်ရှိနေပုံအတိုင်း ဓာတ်ပုံရိုက်ယူနိုင်သော မှန်ပြောင်းကြီးကို ပြုလုပ်နိုင်သော ပညာရှင်ကြီးများ၏ ဉာဏ်ပညာဆန်းကြယ်ပုံတို့မှာ အံ့သြမကုန်နိုင် ခြီးကျူးမကုန်နိုင်အောင်ရှိပေသည်။ ချိန်းချက်ပြောဆိုမထားဘဲ ယနေ့ဝါဆို

လပြည့်နေ့ဟု ပြောသံကြားရတော့မှ အလွန် ယုံကြည် နေပြီး တကယ် အဟုတ် တတ်သိကျမ်းကျင် သူတော်ပါကလား၊ လကမ္ဘာသို့ထောက်အောင်သွားမည်၊ လကမ္ဘာဘုံ တက်နေကြ မည်ဟု ပြောဆိုနေကြသူတို့သည် ဤသို့သော ပညာရှင်ပါရဂူ ကြီးများ၏ ပညာစွမ်းရည် ယုံကြည်၍ ပြောဆိုခြင်း ဖြစ်လိမ့် ည်။ တနေ့ကောန်ထောက်မည်မလဲဟု ယုံကြည်ချက် ပေါ်လာ လေသည်။ ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိပါမူ နက္ခတ္တဗေ ဒင်တေဒင်အပေးခံရမည်မှာ မလဲဟု ယုံကြည်ခဲ့ပေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာစာပေကျမ်းဂန် တို့တွင် တန်ခိုးရှင် တို့သည် နေလနက္ခတ်တို့ကို လက်နှင့်ကိုင်ကာ ပြန့်သည်ဟုစာ တွေ့ တွေ့ရသည်။ ယခုကျွန်ုပ်တို့ ဤသို့ တန်ခိုးရှင်တို့က ကောင်းကင်တခွင်ရှိနက္ခတ်များကို လက်နှင့်ယူကာ ပြန့်သည် သြော်....ဘယ်လိုပင်ခြီးကျူးသော်လည်း ကုန်နိုင်ဘုယ်ရာမရှိ ပါကလားဟု အလွန်နှစ်သက်ရှင်အားတက်ခဲ့ပေသည်။သြော်- နိုင်ငံခြားခရီးထွက်လာရခြင်းသည် လာကျိုး နတ်လှပါပေ၏။ ဗုဒ္ဓစာပေတို့၌ စာတွေ့သောဘောကို ယခုငါတွေ့တွေ့ရခြင်းဖြစ် ပေသည်ဟုတပြုံးပြုံးနှင့် အဆုံးမရှိသော ပီတိထူးဖြင့် ကြည် နူးခဲ့ရပေသည်။

ဂျင်းနောက် ထိုပါရဂူဆရာကြီး၏ ဦးခံကျေးမွေးသည် ကို သုံးဆောင်ကြပြီးလျှင် ကီလိုမီတာ (၄၀၀) ဝေးကွာနေ သောဘာလင်မြို့တော်သို့ သာယာငြိမ့်ငြောင်း အော်တိုဘန် ခေါ် လမ်းကြောင်းကြီးမှ ကောင်းမွန်စွာ မော်တော်ကား များနှင့်ပြန်ခဲ့ကြလေသတည်း။

ထိုနက္ခတ်တာရာ ရိုက်ပြသောမှန်ပြောင်းကင်မရာစက်ရုံကြီးတခုကို မြန်မာငွေ နှစ်သိန်းခဲ့ကျသည်။ ကမ္ဘာတွင် (၂၃)နိုင်ငံ၌ ဆောက်လုပ်ပေးထားပြီဟု သိခဲ့ရသည်။ မြန်မာနိုင်ငံတွင် ထိုစက်ရုံတခုတည်ထောင်ပြီး နက္ခတ်ပညာ သင်ပေးရပါမူ အလွန်ကောင်းမှာဘဲဟု ကြံစည်စိတ်ကူး ဘဝင်မြူးခဲ့ရပေသည်။

## အဗ္ဗရာဘာလင် ပြတိုက်

(၂၈-၇-၆၁)နေ့နံနက် ဂနာမိခဲ့ အချိန်တွင် အရှေဘာလင်မြို့ မြူစီယံခေါ် ပြတိုက်ကြီးသို့ သွားရောက် ကြည့်ရှုကြသည်။ မြို့တော်ဝန်က ဆီးကြိုနှုတ်ဆက်ပြီးလျှင် ပြတိုက်ကြီးသို့ လိုက်ပြသည်။ ပြတိုက်ကြီးအတွင်းရှိ ပစ္စည်းများကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဖြုတ်ယူကာ တောလက် ကျေးရွာများတွင် သိုဝှက်ထားရှိပြီးလျှင် စစ်ပြီးသောအခါ အကောင်းပကာဘီ တည်ထားပေးနိုင်ပုံမှာ အံ့စရာရှိပေသည်။

ပြတိုက်အတွင်း ပစ္စည်းတို့မှာ ရှေးနှစ်ပေါင်း (၃၀၀၀) ကျော်က အိုဂျစ်ပြည်တွင် တည်ထားသော မြေစဉ့်အရုပ်များရှေးအိုးအိမ်နေပုံ၊ လူများနေထိုင်ပုံ၊ ရှေးဘုရင်များနေထိုင်ပုံများကို မူလသဘာဝအတိုင်း ထုလုပ်ထားသည်တို့ကို ငွေအမြောက်အများအကုန်ခံကာ သဘော်ကြီးနှင့်တင်ယူလာခဲ့သည်။ ဂျာမဏီရောက်မှ မူလအတိုင်း ပြန်လည် တည်ထားပြထားပုံတို့မှာ အလွန်ခြီးကျူးဘွယ်ရှိလှ၏။

ရှေးယောင်း ပစ္စည်းကို လေးစားဂုဏ်ယူသော စိတ်ဖြင့် ပြထားသော်လည်း ပြထားသောပုံတို့မှာ ထူလှပပ မရှိလှချေ။ ပြတိုက်ကြီးတခုလုံးမှာ ရှေးဟောင်းယာဉ်ကျေးမှု မျိုးစုံ တို့ဖြင့် အစုမ်းကုန် ချယ်ထားလေသည်။ နံနက် ၁၀ နာရီအထိ တနာရီခွဲတိတိ လိုက်လံပြသလျက် အထုပ်တမ်းကို ရှင်းပြောဆိုသော စကားပြန်မှာ မမော်နိုင် မပန်းနိုင်ဖြင့် အား ရ ပါးရကြီး ပြောပြရှာလေသည်။

## ညှော်ခံပဲဖြင့် ခြိုးကြိုးကြခြင်း

ကျွန်ုပ်တို့သည် ပြတိုက်ကြီးမှ ပြန်လာ ကျွန်ုပ်၏ နေ့ဆွမ်း စားမှုကိစ္စကို ဟော်ဘယ်သို့ပြန်၍ စီစဉ်ပြီးလျှင် ပြုလုပ်ရလေသည်။ နေ့ဆွမ်းစားပြီးသောအခါ အမော်အပန်းဖြေခြင်တွေ့ အနားယူနေလေသည်။ နေ့ ၂ နာရီအခါန် အစိုးရအာဏာကို ရနေသော ခရစ္စယန် ဒီမိုကရက်တစ်ပါတီ ဌာနချုပ်ညှော်ခံပဲ တက်ရောက်ရလေသည်။ ပါတီဥက္ကဋ္ဌကြီး အူးဘရစ်နှင့် ဗုဝန်ကြီးချုပ် စသော ပါတီခေါင်းဆောင်များ၊ အတွင်းရေးမှူး စသည် အစိုးရအဖွဲ့ကို ကြိုးကိုင်နေသော ခေါင်းဆောင်ပိုင်း ဆိုင်ရာ ပဂ္ဂိုလ်ကြီးများက ပါတီဌာနချုပ် ၅ ထပ်တိုက်ကြီး ၃ ထပ်ညှော်ခမ်းဆောင်တွင် ညှော်ခံပဲ ကျင်းပလေသည်။

ညှော်ခံပဲတွင် တဦးနှင့်တဦး အထူးရင်းနှီး ခင်မင်စွာ ပြောဆိုကြသည်မှာ တကယ်ဗမာပြည် ရောက်နေသလားဟု ထင်မှားရပေသည်။ ညှော်ခံပဲအပြီးတွင် လက်ဆောင်ပဏ္ဏာ များကို ပေးလိုက်ကြပြန်သည်။ ၃-နာရီအခါန်တွင် ညှော်ခံပဲမှ ဆင်းကြပြီးလျှင် ပါတီခေါင်းဆောင်များက အရှေဘာလင်

တမြို့လုံးကိုကြည့်ရှုအောင်ဆိုပြီး ဝန်ကြီးများ အသုံးပြုသော မော်တော်ဘုတ်ဖြင့် မြစ်ကြောင်း ခရီးအတိုင်း လိုက်လံပြသ ဆည်း မော်တော်ဘုတ်မှာ မြန်မာနိုင်ငံမှ ဝန်ကြီးများ အ သုံးပြုသော မော်တော်ဘုတ်နှင့် ခပ်ဆင်ဆင် တူသည်။ မြစ်ရိုးမှာ ဘာလင်မြို့တွင်း လှည့်လယ်ကာ တည်ရှိပြီးမှ ပင် လယ်ဘက်ကို ထွက်သွားသည်။ ကမ်းပါးတဘက် တချက်တွင် စက်ရုံကြီးများဖြင့် စက်မှုလက်မှုလုပ်ငန်းများ အကောင် အ ထည်ဖော်ထားချက်တို့မှာ အားကြစရာကြီးပင်။ မော်တော် ဘုတ်ငယ်များ တဝီဝီဖြင့်ဂင်း လှော်တက် ခပ်သော လှေငယ် အများတို့ဖြင့်ဂင်း၊ ကစားနေကြ သည်မှာလည်း ကြည့်လို့ မငြီးနိုင်အောင်ပင်။ လှေငယ်ကလေးများကို ငှားရမ်းသော နေရာဌာန များစွာတို့ကိုလည်း တွေ့ရပေသည်။

ကြီးငယ်မရွေး ဂျာမန်လူငယ်ကလေးများသည် လှေကိုယ် စီ မော်တော်ဘုတ် တဖယောက်စီး နှစ်ယောက်စီးကလေးများ ဖြင့် ချမ်းအေးလှသော ဥတုဒဏ်ကို မကြောက်လန့်ဘဲ ကစား နေကြသည်မှာ အားကြစရာပင် ရှိပေသည်။ ကမ်းပါးရှိ လှေ ဆိပ်တို့တွင် စားသောက် ဘွယ်ရာဆိုင်များ ဟော်တယ်များ ထွင် အလှ အပဆင်၍ ပြုပြင်ထားသည်၊ စားချင်သောက်ချင် စရာ ကောင်းလှပါပေသည်။

မော်တော်ဘုတ်၏ အတွင်းပိုင်းတွင် ညဉ့်ခန်း အိပ်ခန်း စားသောက်ခန်းတို့ဖြင့် တည်ရှိထားပုံမှာ ကျက်သရေ ရှိလှ ပေသည်။စားသောက်ဘွယ်တို့ကိုအမျိုးမျိုးတခုပြီးတခုတို့ဖြင့် ခဏခဏ ကျွေးမွေး ညှဉ်ခံလေသည်။ မော်တော် ဘုတ်ခရီး

မှာ ၅ နာရီခဲ့ တိတိကြာအောင် လိုက်လံ ပြသပြီးလျှင် ည ၉ နာရီတွင် ကမ်းပါးမှ တက်ကြပြီး တည်းခိုရာ ဟော်တယ်သို့ လိုက်သံပို့သကြသည်။

ထူးဆန်းသော နေထုများကို လိုက်လံပြသခြင်း၊ စား ကောင်းသောက်ဘွယ်တို့ဖြင့် ကျွေးခံခြင်း၊ လိုအပ်သောအရာ ဝတ္ထုများကို ဝယ်ယူပေးခြင်းတို့ဖြင့် အိမ်ရှင်တို့ပြုသင့်ပြုထိုက် သော ဝတ္တရားဘို့ကို အရှေ့ဂျာမကီ အစိုးရက ပြုစုသည်မှာ လိုသော အချက်ဟူ၍၊ အပြစ်တင်ဘွယ် ဟူ၍လည်းမတွေ့ခဲ့ရ၊ ကျေးဇူးဘင်လို့ မဆုံးနိုင်ဘွယ်ရုပါလားဟု စိတ်တွင်ကြည်နူး ဘဝင်မြူးလျက် ပီတိအထူးဖြစ်ခါဖြင့် အရှေဘာလင် တမြို့လုံးနှင့် အနောက်ဘာလင် တပြည်လုံးတို့ ချမ်းသာပါစေ ဟူသော မေတ္တာဘရားကိုသာ အခါနှင်ရသမျှ ပွားများခဲ့ရပေသတည်း။ (အရှေ့ဂျာမနီတွင်-၅-ရက်နေခဲ့သည်)

## အနောက်ဘာလင်မှ လန်ဒန်သို့ခရီး

(၂၉-၇-၆၁)ရက်နေ့ နံနက်ပိုင်းအချိန်တွင် အရှေ့ဘာလင်မှ အနောက်ဘာလင်သို့ထွက်ရန် အစီအစဉ်ပြုလုပ် နေကြသည်။ လက်ဆောင် ပေးလိုက်သော ပစ္စည်းများသည် များပြား နေပြန်သည်။ သို့ပါ၍ သတ္တာတခုနှင့် ခဲ့ပြီးလျှင် ရန်ကုန်သို့ပို့နှင့်ရန် ဂျာမကီအစိုးရသို့ ပေးထားခဲ့ကြသည်။ ထိုပစ္စည်းများကို ဂျာမန်အစိုးရက ရန်ကုန်ဂျာမန်သံရုံးဆို့ ပို့လိုက်ကြသည်။ ရန်ကုန် ဂျာမန် သံရုံးမှတဆင့် ကျွန်ုပ်တို့ ရန်ကုန်မဒရာဇ်မီ ကျွန်ုပ်ထံလာပို့နှင့် နေပြီးဖြစ်သည်။

နေ့လည် တနာရီတွင် အရှေဘာသင်မှအနောက်ဘာသင်သို့ ထွက်လာခဲ့ကြသည်။ ဘာသင်မြို့အတွင်း ရှေးကမြင်းပြိုင်ကွင်းကြီးကိုလေဆိပ်ပြုလုပ်ထားသည်။ရန်ကုန်မြို့မြို့မဇကျောင်းရှေ့ရှိ မြင်းပြိုင်ကွင်းကြီးလို ဖြစ်သည်။ ဂျာမန်ခရစ်ယန် ဒီမိုကရက်တစ် ဌာနချုပ်အထေ့ထေ့ အတွင်းရေးမှူးနှင့် အဖွဲ့အမှူဆောင် လူကြီးများလိုက်ပို့ကြသည်။ အရှေဘာသင်မှ အနောက်ဘာသင်သို့ ဝင်လာသောအခါ တိုက်ကြီးများ၊ စျေးဆိုင်ကြီးများ တို့မှာ ပြောင်ပြောင်လက်လက် တောက်ပြောင်ဝင်းပလျက် နေပေသည်။ လေဆိပ်မှာလည်း အပြင်က ကြည့်လိုက်လျှင် လမ်းဘေးက တိုက်ဆိုင်ကြီးများလို ထင်ရသည်။ အတွင်းဘက်ဝင်သွားမှ လေဆိပ်ဖြစ်နေသည်။ဘယ်အခန်းဝင် ဘယ်ဘက်သွား ဘယ်နေရာ ခေတ္တနေရမည့်နေရာ စသည်ဖြင့် သိရန်အရေးကား ရှေဆောင်လမ်းပြသော မပါက အလွန် ခက်ပေသည်။

အားလုံး လေယာဉ် လက်မှတ် ပစ္စည်း ချိန်တွယ်ရန် စသည်တို့ကို ကျွန်ုပ်တို့ အတွက် ဌာနချုပ် ခေါင်းဆောင်များက လိုက်လံ ပြုလုပ်ပေးသည်။ ကျွန်ုပ်တို့သည် စားသောက်ခန်း အတွင်းဦ့ပင် အာမျိုးမျိုး ညှဉ်ခံ ကျွေးမွေးသည်ကို ခံယူလျက် ခေတ္တစောင့်နေရသည်။

နေ့(၂)နာရီခွဲသောအခါ ကျွန်ုပ်တို့အားလေယာဉ်ဆိုင်ရာမှ ခေါ်တေ သည်။ ကျွန်ုပ်တို့မှာ[ဘီ-အိုး-ခအ] လေယာဉ်နှင့် သွားရမည် ဖြစ်၍ ထိုလေယာဉ် ပေါ်သို့ တက်ရသည်။ လေယာဉ် တွေ့ကလည်း စီတန်း ဆိုက်နေသည်။

လေယာဉ်ပေါ် ရောက်၍ လူစောရင်း ခေါ်ပြီးလျှင် ချက်ချင်း စက်နှိုး၍ မိုင်တာ ကွင်းတွင် အနည်းငယ် ဖြေးကာ မြို့အ တွင်းရှိ တိုက်မျှား ခေါင်မိုးပေါ်သို့ ထိုးတက် ပြီးလျှင် ထွက်ခွာလာတော့သည်။ (ဘီအီးအေ)လေယာဉ်မှာ ဥရောပ တခွင်တွင် အလွန် ခေတ်စားနေသော လေယာဉ် ဖြစ်သည်။

ကောင်းကင်သို့ ထောက်သောအခါ အနောက်ဘာလင်မြို့ မျှားကို ကြည့်ရှုရသည်မှာ အလွန်လှပ တင့်တယ်သည်။ မြို့ တွေ့ကို ကြည့်လိုက်တိုင်း တိုက်တန်းကြီးမျှား လမ်းကြီးမျှား ပန်းခြံမျှားတို့ အပေါ် ခရစ်ယန် ဘုရားရှိခိုး ကျောင်းကြီးမျှား က တိုးထွက်လျက်နေပုံကို မြင်ရသည်မှာ မြင်ကွင်း မြင်ကွက် ကောင်းလှပေသည်။ လေယာဉ်စီးရသည်မှာလည်း လှုပ်ခြင်း လှုပ်ခိုင်းမရှိပေ။ လေယာဉ်စီး ဥရောပခရီးသွားတို့မှာ စားကာ သောက်ကာ ရယ်မောကာနှင့် မြေပြင် ရထားစီး ခရီးသည်မျှားနှင့် မဆူးတော့ပေ၊ ကြောက်လန့်ခြင်း အ လျှင်း မရှိသည်အသွင် ဖြစ်နေသည်။ (၄၅)မိနစ် ရှိသော အခါ ဟမ်းဘတ်မြို့ရောက်လေသည်။ ဟမ်းဘတ်မြို့ ရောက်နေ ပါပြီ၊ လေယာဉ် ဆင်းပါတော့မည်ဟု ကြေငြာ၍ ကျွန်တို့ ကြည့်လိုက်ရာ ဟမ်းဘတ်မြို့မှာလည်း အလွန်လှပသောမြို့ကြီး တမြို့ ဖြစ်နေပုံကို မြင်ရလေသည်။

လေဆိပ်သို့ဆင်းပြီး လေယာဉ်ရိပ်သာသို့ ဝင်သွားသော အခါ (အိုက်စဂလေတာ)ခေါ် စက်လှေခါးအရှင်ဖြင့် အပေါ် ထပ်သို့ တက်ရလေသည်။ ရောင်းဘို့ ခင်းထားသော နာရီ, ဖောင်တိန်, မှန်ပြောင်း, မျက်မှန်, ရေမိုယိုစသော လူတိုင်း

ကြိုက် အသုံးအဆောင်တို့မှာ မြင်သူတိုင်း လိုချင်စရာပင်၊ မီနစ် ၂၀ နှားခနသည်။ ၎င်းနောက်တဖန် ထိုလေယာဉ် နှင့်ပင် ထပ်မံတက်စီးပြီး အင်္ဂလန်သို့ ထွက်ခွါ လာခဲ့လေသည်။ .လေယာဉ်ပေါ်တွင် တနာရီနှင့် (၅၅)မီနစ်ကြာရှိပေသည်။ မိုးတိမ် မိုးသားများလှ၍ ကြည့်လို့မရပေ။ သို့ရာတွင် လေယာဉ်မယ်များက ယခုဘယ်ရောက်ပြီ ဘယ်ရေလက်ကြား ကို ဖြတ်ကျော်သွားနေပြီဟု အသံခွါ၍ စက် မှုပြောသံကို ကြားနေရသည်။

## ဝန်ဒန်မြို့ရောက်ခြင်း

လန်ဒန်မြို့တော်လေဆိတ်သို့ ရောက်ကြပေပြီ။ လေယာဉ်မှ ကျွန်ုပ်တို့ ဆင်းလာသောအခါ အသံခွါစက်နှင့် မြန်မာပြည်က ဗုဒ္ဓဘာသာမစ်ရှင် အဖွဲဝင်တို့အား ဗြိတိသျှကောင်ဆယ်မှ လာရောက် ကြိုဆိုနေပါသည် ဟူသော အသံကို ကြားရရာ အလွန်စိတ်အားတက်ကြွဘွယ် ဖြစ်ပေသည်။ ကျွန်ုပ်တို့ သက်ဆိုင်ရာ အခန်းထောက်မှ လာရောက် ကြိုဆို ကြသော ဗြိတိသျှ ကောင်ဆယ်လူကြီး ၃-ဦး၊ မြန်မာသံရုံးအတွင်းဝန် ဦးတင်ဖေ အထူးအရာရှိ ဦးမောင်မောင်ဂျိုင်းတို့ လာရောက် ကြိုဆိုနှုတ် ဆက်ကြသည်။ ကျွန်ုပ်တို့၏ ပစ္စည်းများမှာ အောက်ထပ်မှ အပေါ်ထပ်သို့ စက်လှေခါးအရှင်ဖြင့် သူတို့ဘာသာ စိတန်းကာ ပြေးလာနေသည်။ ဒီဟာ ဒီဟာ ဟု လက်ညိုး ထိုးပြမှ အသာအယာ အကောက်ဘက်မှ ကြည့်ရှု စစ်ဆေးရန် နေရာတွင် ချထားသည်။ ကျွန်ုပ်တို့မှာ ငါတို့သည် အနီနိုင်ငံများ

က လာသူတွေဖြစ်၍ ဧါတို့ပစ္စည်း များကို စစ်ဆေး ကြည့်ရှု ခြင်း ခံရမှာဘဲဟု ထင်ပါသည်။ သို့ထုတ့်ငှ် ဘာ တခုမျှ စစ် ဆေးမေးမြန်းခြင်းလည်းမရှိ၊ ဖွင့်၍လည်း မကြည့်ဘဲ ယူခွင့်ကို ပြုလိုက်ကြသည်။ အင်း တယ်ဆန်းပါလား။ အနီနိုင်ငံကလာ သည်ကိုပင် မစစ်ဆေးပါဘဲလား၊ ဗုဒ္ဓဘာသာမစ်ရှင် အဖဲ့ ဟူ သော ဗုဒ္ဓဘာသာ၏ ဂုဏ်ကို ယုံကြည်သော သဘောဖြင့် ဂုဏ် ပြုသည့်အနေ ပြုလုပ်ပုံမှာ ခြိုးကျူးဘွယ်နည်းယူဘွယ် တာရပ် ပင်။

ကျွန်ုပ်တို့သည် ဗြိတိသျှ ကောင်ဆယ်မှ လာကြိုသော ခိုး စရိုက် ခေါ် အာဇြိမ်း စား စစ်ဗိုလ်ချုပ်ကြီး ကိုယ်တိုင် မောင်းနှင်သော ကားကြီးကို စီးကြလျက် လန်ဒန်မြို့အစွန်း လာကြပြီးလျှင် သီဟိုဠ်ဘုန်းတော်ကြီးများ၏ သီတင်းသုံးရာ လန်ဒန်ဝိဟာရသို့ လာခဲ့ကြလေသည်။

## လန်ဒန်ဝိဟာရခေါ် သီဟိုဠ်ဘုန်းတော်ကြီးကျောင်း

အလွန်ကြီးကျယ်လှသော လန်ဒန် မြို့တော်ကြီးတွင် သီ ဟိုဠ်ဘုန်းတော်ကြီးများ၏ဧရိယတို့နှင့် သာသနာပြုလုပ်ငန်း ကို စတင်ဆောင်ရွက်ကြသည်မှာ ခြိုးကျူးလောက်ပါပေသည်။

လန်ဒန်မြို့သို့ ရောက်သောအခါ ကျွန်ုပ်တို့ အား ဗုဒ္ဓ ဘာသာ ဘုန်းတော်ကြီးကျောင်းဖြစ်သော (လန်ဒန်ဝိဟာရ) ခေါ် သီဟိုဠ် ဘုန်းထော်ကြီးကျောင်းသို့ လိုက်ပို့သည်။ ထို ကျောင်းမှာ နံပါတ်(၁၀) စအော်ဗင်ဂတန်ဂါဒင်လမ်း လန်ဒန် မြို့ အက်စ် ဒဗလျူ။ အရှေ့တွင် တည်ရှိရာ မြို့လယ် သူဌေးရပ်

ကွက်တွင် တည်ရှိသည်။ သုံးထပ် တိုက်တခုကို (၁၅) နှစ် စာ ချုပ်ဖြင့် ငှားရမ်း၍ ကျောင်းဖွင့်ထားသည်။ စနေ, တနင်္ဂနွေ နေ့တိုင်း ဗုဒ္ဓဘာသာအကြောင်း ဟောပြောပွဲကျင်းပသည်၊ နေ့စဉ်ပင်လျှင် ဗုဒ္ဓ အဘိဓမ္မာ သင်တန်း ပေးလျက် ရှိသည်၊ သင်တန်းတွင် ကောလိပ်ကျောင်း များမှ ကျောင်းသားများ လာရောက်သင်ယူကြသည်။ ဟောပြောပွဲမှာမူ မြန်မာ, သီဟိုဠ် သံရုံးတို့မှ ဗုဒ္ဓဘာသာဝင်များပါ စာက်ရောက် နာယူကြောင်း သိခဲ့ရပေသည်။

ထိုသီဟိုဠ် ဘုန်းတော်ကြီးမှာ လက်ထောက် ဘုန်းတော် ကြီး နှစ်ပါးနှင့် ရှင်သာမဏေ နှစ်ပါးရှိလေသည်။ အင်္ဂလန် နှင့် ဂျာမန်, ယူဂိုစလေးဗီးယား နိုင်ငံ များမှပင် ဗုဒ္ဓတရား တော်ကိုနာယူလို၍ ပင့်ဘိတ်သဖြင့် မကြာမကြာသွားရောက် ပြောဟောရကြောင်းကို ဖွင့်ဟ ပြောကြား လိုက်လေသည်။ အင်္ဂလန်ရှိ ကောလိပ်ကျောင်းအများအပြားတွင် ဗုဒ္ဓ တရား တော် ဟောပြောခွင့် ရသည့် အတိုင်း ဟောပြောပြီး၊ ထို ကောလိပ်ကျောင်းတို့တွင် ဗုဒ္ဓဘာသာဝင် များအတွက် ဗုဒ္ဓ ရုပ်ပွားတော် တည်ထားရန် အခန်းများပင် ရရှိ နေပြီ ဖြစ်၍ မြန်မာနိုင်ငံ ဗုဒ္ဓရုပ်ပွား ကျောက်ဆင်းတု ကြေးဆင်းတုများ ပို့နိုင် သလောက်ပို့ပေးပါရန် ကျွန်ုပ် အား လန်ဒန် ဝိဟာရ ဆရာတော် အရှင်သဒ္ဓါတိဿက မေတ္တာရပ် ခံလိုက်ပေသည်။

လန်ဒန်ဝိဟာရတွင် (၂) ညအိပ်ခဲ့ရသည်။ သီဟိုဠ်ဆရာ တော်တို့က ဆွမ်းကွမ်း တို့ဖြင့် မငြိုမငြင် ပြုစု ကြသည်မှာ အားနာဘို့ပင် ကောင်းလှပေသည်။ မြန်မာအမျိုးသမီးဆရာ

ဝန်အတတ်သင် ခင်သန်းနွယ် နှင့် မခင်တင့် တို့က ၎င်း၊ ဘီဘီစိအလွှင့်ရုံမှ မြန်မာပိုင်းဆိုင်ထူ အရာရှိ မြင်းခြံမှူး ကုန်သည်ကြီး ဦးနိုး၏သားဖြစ်သော အာသံလွှင့် (မြန်မာဘက်ဆိုင်ရာ) အရာမှူး ကိုနေဝင်းနှင့်ကိုစိန်လွင်လေးတို့ကဂုဏ်း၊ အလုအယက် ဆွမ်းလောကပ်လာကြသည်မှာ အလွန် ကြည်နူးဘွယ် ရှိလှပေသည်။

## မဟာဗေဒင်အသင်း

သီဟိုဠ်ဘုန်းတော်ကြီးများသည် အစားအနေကို သည်းခံ၍ ဇွဲသတ္တိဖြင့် သာသနာပြု လုပ်ငန်းကို ပြုလုပ် ကြပေသည်။

ထို့ကြောင့် သီဟိုဠ်သားတို့၏ သာသနာပြု လုပ်ငန်း များအောင်မြင်လျက် ရှိပေသည်။ အိန္ဒိယနိုင်ငံ တဝှမ်း လုံးတွင် ဗုဒ္ဓပွင့်တော်မူရာ နေရာစသော အချက်အချာ နေရာ တိုင်းဌာန် မဟာဗေဒင် အသင်း ဟု တည်ထောင်လျက် အသင်း တိုက် နာမည်ဖြင့် ကျောင်းများ ဖွင့်ထားပြီးလျှင် ဘုန်းတော်ကြီး များ သီတင်းသုံးလျက် နေကြလေသည်၊ အသင်းမှ အလှူငွေများ ကောက်ခံလျက် ဘုန်းတော် ကြီး များကို ဆွမ်း စရိတ် အဖြစ် လှူဒါန်းထောက်ပံ့ထားသဖြင့် တည်တံ့ခိုင်မြဲစွာ သာသနာပြုလုပ်ငန်းများကို ပြုလုပ်နိုင်ပေသည်။ လူနှစ်ဦးသုံးဦး ကအစ တရားဟောပြောပွဲများ ပြုလုပ်ကြသည်။ အိန္ဒိယ နိုင်ငံတွင် နယူးဒေလီ ဘုံဘော, ကာလကတ္တား, မဒရပ်, လပ်ခနော်စ်း ထို့တွင် တည်ရှိသော မဟာဗေဒင်အသင်းတို့မှာ စုံနမူနာ ယူလောက်သော သာသနာပြုအသင်းတို့ဖြစ်ပေသည်။

လန်ဒန်ဝိဟာရမှာမူ သီဟိုဠ်အစိုးရ၏စရိတ် ဖြင့် တည်ထောင်ထားပြီးလျှင် အစိုးရက်ပင် လစဉ် အထောက်အပံ့ပေးကြောင်း သိခဲ့ရသည်။ သီဟိုဠ်သံဃုံးမှ ဗုဒ္ဓဘာသာဝင် များနှင့် သီဟိုဠ်ကုန်သွယ်ရေး မင်းကြီးရုံး ဗုဒ္ဓဘာသာဝင်တို့က ဆွမ်းလာကပ်သည် မှာ နေ့တိုင်း လို လို ပင် ဖြစ်ပေသည်။ တနှင်္ဂနွေ, စနေနေ့တို့၌ ဆွမ်းကပ်လိုပါမူ စောစောက ကြိုတင် ချိန်းယူမှ ရနိုင်ပေသည်။

လန်ဒန်ဝိဟာရတွင် ဘုရားခန်းကို သီဟိုဠ်နည်း, ယိုးဒယားနည်းတို့ဖြင့် ပြုပြင်ထားသည်။ တရားဟော ခန်း ကိုလည်း ခမ်းနားစွာ ခင်းကျင်းထားသည်။ ဗုဒ္ဓဘာသာဝင်တို့၏ ကိုးကွယ်ရာနေရာဟူ၍ တခမ်းတနား ကြည့်ရှုဘွယ်ဖြစ်အောင် စီစဉ်ထားပုံမှာ အတုယူလောက်ပါပေသည်။ အလှူန်ကြီးကျယ်သော လန်ဒန်မြို့တော်ကြီးတွင် သီဟိုဠ်ဘုန်းတော်ကြီး များ၏ ဇဲသတို့နှင့် သာသနာပြုလုပ်ငန်းကို စတင်ဆောင်ရွက်ကြပုံတို့မှာ အံ့သြချီးကျူး လောက်ပါပေသည်။

ကျွန်ုပ်ရောက်ချိန်တွင် အိမ်ငှားစာချုပ် နှစ်စေ့ကာနီး၍ မြို့အပြင်ဘက် တနေရာတွင် မြေဝယ်ယူပြီး ကျောင်းဆောက်ရန် စီမံနေကြပုံကို တွေ့ခဲ့ရပေသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ စကားများ၍ အချိန်ကုန်ကြ၏။ သာသနာပြု နိုင်ငံသား အစိုးရများ ပေါ်ပေါက်ခဲ့ကြပါလျက် အင်္ဂလန် အာမေရိကန်တို့၌သာသနာပြုလုပ်ငန်း မစနိုင်ခဲ့သည်မှာ အကြားအဝါများသော နိုင်ငံရေးသမားများ၏ အပြစ်ကြီးတရုပ်ဟု မှတ်တမ်းတင်သင့်ပေသည်။

## လန်ဒန်မြို့ ဧအာင်ဗိမာန်ပြတိုက်ကြီး

ကျွန်ုပ်သည် (၃၀-၇-၆၁) နေ့တွင် လန်ဒန်မြို့ ကမ္ဘာကျော် ဗစ်ကတိုးရီးယား (အောင်ဗိမာန်) ပြတိုက်ကြီးသို့ သွားရောက် ကြည့်ရှုသည်။ ပြတိုက်ကြီးတွင် အရှေ့တောင်အာရှဆိုင်ရာ အောက်ထပ်ရှိ ခမ်းမကြီးသို့ ရောက်သောအခါ ကျွန်ုပ်တို့ မြန်မာနိုင်ငံမှ ထီးသုံး နန်းသုံး အဘိုးတန် ရှေထည် ပတ္တမြားထည် အသုံးအဆောင် အမျိုးမျိုးတို့ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်သည် အခြားသော ပြတိုက်ပစ္စည်းများကို မကြည့်လိုတော့ပြီ။ ဗမာဘုရင်တို့၏ အသုံးအဆောင်များကို သာလျှင် အတိအကျ စာရင်းအလိုက် ရေးမှတ်ခါ ယူနေရသဖြင့် အချိန်ကုန်သွားပေသည်။ ငါတို့ဗမာ့ ထီးသုံး နန်းသုံး ပစ္စည်းများ ဗမာနိုင်ငံတွင် မတွေ့ရဘဲ နိုင်ငံခြားတွင် တွေ့ရသဖြင့် လွန်စွာဝမ်းနည်း ကြေကွဲခြင်းဖြစ်ရသည်။ မြန်မာ နိုင်ငံသို့ ကျွန်ုပ် ပြန်ရောက်သောအခါ ထိုပြတိုက်ရှိ ဗမာ့ အဘိုးတန် ရတနာများကို ဓာတ်ပုံဘောက်များနှင့် ဖော်ပြ၍ (၂၃-၈-၆၁) နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ရေးသား ထည့်သွင်းခဲ့ရာ တိုင်းပြည် ဓာဝုန်းလုံးမှ ပြည်သူ ပြည်သားတို့ သိရှိသွားလေသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံ ပါလီမန် အစည်းအဝေးနှင့် ကြုံနေသဖြင့် အမတ်များပါ သိခွင့် ရရှိသောကြောင့် အလွန်အဘိုးတန်သော အခွင့်အရေး တခု ဖြစ်သွားလေသည်။ မြန်မာ့အလင်းတွင် အောက်ပါ အတိုင်း ပါရှိခဲ့သည်ကို ထပ်မံဖော်ပြ လိုက်ပါသည်။

# ဖြိုကိသည် ပြတိုက်မှ ဗမာ့ ရတနာဟောင်း


## ဗမာနိုင်ငံ ပြတိုက်၌ အမြတ်တနိုး ပြသထားရန် အချိန်သည် အလွန် နောက်ကျလျက်ပင် ရှိချေပြီ

မြန်မာတို့၏ ထီးသုံး နန်းသုံး အဘိုးမဖြတ်နိုင်သော မင်းတုန်းမင်းနှင့် သီပေါမင်းပိုင် စိန်ကျောက် ပတ္တမြား ရတနာမျိုးစုံ ခြယ်သားသော ရွှေဆည် ပစ္စည်းများသည် လန်ဒန်မြို့ကမ္ဘာကျော် ဗစ်ကတိုးရီးယား ပြတိုက်တွင် ရှိလေသည်။ ထိုပစ္စည်းများ ဗမာနိုင်ငံသို့ ပြန်ပေးရန်အတွက် ပြည်ထောင်စု အစိုးရကို ကျင်းပဆဲ တတိယပါလီမန် ပဉ္စမ အကြိမ် မြောက် ပြည်သူ့လွှတ်တော် ညီလာခံတွင် အမတ် ဦးလေးမောင် ဒီပဲရင်းက အောက်ပါအတိုင်း မေး၏။

အင်္ဂလိပ်များ မန္တလေးမြို့တော် သိမ်းစဉ်က မန္တလေးနန်းတော်တွင်းမှ အင်္ဂလန်သို့ယူဆောင်သွားသော နန်းတော်တွင်း ပစ္စည်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ပြန်လည်ပေးအပ်ရန် အစိုးရက မေတ္တာရပ်ခံ၍ စီမံ ဆောင်ရွက် ပေးပါမည်လား။ ဆောင်ရွက် မပေးနိုင်လျှင် အဘယ့်ကြောင့်ပါနည်း။

ပြည်ထောင်စု ယဉ်ကျေးမှုဌာနမှ အဖြေမှာ မြန်မာ့ ရှေးဟောင်း နန်းတွင်းပစ္စည်းများကို ပြန်လည်ပေးအပ်ရန် နိုင်ငံတော် အစိုးရက လန်ဒန်မြို့ရှိ သက်ဆိုင်ရာ အာဏာပိုင်များထံမှ တောင်းဆိုထားပြီး ဖြစ်ပါသည်၊ ၎င်းပြင် လန်ဒန်မြို့ရှိ

# ဆိုဗီယက်မှ တလကြာ



လန်ဒန်မြို့ရှိ ကမ္ဘာကျော် ဝီတိုရိယနှင့် အယ်လ်ဘက်
မြူစီယမ်ခေါ် ပြတိသျှပြတိုက်ကြီးကိုတွေ့ရပုံ။

မြန်မာ သံအမတ်ကြီးအားလည်း ဤကိစ္စအတွက် အထူးကြိုးစား ဆောင်ရွက်ပေးရန် ထပ်မံ မေတ္တာရပ်ခံ ထားပါသည်။ ဟူသော အဓမ်းအဖြေကို (၂၃-၈-၆၁)နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် တွေ့ရသဖြင့် အလွန် ဝမ်းမြောက်စရာ ကောင်းပေသည်။ ထိုပစ္စည်းများကို မရရအောင် တောင်းယူ၍ ဗမာနိုင်ငံပြတိုက်တွင် အမြတ်တနိုး ပြသထားရန် အချိန်သည် အလွန်နောက်ကျလျက်ပင် ရှိပေပြီ။ လွတ်လပ်ရေးတောင်းစဉ်ကပင် ထည့်သွင်း တောင်းယူဘို့ ကောင်းသော ဗမာ့ ရတနာများ ဖြစ်ပေသည်။

အဘိုးတန် ဗမာ့ ရတနာများစာရင်းကို ပါလီမန် လွှတ်တော် ၂-ရပ်မှ အမတ်မင်းများ နိုင်ငံခြေရေး အသင်းအဖွဲ့များ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု ဆိုင်ရာ အဖွဲ့အစည်းများ အားလုံးပင် သိရှိရန်မှာ အလွန်အရေးကြီးလှပေသည်။ သို့ပါ၍ ဆရာတော်သည် ဆိုဗီယက် ရုရှားပြည် ပိုလန်ပြည် အရှေ့ဂျာမဏီပြည်တို့မှ အပြန်ခရီးတွင် လန်ဒန်တွင် ရက်သတ္တတပတ်ကြာရှိခဲ့ရာ အထက်ပါပြတိုက်ကြီးသို့ရောက်ရှိပြီး လျှင် ဗမာဘုရင်များ သုံးစွဲခဲ့သော ဗမာ့ရတနာများကို မြင်ရသောအခါ၊ တမ်းတငေးမော တွေးတောလျက် မျက်ရည်များပင် ကျလုနီးပါး ဝမ်းနည်းကြေကွဲဘွယ် ဖြစ်ရပြီးလျှင် ဆရာတော်၏ ခရီးစဉ်မှတ်ဘန်း၌ အောက်ပါအတိုင်းရေးသား ထားသည်၊ ထိုစာတန်းကို ယခုထုတ်ပြရ ပေသည်။ စာတမ်းပါ စာရင်းများမှ ဆရာတော်ကိုတိုင် ၂နာရီကြာကြာ ကြည့်ပြီး မေးမှတ်ခဲ့သော စာရင်းများ ဖြစ်ပေသည်။

## လန်ဒန်ပြတိုက်နှင့် ဗမာ့ရတနာများ

လန်ဒန်မြို့ ကမ္ဘာကျော် ဗစ်တိုးရီးယား ပြတိုက်ကြီးသို့ သွားကြည့်ရာတွင် အောက်ဆုံးထပ် အာရှ အရှေ့တောင်ပိုင်း ဆိုင်ရာ ပြတိုက်ကြီးအတွင်း၌ အင်္ဂလိပ်များ၊ မြန်မာနိုင်ငံ မန္တလေးမြို့တော် ရွှေနန်းတော်ကြီးမှ သိမ်းယူ သွားခဲ့သော ရွှေသားအစစ်များတွင် ရတနာမျိုးစုံ ခြယ်ထားသော ဗမာ့ ရတနာများကို တွေ့ရပေသည်။ ဗမာ့ ရတနာတို့ကို ပြတိုက်တွင် ထားရှိသောကြောင့် ကျွန်ုပ်တို့သိခွင့်ကြည့်ခွင့်ရသဖြင့် ကံကောင်းသည်ဟု အောက်မေ့ရသည်။ ရွှေထယ်များမှာ ပီသသောပေါင်းများစွာ ရှိပေမည်။ ပတ္တမြားတွေ့ မြင်တွေ့ စိန် တွေ့မှာ ထန်ထန်ဝေလျက် သနားရလှသော ဗမာ့ထီးသုံးနန်းသုံး၊ ထီးမွေ့ နန်းမွေ့တို့မှာ ထူးထွေဆန်းကြယ် အံ့ဘွယ်တန်း အခမ်းခမ်းနှင့် တမ်းတမြောမြင်၍ ငိုချင်စရာကောင်းလှသော ဗမာ့ လူမျိုးတို့၏ အထွတ်အထိတ် ဘ၀သိက်ခံခဲ့သော ထီးပိုင်နန်းပိုင် ဘုန်းလိုင်ထိတ်တင် ဗမာဘုရင် မာ အရှင်တို့ လက်သုံး ရာဇာနာများ ဖြစ်ပေသည်။ ထိုရတနာ တို့ကို မှန်ဘီဒိုကြီး (၁၀)လုံးနှင့် ထည့်ပြထားရာ အလွန်ကြာသရေ ရှိပါသည်၊ ထိုရတနာတို့ကို အစဉ်အတိုင်း ရေးပြရသော် အောက်ပါအတိုင်း ဖြစ်ပေသည်။

### ပထမ မှန်ဘီဒိုကြီးတွင်

၁။ ရွှေအုပ်ကြီး။ ၂ပေခွဲလောက်မြင့်၍ ၂ပေခန့်ကျယ်ပေသည်။ ပတ္တမြားနှင့် မြင်တွေ့ အနားကွတ်စီ ခြယ်ထားသည်။

၂။ ဘုရင်ဆောင်း ရွှေမဏ္ဍိုင်ဘုရားတော်။ပတ္တမြားတဲ့ စီခြယ်၍ အလှန်ကြက်သရေ ရှိသည်။

၃။ ရွှေဇရတခေါင်းကြီး ။အလှူပေးဆွတ္ဝင်ရေစက်ချသောရေတခေါင်း။

၄။ ရွှေဒေါင်းတန်းကြီး။တပေခဲ့ခန့်ကျယ်သည်မြင့်သည်။ပတ္တမြားတဲ့ ဘေးမှ စီခြယ်ထားသည်။

၅။ ရွှေဘိနပ်တရန်။သဲကြိုးနှင့် ထိပ်တွင် ပတ္တမြားစီထားသည်။

## ဒုတိယ မှန်ဘီဒိုကြီး

အနုဝေ-ပေ အလျား ၂-ခဲရှိ ပုရပိုက်များ ပုံသဏ္ဌာန် ပြုလုပ်ထားသော ပုရပိုက်အခေါက် ရွှေပြားကြီးများမှာ အိစက် ဝင်းလက်လျက် တဘက်စီထိပ်ဖျားမှ နဝရတ် ၉-ပါးစီခြယ်သော ကြာပွင့်ကြီး တခုစီပါသည် ထိုရွှေပြား ကြီးမှာ ၅-ပြား ဖြစ်ပေသည်။

ပထမရွှေပြားကြီး၌ မင်းတုန်းမင်းကြီး၏ ဘွဲ့တဆိပ်တော် ရွှေပြားဖြစ်ပေသည်။ ရွှေပြားကြီးပေါ်တွင် ၆-လိုင်းခန့်ရှိ စာလုံးကြီးများဖြင့် "သီရိပဝရ ဝိဇယာ နန္ဒယသပဏ္ဍိတ ကြိဘဝနာ ဒီတျာ ဓိပတိ မဟာဓမ္မ ရာဇာဓိရာဇာ" ဟူ၍ မင်းတုန်းမင်း၏ ဘွဲ့နာမံတော်ကို ရေးသားထားသည်။

ဒုတိယ ရွှေပြားကြီး၌ မင်းတုန်းမင်း မိဖုရားကြီး၏ ဘွဲ့တံဆိပ်တော်ကို ၆-လိုင်းခန့် စာလုံးကြီးများဖြင့် "သီရိပဝရ တိလောက မဟာရာဇိန္ဒာ ဓိပတိ ပဒုမရတနာဒေဝီ" ဟူ၍ရေးထားသည်။

တတိယရွှေပြားကြီး၌ သီပေါမင်း၏ ဘွဲ့တံဆိပ်တော်ကို "သီရိပဝရ ဝိဇယာ နန္ဒယ သကိလောက ဓိပတိပဏ္ဍိတ မဟာ ဓမ္မရာဇာ ဓိရာဇာ" ဟူ၍အထက်ပါအတိုင်း၆-လိုင်းစာလုံးကြီး များဖြင့် ရေးထားသည်။

စတုတ္ထရွှေပြားကြီး၌ သီပေါမင်း မိဖုရားကြီး၏ ဘွဲ့တံဆိပ် တော်ကို "သီရိပဝရ အတုလ တိလောက မဟာရာ ဝန္ဒာ ဓိပတိ ရတနာ ဒေဝီ" ဟူ၍ ရေးသားထားသည်။


## တတိယ မှန်ဘီဒိုကြီး

ရွှေပြားကြီး ၃-ပြားရှိရာ ပထမ၊ ဒုတိယ ရွှေ ၂-ပြားတွင် မင်းတုန်းမင်း၏ ဇာတာတော်ကို တွက်ချက် စစ်ဆေးလျက် ဘိသိက်ခံရန် အချိန်ကို လျှောက်တင်ထားသော စာတမ်း ရေးထားလေသည်။

တတိယ ရွှေပြားကြီးတွင် ဘိသိက်ခံ ဘွဲ့တော်ကို သီရိ သုဓမ္မ တိလောက ပဝရ မဟာ ဓမ္မရာဇာဟု စာလုံးကြီးများ ဖြင့် ရေးထားသည်။ ရွှေပြားကြီးများမှာ တပုံစံတည်း ဖြစ် သည်။ ဘေးမှ နဝရပ် ၉-ပါးခြယ် ကြယ်ပွင့်ကြီးများပါသည်။

## စတုတ္ထ မှန်ဘီဒိုကြီး

၁။ ရွှေစောင်းတော်ကြီး ပတ္တမြားစီထားသည်။
၂။ ရွှေထမင်းအုပ်ကြီး။
၃။ ဇာတာထည့်ရန် ရွှေပခုံး။ ပတ္တမြား စီထားသည်။



ဓာတ်ပုံ - ကိုကိုလှိုင်

ဂုဏ်ရည်ဝိဇ္ဇာဆရာတော် ဒေါက်တာဝရဉာဏာဘိဝံသ

ဘဒ္ဒန္တဝရဉာဏာဘိဝံသ ဟူသော ဂုဏ်ရည်ဝိဇ္ဇာဆရာတော်သည် ဘာသာရေးနှင့် ပတ်သက်၍ ပြောကြားသော တရားတော်များ၊ ရေးသားသော စာအုပ်စာပေများ၊ ဦးဆောင်ကျင်းပသော ဘာသာရေးဆိုင်ရာ အစီအစဉ်များ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ကူညီမှုများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ကယ်ဆယ်ရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ပြုပြင်ရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ထူထောင်ရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ကြီးပွားရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ တိုးတက်ရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ပြောင်းလဲရေးများ၊ ဦးဆောင်ပြုလုပ်သော ဘာသာရေးဆိုင်ရာ ပြုပြင်


နားဆဲတွေ၊ ရွာဘီး၊ ပတ္တမြ းကုပ်ထားသည့် စိန်နားခွေင်း ကြီး၊ မြလက်စွပ်ကြီး၊ စိန်ဆံတိုးကြီးတဲ့ စိန်လုံးကြီး မရှိ တော့ပြီ။ နေရာမှ ရှိနေသည်။ ရွှေလက်ကောက်ကြီး ပတ္တ မြား စီထား၏၊ ရွှေစတိကလေး ပတ္တမြားတွေ စီးထားသည်၊ မြဆင်းထုတောက်ကလေး တလက်မ ခဲခန့်မြင့်သည်၊ အလှန် ကြည့်ညိုဘွယ်ကောင်း၏၊ ပုလဲခါးပါတ်ကြီး မြကြီးတလုံး ရွှေ တည့်တည့်ကပါသည်။ ၁၂- သွယ်ရှိ ရွှေစလွယ်ကြီး ကင်းဝန် မင်းကြီး၏ ရွှေစလွယ်ဖြစ်သည်။

## ဆဋ္ဌမ မှန်ဘီဒိုကြီး

၁။ ရွှေစတိတောင်ကြီး သီဟိုဠ်ကျွန်း မဟာ စေတီပုံ အတိုင်း လုပ်ထားသည်၊ ၂- ပေခန့်မြင့်သည်၊ ပတ္တမြား တွေ စီထားသည်။ ဓာတ်ပုံတင်ပါသည့်ရွှေပဲ့တောင်အုပ်ကြီး ရွှေ ဦးထုပ်ကြီး ပတ္တမြားနှင့် မြတွေ စီခြယ်ထားသည်။ ရွှေလင် ပန်းကြီး ပတ္တမြားအနားကုပ်ထားသည်။ ရွှေကုမ်းအစ် ရွှေ ဟာသ်ာအုပ်။ ရွှေခြေနင်း။ ရွှေဒါးကြီးအားလုံး ပတ္တမြားတွေ စီခြယ်ဘားသည်။

## သတ္တမ မှန်ဘီဒိုကြီး

၁။ ပရင်း အစစ်ကို ထုလုပ်ထားသော ဟာသ်ာရုပ်ကြီး ၁- ပေခန့် မြင့်သည်။



ပတ်ပြားနှင့် မြေများဖြင့် စီချယ်ထားသော
ထီးသုံးနန်းသုံးရွှေထည်ပစ္စည်းများပုံ

## နဝမ မှန်ဘီဒိုကြီး

၁။ ရွှေပုံတော်အုပ်ကြီး ၂-ခု။

၂။ ရွှေယပ်တောင်ကြီး (ရွှေထောင်ထပြောင်ပြောင် ဝင်းလက်နေသည်။

၃။ ရွှေရောဘခေါင်းကြီး (ပတ္တမြားစီ)

၄။ ဘုရားရေမှုံးပူဇော်ရန် ရွှေညောင်ရေအိုး။

၅။ ရွှေရေခွက် (ပတ္တမြားစီ)

၆။ ရွှေကလပ်နှင့် ရွှေကွမ်းအစ် (ပတ္တမြားစီ)

၇။ ရွှေမှန်တခုလက်ကိုင်တွင် (ပတ္တမြားစီ)

## ဒသမ မှန်ဘီဒိုကြီး

ရွှေခါးကြီး ၃-လက်၊ ခါးရိုးနှင့် ခါးအိမ်တွင် ပတ္တမြားတွေ့စီထားသည်။ ၁၆- ရာစုနှစ်က ကိုးကွယ် ခဲ့သော ဗမာ့လက်ရာမြေအုပ်ကို ထုလုပ်ထားသော ဘုရား ၃-ဆူ။

အဆက်ပါ၊ ဗမာ့ရတနာ စာရင်းများကို ဗမာလူမျိုးတိုင်းမှတ်သားကာဖြင့် ဗမာပြည်ထောင်စုသို့အမြန် ပြန်ရောက်နိုင်ရေးဆောင် နိုင်ငံခြားအစိုးရအာဏာအထူးတိုက်တွန်းသင့်ပေသည်။

ပြဘိုက်ကြီ ၏ ပြင်ဘက်သစ်ပင်အောက်တွင် ဂျပန်ကြေးဆင်းထု ဗုဒ္ဓရုပ်ပွားခြောက်ကြီးကို ပစ်ထားသည်။ အလွန် စိတ်မချမ်းမြေ့စရာပင်ဖြစ်သည်။ ထိုဆင်းထုခြောက်ကြီးကိုလည်း ဝယ်ယူ သင့်ပေသည်။

# ယူနီဘာစီတီ ကျောင်းတော်ကြီး

(၃၁-၇-၆၁)နေ့ ၁၂ နာရီတွင် လန်ဒန်မြို့ ပုဒ္ဓဝံဟာရမှ ထုတ်ခဲ့ဝေါ အောဝ့စဖို့ ယူနီဘာစီတီ ကျောင်းတော်ကြီးကို ကြည့်ရှုရန် ကျနုပ်နှင့် ဓာရာဝန်ကြီး ဦးချန်ထွန်း၊ တရားဝန်ကြီး ကတော် ဒေါ်ခင်သိန်း၊ မြန်မာ သံရုံး မှူး ဦးမောင်မောင်ကြီး တို့နှင့် အတူ ဗြိတိသျှ ကောင်ဆယ်မှူးသော ကားကြီးကို စီးလျှက်လာခဲ့ကြသည်။ ထိုကားကြီးမှာ ဗြိတိသျှဝန်ကြီးများနှင့် မင်းညီမင်းသားများအသုံးပြုသော ကားကြီးဖြစ်သည်ဟု သိရသည်။ လန်ဒန်မြို့ အပြင်ဘက် မြို့ကလေးများ၊ ကျေးရွာများမှာ သာယာ တင့်တယ် ရှုချင်ဖွယ် ရှိပေသည်။ ကျေးရွာများမှာ တိုက်အိမ်ကလေးများရှေ့က ပန်းခြံ-တံတိုင်းကာထားသည်ကို တွေ့ရသည်၊ အိမ်တိုင်းတွင် မော်တော်ကားစီး ရှိနေပုံကို မြင်ရ၏။ အိမ်နောက်တွင်လယ်ကွင်းရိပ်ထားနယ်ထားသည်ကို တွေ့ရသည်။ ရိပ်, ဖြတ်, နယ်, စသည်တို့မှာ စဏ် ကိုသာ အသုံးပြုမှုံ့ တွေ့ရ၏။ လယ်သမားသာပြောရသည်၊ မြို့ပေါ်နေသူကြွယ်တို့နှင့် မထူးပေ။ ရွာကလေးများကြည့်ရသည်မှာ မျက်စိအရသာ ရှိလှသည်။ မော်တော်ကားလမ်း ပေါ်တွင်လဲ-ကားတွေ ရှုပ်ပွေအောင် ပေါလှပေသည်။ လမ်းသွား လမ်းလာ ကျေးရွာနေသူတို့မှာ အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ဆင်၍ စထိုင်ကျကျသွားလာနေထိုင်ကြပုံ တွေ့ရသည်။ဗမာနိုင်ငံတွင် မော်လမြိုင်အစ ။ မန္တလေးအကြွားဟု ဆိုရမလို

ဖြစ်နေ လေသည်။ အောဇစ္ဖို မြို့ မယောက်မှ ၁၀- မိုင် ကွာ ကျေးရွာ များနှင့် ခပ်လှန်းလှန်း တွင် ဆောက်လုပ် ထား သော ဟော်တယ်လေး တခု တွင် ဗြိတိသျှ ကောင်ဆယ် မှ အောဇစ္ဖိုမြို့ဆိုင်ရာ ကိုယ်စားလှယ်က နေ့လယ်စာဖြင့် ဆီးကြို ညွှဲခံသည်။ ၎င်းနောက် အောဇစ္ဖိုမြို့ကလေးသို့ဆက်ခါသွား ကြသည်။ အောဇစ္ဖိုမြို့ကလေးကား ကျောင်းသားများ အတွက် တည်ထောင်ထားသော မြို့ဖြစ်သောကြောင့် စာအုပ် ဆိုင်, ဓါတ်ပုံဆိုင်တို့ကို အကြီး အကျယ် ဖွင့်ထား သည်ကို တွေ့ရသည်။ အသွားအလာ မော်တော်ကားတို့မှာ ပေါများ လှပေ သတည်း။

## နှစ်ပေါင်း(၇၀၀)ကျော်မှကျောင်းကြီး

အောဇစ္ဖို မြို့ ယူနီဘာစိတီ ကျောင်းတော် ကြီး အတွင်းသို့ ဝင်သွားသော အခါ ဒုတိယ အဓိပတိ ကျောင်း အုပ်ကြီးက ဆီးကြိုညွှဲခံသည်။ အားလုံးသော နေရာ တို့ကို လည်း လိုက်ပြသည်။ လွန်ခဲ့သော အနှစ် (၇၀၀) ကျော် မှ တည်ဆောက်ခဲ့၍ ခရစ်ယန် ဘုန်းကြီး (၈) ဦး က ဆရာ ပြု လုပ်ပြီး တပည့်ကျောင်းသား ၁၂ ယောက်နှင့် တင် တည် ထောင်ခဲ့သည်။ ယပု အခါ ကောလိပ်ကျောင်း များမှာ ယောကျ်ားကျောင်းသားများအတွက် (၂၃) ကျောင်း၊ မိန်းမ ကျောင်းသူများ အတွက် (၅) ကျောင်း၊ အထူး ကောလိပ် ကျောင်း (၃) ပေါင်း ကောလိပ် ကျောင်း ပေါင်း (၃၁) ခကျောင်းကိုစုပေါင်း၍ အောဇစ္ဖိုတက္ကသိုလ်ကျောင်းတော်ကြီး

ပြုလုပ် ထားရာ ဆရာ ပေါင်း (၉၀၀) တပည့် ကျောင်းသား ကျောင်းသူ (၉၀၀၀) ကျော် (နိုင်ငံခြား ကျောင်းသား ၉၀၀-ရှိသည်)ဟု ချန်ဆယ်လာကြီးက ပြောပြသည်။

မိန်းမများအစာက် ကောလိပ်ကျောင်းကို ၁၇၇၈ ခုနှစ် တွင်မှ တည်ထောင်လာခဲ့ရာ (၁၃) နှစ် မျှ ရှိသေး သည်။ စကာလိပ်ကျောင်းအဆောက် အဦး ကျောင်းကြီး များကို ၁၄၂၀-ခုနှစ်က စတင်ဆောက်လုပ်ခဲ့ရာ-အနှစ် (၅၄၁) နှစ်ရှိ ပြီဖြစ်၍ အချို့နံရံများ၊ ကျောက်တုံးများမှာဆွေးလာသဖြင့် မူလပုံမပျက်စေဘဲ အပြင်ဘက်က ကျောက်တထပ်ကပ်ခါ ပြန် ပြင်နေသည်ကို တွေ့ရသည်။ ကျောင်းသားများမှာ နွေရာသီ ကျောင်းပိတ်ရက်ဖြစ်၍ ခရီးထွက်နေကြသည်။ ပြင်သစ်, ဂျာမန်, အီတလီ, ဆွီဒင်, ဆွီဇာလန်, စသောနိုင်ငံများ သို့ အသင်းအဖွဲ့အလိုက် သွား ကြခါ ဗဟုသုတ ရှာမှီး နေကြ လေသည်။ ကျောင်းသားတဦးလျှင် အိပ်ခန်းတခုနှင့် စာဖတ် ခန်း-စားပွဲကုလားထိုင် အီဒိုစသည် အပြည့်အစုံ ကိုယ့်နေရာ နှင့်ကိုယ် နေရပုံကိုလည်း တွေ့မြင် ခဲ့ရသည်။ ကမ္ဘာ ကျော် ကျောင်းတော်ကြီးဖြစ်သော်လည်း ရှေးအဆောက် အဦးများ အတိုင်းရိုးရှိုးပင်ရှိသည်။ ဘုန်းကြီးများက စတင်တည်ထောင် ခဲ့ပြီး- အဆက်ဆက်ဘုန်းကြီးများပင် အုပ်ချုပ်လာခဲ့ သဖြင့်၊ ရှုပ်ရှုပ်ထွေးထွေး နိုင်ငံရေးပယောဂတို့ ကင်းစင်လျက်ရှိသည်။ ကျောင်းအုပ်ကြီး ၏ အိမ်မှာလည်း ကျောင်းသား နေသော အခန်းများနှင့် ဆက်လျက်ကျောင်းသား-၄-ဦး၏ နေရာလေး ပင် ရှိပေမည်။ ကြီးကြီးကျယ်ကျယ် ထယ်ထယ် ဝါဝါ မရှိ

လှပေ။ ကောင်းအုပ်ကြီးမှာ အာသက် ၇၀ ကျော် နေသော ပုဂ္ဂိုလ်ကြီးပင်ဖြစ်နေရာအလွန် စိတ်ကောင်းသော အဘိုးကြီးပင် ဖြစ်သည်။ ဤတက္ကသိုလ်ကျောင်းတော်ကြီးမှ ကင်တာဘာရီဂိုဏ်းချုပ်ကြီးနှင့် မင်းညီ မင်းသားများ မှူးကြီး မတ်ကြီးများ ဝန်ကြီးများ ဖြစ်လာသူများကို မွေးထုတ် ပေးလိုက်သည်မှာလည်း များလှပေသည်ဟု ကျောင်းအုပ်ကြီးက လိုက်လံ ရှင်းပြလေသည်။ ယခုဗြိတိသျှဘုရင်မနှင့် ကြင်ယာတော် မင်းသားကြီးတို့ပင် မကြာခင်က လာရောက် လယ်ပတ်ကြည့်ရှုပြီးလျှင် ကျောင်းသားများ၏ ထမင်းစားခန်းကြီးအတွင်းရှိ ဤစားပွဲတွင် ထိုင်၍ စားသောက်သွားသည်ဟု လက်ညှိုးထိုးခါပြလေသည်။

## ညှဉ်ခံပွဲဆုံးနွှဲပွဲ

အောက်စဖို့တက္ကသိုလ်ကြီးကို ကြည့်ရှုပြီး ပြန်သောအခါ ဗြိတိသျှ ကောင်ဆယ် မှ ကိုယ်စားလှယ် ၏ နေ အိမ် ရှေ့ ဦးမျက်ခင်း တွင် ညှဉ်သည် များပါ ဘိတ်၍ လာကာရေ ဖြင့် ညှဉ်ခံသည်။ ဘုန်းကြီး ကိုမူ သံပုရာဖျော်ရေ ကပ်ပေသည်။ တရား ဝန်ကြီး ဦးချန်ထွန်း အား ရာရှား တွင် မြင်ခဲ့ ရ ပုံကိုမေးသဖြင့် ပြောရသည်မှာလည်း မနားတန်းဖြစ်ပေသည်။ အောက်စဖို့တွင် ပညာသင် နေသော အင်္ဂလိပ် ဗုဒ္ဓ ဘာသာ ကျောင်းသားတဦးနှင့် ယိုးဒယားမယ်ကလေးတဦးက အဘိဓမ္မာတရားအကြောင်းကို ကျနုပ် အား မေးသည် မှာလည်း မနားတန်းဖြစ်ပေသည်။ စကား လက် ဆုံပြော မကုန် ကြပဲ အချိန်နာရီစေ့သဖြင့် ဝမ်းသာအားရနှုတ်ဆက်ကြပြီးလျှင် မိုင်

၄၀ ဝေးကွာတဲ့ လန်ဒန်မြို့ကြီးသို့ (အော်တိုဘန်) ခေါ်ဆောင်သွားလမ်းပြန်လမ်း ၂-လမ်းတို့ဖြင့် ဖေါက်လုပ်ထားသော လမ်းမကြီးမှ ပြန်လာခဲ့ရပေသည်။ လမ်းခရီးတလျှောက် ရှုခင်းသာကျေးရွာများနှင့်- ဘောက်ဆောမော်တော်ကား စက်ရုံ ၂ား, အော်စဘင် မော်တော်ကားစက်ရုံမျ ား, ကလေးစီးမော်ကားစက်ရုံများ၊ ဘိုင်စကယ်စက်ရုံများ၊ ဆိုင်ကယ် စက်ရုံ များ၊ စသည်တို့ကို တွေ့ရသည်မှာ ဝမ်းသာအားရစရာကြီးပင်။ ယခုချက်ချင်းဝယ်ယူ၍ မိနစ်အတွင်းမှာပင်မောင်းယူစီးနင်းသွားနိုင်ပေသည်။

(၃-ဂ-၆၁) နေ့မှ (၅-ဂ-၆၁) နေ့အထိ ၃ ဂ်အထိ ကျနုပ်သည် လန်ဒန်မြို့တွင် အနု းယူလျက်နေလေသည်။ ရန်ကုန်မြို့ကျနုပ်၏သြဝ ါဒခံမစ်လာဂတိဝိသုဒ္ဓိ အသင်းကြီး၏ဒု ဥက္ကဋ္ဌကြီးဖြစ်သော ရန်ကုန်မြို့ ကျောက်မြောင်းရပ် ေန မီးရထဝး ဘုတ်အဖွဲ့ ချယ်ယာမင်ဟောင်း ဦးမောင်မောင် ဒေါ်ညွှန့်ညွှန့်တို့၏သားနှင့် သမီးဖြစ်သော မစ္စတာစပင်ဆာနှင့် ဒေါ်မြမြတို့၏အိမ်တွင် ခေတ္တ သီတင်းသုံးနေထိုင်ခဲ့ပေသည်။ ကျနုပ် အတွက် နံက်ဆွမ်းနေ့ဆွမ်းတို့ကို သဒ္ဓါတရားထက်သန်စွာထား၍ ကျေးဇူးလှူဒါန်းကြပေသည်။ လန်ဒန်မြို့၏ နေရေး ထိုင်ရေး စားသောက်ရေးတို့က ား ကြီးမားလှပေသည်။ လူသာမန်ပုဂ္ဂိုလ်တဦးသည်တလလျှင် မြန်မာငွေ ၇၅၀-ရမှ သာလျှင်သင့်တင့်ရုံမျှရှိပေသည်။ မစ္စတာစပင်ဆာ နှင့် ဒေါ်မြမြတို့မှာ ဇနီးမောင်နှံ နှစ်ဦးလုံးပင် အလုပ်ကိုယ်စီနှင့် နေထိုင်ရပေသည်။ သမီးကလေး ၃ ယောက်ကို ပညာသင် ပေးလျက်နေရ

သော လန်ဒန်မြို့၏ ကုန်ကျစရိတ်မှ မသက်သာ လှပေ။ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တာအိမ်ထောင်လျှင် တယောက်အာလုပ်လုပ်ပါမူ စားဝတ်နေရေး ပြည့်စုံနိုင်ပေသည်။ လန်ဒန်မြို့တွင်မူ လူရှိသမျှ အလုပ်လုပ်ရမှသာလျှင် စားဝတ်နေရေးပြည့်စုံနိုင်ပေသည်။ ကျွန်ုပ်အား နေ့စဉ် (၇) ရက်ခန့် ဆုံးကုန်းစတ်ဖြင့်ပြုစုရရှာသော မစ္စတာစပင်ဆာနှင့် ဒေါ်မြမြတို့၏ သဒ္ဓါတရားကား ချီးကျူးဘွယ် ကောင်းလှပါပေသည်။ သူကကျွေးခြင်း ငါကစကျွေးခြင်းနှင့် သဒ္ဓါခါတ်ပြင်းလှသော လန်ဒန်မြို့နေ မြန်မာလူမျိုးတို့မှာ သြော် ငါတို့ဗုဒ္ဓဘာသာဝင်များသည် ဘာသာရေးတွင်တကယ် ကိုင်းရှိုင်းကြပါတကား၊ ကျွေးခြင်းမွေးခြင်းသော စိတ်အစဉ်ကလေးသည် အလွန် ရခဲသော ဒုလ္လဘဖြစ်သော သူတော်ကောင်းတို့၏ ဥစ္စာ ကိန်းအောင်းလျက်နေပါတကားဟု ချီးကျူးမိပေသတည်း။

## လန်ဒန်ညှဉ်ခဲပဲနှင့် အာသံလှဉ့်တရား

(၁-ဂ-၆၁) နေ့တွင် လန်ဒန်မြို့ ပတ်ဟော်တယ် ကြီးတွင် ပြိတိသျှကောင်ဆယ်မှ နေ့-၁၁-နာရီအချိန် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမစ်ရှင်အဖွဲ့ကြီးအား ဂုဏ်ပြုညှဉ်ခဲပဲ ကျင်းမထူ မြန်မာနိုင်ငံ နေထိုင်ခဲ့ဘူးသော ဘုရင်ခံများ၊ မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးဟောင်းများနှင့်မြန်မာပြည့်မှပြန်လာသော ခရစ်ယန် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ၊ ကုန်သည်ကြီးများ ဆာစာက်စဖို့ ကရစ်စသော ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၊ ကမ္ဘာ့အရှေ့ဖျားဒေသဆိုင်ရာအာတွင်းဝန်ကြီးများစသောပရိသတ်ကြီးများ ၅၀ ကျော်တို့ စုံညီစွာ စာက်ရောက် ကြသည်။

ကျွန်ုပ်အား ခရစ္စယန်ကိုဏ်းချုပ်ကြီးများက ဝိုင်းအုံ၍ရာရှားအကြောင်းကို မေးကြစုံစမ်းကြသည်။ သူတို့သိလိုသော အချက်မှာ ထူရှားနိုင်ငံ၌ ဘာသာရေး အဟုတ် ရှိပါရဲ့လား ဟူသော မေးခွန်းကိုထပ်တလဲလဲမေးမြန်းကြသည်။ ကျွန်ုပ်သည် ရာရှားနိုင်ငံ၌ ဘာသာရေး အမှန် ရှိပါသည်။ လွတ်လပ်စွာကိုးကွယ်ခွင့်ရရှိပုံတို့ကို အကျယ်တဝင့် ရှင်းလင်း ပြောပြခဲ့ပါသည်။

ညနေ-၅-နာရီတွင် ကမ္ဘာကျော် ဘီဘီစီ အသံလွှင့်ရုံကြီးမှ လာရောက်ပင့်ပြီးလျှင် ၁၅ မိနစ်တိတိ ကမ္ဘာသို့ အသံလွှင့်တရားပေးခဲ့ပါသည်။ ထူရှားပြည်၌ဘာသာရေးရှိပုံ၊ ရာရှားလူမျိုးတို့ ဗုဒ္ဓဘာသာ၌ ရှိသေကိုင်းညွတ် ရှိပုံတို့ကို အကျယ်တပင့်ရှင်းလင်းလျက် အသံလွှင့်ပေးခဲ့ပေသည်။

## သာသနာပိုင်ကြီးညွှန်ခံပွဲ

(၂-၈-၆၃) နေ့တွင် လန်ဒန်ပြူ ဝက်စမင်နစ်စတာ သာသနာပိုင်ကြီး၏ ညွှန်ခံပွဲသို့ တက်ရောက်ရပေသည်။ ကျွန်ုပ် တို့ သာသနာပိုင်ကြီး၏ ကျောင်းဝင်းအတွင်း ရောက်လျှင်ရောက်ခြင်း သာသနာပိုင် ကြီးကိုယ်တိုင် ကျောင်းပေါ်မှ မြေပြင်ဆင်းလာခါ ခရီဦးကြိုပြုပေသည်။ ရှိုးရိုးရှပ်ရှင်နှင့် ရှပ်မြင် သံကြားရုပ်ရှင်တို့ကလဲ တဝိုဝိုနှင့်ရိုက်နေသည် သထင်းတောက်တော့ကလဲ ခါတ်ပုံရိုက်နေကြကည်၊ သာသနာပိုင် ကြီးသည် ကျွန်ုပ်ကို လက်ချင်းတွဲခါတ်ခါ ကျောင်းပေါ်သို့ ခေါ်သွား ပြီး



သာသနာ ပိုင်ကြီးနှင့်အတူ

နေရင်းဦးကောဝိဒဆရာတော်အား တွေ့မြင်ရပုံ

ည့်ခံရာဌာနတွင် အတူထိုင်ကြသည်။ ခရစ္စယန် ဘုန်းတော်ကြီးများ အများအပြားတွေ့ရသည်။ စကားလက်ဆုံပြောကြသောအခါ ရာရှားမှာ ဘာသာရေးအဟုတ်ရှိရဲ့လား၊ ဘုန်ကြီးစျင်း လိမ်မပြောပါနဲ့ ဟုပင် မေးမြန်းခြင်း ခံရ ပေသည်။ ရာရှားနိုင်ငံ၌ ဗုဒ္ဓဘာသာ၊မူဆလင်ဘာသာ၊ခရစ္စယန်ဘာသာတို့ တကယ်ရှိနေကြောင်း၊ လုတ်လပ်စွာဖြင့် ကိုးကွယ်ခွင့် ရှိပုံကု ကိုယ်စားမြင်ရပုံတို့ကိုပါဖြေရှင်းခဲ့ရပေသည်။

ည့်ခံပွဲပြီးသောအခါဝက်စမင်နစ်စတာဘုရားရှိခိုး ကျောင်းကြီးကို လိုက်လံပြသပေသည်။ ရှေးနှစ်ပေါင်းများစွာကတည် ရှိခဲ့သော ဘုရားရှိကျောင်းကြီးတွင် အတွင်းဘက်၌ ခြုံးပန်း ခြုံးနှယ် ဆန်းကြယ်သော ပန်းနှယ် ပန်းခက် ပန်းတက် ပန်း ဖူးကလေးများဖြင့် ဝေဆာနေပုံကိုမြင်ရသောအခါရှေးခေတ် ပန်းချီ ပန်းပု အနုပညာလက်ရာတို့၏ အံ့သြ ချီးကြူး မကုန် နိုင်ပုံကို မြင်ရပေသည်။

ဝက်စမင်နစ်စတာ ခရစ်ယန် သာသနာပိုင် ဂိုဏ်း ချုပ် ကြီးသည် အင်္ဂလန်နိုင်ငံဘုရင်နှင့် ဘုရင်မ အပေါ်၌ ပင်လျင် စာန်ခိုးသြဇာ ကြီးမားလှုပါပေ၏။ ဝေလမင်းသားခေါ် အက် ဒွပ်ဘုရင် နန်းစွန့် ရသည် မှာလည်း ဤ သာသနာ ပိုင်ကြီး သဘောမတူ၍ ဖြစ်ပေသည်။ သာသနာပိုင်ကြီး၏ အခမ်းအ နား အဆောင် အယောင် တို့ကား ကြီးကျယ် လှုပါပေသည်။ ဇက်စမင် နစ်စတာ ဘုရား ရှိခိုး ကျောင်း ကြီး သည် ကား အင်္ဂလန်နိုင်ငံ ဘုရင်အပေါ်င်းတို့၏ သရဖူဆောင်းခါ ဘိုက် သိက်ခံယူဆုဌာနကြီး ဖြစ်ပေသည်။ ဘိုက်သိက်ခံယူရာ ရာဇ ပလ္လင်ကိုလည်း တွေ့မြင်ခဲ့ရပေသည်။

ဘိသိက်ခံရာ ကျောင်းကြီးအတွင်းတွင် ရှေးဘုရင်အဆက် ဆက်တို့၏ အလောင်းများကို မြုပ်နှံတားသော ဂူများ ထား ရှိခြင်း ထိုဂူအထက်မှ ဘုရင့် ပုံတူ များကို ထုလုပ် တင်ထား ခြင်း၊ ကမ္ဘာကျော်စာရေးဆရာကြီးများ၏ အလောင်းများ ကို မြုပ်နှံ ထားခြင်း၊ ထိုမြုပ်နှံထားရာဒေနရာနှင့် အနီးတွင်ပင် ဘိသိက်ခံခြင်း ပြုလုပ်ပုံတို့မှာ ကျနုပ်တို့ ဗမာ့အယူအဆနှင့်

အလွန်ကဲခြားလျက် ရှိပေသည်။ ဘုန်းတန်ခိုးကြီးလှသော ရှေးဘုရင် အဆက်ဆက်တို့ကဲ့သို့ ယခု ဘုရင်သစ် မှာလည်း တန်ခိုးတက်စေလိုသဖြင့်၎င်း၊ ရှေးဘုရင်ဟောင်းအဆက်ဆက်တို့၏ စောင့်ရှောက်ခြင်းကို ခံယူလိုသဖြင့်၎င်း ပြုလုပ်ကြဟန် လက္ခဏာရှိကြောင်းနှင့် ကျွန်ုပ် စဉ်းစားမိပေသည်။ ။

## ပြည်တော်ပြန်ပြီ

(၆-၇-၆၃)နေ့ နံက် ၉-နာရီထွက်(ပီအေအေ)ခေါ် ပင်အမေရိကန် လေယာဉ်ကြီးဖြင့် ကျွန်ုပ်တို့သည် မြန်မာပြည်သို့ ပြန်လာခဲ့ကြပေသည်။ လန်ဒန်မှ ဂျာမဏီပြည် ဖရင့်ကဖတ် မြို့သို့။ ၎င်းမှတဖန် ဩစတြီးယားပြည် ဗီယာနာမြို့သို့။ ၎င်းမှတဖန် အိုစတန်ဘူမြို့သို့။ ၁-နာရီခရီးစီး။ မိနစ် ၂၀-စီးသည်။ ၎င်းနောက် တူရုကီပြည် ဘီရုမြို့သို့ ၂-နာရီခရီး။ နာရီဝက်နား။ ၎င်းနောက် ပါကစ္စတန် ကရာချီမြို့သို့ ၄- နာရီခရီး နာရီဝက်နား။ ၎င်းမှရန်ကုန်သို့ ၄-နာရီ လေယာဉ်စီးလျက် ရန်ကုန်မြို့သို့ နံက် ၉ နာရီအချိန် ပြန်ရောက် လေသည်။ လေယာဉ်စီးသောနာရီ ၁၃-နာရီ နားသောနာရီ ၂-နာရီဖြင့် လန်ဒန်မှ ရန်ကုန်သို့ ရောက်ရပေသည်။

ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ရောက်သောအခါ ကျွန်ုပ်၏ သြဝါဒခံ ဖြစ်ကြသော မင်္ဂလာဂတိ ဝိသုဒ္ဓိအသင်းမှ ဥက္ကဋ္ဌ အကျိုးဆောင်စသော အသင်းဝင်းဝင်များ၊ တမယ် လူမျိုး ဗုဒ္ဓဘာသာ အသင်းဝင်များ၊ တရုပ် ဗုဒ္ဓဘာသာ အသင်းဝင်

မျှား စသော ပရိသတ်ပေါင်း (၅၀၀)ကျော် တို့သည် "ကျမ္မာပါစေ, ချမ်းသာပါစေ, အောင်ပါစေ, စသော ဇေယျမင်္ဂလာထုတို သြဘာသံမျှား ကြွေးကျော်လျက် ကြိုဆို ဖူးမြော်ခြင်းကို ခံယူလျက် ဇာတိချက်ကြွ မြန်မာပြည်သို့ ပြန်ရောက်ရလေသည်။

ကျွန်ုပ်သည် လန်ဒန်မြို့မှ မြန်မာနိုင်ငံသို့ ပြန်လာသော ခရီးတွင် ပင်လေယဉ်ကြီးဖြင့် ချမ်းသာစွာ လာခဲ့ရပေသည်။ ဆိုဗီယက် ရုရှားနိုင်ငံတွင် တလကြာ ခရီးလှည့်လည်ရာတွင် ရောက်ရာ ဌာန မြို့ရွာတိုင်းတို့တွင် ဆိုဗီယက်ပြည်သူ ပြည်သားမျှားသည် သူတို့၏ခေါင်းဆောင်ကြီး မဟာလိနင်အား အလွန်လေးစား ရိုသေကိုင်းရှိုင်းကြပုံကို တွေ့မြင်ခဲ့ရပေသည်။ မြို့မျှား၌၎င်း၊ကျေးရွာမျှား၌၎င်း၊လမ်းဆုံလမ်းခွ ပန်းဥယျာဉ် စသော အချက်အချာ နေရာတိုင်း၌ လိနင်၏ ရုပ်ထုကြီးမျှား ဖြင့်၎င်း ရုံးမျှား၊ ကျောင်းမျှား အိမ်မျှား၌လည်း လိနင်၏ စာတ်ပုံမျှားကိုဎင်း၊ ရိုသေ ကိုင်းရှိုင်းစွာ ပူဇော် ထားပုံကို တွေ့ခဲ့ရခြင်း၊ လိနင်၏ အလောင်းဂူထားရာ မော်စကိုကရင်မလင် နန်းတော်ဝန္ဓိ ယင်ပြင်နှီ နေရာ၌ နေ့စဉ် လူဦးရေသောင်းကျော် သိန်းနှီး ပရိသတ်ကြီးတို့သည် နေပူ မိုးရွာထဲ၌ပင် တိုးဝှေ့၍ သူထက်ငါ တန်းစီကာ ပူဇော်ရိုသေနေကြပုံကိုတွေ့မြင်ခဲ့ရသဖြင့်၎င်း၊ရုရှားနှင့် လိနင် လိနင်နှင့် ရုရှားနောင်သောအခါ ဘုရားတဆူလို ကိုးကွယ်ကြတော့မှာ ပါတာကားဟူ၍ မြင်ရောင်မိုဖြိုးလျင် အောက်ပါ သံဝေါ လေးချိုးကြီးဖြင့် ချီးကျူးမိလေသည်။

## လီနင်ဘွဲ့လေးချိုးကြီး

ကမ္ဘာနီစာခွင် အပြည်ပြည်တွင်တည်ထွင်ထားပုံက၊ မဟာလီနင်ကို ဘုရင်အလားကဲ့သို့၊ အထင်အရှားရှိနေတယ်။ ။

လမ်းလေးခွရယ်နှင့်၊ အလှမ်းမဝေးလှတဲ့ ပန်းခြံတို့ပြင် လမ်းမှန်အောင်ပြတဲ့ ရုံးတိုင်းမှာပင်၊ လေးစားကြတယ်၊ ရှေးဘုရားများအတိုင်းပင်။ ။

လူအပေါင်းတို့ရယ်က၊ သရဖူ မဆောင်းသော်လဲ သူပဲကောင်းတယ်လို့၊ ပြောနေကြပါပကော၊ လောကတွင် များစွာကုန်လေတယ်၊ ပြိုင်ပေမယ်လို့ရနိုင်ဘူး။ ။

ကမ္ဘာဦးမှာလ၊ ဗြဟ္မာအထူးရယ်တို့၊ လာဘူးကြတဲ့ ပုံပမာလို့၊ ယုံစရာ သူတို့ ပြလေတော့၊ လူတို့ကလဲ မငြင်းနိုင်၊ စာရင်းကိုင်ခါ ကြီးပွားပုံ အချက်တို့ကိုလဲ အချက်ကျကျ ပြခါ၊ စက်ရုံကြီးတွေ တိုက်တာကြီးတွေကြောင့်၊ ဂိုက်ပါဝါကာလဲကြီးလှတယ်၊ နည်းအသွယ်သွယ်-ပရိယာယ်တို့ကြောင့်၊ သိစဖွယ်အလွန်ခက်လှချေရဲ့၊ ချွန်တက်နေတဲ့ အာဏာစက်ရယ်ကြောင့်၊ ကမ္ဘာအထက်မှာ တံခိုးကြီးလှပြီပေါ့၊ တမျိုးပြီးတမျိုးဖြစ်ပုံ ဆန်းလှချေရဲ့၊ အလှမ်းမဝေးလှတဲ့ နှစ်များရောက်ရင်လ၊ အစစ်ဘုရားလိုပင် ဖြစ်များ ဖြစ်ကုန် ကြမလား-ကရို့ရယ်။ သူတို့ဆရာ(လီနင်)ကို အထူးမြှောက်ထားပုံက၊ ထဆူးစါတို့ ဘဂဝါလို ဖူးမြော်နေကြတယ် (ကွယ်တို့ရယ်) နှစ်ဦးမမြော်နိုင်အောင် လုပ်၍ ထားချေပြီတကား။ ။

## ကမ္ဘာသာသနာပြုရေး အတွက် စဉ်းစားချက်

ဂင်းပြင် ကျွန်ုပ်သည် ကမ္ဘာအရပ်ရပ်၌ ဗုဒ္ဓဘာသာ ပြန့်ပွားရေး ဆောင်ရွက်ရန် ကိစ္စများ တကယ် အောင်မြင်စွာ ဆောင်ရွက်ရေး ကိစ္စအတွက် စဉ်းစားလိုက်သောအခါ ဥဆော ပ ကမ္ဘာအရပ်ရပ်၌ ရာသီဥတု အခြေအနေ စားသောက် နေထိုင်ကြပုံ အခြေအနေတို့ကို မြော်တွေးပြီး အောက်ပါ သံဝဂ လေးချိုးကြိုးဖြင့် ငြီးတွားလိုက်လေသည်။

## ကမ္ဘာတွင် သာသနာပြုရေး အတွက် မျှော်တွေးပုံ လေးချိုးကြိုး

ကမ္ဘာမှာ သာသနာပြု ရန်အတွက်၊ ငါဆရာ အခါခါ ရှု
လိုက်တဲ့အခါ၊ (ကွယ်တို့ရယ်) မသမာမှုတွေက ခက်နေတယ်။။

ညွှန့်ခံပဲတိုင်းမှာလ တကယ်အမှန် ပြောရလျှင်၊ အရက်
ခွက်ခွတ် ကိုယ်စီကိုင်လျက်၊ ထိုထိုကျိကျိ ထိုင်ရာမှ အကုန်
ထလျက်၊ ယုံကြည်ရန် ဆုကိုတောင်းပြီးလျှင် လူ့ အလိုကို
ပြခါ သောက်နေကြပုံတို့ရယ်၊ ကြောက်စရာဖြစ်ကုန်တယ်။ ။

အရက်ဆေးသောက်ဆိုတာရယ် အရှက်အကြောက် မရှိနိုင်တဲ့
အကုသိုလ်တရားပါလ၊ အကုသိုလ်နှင့် ဆုကိုတောင်းရင် ဖြစ်
နိုင်စရာ အကြောင်းရှိပါသလား၊ ဒီလိုသာ ဖြစ်နိုင်တဲ့ သဘော

မျှား ရှိရင်လ၊ ဖြည့ဖဟိုမှာ စနစ်ခိုင်လှတဲ့ စောဘုရားတောင်ပဉ်ဘိုရာ မရှိပါဘူး၊ ကဝံဆုရာ အခါခါ တွေးလိုက်လျှင်၊ အဘိဓမ္မာသာသနာ အရေးတွေကြောင့်၊ ကမ္ဘာဒေးဘို မဖြစ်နိုင်တယ်၊ အသစ် အဆိုင်ဆိုင် ဖြစ်နိုင်ပါ့မလား မုနိရဲ့ ဗုဒ္ဓဘာသာ တရား (ကွယ်တိုရယ်) အပြစ်တွေက ခိုင်လှပါကလား၊ ယခုရှိတဲ့ ထုပ်ပြ စရာတွေကမျှား။ ။

ဘုရားသာသနာ အသားပါအောင် တကယ်ပြုဘို့အတွက် ဘယ်သူ့ဘယ်ကိုမှလဲမငဲ့သာ၊ တကဲ့အရာအခါခါရှုလိုက်တော့ ရာသီဥတုကလဲ မကောင်းပါ၊ အခြောင်းအရာ တရားဟောတဲ့ အခါမှာလဲ၊ ဘုရားဟောတဲ့ ပါဠိအတိုင်းကလဲ မဟောနိုင်။ သဘောပုံအောင် ဘယ့်နယလုပ်ပမလ၊ အဟုတပ စားရေးသောက်ရေး အတွက်ကလဲ ဘုရားပေးတဲ့ အချိန်နဲ့လဲ မကိုက်ပေ၊ စရိုက်တွေကလဲ တမျိုးဖြစ်၊ ဆိုးညစ်တဲ့ကံကြမ္မာကြောင့် သံသရာနစ်ပုံ သနားခွင့် ကောင်းလှချေရဲ့၊ ဘုရားပွင့်တဲ့ သာသနာနှင့် တွေ့သော်လဲ၊ တကျာမာနတွေ မခွာချ နိုင်သဖြင့် ဒါယကာဒါယကာမတွေမှာ အပါယာမှာနစ်ရတော့မှာ ထင်ရဲ့၊ ဖြစ်နေတဲ့ ဘာဇာတ်ရယ်က၊ အစသတ်နိုင်ရန်ခဲရင်း လှချေပြီခပါ့၊ ငရဲမင်းလိုက်နေတဲ့ သဘောတွေကြောင့် ကောဆာမထေမှာ သြကာသတွေ ဆိုလိုက်ခြင်ပါဘိ၊ စောဘဂဝါဘုရား၏ သာသနာတည်ရန်အတွက်၊ ပါရမီရှိသူသာ တကယ်ရထိုက်ပါရဲ့၊ ဘယ်ဘာမှ မိုက်စမသတ်တဲ့ အဝီဇိုကိုလ၊ စိတ်နာစရာ တကယ် ကောင်းလှချေရဲ့၊ အပါယ်အပေါင်း အဟုတ်ကင်းပါစေလို့ သူတို့ကို သနားသဖြင့် ယခု မြောပြီးလျှင် စာဆုဒိုဘုရား ပံမှုလ၊ ဆုဇာဝ်ကိုတောင်းခဲ့လေပြီတကား။ ။

# သာကဒိုးဧပေနချက်

ကျွန်ုပ်တို့ မြန်မာနိုင်ငံသို့ ပြန်ရောက်သောအခါ သတင်းစာ ကွန်ဖရင့် ကျင်းပခြင်း, သတင်းထောက်များ-စာရေးဆရာများ၊ ထင်ရှားသော ဘာသာရေးအသင်းအဖွဲ့များက လာရောက် ဧမးမြန်းကြခြင်း၊ ဆယ်တော် သံဃာတော် များက လာရောက်ဧမးမြန်းကြခြင်း၊ နယ်လှည့်၍ တရားပွဲကျင်းပရတို့၌ ရဟန်းရှင်လူအပေါင်းတို့က လာရောက် မေးမြန်း ကြခြင်းတို့ကြောင့် ကျွန်ုပ်မှာ နားခွင့် မရတော့ပေ။ ရောက်လေရာဌာနတိုင်းမှ ရဟန်းရှင်လူ အပေါင်းတို့သည် ကျွန်ုပ် အား ရာရှားပြည့်၌ ဧတ္တကြုံခဲ့ရပုံတို့ကို စာတအုပ်ထုတ်ရေးပါ ဟု တောင်းပန်ကြခြင်း၊ ထို့ကြောင့် ဤစာအုပ် ထုတ်ဝေ ရခြင်းဖြစ်ပေသည်။ မေးမြန်းကြသူ အပေါင်းတို့တွင် မြန်မာနိုင်ငံ ဟာသစာရေးဆရာကြီး သာကဒိုးက ကျွန်ုပ်နှင့်တွေ့ဆုံ၍ ပြောဆိုပုံအကြောင်းတို့ကို (၁၇-၈-၆၁) နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ အောက်ပါအတိုင်း ပါရှိခဲ့လေသည်။ ထို့ဆောင်းပါး ကို ရွှေဦးက မပါရှိ သောကြောင့် ထပ်မံ၍ အောက်တွင် ဖော်ပြထားပါသည်။

ဧကြောမိုက ကမ္ဘာလှည့်၍ ကြွတော်မူလာသော ဆရာတော် နေရင်းဦးဇကာဝိဒသည် ကွန်မြူနစ် ရာရှားပြည်၌ ထူးခြားသော ဗုဒ္ဓဘာသာပြည်နယ်ကြီး [illegible]နယ် ရှိနေသည်ကို တအံ့တသြတွေ့ [illegible]ခဲ့၏။ သို့သော် တိရစ္ဆာန်ရိုင်းများမှာ မဟာသာနဖြစ်ကြသည်ဒေသ၊ ခြားဗုဒ္ဓဘ သာ

အဖေါ်နိုင်ငံတို့နှင့်လည်း အဆက်ခပ်ပြတ်ပြတ်မို့ အလေ့ကျပင်မျိုး နည်းနည်း ဖြစ်နေကာ ဗုဒ္ဓကပြား၊ ဗုဒ္ဓဖက်စပ် ဖြစ်ချင်နေသည်ဆို၏။

ဆရာဘော်က သာကဒိုးအား အတွေ့အကြုံများ မိန့်ကြားစေတော်မူသည်။ ဗုဒ္ဓဘာသာနှင့်ကြည့်လျှင် ကွန်မြူနစ် အစိုးရသည် ဒေဝဒတ်နီးပါး တွေးထားဘို့ ဖြစ်သော်လည်း ထို ဒေဝဒတ်သည် သိပ်မိုက်လှပုံတော့ မရတော့ချေ။

ဆရာတော်။ ။ရုရှားပြည်မှာ ဗုဒ္ဓဘာသာ ပြည်နယ်ကြီး ၂-ခု ရှိနေတယ်ဆိုတာ ရုတ်တရက်ယုံဘို့တောင် ခက်တာပေါ့။ ဘုရိယတ် ပြည်နယ်တဲ့၊ ချိတပြည်နယ်တဲ့၊ တနယ်လုံးမှာ ၉၀-ရာခိုင်နှုန်း ဗုဒ္ဓဘာသာကို ကိုးကွယ်တယ်။ ဘုရားကျောင်းကန်ကြီးတွေ တရားပွဲကြီးတွေနဲ့ စီစီကို ဝေလို့။ ပထမတော့ တမင်ဆင်ထားတဲ့မျက်လှည့်လားလို့ ကိုယ့်မျက်လုံးကတောင် တယ် မယုံဘူး။ သို့သော် တနယ်လုံးကို မျက်လှည့်အကြီးစားလုပ်ထ ားဘို့ကတော့ စဉ်းစားကြည့်ပေါ့ကွယ်။

ဒိုး။ ။မှန်ပါ။

တော်။ ။ဥလဲဥဒေးမြို့တဲ့၊ ချိတမြို့တဲ့။ အဲဒါ ရုရှားပြည် ဗုဒ္ဓဘာသာ မြို့ကြီးတွေပေါ့။ သို့သော် သူတို့ ဗုဒ္ဓဘာသာက မူရင်းဘာသာနဲ့ဆိုရင် နဲနဲစတော့ မိုဝေးဖဝေးလိုတော့ ဖြစ်နေပေါ့ကွယ်။ သူတို့ကဘုန်းကြီးကို ပူဇော်ထာမှာ အသားကို ထိကိုင်ရမှ ကျေနပ်ကြတာယ်။ ဒို့လဲ သူတို့လဲ ကျေနပ်အောင် ခြေကိုင် ဒူးကိုင် အကိုင်ခံ နေရဘာပါကွယ်။

ဒိုး။ ။အမယ်- အသံယားစရာ ပါလားဘုရား။

တော်။ ။ပီး ထူးခြားတဲ့ဂာက မုတ်ဆိတ်ရင် မုန့် မုန့်လို့ ဆိုပြီး စိတ်တယ်၊ နေပူမိုးရွာမရွေ့ဝင် ဝက်တက်သလို ဘုရား ကျောင်းကန်တွေ ပစ်ပြီးပုတီး စိတ်ကြတာဘဲ။ မုန့်ဆိုတော့ ဒို့နဲ့ဒါတော့ ထပ်တူဖြစ်နေတာဘဲ၊ ပီးကဲ့ ရုရှား ဗုဒ္ဓဘာသာ တွေဟာ ထူးထူးခြားခြား တယ်လဲပုတီး စိတ်တာကိုး။

ဒိုး။ ။ဟာ၊ ဒါတော့ ဦးနု အကြိုက် ပါလားဘုရဲ့၊ ဦးနု ဆေ့မျိုးတော့ဘဲ။

တော်။ ။သူတို့က တိဘက်နဲ့ ဆုယ်တဲ့ ဗုဒ္ဓဘာသာတွေ့ ဆိုတော့၊ တိဘက် ပုံစံထင်ပါရဲ့ကဲ့၊ ငါတို့အသားထိ ပူဇော်ရုံ မက သူတို့ကိုလဲလက်နဲ့ခေါင်းကို ပြန့်ပုတ်ပုတ်ပေးမှ ကျေနပ်ကြတယ်။

ဒိုး။ ။ဟင်။

တော်။ ။ပီးတော့ သူတို့ရဲ့ ပုတီးစို့ ကျမ်းစာအုပ်တို့ ရေခွက်တို့ကို လက်နဲ့ ထိုက်ိုင် ပုတ်ပေးပြီး တတွတ် တွတ်နှင့် ဆုပေးလေ သူတို့ကျေနပ်လေဘဲ၊ ကောင်းခြင်း မင်္ဂလာတွေ့ ဓါတ်ကူးပေးတဲ့ သဘောပေါ့ကွယ်။

ဒိုး။ ။ဒ ၁း၊ အရှင်ဘုရားဟာက ဘိုးဘိုးအောင်စတိုင် ဖြစ်နေပါပေါ့လား။

တော်။ ။အေးသူတို့အကြိုက် သူတို့စရိုက်ပေကိုး။ သူ့ ဒေသ ထုံးစံဆိုတော့ ဒို့များလဲ လုပ်ပေးရတာပေါ့၊ အလှူ အ တန်းလဲအလှန် ရက်ရောပါပေတယ်။ ထောက်လေရာမှာ တရား

ဟောပါဆိုလို့ ဟောရသေးတယ်။ သို့ဆော် သူ့ခမြာမျှား တထူးနာရတာ မသက်သာရှာပါဘူး၊ တခါ တခါမိုးကြီး သဲနေတဲ့အထဲ ဇွဲနဲ့နာကြရတာကို၊ ဒို့ကလဲ လေးဘာသာနဲ့ဟောနေရတာကိုး။

ဒိုး။ ။ဘယ်လိုတုန်းဘုရား့၊ လေးဘာသာဆိုတာ။

တော်။ ။ဘုန်းကြီးက ဗမာလို့ဟောသက္ခဲ့၊ ဒါကို တထူးဝန်ကြီး ဦးချန်ထွန်းအင်္ဂလိပ်လိုပြန်သက္ခဲ့ ၊အင်္ဂလိပ်က တဖန် ထူရှားဘာသာပြန်ရသက္ခဲ့။ ရုရှားကတဖန် သူတို့ပြည်နယ်သုံး ပြည်နယ်ဘာသာကို ပြန်သက္ခဲ့။ ဒီတပုဒ်ကို လေးဘာသာဆင့်ဆင့် နေတာ့ ဘယ်သက်သာရှာကြမလဲ။

ဒိုး။ ။အင်း ရုရှားပြည်ကြီးမှာ ဗမာတို့လို တထူးဟောတာ အရှင်ဘုရားလဲ သတ္တိခဲပါဘဲ။

တော်။ ။အဲသလောက် အဆင့်ဆင့်ကြားက သူတို့လဲ ဇွဲနဲ့နာယူမှပေါ့၊ နိုင်ငံတခုက တွေ့မြင်ဖူးမျှော်ခဲလှတဲ့၊ ကုယ်တိုဗာသာဝင် ဘုန်းကြီးတပါး လာတထူး ဟောတာကို ဆေးမျိုးအရင်းကြီးလို စိတ်ထဲကြည်နူး ဖြစ်ပေါ်ပြီး အလွန်စိတ်ဝင်စားကြတာပေါ့။

ဒိုး။ ။တနည်းလဲ ဂေါတမ မြတ်ဘုရားဘုရား ဘက်လှည့်စပ်ရင် ဆေးမျိုးကြီးတွေပေါ့ ဘုရား။

ဆရာတော်တို့အား ရုရှားပြည်အနှံ့အပြား သွားလေရာတိုင်းသို့ ဆေးရက ဂရုပြုပို့ ဆောင်ခဲ့လေသည်။ အချို့ဒေသများမှာ သံတမန်များပင် မသွားရသော နေရာများ ဖြစ်ရာ

နောက်မှ အုံသြ ကြရလေသည်။ မူဆလင် ဘာသာဝင်တို့ ကြီးစိုးသော မူဆလင် နယ်ကြီးများသို့လည်း ရောက်ခဲ့၏။ ရုရှားတွင် ဗုဒ္ဓဘာသာနှင့်စာလျှင် မူဆလင်အင်အား အလွန် များသည်ဟု ဆိုလေသည်။ ရုရှားအစိုးရသည် ဆရာတော် တို့အား ရုရှားလောကနိဗ္ဗာန်ကို မြိုးစေလိုဟန်ထင့် အလွန် နာမည်ကျော်သော အလုပ်သမားအနားယူ ပင်လယ် စခန်း များသို့လည်း ပို့ခဲ့လေသည်။ ထင်ရှားသော ဆိုချိပင်လယ် အနားယူစခန်းတွင် အခြားနိုင်ငံတို့တွင် မိလို့နာ သူဌေးကြီး များသာ ဇိမ်ခံနိုင်သော နည်းမျိုးစုံဖြင့် အလုပ်သမား ခွင့် ရက်ရှည်သမားများ ဇိမ်ယူနေကြသည်ကို ကိုယ်တွေ့ ကြုံခဲ့ရ လေသည်။

ဆိုဗီယက်အစိုးရ၏ ဘာသာရေးဆိုင်ရာ ကောင်စီက ဆရာတော်တို့အားတပြည်လုံးကြလိုထူသို့တာဝန်ယူ ပို့ဆောင် ၏။ ဗုဒ္ဓဘာသာဒေသများအပြင် အာရှိနေထူဌ် ဗုဒ္ဓသာသနာ ဝင်များ မရှိတော့သော်လည်း အစောင့် အရှောက် အထိန်း အသိမ်းနှင့်ထားသော ဗုဒ္ဓကျောင်းကန်များရှိထူသို့ပို့မေး၏။

ထိုအဆောက် အဦးများကြည့်၍ မူလက ရုရှားပြည်တွင် ဗုဒ္ဓဘာသာ ဘယ်မျှ ထွန်းကားခဲ့သည်ကို ခန့်မှန်း နိုင်လေ သည်။ သို့သော် ကာလ ကြာရှည်ပင် အာသနာကိုအားပေး မှု၊ ထိန်းသိမ်းနိုင်မှု နည်းပါး၍ သာသနာသည် တိမ်ကောခဲ့ ဟန်ရှိ၏။ ဗုဒ္ဓဘာသာ တိုင်းပြည် ဖြစ်သော ဗမာပြည်တွင် ယင်းကြောင့်ပင် နိုင်ငံတော် ဘာသာအဖြစ် အစိုးရ ကိုယ် တိုင် ကိုးကွယ်မှု လိုအပ်ခြင်းဖြစ်သည်။

ဆရာတော်။ ။ငါတို့ လိနင်ဂရက်မြို့မှာ တွေ့တယ်။ သူ့တို့ ရွေးငှဲ့ ၁၀-သိန်းလောက် ကုန်တဲ့ ရောမ ဗုဒ္ဓဘာသာ ကျောင်းကြီး တကျောင်း၊ ဒါပေမဲ့ အဲဒ ါမှာ ဗုဒ္ဓဘာသာဝင် တွေတော့ မတွေ့ခဲ့ဘူး ဗုဒ္ဓဘာသာ ဝင်တွေ့ ကျောင်းကို အစိုးရကဘဲ စောင့်ရှောက် ထိန်းသိမ်းထားရတယ်။

ဒိုး။ ။ဟာ ဒ ါဖြင့် အဲဒီ လိနင်ဂရက် ကျောင်းမှာ အရှင်ဘုရား သွားပြီး သာသနာပြုအဖြစ် ကျောင်းထိုင်ပါ လား ဘုရာ့ ဟန်မှာဘဲ။

ထိုသို့ ဒိုးကလျှောက်မည်ပြုလိုက်၏။ သို့သော် ဆရာတော်က ဒိုးကို တကယ်ပြောတာလား၊ လျှောက်တွန်းတာလား၊ ခဲ့ရ ခက်ပြီး မျက်နှာ နီလာမည်စိုး၍ မလျှောက် ဖြစ်တော့ချေ။

ဆရာတော်က ရုရှားပြည်က ရလာဆေ ာ လက်နက် တစု ကိုလည်း ထုတ်ပြရာတွင် ရုရှားကလာတဲ့ လက်နက်ကို သွားယူ ပြစမ်းပါအုံးက တပဲ့ရ....။

ဆရာတော်နေရင်း ဦးဇောဝိဒက ရုရှားပြည် ကိုယ်တွေ့ ဗုဒ္ဓဘာသာ အကြောင်း မိန့်ကြားရင်း ကိုရင်ငယ် တပါးကို လှမ်းမိန့်ကြား၏။ ကိုရင်သည် ခွက်တခုနှင့် ထည့်ထားသော လောက်နက်တွေ့ကို ပြုံးပြုံးကလေး ယူလာ လေသည်။

တော်။ ။ဟောတာ ဝရဇိန်လက်နက်က။

ဒိုး။ ။ဟင်။

ဆရာတော်က ပလက်တီနံ အသားနှင့်တူဆော ဖြူဖြူ အသွား တခုကိုပြ၏။

ဒို့။ ။သိကြားမင်းဝရဇိန်လက်နက်က ဘယ်နှယ် ရုရှားပြည်ရောက်နေတာလဲဘုရာ့ ရုရှားနဲ့ သိကြားမင်းနဲ့ ဘယ်တုံးက ကျိတ်အဆက်အသွယ် ဖြစ်နေကြရတာတုံး။

တော်- တန်တော့၊ ဗုံလ်မှူး ဂါဂါရင်တို့ ဗုံလ်မှူးတစ်တော့တို့ အာကာသအရောက်မှာ သိကြားက ပေးလိုက်ထာလားသို့မဟုတ် သိကြားဝရဇိန်ကို ရုရှားတွေ့အလစ်သုတ် လာတာလား တွေးစရာပင် ဖြစ်သွားသည်။ ဒီဝရဇိန် လက်နက်ကို ကိုင်ကြည့်သောအခါ ရုပ်ဘရက် ရုရှား၏ ဒုတိယ ဂြိုလ်တု လိုလိုတူ၏။ သို့သော် ကိုင်ကြည့်သောအခါ ထိပ်ချွန်ချွန်နှင့် ဘက်နှင့် ပန်းတွေ့နှင့် နဂါးရှစ်ကောင် ဦးခေါင်းနှင့် သေသပ်လှပသော လက်ရာ ပစ္စည်းတခုဖြစ်သည်ကို တွေ့ရ၏။

တော်။ ။အဲဒီဝရဇိန် လက်နက်ကို ဘယ်လိုသုံးလဲဆိုတော့ ရုရှားဗုဒ္ဓဘာသာဆရာတော်တွေ သာသနာပိုင်တွေရဲ့ အခမ်းအနားတွေ အကန်တော့ခံပဲ့ တရားပဲ့တွေမှာ ရုရှားဒါယကာဒါယိကာတွေ ဘေးကင်းအောင် ရန်ကင်းအောင် ဆိုပြီး သာသနာပိုင် ဆရာတော်က ဒီလက်နက်နဲ့ ချိန်ရွယ်၍ ပစ်ခတ်ဟန်ပြုသကဲ့။

ဒို့။ ။အားပါး အသဲယားစရာပါကလား။

ထိုဝရဇိန်လက် ကလေးမှာ သေးသေးလည်း တစ်တစ် ကလေး လေးလေရာ မတော်မဆ ပစ်ချိန်ရင်း လက်လွတ်သွားပါက ဒါယကာမှာ တချက်ထဲ ဆွမျိုး မေ့သွားလောက်သည်။

ရုရှား ပုဒ္ဓဘာသာတို့၏ ထုံးနည်းစနစ်နှင့် အကျင့် အမူ လေးတွေမှာ ဒိုးတို့အာဘို့ အထူး အဆန်းမို့ ပြူးပြူးပဲပဲ ဖြစ် စရာချည့် ဖြစ်နေဘည်။ ကိုယ့်ပူဇော် ကန်တော့သော ဒါယ ကာအား ကောင်းခြီးပေးသောအားဖြင့် ငယ်ထိပ် ပုတ်ပုတ် ပေးရာတွင်အသုံးပြုသော ကျမ်းစာအုပ်ကလေးကိုလည်း ဆရာ တော်ထံတွင်တွေ့ရ၏။ သူတို့၏ထုံးစံများတွင် ဘိုးဘိုးအောင် လိုလို၊ မျော်လိုလို စတိုင်များ အလွန်များသတည်း။

ဘေးရန်ကင်းအောင်မန်းမှတ်သလိုပြုရခြင်း၊လက်နက်ပြရ ခြင်း၊ရေမန်းလိုလိုရေကိုရွတ်ဘတ်၍ပေးရခြင်း၊ဦးခေါင်းကိုထိ ၍ခြီးမြှင့်ရခြင်း၊ စသည်တို့မှာ ရုရှားဘိုးဘိုးအောင် လုပ်နည်း ဟောလို ဖြစ်နေသည်။

ယင်းသည့်အချက်များ ကြည့်လေလေ ပုဒ္ဓဘာသာ နိုင်ငံ ဌ၊ နိုင်ငံတော်ဘာသာအဖြစ် ပြည်ပိုင်အစိုးရကိုယ်တိုင် စောင့် ရှောက်ရန်လိုအပ်ကြောင်း ထင်ရှားလေလေ ဖြစ်တော့သည်။ ရုရှားပုဒ္ဓဘာသာတို့မှာ မဟာယာန ဖြစ်သည့်အထဲ၊ ဆွမျိုး ကင်းသလို သီးခြားလဲဖြစ်နေ ကွန်မြူနစ်စနစ်နှင့်လည်း ဘေး ခြင်း တိုက်နေ ဖြစ်နေရာကျမျာအထိ အဆက်အနွယ် ရှိကြသေး သည်ပင် အုံတပါး ဖြစ်လောက်သည်။ ဘာသာရေး စနစ်နှင့် အယူများကဲ့လဲ့ပြီး မျော်လိုလို ဘာသိုလိုအထိ ကူးသွားလည်း အာဘယ်မှာ ဆန်းအုံနည်း။

ထိုပြဿနာ များကို ဆရာတော်ထံတွင် သာကဒိုးနှင့် ဥက္ကလာပမှကျောင်းဆရာကိုမောင်ကိုတို့ဆွေးနွေးမိကြသည်။

အလွန် အမြစ်သန်လွန်းခဲ့သော ဤမျှအထိ ရှိသေးသည် ရုရှားဗုဒ္ဓဘာသာသည် ပေါင်းမျက်များနှင့် လောင်းရိပ် အောက်က အံခဲထားသော လက်ကျန် ဗုဒ္ဓဘာသာလေးသာ ဖြစ်သည်။

ထိုထိုသော နိုင်ငံခြား ဗုဒ္ဓဘာသာ အခြေအနေများ ရှိကြည့်တိုင်း၊ အစိုးရ ချိမြှင့် စောင့်ရှောက်မှု တန်ဘိုးနှင့် နိုင်ငံတော် ဘာသာ ပါလီမန်တင်ဆုတင် ဦးနှက အစိုးရလုပ်မှုလူများ အဟုတ်ထင်ပုံ၊ ထို့ကြောင့် ဘာသာရေးအစိုးရ ကိုယ်တိုင် အားပေး လုပ်ကိုင်ရန်လိုပုံထင်ရှား၏။ သာသနာတော် ဖုံ့ဖြိုး ဝပြောရေးများတွင် တခါတခါ၌ အစိုးရ ဗလကောင်းမှု၊ လေထွားဝပ်မှု များတွင်လည်း တည့်တတ်သတည်း။

တော်။ ။အရှေ့ဂျာမနီမှာလဲ ဗုဒ္ဓဘာသာများရှိသက့်။ သို့သော်နည်းသပေးကွယ်။ အဲဒီအရှေ့ဂျာမနီမှာ ၅၄ ခုနှစ်ထဲက ဘာသာရေး လွတ်လပ်ခွင့်ကို အစိုးရက ဘာသာရေးအဖွဲ့တွေကို စာချုပ်စာတန်းနဲ့တက့ ကတိပြုဝန်ခံမှု ပြုထားသတဲ့။ ပိုလံကတော့က့ာ ကွန်မြူနစ်တွေသာဆိုတယ် ခရစ်ယန် ထုံးကားတဲ့ ပြည်ဘဲ ဘုရားရှိခိုး ကျောင်းတဲ့ဆိုတာ လူတွေကို ညပ်ညပ်နေတာဘဲ။

ငါတို့တရုပ်ပြည် ဗုဒ္ဓဘာသာလဲ အတော်စုံခဲ့တယ်။ အဲ-တရုပ်ပြည်မှာ သူတို့ တရုပ်အစိုးရက ဗုဒ္ဓဘာသာ ကျောင်းသစ်ကြီးတွေ ဆောက်ထားတာ တွေ့ခဲ့ရတယ်ကွဲ့။

ဒိုး။ ။အမယ်၊ တကယ်ထူးပါလား ဦးနုနဲ့ပြိုင်ပြီး မော်စီတုံးက သာသနာ့ဒါယကာများ ခံအုံးမလို့လား ဘုရာ့။ ဟင်း ဘုရားအလောင်း မော်စီတုံးဖြစ်သွားအုံးမယ်။

တော်။ ။အံတော် အတွက် ဆောက် လုပ် ထား တဲ့ ကျောင်းသစ်ကြီးဟာ နဲ့-နဲတာမဟုတ်ဖူး။ အင်မတန်ခမ်းနားကြီးကျယ်တယ်။ ကွန်မြူနစ်အစိုးရက ဒီလို တဘက်ကလုပ်ပေးတာ အံ့တပါးပေါ့ကွာ။ တခြား ဗုဒ္ဓ ဘာသာ ကျောင်းကန်ကြီးတွေ၊ ဘုရားတန်ဆောင်းတွေလဲ အတော် များများတွေ့ခဲ့ရတယ်။ သစ်လွင်နေအောင်လဲ မွမ်းမံ လုပ်ထိုင် ပေးတယ်။

အခု နေရာ တွေ့မှာတော့ ဗုဒ္ဓ ဘာ သာ ဘုရားပျက်၊ ကျောင်းပျက်တွေတွေ့ရတယ်။ သူတို့ မေးတော့ ဒါတွေကို အထိမ်းအမှတ်အဖြစ် တမင် မူလ အတိုင်း ထားတာပါ တဲ့။ ဘာကြောင့်ဆိုတော့ ဒါတွေဟာ ချန်ကေရှိတ် နဲ့ အင်လိပ် အမေရိကန်တွေ ဖျက်ဆီး ဖြိုခဲ့ခဲ့တဲ့ ဗုဒ္ဓ ဘာသာ ဘုရားတွေ ကျောင်းကန်တွေပါတဲ့။

ဒိုး။ ။အလဲလဲ၊ ဒါဖြင့် ချန်ကေရှိတ်နဲ့ လိပ်ကန်တွေ သာ တကယ့် ဓမ္မန္တရယ် တွေပေါ့ ဟုတ်စ။ တယ်လာတဲ့ကွန်မြူနစ်သဲ့။ ခုပုံဆိုတော့ မော်စီတုံးကမှ သိရိမမှာ သေ ကမင်း စတိုင် ဖြစ်နေသပေါ့လေ အင်း။

ဘုရားသစ်တွေ ကျောင်းသစ်တွေလဲတည်ပေးတော့။ မော်စီတုံးနဲ့ ဦးနုနဲ့ ထကယ် သာသနာ့ဒါယကာ လုရမဲ့ပုံဘဲ ဘုရာ့တယ်နိပ်ပါလား ဘုရား။

တော်။ ။သို့သော်ကွာ တရုပ်ပြည် ဥပဒေ အရကလဲ ရှိသေးတယ်ကွ၊ ဘုစ္စို့ ဥပဒေအရ လယ်မလုပ်သူ လယ်မပိုင်ရ

အလုပ်မလုပ်သူ အခွင့်အရေးမရတဲ့ ဥပဒေအရ တရုပ် ဗုဒ္ဓဘာဝ ဘုန်းကြီးတွေ နဲနဲခက်သွားတယ်၊ ဒါကြောင့် ဘုန်းကြီးတွေဟာ တဘက်က သာသနာအမှုထမ်းရင်း တဘက်ကလဲ ကျောင်းကပိုင်တဲ့ လယ်ယာတွေကို ဘုန်းကြီးတွေ ကိုယ်တိုင် လယ်ဆင်းလုပ်ကြတာတွေ ကိုယ်တိုင် ကျိတ်နေကြတာတွေ တွေ့ခဲ့ရတယ်။

ဒိုး။ ။သြော်-

ဒါဖြင့် တရုပ်ဘုန်းကြီးလုပ်ရတာ တယ်မချောင်ပါလားဘုရဲ့။

ဤသို့ဆိုလျှင် တရုပ် ဗုဒ္ဓဘာသာနှင့် ဘုန်းကြီးတို့၏ သာသနာပြုဇုံမှာ အုံသြ ချီးကျူး စရာပင် ဖြစ်သည်။ ယခင်က တရုပ်ပြည် သွားခဲ့သူများထံမှ ဤသို့ ဘုန်းကြီးများ ကိုယ့်လယ်ယာကိုယ်တိုင် ကျိတ်ပြီး သာသနာ့ဝန်ထမ်းနေကြသည်ကို မကြားခဲ့ဘူးခေါ်။ သူ့နိုင်ငံ၊ သူ့စရိုက်။ သူ့ ဥပဒေ နှင့် သူ့ဘုန်းကြီးဘဝပင် ဖြစ်သည်။ အလုပ်သမားဘုန်းကြီး၊ လယ်သမားဘုန်ကြီး ဆိုရပေမည်။

တော်။ ။တဘက်က ဒီလို သူ့ဥပဒေနဲ့အညီရှိရအောင်လဲ၊ တဘက်ကလဲအတော်ဆုံပ်ပေးလို့ တော်သေးတာပေါ့။ ဗုဒ္ဓဘာသာစာပေများ အထူးသင်ကြားပို့ချတဲ့တရုပ်ဗုဒ္ဓဘာသာအကယ်ဒမီကျောင်းကြီးလဲ ရောက်ခဲ့ရတယ်၊ ဒါလဲအားရစရာကြီးပါကွာ တရုပ်ဗုဒ္ဓဘာသာ ရဟန်းတွေ အများကြီး စာပေသင်ကြားနေတာ တွေ့ရတယ်။ ဒို့ရောက်သွားတော့ ဝိနည်းသင်နေချိန်ဘဲ ဒါနဲ့အသာဘုန်းကြီးတွေ ကျိတ်ရေတွက်ကြည့်တော့ ဘုန်းကြီးပေါင်း ၈၄ ပါးကွ။

**ဆရာတော်သည် သင်္ကန်းထဲလက်ဝှက်ပြီး အသာရေစွက်ကြည့်ခဲ့ဟန်ရှိသည်။**

တော်။ ။အမယ် သူတို့က ရုပ်ထုတော်တွေ ထုထုမှာလဲ အတော် ကျွန်းဂန်အရ ဂရုပြုဟန်ဘဲကွ၊ ဥပမာကွာ၊ ဘုရားအနားမှာ ရှင်မဟာကဿပ ရုပဆုံရင်အတောအုံမင်းရွတတ္တနေဟန် အရှင်အာနန္ဒာရုပ်ထု ကျတော့ အတော်ချမောနုပျိုပီး စဘိုင် ကောင်းဟန်။

ဒိုး။ ။အလဲလဲ တယ်နိပ်ပါလားဘုရား။

သိဒ္ဓတ္ထမင်းသား ဒ ခက်းများ တောထွက်ခက်းများ၊ ယသော်ဓရာအရုပ်မျ ားသဘာဝကျကျ တွေ့မတွေ့ကို ဒိုးသိပ်မေးချင်သွားသည်၊ သို့သော်ဆရာတော် မလျှောက်ရဲ၍သာ အာသာငြိမ်နေလိုက်ရသည်။

ထိုသို့ကွန်မြူနစ် ရုရှားမြည်၊ တရုပ်ဗုဒ္ဓဘာသာများ အတွေ့ အကြုံကို အင်္ဂလန်ရောက်သောအခါ မေးမြန်းကြ၍ ဆရာတော် ပြောပြခဲ့ကြ၏။ သို့သော် အင်္ဂလိပ်များမှာ အဝေးကနေ ယခင် သတင်းကြားနှင့် ဆရာတော်တို့ အတွေ့အကြုံမှာ ခြားနားနေ၍ အလွန် အံ့သြကုန်ကြလေသည်။ ထို့ကြောင့် ဆရာတော်နှင့် တရားဝန်ကြီး ဦးချန်ထွန်းတို့မှာ ဘုရားစူးမြေစိမ်းကိုက်တွေ့နှင့် အင်္ဂလန်တွင် သိပ်ကျိန်တွယ်၍ ပြောရမလိုတွေ့ ဖြစ်ခဲ့ရသေးသတည်း။

# မင်္ဂလာသဝဏ်ဌာန

ကျွန်ုပ်သည် မြန်မာပြည်သို့ ပြန်ရောက်သောအခါ တပ်စခန်းကိုယ်စလှယ်မှ တဆင့် ဆိုဗီယက်တပြည်လုံး သိရှိရန် (ဆိုဗီယက်သတင်းစာတို့မှဖေါ်ပြရန်) အောက်ပါသဝဏ်လွှာကို ပို့လိုက်ပါသည်။

ကျွန်ုပ်သည် ဆိုဗီယက် တိုင်းပြည်ကြီးကို မမေ့နိုင်ပါ၊ အကြောင်းမှာ ဆိုဗီယက်တပြည်လုံးသို့ တလကျော်ကျော် ခရီးလှည့်လည်ခဲ့ရာထဲတွင် ဆိုဗီယက် ပြည်သူများက ကြည်ဖြူစွာကျေးမွေး ညှော်ခံသည်ကိုဎင်း၊ ပဏ္ဍိတ ဟံပေါလောမအမှူး ရှိသော ဗုဒ္ဓဘာသာ ပရိသတ်ကြီးများက အလှူန်စေတနာထက်သန်စွာဖြင့် ကျေးမွေးညှော်ခံခြင်း၊ ကြိုဆိုပူဇော်ခြင်း များဎင်း၊ ဆိုဗီယက် ဗုဒ္ဓဘာသာဝင် လူထုကြီးအား တရားဟောခဲ့ရသည်ကိုဎင်း၊ ဗုဒ္ဓဘာသာဝင် လူထုကြီးက ကျွန်ုပ်အားအလှူန်ကြည်ညို လေးစားစွာ ဆည်းကပ် မြတ်နိုးရှိခိုးကြသည်ကိုဎင်း၊ ဆိုဗီယက်ဗုဒ္ဓဘာသာဗဟိုအဖွဲ့ကြီး၏ကျေးဇူးကြောင့် တရုပ် ဂျာမန် ပိုလံ အင်္ဂလန် နိုင်ငံများသို့ရောက်ခဲ့ ရသည်ကိုဎင်း၊ ယနေ့တိုင် မမေ့နိုင်အောင်ပင် မျက်စိတွင် တရေးရေးထင်လျှက် ဆိုဗီယက်ပြည်သူ ပြည်သားတို့ ချမ်းသာပါစေဟူ အမြဲတစေ မေတ္တာပို့သားလျှက် ကျေးဇူးတင်ရှိနေပါသည်။

အထူးအားဖြင့် ဆိုဗီယက် နိုင်ငံရှိ ဘုရား ပုထိုးများကို ကျွန်ုပ်ကိုယ်တိုင် ဖူးမျှော်ခဲ့ရခြင်းတို့နှင့် ပဏ္ဍိတဟံပေါလောမ အမှူးရှိသော လောမ ဘုန်းတော်ကြီးများတို့နှင့် ရင်းနှီးခင်

ဒီဘာ နေထိုင်ခဲ့ရခြင်းတို့မှာ ကျွန်ုပ်တို့ တသက်တာ ထာဝစဉ် စွဲမြဲ မေ့ဖျောက်၍ မရနိုင်သော သာသနာ့ဂုဏ် ကြောင့်သာရ ကြီး တခုပင်ဖြစ်ခဲ့ပေသည်။

ဆိုပီယာသာသနာပိုင်ကြီးတို့သည် မြန်မာနိုင်ငံသို့ ဆိုယ် တိုင် ခရီးလှည့်လည် ဆောက်ခဲ့ဆူတွင် ကျွန်ုပ်တို့မြန်မာ လူထု ကြီးက ရဂ္ဂဒေသာသနာပိုင်အား သောင်းသောင်းပျဖျ ကြို ဆိုကြ၊ ပို့မေ့ကြ၊ ပူဇော်ကြခြင်း တို့မှာလည်း ရဂ္ဂဒေဘမာ နွယ်ပြည်ထောင်၏ ချစ်ကြည်ရင်းနှီးသော မေတ္တာမကျိုင်ကြီး စိုက်ထူခြင်းပင် ဖြစ်ခဲ့ပေသည်။

ဆိုပီယာနိုင်ငံသည် လူဆင်းရဲမရှိ၊ သူခိုး ဒါးပြမရှိ၊ အာ လုပ် လတ်မဲ့မရှိ၊ စား ဝတ် နေရေး ပြည့်ဝစုံပေး၍ လောက နိုပ္ပဒေန် စခန်းသိုတက်လှမ်းနေသည်ကို ကျွန်ုပ်တို့ ကိုယ်တိုင် မြင်ရသဖြင့် မုဒိတာဘာဝနာ အခါခါပွားခဲ့ရပေပြီ။

ဆိုပီယာနိုင်ငံသည် ၁၉၆၁ ခုနှစ် မကုန်ဆုံးမီအချိန်ဝှင် မဖြစ်စဖူး အလွန်ထူးစွာသော ဒုံးပျံယာဉ်ကြီးဖြင့် ကမ္ဘာကို ကောင်းကင်ကလှည့်လှန်အဝိပတိ ဂုဏ်ထူးကြီးကို ပထမဆုံး ယံဘူး ဆိုရလောက်အောင်ပင် ရရှိခဲ့သဖြင့် ကမ္ဘာ့ အလယ် တွင် လနေသဖွယ် အရြေ တယ်လှက် ရှိပေပြီ။ နောင် အနာဂါတ် ခေတ်ကြီးအတွင်း၌လည်း ဆိုပီယာ ပြည်သူတို့ ၏ အကြည်ဖြူဆုံးဖြစ်သော ငြိမ်းချမ်းရေးလောကနိုပ္ပဒေန်ကြီး ကိုဆောလျင်စွာ စိတ်သန်သန်နှင့် အဓိဋ္ဌာန်တဲ့အတိုင်း ရကြ ပါစေသားဟု မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အပေါင်းတို့ ကိုယ်စား အဖြစ်နှင့် ဆုတောင်း မင်္ဂလာ ပြုလိုက်ပါသည်။

(ပုံ) နေရင်း ဦးကောဝိဒ

# နောက်ဆက်တွဲ

## ရာရှားနိုင်ငံသာသနာဗိုင်ကြီးဂါ

## ဗမာနိုင်ငံသို့ပထမခရီးစဉ်

ဆိုဗီယက် ရာရှားနိုင်ငံရှိ ဘူရိယတ်ပြည်နယ် ဥလံဥဒေးမြို့ ဥလကျေးရွာ ဓမ္မရိပ်သာတွင် သီတင်းသုံးနေထိုင်သော ဆိုဗီယက် ဗုဒ္ဓဘာသာ ဗဟိုအဖဲ့ကြီး၏ ဥက္ကဋ္ဌ ရာရှားနိုင်ငံသာသနာပိုင် ပဏ္ဍိစ ဟံပေါလာမန္ဒင့် ဒုတိယသာသနာပိုင် ဂမ္ဘီလာမ အာမည်ရသော ဆိုဗီယက် မဟာယာန ကိုဏ်းဝင် ဘုန်းတော်ကြီး ၂-ပါးနှင့် အတွင်းရေးမှူးသိပ်ပံ ပညာရှင် မစ္စတာ ဒယ်လီကော့ တို့သည် မြန်မာနိုင်ငံသို့ (၂၇-၇-၆၀) ၁၃၂၂ ခု ဓါခေါင်လဆန်း ၅ ရက်နေ့တွင် မော်စကိုမြို့မှ လေယာဉ်ပျံဖြင့် ညနေ-၄-နာရီအချိန် မဂ်လာဒုံလေဆိပ်သို့ ရောက်ရှိ လာလေသည်။ ကမ္ဘာ့ ဗုဒ္ဓဘာသာ အဖဲ့ချုပ်၏ ဥက္ကဋ္ဌသည်တော် အဖြစ် ရောက်ရှိလာသောကြောင့် ကျနုပ် သည် ကမ္ဘာ့ ဗုဒ္ဓဘာသာ အဖဲ့ချုပ်၏ နာယကဆရာတော်ဖြစ်သည့်အားလျော်စွာ ကျနုပ်နှင့်တကွ ဒု-ဥက္ကဋ္ဌ အထက်လွှတ်တော် နာယကကြီး စကားစောဘွားကြီးစောခွန်ကြည် အတွင်းရေးမှူးဦးသာဝင်း အမှုဆောင်လူကြီး ဦးလူကလေး, ဦးဖေအောင်, ဦးဘသန်း ဦးဂွမ်းအံတို့သည် မဂ်လာဒုံလေဆိပ်သို့ သွားရောက် ကြိုဆို

ပြီးလျှင် ကမ္ဘာဇ ဟာဒ်တယ်တွင် တဲခိုနေထူ ပေးထား ကြသည်။ (ဥက္ကဋ္ဌ ဦးချုန်ထွန်းသည် အနောက် ဂျာမနီ တွင် ထောက်ရှုနေလေသည်။ ရန်ကုန်တွင် မရှိပေ၊ သို့ပါ၍ ကျွန်ုပ်သည် ဥက္ကဋ္ဌကိုယ်စားအဖြစ်နှင့် ရာရှားသာသနာပိုင်ကြီးများ အတွက်အားလုံးသော ကိစ္စများကို ဆောင်ရွက်ရပေသည်။)

## အရေးပေါ်အစည်းအဝေး

ရာရှား သာ သ နာ ပိုင် ကြီး များ ဖထောက် ရှု နေ သော (၂၇-၇-၆၀) နေ့ည ဓ နာရီတွင် ကမ္ဘာ့ပုဒ္ဓဘာသာ အဖွဲ့ချုပ် အလုပ်အမှုဆောင် အစည်းအဝေးကို အရေးတကြီး ခေါ်ယူ ကျင်းပခဲ့သည်။ ထိုအစည်းအဝေးမှ ကျွန်ုပ် (မဟာနာယက နေရင်း ဦးကောဝိဒ)နှင့် အတွင်းရေးမှူး ဦးသာဝင်းတို့အား ရာရှားသာသနာပိုင်ကြီးများအား အထက် ဗမာနိုင်ငံရှိ ပုဒ္ဓ ဘာသာ၏ အချက်အချာ ဒေသများသို့ လိုက်ပို့ရန် ထာဝန် ပေးအပ်ခြင်း ခံရလေသည်။ သို့ပါ၍ ကျွန်ုပ်နှင့် ဦးသာဝင်းတို့ သည် အထတ် ဗမာပြည်သို့ သာသနာပိုင်ကြီးများအား လိုက် ပို့ခဲ့ရလေသည်။

## သတင်းစာများတွင် ဆူညံစွာပါလာခြင်း

(၂၈-၇-၆၀) နေ့နံက်ထုတ် သတင်းစာများတွင် ရာရှား နိုင်ငံမှ ပုဒ္ဓဘာသာ ဘုန်းကြီးများ လာရောက်ကြသည်၊ ဗမာ နိုင်ငံ မှုိင်းတိုက်ရန်လာသည်၊ ဆရာတော်ဦးကောဝိဒက သွား ရောက်ကြိုဆိုခဲ့သည် စသည်ဖြင့် ဆူညံသော သတင်းများပေါ် ထွက်လာလေသည်။



ရဂျားသားသမီးနှစ်ပါးနှင့်အတူ
နေရင် ဦးကောဝဲဒဆရာတော်အား ရွှေတိဂုံစေတီတော် တွင်
တွေ့ရပုံ။

## ရှေတိဂုံသို့လိုက်ပို့ခြင်း

(၂၉-၇-၆၀) နေ့တွင် ဆုရှားဘုန်းတော်ကြီးများအနား ယူပြီးနေကြသည်။ ညနေပိုင်းတွင် ရှေတိဂုံစေတီတော်သို့ဝင်း ဗိုလ်တထောင် စေတီတော်သို့ဝင်း၊ လိုက်ပါပို့ဆောင်ခဲ့သည်၊ သာသနာပိုင်ကြီးသည် ရှေတိဂုံ စေတီထော်အား ကျပ်ငွေ ၃၀၀ဝ လှူဒါန်းပြီးလျှင် ဤမျှသပွါယ်တင့်တယ်လှ၍ ရှုကြည့်လို့အားမရနိုင်သော စေတီတော်ကြီးကို ကမ္ဘာ တဝှမ်းလုံးတွင် မရှိကြောင်း အလွန်ကံကောင်း၍ ဖူးမြော်ရကြောင်းနှင့် မှတ်တမ်းတွင် ရေးသားခဲ့လေသည်။

(၂၉-၇-၆၀) နေ့တွင် ကမ္ဘာအေးစေတီတော်နှင့် ကမ္ဘာ့ဗုဒ္ဓတာကွည်သိုလ်သို့ဝင်း၊ ဆင်ဒသင်္ဂါယနာထောင်ဆု လှိုင်ဂူတော်ကြီးသို့ဝင်း၊ အင်းယားမြို့၌ ဓမ္မရိပ်သာသို့ဝင်း၊ သာသနာ့ရိပ်သာဆို့ဝင်း လိုက်ပို့ပေးသည်။ သာသနာ့ရိပ်သာတွင် ဗုဒ္ဓသာသနာ့အဖဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်က ညွှန်ခဲကျေးမွေးသည်။

(၃၀-၇-၆၀) နေ့တွင် ရန်ကုန်မှ မိုင် ၅၀-ကွာဝေးသော ပဲခူးမြို့သို့ မော်တော်ကားများဖြင့် လိုက်ပို့ကြသည်။ ပဲခူးမြို့ရှိ ရှေမော်ဓောစေတီထော်ကြီး၊ ရှေသာလျှောင်းစေတီတော်ကလျာဏီသီမ်နှင့်ရှေဟသ်ာကုန်းဘုရားများ၊ မဟာစေတီတော်တို့ကို ဖူးမြော်ကြသည်။ ပဲခူးမြို့ သာသနာရေး အဖဲ့များမှ ကြိုဆိုညွှန်ခံပြီး နေ့လယ်စာဖြင့် ကျေးမွေးလှူဒါန်းကြသည်။ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လာကြသည်။

## မန္တလေးသို့ခရီးထွက်ခြင်း

(၃၁-၇-၆၀) နေ့တွင်ရန်ကုန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုကြသည်။ ကိုးထပ်ကြီးဘုရား ငါးထပ်ကြီးဘုရား တို့ကိုဂုဏ်းလှည့်လည်ဖူးမြော်ပြီးလျှင် ကျွန်ုပ်တို့ ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့ဌာနချုပ် တည်ရှိရာ စိန်ရောင်ခြည် စေတီတော်နှင့် စိန်ရောင်ခြည်ကျောင်းတိုက်သို့ လာခဲ့ကြကြည့်ရှုကြသည်။ ကျွန်ုပ်တို့ ကမ္ဘာ့ ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှဆီးကြိုညှဉ်ခံ၍ နေ့လယ်စာ တို့ဖြင့် လှူဒါန်းကျွေးမွေးသည်။

ည-၈-နာရီအချိန်တွင် ရန်ကုန်မှမန္တလေးသို့ ထွက်ဆောစာပို့ရထားဖြင့် ထွန်းဗုဒ္ဓဘာသာ မစ်ရှင် အဖွဲ့အား ကျွန်ုပ်နှင့် ဦးသာဝင်းတို့လိုက်ပါလျက် အထက်မြန်မာပြည်ရှိဘုရားပုထိုးတို့ကိုရှိခိုးပူဇော်ရန် ခေါ်ဆောင်သွားလေသည်။ ကျွန်ုပ်သည် မော်စောက်ကားနှင့် လူအဖွဲ့တခုကို ရွှေဦးစွာမန္တလေးသို့ ပို့နှင့်ထားလေသည်။ ကျွန်ုန်ုပ်၌ဦးသာဝင်းတို့သည် နိုင်ငံတော်အစိုးရ ပြည်ထဲရေးဌာန နှင့် သာသနာရေး ဌာနတို့မှ လည်း အကူအညီမျှားကို တောင်းခံထားသဖြင့် ထိုဌာနမျှားမှ အထက်မြန်မာပြည်ရှိ တိုင်းမင်းကြီး ခရိုင်ဝန် မျှားထံသို့ လိုအပ်သောအကူအညီမျှားပေးကြရန် ညွှန်ကြားချက်ပို့ထားပြီးဖြစ်လေသည်၊

## မန္တလေးရောက်ခြင်း

(၁-၇-၆၀)နေ့ ၁၂ နာရီ ၄၅ မိနစ် အချိန် တွင် မန္တလေးသို့ ရထားဆိုက်လေပြီ။ မန္တလေး တိုင်း မင်းကြီး- မန္တလေး

ရိုင်ဝန် ဦးဇံရင် မန္တလေးသာသနာ့လက်ထောက်ညွှန်ကြားရေးဝန် ဦးမြင့်ဟန်တို့နှင့်တကွ သာသနာရေးအသင်းအဖွဲဝင်များ ပါလေမန် အမတ်များတို့က ဆီးကြို၍ ထွန်းလှုပေါ်တယ်တွင် နေရာချထားပေးကြသည်။ ရောက်လျှင် ထောက်ခြင်းနှုတ်လယ်စ စားသောက်ဖွယ်တို့ဖြင့် ညှဲခံကုက်ပွဲကြပေသည်။ ရာရှားသာသနာပိုင် ကြီးက ဗ ဘတို့၏ ကြက်သရေဆောင်ရေးဗမာ့နှန်းစိုက်ရာ မြို့တော်ကို ရောက်ရသဖြင့် ဝမ်းမြောက်လှကြောင်း ဘုရားပုထိုးများကို ဖူးမြော် ရတော့မည် ဖြစ်၍ အထူးဝမ်းမြောက်နေကြောင်းနှင့် ပြောဆိုနေလေသည်။

အရေးပိုင် ဦးဇံရင် သာသနာ့ညွှန်ရေးဝန် ဦးဟန်မြင့်တို့ ခေါင်းဆောင်သော အဖွဲသည် ရှုရှား သာသနာပိုင်ကြီးအား မန္တလေးတမြို့လုံး လှည့်လှည်ပြဆကြသည်။ ပထမ ရှေးဦးစွာ မဟာမြတ်မုနီ ဘုရားကြီးကို ဖူးမြော်ကြသည်။ မဟာမြတ်မုနီ ဘဏ္ဍာတော်ဆိန်းအဖွဲနှင့် သဝါဒ ါစရိယ အဖွဲကြီးတို့က ကြို ဆို ညှဲခံသည်။ ၎င်းနောက် အဘိဓဇမဟာရဋ္ဌဂုရု ဘဲတံဆိပ်တော်ရ ရှေကျင် သာသနာပိုင် စံကင်းဆရာတော် ဘုရားကြီး ကိုဂုင်း။ အဘိဓဇ မဟာရဋ္ဌဂုရု ဘဲတံဆိပ်တော်ရ သုဓမ္မာသာသနာပိုင် မစိုးရိမ်ဆရာတော် ဘုရားကြီးကိုဂုင်း သုံးရောက် ဖူးမြော်ကန်တော့ပြီးလျှင် ထိုဆရာတော်ဘုရားကြီးများ မိန့်ကြားသော သဝါဒကို ခံယူကြသည်။

၎င်းနောက် သကျသီဟဘုရား အိမ်တော်ရာဘုရား ရှေကျီးမြင့်ဘုရား၊ ကျောက်ခတ်ကြီးဘုရား၊ ကုသိုလ်းတော်ဘုရားတို့သို့ ဖူးမြော်ကြပြီးမန္တလေးခတောင်ပေါ် သို့ ဘက်ကြသည်။

ဦးခန္ဓီတည်ထားသော ဘုရားမျှားကို ဖူးကြပြန်သည်။ ချရှားသာသနာပိုင်ကြီးသည် ဘုရားမျှားသို့ရောက်သောအခါ သက်ဆိုင်ရာ ဘဏ္ဍာထိမ်းအဖွဲ့မျှားမှ ဘုရားပူဇော်ရန် ပန်းဆီမီးတိုင်မျှား ဆက်ကပ်ချင်း၊ အဖျော်ယမကာ ရေမျှား ဆက်ကပ်ချင်း၊ကြိုဆိုညှဉ်ခံကြသည်။

ညနေ ၆-နာရီ အချိန်တွင် မန္တလေးမှာ ပူအိုက်လှသော ကြောင့် ဦးသာဝင်းသည် ရုရှားသာသနာပိုင်ကြီးတို့အား မြေပြင်မှ ပေ ၂၄၀၀- မြင့်သော နိုင်ငံခြားသားအကြိုက် တောင်စခန်းဖြစ်သော မေမြို့သို့ပင့်ကြိုသွားပြီးလျှင်ဘီတီဘရားသားဟော်တယ်တွင် တည်းခို အနားယူကြလေသည်။

(၂- ဂ- ၆၀)နေ့ နံက်ပိုင်းတွင် မေမြို့၌ကြည့်ခင်းရှုခင်းတို့ကို ဦးသာဝင်းက လိုက်ပို့လေသည်။ ရေတံခွန် ရေစပ်းတို့ကို လိုက်လံ ပြသရာတွင် သဒ္ဓသနာပိုင်းကြီးမျှား သူတို့၏ ဒေသနှင့် တူသော ဥတုရာသီကို ခံစားရသဖြင့် အလွန် ကျေနပ်အားရ နှစ်သက်ကြသည်။ နေ့စာ စားသုံးပြီးသောအခါ မေမြို့မှ မန္တလေးသို့ ပြန်ဆင်းလာခဲ့ရာ နေ့ ၁- နာရီတွင် ပြန်ရောက်ကြသည်။

## စကိုင်း ဘုရားမျှားဖူးကြခြင်း

မန္တလေးတွင် အသင့် စောင့်ဆိုင်းနေသော အရေးပိုင် ဦးဇံရင်နှင့် လက်ထောက်သာသနာ့ညွှန်ကြားရေးဝန် ဦးမြင့်ငြိမ် အမှူးရှိသော အဖွဲ့သည် ရုရှား ဗုဒ္ဓဘာသာ အဖွဲ့အား

စကိုဒ်းသို့ ပို့ဆောင်လေသည်။ စကိုင်းတွင် ကောင်းမွတော်ဘုရားကြီးကိုဂုဏ်း ပညာရှင်စေတီတော်နှင့် စကိုင်းတောင်ရိုးကိုဂုဏ်း၊ ဆင်မျိုးရှင် ဘုရားကိုဂုဏ်း ဖူးမြော် ကြသည်။ ဆိုဇ်ဇာဂေါပကာ အဖွဲ့မျိုးမှ လည်ခံကြသည်။ ဆင်မျိုးရှင်ဘုရားတွင် ဘုရားမှ တူးဖေါ် ရရှိသော နှစ်ပေါင်း ၃၀၀ ကျော်မှ ရှေးဆင်းဆုတော်တဆူကို ဆင်မျိုးရှင်ပြုပြင်ရေး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ရဟန်းပျို ဦးပဏ္ဍိတ ဆရာတော်က ရှုရှား ပြည်တွင်ကိုးကွယ်ရန် လက်ဆောင်အဖြစ်ပေးလိုက်လေသည်။

ဂုဏ်းနောက် အာမရပူရဘက်သို့ တဖန်ပြန်၍ ပုထိုးတော်စေတီကြီးကို ဖူးမြော်ပြီးလျှင် အရှင်ဇနကာဘိဝံသ၏ ဂန္ဓာရုံကျောင်းသို့ စံနမုနာပြ သာသနာ့အာဇာနီ သင်တန်းဝင်သံဃာ ၁၅၀ တို့အား ကြည့်ရှုခြင်း၊ စဆုံးနှုတ်ခြင်းမျိုးပြုလုပ်ပြီးလျှင် ထုန်းလှ ဟော်တယ်သို့ ပြန်လာကြသည်။

## ရွှေဉီးခုံနှင့် အာနန္ဒာ ဘုရားမျိုး ဖူးခြင်း

(၃-၈-၆၀)နေ့ နံက် ၄ နာရီတွင် ရှုရှားပဋ္ဌာဘာသာအဖွဲ့ကြီးဘည် မန္တလေး မဟာမြတ်မုနိ ရုပ်ပွား တော်ကြီးအား အာရုံဆုမီး ကပ်လှူကြသည်။ ရောင်းတီး၍ ရောကြည်တော်ကပ်နေပုံ ဆုမ်းကပ်နေပုံ မြင်ရသော သာဆနာပိုင်ကြီးမှာ ဘုရားကို ရှိခိုး ကြည်ညို နေရင်း ပီတိလှမ်း၀င်, ကျမျက်ရေတစေတ့တေ့ စီးနေပုံကို မြင်ရလေသည်။

နံက် ၆-နာရီတွင် ရောဝတီမြစ် ဂေါဝိန်ဆိပ်ကမ်းသို့ လာခဲ့ကြပြီးလျှင် အသင့်စောင့် ဆိုင်းနေသော ဝန်ကြီးချုပ် စီးလေ့ရှိသော အစိုးရ အထူးသဘော်သို့ တက်စီးပြီးလျှင် ပုဂံဘုရားများကို ဖူးမြော်ရန်အတွက် ရေကြောင်းမှ စုံဆင်းလာခဲ့ကြလေသည်။ညနေ၄-နာရီတွင် ပုဂံမြို့သို့ရောက်ရှိလေသည်။ ပုဂံနယ်ပိုင်ဝန်ထောက် ဦးခင်မောင်ဦးပုဂံမြို့ပိုင် ဦးဘိုးအောင်နှင့် ပါလီမန် လွှတ်တော် အမတ်တို့ ခေါင်းဆောင်သော အဖွဲ့မှ လာရောက်ကြိုဆို၍ အစိုးရ အရာရှိများ တည်းခိုထားရှိပြီးသားသို့ ပို့ဆောင်ထားကြလေသည်။ ရောက်လျှင် ရောက်ခြင်းပင် သာသနာ ပိုင်ကြီးတို့သည် ညောင်ဦး ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်သည်။ ဘုရားဝိုင်းအတွင်းလှည့်လည် ကြည့်ရှုခြင်း ဘုရားပေါ် တက်ကြည့်ခြင်းတို့အပြင် တနာရီ ကျော် အချိန်မျှပင်လျှင် ဘုရားရှိခိုး ပုတီးစိတ်ခါ ဘုရားအာရုံ ပွားထုံနေကြသည်။ ၎င်းနောက်အာနန္ဒာဘုရားကြီးသို့ ဆက်လက် လာရောက်ပြီး တနာရီကျော် ပုတီးစိတ်၍ ဘုရားအာရုံပွားထုံပြီးမှ တည်းခိုရာ ဗိုလ်တဲသို့ ပြန်လည် လာခဲ့ကြလေသည်။

## ပုဂံဘုရားများ ဖူးခြင်း

(၄-ဂ-၆၀)နေ့ နံက် ၇-နာရီအချိန်တွင် ဗိုလ်တဲမှ ထွက်ခွါပြီးလျှင် အနန္ဒာဘုရားကြီး လောကမနိုစ္ဆဥာဘုရား သဲပွင့်ညို ဘုရား ဂေါဒေါဝပလွှင်ဘုရား မဏ္ဍမာဘုရားတို့ကို ရှည်ထည်ပူးဖြေပြီးလျှင် အခြားသော စေတီပုထိုး အမျိုးမျိုးတို့ကို

လည်း ရုရှားသာနာပိုင်ကြီးတို့သည် အားမရနိုင်သော ရှိခိုး ခြင်းတို့ဖြင့် ရှိခိုးခြင်း ပုတီးစိတ်ခြင်းမျှားပြုကြသည်။ သင့်ညှု ဘုရားနှင့် ဂေါတောပလ္လင် ဘုရားကြီးတို့ အပေါ်ထပ်မှနေ၍ ပတ်ပတ်လည်ဝိုင်းနေသော ရှေးအခေါ် ၃-သန်းကျော်ဘုရား များကို မျက်စိကြည့်မဆုံး ဖူးမြော်ရသဖြင့် ပြုံးပြုံးရွှင်ရွှင်နှင့် အင်္ဂနာ ကံကောင်းလှပေသည်။ လာရာကျိုး နပ်လှပေသည်၊ ဘဝတသက်တာ မေ့နိုင်စရာ မရှိသော မြင်ရမှုကြည့်ညှိုရမှု ကြီးပါတကားဟု တအံ့တသြ ပြောပြမပြီး အံ့ချီးမကုန် ရှိပါပေသည်ဟု ပြောဆိုကာဖြင့် -၁၀-နာရီခွဲမှ ပြန်လာကာ ဗိုလ် ဘဲတွင်ပင် ညောင်ဦးမြို့ရှိ ဗုဒ္ဓဘာသာရေးအဖွဲ့များမှ ညှဉ်ခံ ကျွေးမွေးလှူဒါန်းကြလည်။

## ပုပ္ပါးတောင်သို့လာကြခြင်း

ညနေ-၃-နာရီတွင် မြင်းခြံမြို့အရေးပိုင်မင်း ဦးသိန်းသန်း စေလွှတ်သော ကား-၃-စင်းနှင့် ပုဂံမြို့မှ ပုပ္ပါးတောင်သို့ ထွက် ခွာလာကဲ့ ကြသည်။ ပုပ္ပါးတောင် ခြေသို့ ည-၇-နာရီတွင် ရောက်ရှိသည်။ ပုဂံမှ ကျောက်ပတောင်းသို့ ၃၄-မိုင်ကျောက် မတောင်းမှ-ပုပ္ပါးတောင်ခြေသို့ -၈-မိုင်ခရီးဖြစ်သည်။ ပုပ္ပါး တောင်ခြေတွင် အလွန်အေးလှသဖြင့် သာသနာပိုင်ကြီးမျှား သည် အလွန်ဝမ်းသာအားရကျေနပ်နေကြသည်။ ပုပ္ပါးတောင် ခြေ မြေကျေးရွာင်းဌာနမှ ညှဉ်ရိပ်သာစခန်းတွင် တဲခိုနေထိုင် ကြသည်။ ကျောက်ပတောင်းနယ်ပိုင်ဝန်ထောက်နှင့်အဖွဲဝင် တို့က ညှဉ်ခံကျွေးမွေးကြသည်။

## မြင်းခြံမြို့ ရောက်ခြင်း

(၅-၈-၆၀)နေ့နံက် ၈- နာရီတွင် ပုပ္ပါးတောင်ခြေ စခန်းမှ ထွက်ခွာ လာခဲ့ကြရာ မြင်းခြံမြို့ အစိုးရ ညွှေရိပ်သာသို့ ၉-နာရီ တွင် ရောက်ရှိကြသည်။ မကွေးတိုင်းမင်းကြီး မြင်းခြံခရိုင်ဝန် ပါလီမန် လွှတ်တော် အမတ် ဦးကျန်းကျော် အမှူးပြုသော မြို့မိမြို့ဘ အပေါင်းတို့က ဆီးကြိုညှဲခံ၍ နေ့လည်စာတို့ဖြင့် ဆက်ကပ်လှူဒါန်း ကျွေးမွေးကြသည်။ နေ့ ၁- နာရီအချိန်တွင် မြင်းခြံမြို့မှ ရန်ကုန်သို့ မီးရထားစီးနင်း၍ ပြန်လည်ဆင်းသက် လာခဲ့လေသည်။ မြင်းခြံမြို့တွင် နှစ်ကျိပ်ရှစ်ဆူ စေတီတော် ဇေယျသိမ် စေတီတော်တို့ကို ဖူးမြော်ခဲ့ကြသည်။ မြင်းခြံတွင် အလှူနှိပ်လှူသဖြင့် နေရာများစွာ မသွားနိုင်ဘဲ အနည်းငယ် မျှနှင့် အဆုံးသတ်ခဲ့ရသည်။

## နိဂုံးချုပ် ညှဲခံပွဲ

(၆- ဂ-၆၀)နေ့တွင် ရန်ကုန်မြို့သို့ ဆောက်ရိုကြလေပြီ။ ည နေ ၅- နာရီအချိန်စွတ်ကမွေဇဟော်တယ်၌ ရုရှားသဘာနာ ပိုင်နှင့် အဖွဲကြီးမှ ရန်ကုန်မြို့ရှိ ဆရာတော် ဘုရားကြီးများကို ပင့်ဖိတ်၍ ညှဲခံကျွေးမွေး လှူဒါန်းပြီးလျှင် ဗမာပြည်သို့လာ ရချိန် ဝမ်းသာလှပုံ ဘုရားပုထိုးတွေ ဖူးရ၍ မမေ့နိုင်အောင် ဝမ်းသာရပုံဗမာလူမျိုးများနှင့် ရုရှားလူမျိုးများဗုဒ္ဓဘာသာ ချင်း ညီ အကိုမောင်နှမ ပမာ ချစ်ကြည် ရင်းနှီးကြပုံ ဗမာ ပြည်မှလည်း ရုရှားပြည်သို့လာထောက်လည်ပတ်ကြရန် ဘိတ် မန္တကပြုပါသည် စသည်တို့ကိုပြောဆို၍ မြန်မာပြည် အနှံ့

အပြားလိုက်ပို့ကြသော နေရင်းဦးကောဝိဒ ဆရာတော်နှင့် ဦးသဝဉ်းတို့အား အဆူးကျေးဇူးတင်စကား ပြောကြား၍ ညွှဲခံပဲ့ကို ရုပ်သိမ်းလိုက်လေသည်။

(၇-ဂ-၆၀-)နေ့ ညနေ-၄ နာရီ အချိန်တွင်၊ ဆိုဗီယက် ရှရှားနိုင်ငံ ပထမသာသနာပိုင်ကြီးနှင့် ဒုတိယသာသနာပိုင်ကြီး အတွင်းရေးမှူး မစ္စတာဒယ်လီကောဗ တို့သည် ရန်ကုန်မြို့ မဂ်လာဒုံလေဆိပ်မှ (ဘီ-အိုး-အေ-စီ) လေယာဉ်ဖြင့် အိန္ဒိယ နိုင်ငံသို့ ဘုရားဖူးပြီးလျှင် သီဟိုဠ်ကျွန်းသို့ တဖန် ဆက်လက် ထွက်ခွာ သွားကြလေသည်။ နေရင်းဦးကောဝိဒ ဆရာတော် အမှူးရှိသော ဓမ္မကထက ဆရာတော်များနှင့် နေရင်းဦးကောဝိဒ ဩဝါဒခံ မဂ်လာဂတိ ဝိသုဒ္ဓိ အသင်းဝင် ရသေ့ယောဂီ ဥပါသကာ ဥပါသကီများ ကမ္ဘာ့ ဗုဒ္ဓဘာသာ အဖွဲဝင်များတို့သည် မဂ်လာဒုံလေဆိပ်သို့ သောင်းသောင်း ဖျဖျ လိုက်ပါ ပို့ဆောင်ကြလေသည်။


မဂ်လာဒုံလေဆိပ်တွင် ယောဂီအများတို့သည် အောက်ပါ ဆောင်ပုဒ်ကဗျာတို့ဖြင့် သာသနာပိုင်ကြီးအား ဆုတောင်း မေတ္တာပို့သကြလေသည်။

၁။ ။ရာရှားသာသနာပိုင်၊ ဂုဏ်ပြန့်လှိုင်၊ ကြံ့ခိုင် ကိုယ်စိတ်။ ။

ကျန်းမာပါစေ, ချမ်းသာပါစေ, ဝမ်းသာပါစေ, လန်းဖြာဖြာဝေ။ ။

အောင်ပါစေသော၊ အောင်စေသော၊ အောင်ကြပါစေသော်။ ။

# ဆိုဗီယက်ဗုဒ္ဓဘာသာ သာသနာဝိုင် ဆရာတော် ဘုရားကြီး၏ ဒုတိယအကြိမ် ဗမာနိုင်ငံ ခရီးလှည့်လည်ခဲ့ခြင်း



ဆရာတော် နေရင်း ဦးကောဝိဒ

ဆိုဗီယက်ပြည်ထောင်စု နိုင်ငံ တဝှမ်းလုံးရှိ ဗုဒ္ဓဘာသာ သာသနာရေးဆိုင်ရာ ဗဟိုအစဉ်ချုပ် ကြီး၏ ဥက္ကဋ္ဌ ဖြစ်သည့် ပြင် လာမရဟန်းအပေါင်းတို့၏ ဦးစီးဦးကိုင် သာသနာ ပိုင် ဖြစ်တော်မူသော (ပဏ္ဍိဘဟံပေါလာမအီးဇီရှရပ်ပေါ့)အမည်

စတော်ရသော ဆရာတော်ဘုရားကြီးသည် ရန်ကုန်မှ ပြည်လမ်းဘက်ကို ဒေသစာ ခရီးလှည့်ခဲ့ပေသည် ဆရာတော်ဘုရားကြီးသည် ၁၉၆၀-ပြည့်နှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ရန်ကုန်သို့ ထွက်ရှိ၍ ရန်ကုန်မြို့နှင့် အထက်ဗမာနိုင်ငံရှိဘုရားပုထိုးများ ဖူးမျော်၍ သြဂုတ်လ ၇ ရက်နေ့တွင် ဆိုဗီယက်နိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့လေသည်။

ယခု ဒုတိယအကြိမ် ကမ္ဘောဒီးယား နိုင်ငံဘက်၌ ဗမာနိုင်ငံသို့ လှည့်လည်လာပြီးလျှင် ပထမ အစိအစဉ် အနေဖြင့် ပြည်လမ်းတလျှောက်ကို ခရီးတထောက် လှမ်းခဲ့ လေသည်။ သာသနာပိုင် ဆရာဟောဘုရားကြီး ခရီးကြွမည့် အစီအစဉ်ကို နေရင်းဦးကောဝိဒ ဆရာတော်က ကြိုတင် စီစဉ်ထားလေသည်။

## တိုက်ကြီးမြို့ပူဇော်ပွဲ

ဆိုဗီယက် သာသနာ ပိုင် ဆရာတော် ဘုရား ကြီးသည် အတွင်းရေးမှူး ဥပသကာ ဗုဒ္ဓဘာသာ ပါရဂူ မစ္စတာဒယ်လီကော့ စကားပြန် မစ္စတာနိုကေတင် ရှေဆောင်ညွှန်ပြ နိုင်ငံတော် ဓမ္မကထိကချုပ် နေရင်းဦးကောဝိဒဆရာတော် ထို့နှင့် အတူ (၃-၁၂-၆၃)နေ့နံနက် ၇ နာရီခွဲတွင် မော်တော်ကားနှင့် ရန်ကုန်မှ ထွက်ကြတော်မူသည်။ ၉ နာရီတွင် တိုက်ကြီးမြို့သို့ ရောက်ရှိလာရာ တိုက်ကြီးမြို့ မင်းကျောင်း ဆရာတော် ဦးဩဘာသ အမှူးရှိဝသာ ဆရာတော် သံဃာတော်များ ပါလီမန်လွှတ်တော်အမတ် ဦးဘိုလေးနှင့် ထွာက်တရား

သူကြီးမင်း အစရှိသော မြို့မိမြို့ဘများနှင့် ဓမ္မစကြာဝတ်အာ
သင်းဝင် ယောဂီများသည် မင်းကျောင်းဝမှ ဆီးကြိုပြီးလျှင်
သာသနာပိုင် ဆရာတော်ဘုရားကြီးအား ညွှန်ခံရာ ဌာန သို့
ပင့်ဆောင်သွားပြီးလျှင် ကော်ဖီ လဘက်ရည် စသော နှုတ်
ဆာဖြင့် ဆက်ကပ်လှူဒါန်းကြလေသည်။ နှုတ်ဆာသုံးဆောင်
ပြီးဓသာအခါ သာသနာပိုင်ဆရာတော်ဘုရားကြီးက ရုရှားး
နိုင်ငံမှ ဗမာနိုင်ငံသို့ ဒုတိယအကြိမ် လာရောက်ရ သဖြင့်
အထူးဝမ်းမြောက်လှုကြောင်း ရုရှားနိုင်ငံ ဗုဒ္ဓ ဘာသာတို့
သည် ဗမာနိုင်ငံဗုဒ္ဓဘာသာတို့ကဲ့သို့တဆူတည်းသောဂေါတမ
ဘုရားကို ယုံကြည်ကိုးကွယ်သူများဖြစ်၍ အဘတူ သားသမီး
များကဲ့သို့ ညီရင်းအကိုများဖြစ်ကြကြောင်း။ သို့ပါ၍ ဗမာ
နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များကို တွေ့ရခြင်းသည် ဆရာတော်
၏ ညီအကို မောင်နှမများကဲ့သို့ထင်ပြီး အထူးခင်မင်လေး
စားမှုဖြစ်ရကြောင်း၊ ဆရာတော်တို့၏ အူအာသည်းတွင်းမှ
ထန်ပြင်းသော မေတ္တာဘရုားများ တဖွားဖွားပေါ်ပေါက်ပြီး
ဆိုဗီယက် တိုင်းသူပြည်သား များကဲ့သို့ ဗမာနိုင်ငံတော်သူ
နိုင်ငံဘော်သားသို့ ကိုယ်စိတ်အားမြဘေးမခဲ့ ငြိမ်းချမ်း
ရေးရကြပါစေဟု ဆုတောင်းပါကြောင်းနှင့် မိန့်ခွန်းပြောဆု
ပရိသတ်များကသာဓု ခေါ်ကြိမ်ခေါ်ခါ ကောင်းချီး ပေးကြ
ကြောင်း။ ထိုနောက် သာသနာပိုင်ဆရာတော်ဘုရားကြီးအား
မဟာမြတ်မုနိဘုရားသို့ လိုက်ပို့ကြသည်။ သာသနာပိုင်ကြီး
သည် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်၍ တိုက်ကြီးမှူ
ပရိသတ်များနှင့် ခွဲခွာ၍ ဘုံးဆယ်ဘက်သို့ ထွက်ခါ လာခဲ့
လေသည်။

## သုံဆယ်မြို့မှ ချီးကြူးကုပ်ပြန်ကြီး

တိုက်ကြီးမြို့မှ ကျော်လွန်၍ ဥက္ကံမြို့ထောက်ရန် ၅ မိုင် ခန့် လိုသောအခါ သာယာဝတီမြို့မှ ရေဝေဘုရားကြီး ဂေါပကာလူ ကြီးများနှင့် သာယာဝတီတရားပဲ့ အဖဲ့ဝင် လူကြီးများသည် ၎င်း၊ သုံးဆယ်မြို့မှ တရားပဲ့အဖဲ့ဝင် လူကြီးများနှင့် ပဋ္ဌိပတ်တို့ သာသနာနုဂ္ဂဟအသင်းလူကြီးများသည်၎င်း၊ ကျစ်ကား ၃ စီး နှင့် သာသနာ့အလံတော်များကို ဝေနေအောင် ထိုးကြလျက် မိုင် ၂၀ ခရီးထိအောင် လာထောက်ကြိုဆိုကြပြီးလျှင် သာယာ ဝတီမြို့ မင်းတဲသို့ ပင့်ဆောင်သွားလေသည်။

ည-၇နာရီအချိန်တွင် သုံးဆယ်မြို့ ပဋ္ဌိပတ်တိသာသနာနုဂ္ဂဟ အသင်းကြီး၏ ဓမ္မာရုံကြီးသို့ သာသနာပိုင် ဆရာတော် ဘုရား ကြီး ကြွရောက်တော်မူသည်။ အသင်းဥက္ကဋ္ဌနှင့် အတွင်းရေး မှူး စသောလူကြီးများက သာသနာပိုင် ဆရာတော် ကြီး အား တရားဟောရာဓမ္မာသန ပလ္လင်ပေါ်သို့ ပင့်တင်လေ သည်။ မိုးအနည်းငယ်ရွာသဖြင့် ထရားနာပရိသတ် (၁၀၀၀) ကျော်ခန့်သာတက်ရောက်လေသည်။ အသင်း ဥက္ကဋ္ဌ ကြီးက ယခုဥဘုရားသီမကောင်းသဖြင့် လူများစွာ မလာနိုင်သော ကြောင့် နက်ဖြန်တရက် အပူဇော်ခံရန် ခွင့်ပြုပါဟု သာသနာ ပိုင်ကြီးအား တောင်းပန်သဖြင့် သာသနာပိုင်ကြီးက ခွင့်ပြု တော်မူသည်။

ရှေးဦးစွာ နေရင်းဦးကောဝိဒဆရာတော်ဘုရားက ၅ ပါး သီလပေးပြီးလျှင် သာသနာပိုင်ကြီးနှင့် မိတ်ဆက်ပေးပြီးလျှင်

ယခုကြွရောက်လာတော်မူသော သာသနာပိုင်ဆရာတော်ကြီး သည် ဆိုဗီယက်ရုရှား တပြည်လုံးရှိ ဗုဒ္ဓဘာသာအပေါင်းတို့ ၏ ဦးစီးဦးကိုင်သာသနာပိုင်ကြီးဖြစ်ကြောင်း ရုရှားတဝှမ်း လုံးတွင် မဟာယာန ဂိုဏ်းဝင် လာမရဟန်းတော်ပေါင်း (၄၀၀)ကျော်မျှရှိရာ ထိုရဟန်းတော်တို့၏ မဟာနာယက သာသနာပိုင် ဆရာတော်ဘုရားကြီး ထည့်း ဖြစ်သည်။ ဘူရိယတ်ပြည်နယ် တခုလုံးရှိ ဗုဒ္ဓဘာသာဝင် ၅ သိန်းတို့၏ မိဘသဖွယ်အလှန်အားထားနေရသောပုဂ္ဂိုလ်ကြီးလည်းဖြစ်သည် အစိုးရက အသိအမှတ်ပြုဖွဲ့စည်းထားသော ရုရှားပြည်လုံးဆိုင်ရာ ဗုဒ္ဓတာသာ ဗဟိုအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ ဖြစ်သည်။ အစိုးရနှင့် ပြည်သူတို့ အလှန်လေးစား ကြည်ညိုခံရ၍ တံခိုးဆွတ်ခူး ကြီးမားလှသော ဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်ကြီး၏ ကျောင်းတိုက်ကြီးမှာ တောင်ပတ်လည်ဝိုင်းကာ၍ ရှုတိုင်းသာယာ နေချင်စရာကောင်းလှသော နေရာထူးတခုလဲ ဖြစ်ပေသည်။ ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်းရှိ ဂန္ဓကုဋီ ကျောင်းထောင်ကြီး အတွင်းမှာလည်း ဗုဒ္ဓ ရုပ်ပွားတော် ကြွေးဆင်းထုပေါင်း ၁၅၀၀ ကျော် တို့ဖြင့် သာယာကြည်ညိုဘွယ် ကောင်းလှပါသည်။

သာသနာပိုင်ကြီးမှာ ကျောင်းတိုက်အတွင်းရှိ ဘုရားပုထိုးများကို တနေ့ ၅ ကြိမ်တိုင် ဝတ်ပြုလျက် ပုတီး စိတ်ခြင်း၊ မေတ္တာပွားခြင်းများကို ပြုလျက် ဆုတောင်း နေတဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။ ရုရှား နိုင်ငံ ဘူရိယတ်ပြည်နယ်ရှိ ဗုဒ္ဓဘာသာတို့မှာမြန်မာဗုဒ္ဓဘာသာများကဲ့သို့ ဘုရား တရားကို အလှန် လေးစားကြည်ညိုသူများ ဖြစ်ပါသည်။ ဤသို့သော

ဗုဒ္ဓဘာသာ တိုင်းပြည်တခုမှ သာသနာပိုင် ဆရာတော်ကြီး ယခု မြန်မာနိုင်ငံသို့ ကြွရောက်လာသည်၊ အာလုန် ကံကောင်း ထောက်မ၍ ကြည်ညိုခွင့် ရရှိကြခြင်း ဖြစ်ကြောင်း။ ဗုဒ္ဓဘာသာဝင် မြန်မာမျိုးသည် မြန်မာဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ ပုံသဏ္ဌာန် အသွင်အပြင်နှင့် အခြား နိုင်ငံက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ အသွင်အပြင်ကို ဖူးတွေ့ရသဖြင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ပုံတော်အမျိုးမျိုးကို သိခွင့်ရရှိကြောင်း စသည်ဖြင့် ရှုရှား သာသနာပိုင် ကြီး၏ ဂုဏ်ပုဒ်များကို ချီးကျူး၍ မိတ်ဆက်ပေးလေသည်။

## သာသနာပိုင်ကြီး၏မိန့်ခွန်း

ရုရှားသာသနာပိုင် ဆရာတော် ကြီးသည် သုံးဆယ် မြို့တရားဟော ဓမ္မာရုံ ကြီးရှေ့ရှိ ကွက်လပ် ကွင်းကြီး ထဲတွင် ရောက်လာကြကွန်သော တရားနာပရိသတ်အပေါင်းတို့အား အောက်ပါအတိုင်း မိန့်ကြားတော်မူသည်။ ကျွန်ုပ် (ရုရှား သာသနာပိုင်) ဆရာတော် သည် နေရင်း ဦးကောဝိဒဆရာတော် အမှူးရှိသော ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ချုပ်က ပင့်ဖိတ်၍ ကြွရောက်လာရကြောင်း။ ဗမာနိုင်ငံရှိ တံခိုးကြီး ဘုရားများ ဖူးရခြင်း၊ သာသနာ့ခေါင်းဆောင် ဆရာတော်များနှင့် တွေ့ရ ခြင်း၊ ဗုဒ္ဓဘာသာဝင် တကာတကာမအပေါင်းတို့က ဆရာ တော်အား သောင်းသောင်းဖျဖျ ကြိုဆိုကြ၊ ဖူးမျှော်ကြခြင်း ဆည် ဆရာတော်၏ တသက်တာ ထူးဝင်ခဲ့ စာတင် လောက် သည့် မင်မဲ့နိုင်သော ဂုဏ်ထူးကြီး တခုဖြစ်ပါကြောင်း။ ဗမာ နိုင်ငံတံခိုးကြီးဘုရားများ ဖူးရသောအခါ အလုန် ကြည်ညို

လေးစား သဒ္ဓါပုံးလျက် ပီတိမျှားထဖုံးဖုံး ဖြစ်ပြီး၄ င့် ကြည်ညိုလို့ အားမရ ဖူးမဝနိုင်အောင် ဖြစ်ရပါကြောင်။ နေ ရင်း ဦးကောဝိဒ ဆရာတော်တို့ ဆိုဗိုယက် ရုရှား ရောက်စဉ် အခါက ရုရှားဗုဒ္ဓဘာသာဝင်အပေါင်းတို့က နှစ်ထောင်းအား ရ ဖူးမျှော်ကြ၊ ကြည်ညိုကြ၊ ရှိခိုးကြသကဲ့သို့ ယခုဆရာတော် (ရုရှားသာသနာပိုင်ကြီး)အား ကြည်ညိုကြ၊ပူဇော်ကြသဖြင့် လွန်စွာ နှစ်သက် ကျေးဇူးတင်လျက် ရှိပါကြောင်း။ နေရင်း ဦးကောဝိဒ ဆရာတော်၏ တရားကို နာရသဖြင့် ရုရှား ဗမာ ချစ်ကြည်ရေးမှာ အထူး သဖြင့် တိုးတက် လာပါကြောင်း။ ရုရှား ဗုဒ္ဓဘာသာဝင် များမှာ နေရင်း ဦးကောဝိဒဆရာ တော်၏ တရားကို နောက်ထပ် နာကြားရ လိမ့်မည်ဟု မျော် လင့် တောင့်တနေပါကြောင်း စသည်ဖြင့် စကားပလ္လင် ခံပြီး လျှင် တရာနာ ပရိသတ်ကြီးအား မေတ္တာပို့လျက် ပရိတ်တော် များ ရွတ်ဖတ်ခါ နိဂုံးချုပ်ခဲ့လသည်။

## သုံးဆယ်မြို့မှ ဒုတိယညချီးကြူးကုဏ်ပွဲကြီး

(၃-၁၂-၆၁) နေ့ ဒုတိယ ည သုံးဆယ်မြို့ တရားပွဲ ကြီးမှာ ညတုရာသီမိုးလေကင်းစင်သဖြင့် သာယာလှပသော ညအခါ ရုရှားနိုင်ငံမှ ကြွလာသော သာသနာပိုင် ကြီးကို ဖူးမျှော် ကြည့်ရှုလိုလှသဖြင့် ကျေးသင်္ကေတာရုံများမှ ပရိသတ်များ ပါ ထောက်ရှိလာကြရာ ပရိသတ် ၃၀၀၀ ကျော် ရှိမည်ဟု ခန့် မှန်းရလေသည်။ ည ၇-နာရီခွဲ အချိန်တွင် ဆိုဗိုယက် ရုရှား သာသနာပိုင် ဆရာတော်ရှစ်ဆောင်၍ သာယာဝတီမင်းတဲမှ

သုံးဆယ်မြို့ ဓမ္မရုံကြီးသို့ ကြွရောက်လာလေသည်။ သုံးဆယ်မြို့မှ သာသနာ့နှုဂ္ဂဟ အဖွဲ့ဝင်လူကြီးများကရှေးဦးစွာချီးကြူး ပဲ့ရိုက် ဓမ္မာရုံကြီး ပြင်ဘက် မက္လာမ်အတွင်းရှိ ဓမ္မသနပလ္လင်ကြီးပေါ် သို့ ပင့်တင်လေသည်။ ရှေးဦးစွာ နေရင်း ဦးကောဝဝ်ဒ ဆရာတော်က ၅-ပါးသီလ ပရိသတ်အား ပေးချီ သာသနာပိုင်ကြီး၏ အကြောင်းကို ချီးကြူး ဂုဏ်ပြုခါ မိတ်ဆက်ပေးလေသည်။ သုံးဆယ်မြို့ ပရိပ္ပတ္တိသာသနုဂ္ဂဟ အသင်းဥက္ကဋ္ဌလူကြီး ဦးမြတ်စံက ဆိုဗီယက်နိုင်ငံမှ သာသနာပိုင်ကြီးကို ကိုယ်တိုင် ဧတ္တမြင်ဖူးတွေ့ရ၍ အထူးဝမ်းသာလှပါသည်။ ယခု အကြိမ်တွင် သုံးဆယ်မြို့ကို ပထမ ကြွရောက် လာသဖြင့် အားလုံးက ယုပါသည်။ ကွန်မြူနစ် နိုင်ငံတွင် ဘာသာရေး မရှိဟူ၍ ကြားနေ ရပါသည်။ ယခု ဗုဒ္ဓဘာသာ ခေါင်းဆောင် သာသနာပိုင်ကြီးကို တွေ့ရသဖြင့် ကြားရတဲ့အတိုင်း မဟုတ် ဘဲဗုဒ္ဓဘာသာတွေရှိနေကြောင်း သိရသဖြင့် လွန်လွန်မင်းမင်း ဝမ်းသာခြင်း ဖြစ်ရပါကြောင်း သာသနာပိုင် အမှုးပြုသော ရှုရှား ဗုဒ္ဓဘာသာဝင်များ အထူးသဖြင့် ကျမ်းမာ ချမ်းသာပြီး သာသနာတိုးတက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေး ရကြပါစေဟု ဆုတောင်းပါကြောင်း စသည်ဖြင့် ချီးကြူး ဂုဏ်ပြု စကား လျှောက်ထား လေသည်။

## ရုရှား သာသနာပိုင်၏ မိန့်ခွန်း

ရုရှား သာသနာပိုင်ကြီးသည် ဆက်လက်၍ ဩဝါဒ မိန့်ခွန်းများ ပြောကြားလေသည်။ ကျွန်တော် ရုရှား နိုင်ငံသည်

သဘာဝအားဖြင့် အလှန်အားလှသော နိုင်ငံ ဖြစ်ပါဆည်။ သို့ထုတ်ဝင် ဆရာတော်သည်။ ရှေးဗုဒ္ဓဘာသာဝင်များထံမှ မြန်မာ ဗုဒ္ဓဘာသာဝင်များ အတွက် အလှူန် ပူဇော်သော လက်ဆောင်များ ယူဆောင် လာပါသည်။ ထိုလက်ဆောင်များမှာ အခြားမဟုတ်ပါ။ဗုဒ္ဓရှင်တော်ဘုရား၏ မိန့်မှာတော်မူသော ဒေသနာအတိုင်း အာဘိုးအနွယ် ထိုက်တန်တဲ့ နှလုံးသား ခြားထဲမှ ထုတ်လာတဲ့ မေတ္တာတရားပင် ဖြစ်ပါသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များသည် တနေ့ တခြား တိုးတက်၍ အသက် ရာကျော် ရှည်ပါစေ၊ ကိုယ်စိတ်နှစ်ဖြာ လိုရာပြည့်ဝ ချမ်းသာကြပါစေ၊ စစ်ဘေး စစ်ဒဏ် ကင်းဝေသော ကမ္ဘာ့ငြိမ်းချမ်းရေးယာမှု ရကြပါစေဟူသော ဆိုဗီယက် ပြည်သူ အပေါင်းတို့၏ ကြည်ဖြူကောင်းမြတ်ထော မေတ္တာ ဘတ်ဆို့ မပြတ်ပုံးများ မို့သနေပါသည် ဟူသော ပူပူနွေးနွေး လက်ဆောင်ကောင်းပင် ဖြစ်ပေသည်။ ဆိုဗီယက်နိုင်ငံရှိ ဗုဒ္ဓ ဘာသာဝင်တို့သည် လွတ်လပ်စွာ ကိုးကွယ် ဆည်းကပ်မှု ရှိပါသည်။ ကျွန်တို့ဗုဒ္ဓဘာသာမှာ တိဘက်ပြည်မှ လွှန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀-ခန့်ကမှ ဆင်းသက် လာခဲ့ပါသည်။ ဆိုဗီယက်ပြည်ထောင်စု အခြေခံ ဥပဒေတွင် တိုင်းသူပြည်သား အားလုံး လွတ်လပ်စွာ ကိုးကွယ် နိုင်ကြောင်းကို အတိ အလင်း ခွင့်ပြုထားပါသည်။ သို့ပါ၍ ဆရာတော်သည်။ အသက် ၁၄-နှစ်မှစပြီး သာသနာ့ဘောင် ရောက်လာခြင်း ဖြစ်ရာ ယခု အသက် ၇၀-ကျော် နေပါပြီ၊ တခါမျှ ချုပ်ချယ်မှု မတွေ့ခဲ့ရပါ။ အားချမ်းသာယာစွာ သာသနာ၏ လုပ်ငန်းများကို လွတ်လပ်စွာ လိုက်နာ လုပ်ကိုင်လျက် ရချမ်းအိုးကြီး ပွဲထား

ရသလို အားအားမြဲမြဲ နေထိုင်ခဲ့ရပါသည်။ ဆရာတော်အား လို့က်လို့က်လှ်လှ် အာ့အသံမှ အမြဲကြည်ညိုသဖြင့် ဤမျှ များပြားသော ပရိယာတ်ကြီးဖြင့် ချီးကျူး ဂုဏ်ပြုကြသော သုံးဆယ်မြို့နှင့် နယ်သူ နယ်သား အပေါင်းတို့အား အထူး ကျေးဇူး တင်ရှိပါကြောင်း စသည်ဖြင့် ပြောဆိုလျက် ဆရာတော်တို့ တိဘက် ဘာသာနှင့် ရှိသော ပရိတ်မေတ္တာမျှားကို ရွတ်ဖတ် သရဇ္ဈာယ်မည်ဟု ပြောဆိုပြီး ရွတ်ဆိုတော်မူရာ ပရိသတ်က အာရုံစိုက်ခါ နာဝယူနေကြသည်။ ပြီးဆုံးသော အခါမှ သာဓုခေါ်-ကြိမ်ဖန်ခါ ကြသည်။ ၎င်းနောက် နေရင်း ဦးကောဝိဒ ဆရာတော်က နိဂုံးချုပ်အနေအားဖြင့် ရုရှား သာသနာပိုင်ကြီးအား သက်ဘော် ရာကျော်ရှည်၍ ကျမ်းမာ ချမ်းသာစေကြောင်း ပရိသတ်ကြီးအား သင်္ကေတ ရာကျော်ရှည်၍ ကျမ်းမာ ချမ်းသာစေကြောင်း ပရိသတ်ကြီးအား သင်္ကေတ ရာကျော်ရှည်၍ ကျမ်းမာ ချမ်းသာစေကြောင်း ပရိသတ်ကြီးအား သင်္ကေတ ပေးပြီးလျှင် သြဝါဒစကား မိန့်ကြားလျက် သုံးဆယ်မြို့ ချီးကျူးပွဲကြီးကို အဆုံးသတ်ခဲ့လေသည်။

## သာယာဝတီမြို့မှ ချီးကျူးပွဲကြီး

(၅-၁၂-၆၁)နေ့ည၁နာရီတွင် သာယာဂတီမြို့ ဓမ္မာရုံလမ်း ၃-ခ ဆိုင်ရာတွင် ယာယီမဏ္ဍာပ် တခုထိုးလျက် ဓမ္မာသန စင်မြင့်ခုံပါ ပြုလုပ်ထားပြီးလျှင် ပန်းစက္ကူမျှားဖြင့် တန်ဆာဆင်ထား၍ ဓမ္မသဘင်ကျင်းပရန် နေရာတခု ပြုလုပ်ထားလေသည်။ ရုရှားသာသနာပိုင်ကြီး တရားဟောလိမ့်မည်တဲ့ ဟူ၍ ၎င်း၊ ရုရှားပြည်က ဘုန်းကြီး ကြီးတဲ့၎င်း၊ ကွန်မြူနစ်နိုင်ငံက သာသနာပိုင်းကြီးတဲ့ဟူ၍၎င်း၊ မကြားစဖူး စကားအထူး တို့

ကို ပြောကြားလျက် ထူးလဲထူး ဆန်းလဲဆန်းလှသဖြင့် ပရိသတ်များ သူ့ထက်ငါ အုတ်အုတ်ကျက်ကျက် လာရောက်ကြရာ တောရောမြို့ပါ ပရိသတ်ကြီးမှာ ၃၀၀၀- ကျော်ရှိလေသည်။ ကွင်းပြင်ကြီး စာခုလုံးပြည့်နေသည့်ပြင် စျေးဘက်ပါ ရောက်သွားအောင်ပြည့်နေလေသည်။

ဥ ၇- နာရီခွဲအချိန်တွင် နေရင်းဥိးကောဝိဒ ဆရာတော်နှင့် ရုရှားသာသနာပိုင် ဆရာတော်ကြီးတို့သည် စကားပြန် မစ္စတာ ဒယ်လီကော့၊ မစ္စတာနိကောတင်တို့နှင့်အတူ ကွန်ရောက် ၎ ဘရာ ဥိးကွန်းစိန် အမှူးပြုသော တရားပွဲ အဖွဲဝင်လူကြီးများက ဆီးကြို၍ စမ္မာသန စင်မြင့်ပေါ် သို့ ပင့်ဆောင် လာကြသည်။ ရှေးဥိးစွာ နေရင်းဥိးကောဝိဒ ဆရာတော်က ၅-ပါး သီလ ပေး၍ ရုရှား သာသနာပိုင်ကြီးနှင့် ပရိသတ်အား မိတ်ဆက်ကား ပြောကြားပေးသည်။

ဤသို့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးကို ယခု သာယာဝတီမြို့သို့ ကွန်ရောက်လာရသည်မှာ သာယာဝတီ မြို့နယ်စာခုလုံး အတွက် မကြုံစဖူးသော ဂုဏ်ထူးတိုးတက်ခြင်း ဖြစ်ပေသည် စသည်ဖြင့် သာယာဝတီမြို့ တရားပွဲအဖွဲကြီး၏ ကိုယ်စားအဖြစ် ဒျိုးကြူး ထောပနာ စကား မိန့်ကြားလေသည်။

ဂင်းနောက် ဆက်လက်၍ ပက္ကိတဟံပေါလာမ ထုံတော် ရဆော ဆိုဗီယက်ရုရှား သာသနာပိုင်ကြီးသည် ဝမ်းမြောက် ဝမ်းသာ မိန့်ခွန်းစကား မိန့်ကြားတော် မူသည်မှာ--

သာယာဝတီမြို့နယ် ပရိသတ်ကြီးကို မြင်ရသဖြင့် လွန်စွာ ဝမ်းမြောက်လှကြောင်း၊ ဗမာ့လွတ်လပ်ရေး ထူဇဝင်တွင် ဆရာစံဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ဤသာယာဝတီနယ်မှ စတင် ပြု

လုပ်သည်ဟု ဆရာတော်ကြားဘူးကြောင်း၊ ဤကဲ့သို့ ရာဇဝင် စာတင်ရသောမြို့ကို ရောက်လာရသဖြင့် အထူး ဂုဏ်ယူမိပါသည်။ ဗမာနိုင်ငံသည် နိုင်ငံငယ်သော်လည်း ရောက်လေရာ မြင်လေရာတို့၌ ဘုရားတံဆောင်းဂူကျောင်းပြဿာဒ်များကို မြင်ရသဖြင့် သာသနာ့နိုင်ငံ ဖြစ်နေပါတကားဟု လွန်စွာ ကြည်နူး ဘဝင်မြူးမျှ အထူးအားရလှပေသည်။ ဆရာတော်တို့ ဆိုဗီယက်နိုင်ငံရှိ ဗုဒ္ဓဘာသာ ဝင်များအားပြသလိုလှပါသည်။ ဆိုဗီယက်ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာဗုဒ္ဓဘာသာဝင်များသည် ဘုရားကြည်ညိုပုံချင်းတူလှပါသည်။ မဟာယာန, ထေရဝါဒဟူ၍ ကဲ့ပြားနေသော်လည်း နာမည် ၂-မျိုးရှိသော လူတစယောက်ကဲ့သို့ ဖြစ်နေပါသည်။ ဆရာတော်တို့နိုင်ငံ၌ ဥတုရာသီက အလွန်အေး မြလှပါသော်လည်း ဗုဒ္ဓဘာသာဝင်များမှာ မလျှော့သောဇဲဖြင့် အမြဲတန်းဗုဒ္ဓ၏ ဒေသန အတိုင်း ဝတ်ပြုခြင်း ဆုတောင်းခြင်း ဘာဝနာပွားခြင်းတို့ကို ပြုလုပ်ကြပါသည်။

ကမ္ဘာတခုလုံး ငြိမ်းချမ်းရေး အမြန်ရကြ ပါစေဟုလည်း အထူးဆုတောင်းလျက် ပုဂံးစိတ်ခါ ဘာဝနာ ပွားနေကြပါသည်။ ရုရှားနိုင်ငံနှင့် ဗုဒ္ဓဘာသာမှလည်း သံတမန် ဆက်သွယ်လျက် မိတ်ဆွေ နိုင်ငံဖြစ်နေပါသည်။ ရုရှားလူမျိုးတို့ကလည်း မြန်မာလူမျိုးတို့ကို အထူးလေးစားကြ ကြည်ညိုကြ ချစ်ခင်ကြပါသည်။ သခင်ကိုယ်တော်မိုင်းကြီး၏စာပေများကို ရုရှားဘာသာပြန်၍ စာသင် ကျောင်းများတွင်ပင် သင်ကြားရန် ပြုလုပ်ပေးနေပါသည်။ အခြားမြန်မာဝစာရေးဆရာတို့ ရေးထဲ့ ကျမ်းများကိုလည်း ရုရှားဘာသာပြန်၍ သင်ကြား နေ

ကြပါသည်။ သို့ပါ၍ ရှုရှုဒး ဗမာ ချစ်ကြည်ရေး ခိုင်မြဲလှပါသည်။ ရွှေကိုလည်း ဆက်လက်၍ ရုရှားဗမာ ချစ်ကြည်ရေး ခိုင်မြဲလျက် ကမ္ဘာ့ ငြိမ်းချမ်းရေး အစစ် အမှန် ရလိမ့်မည်ဟု ဆရာတော် ယုံကြည်ပါသည်။ ဆရာတော်တို့က ဗမာနိုင်ငံ လာရခြင်း နေရင်း ဦးကောဝိဒ ဆရာတော်တို့က ရုရှား နိုင်ငံ လာရခြင်းတို့မှာ ချစ်ကြည်ရေး ပိုမို ခိုင်မြဲသောဘာသာရေးမှ ကလွဲသစ်တရပ် ဖွင့်ခြင်းပင်ဖြစ်ပေသည်။ မြန်မာ ဗုဒ္ဓဘာသာဝင်များ အားလုံး ကျမ်းမာ ချမ်းသာစွာနှင့် နိဗ္ဗာန်ရောက်ကြ ပါစေဟု ဆုတောင်းပါသည် စသည်ဖြင့် မိန့်ကြား၏ တိဘက်ဘာသာဖြင့် ပရိတ် မေတ္တာများ ပွဲးများ ရွတ်ဖတ်၍ အဆုံးသတ်လေသည်။

ဌင်းနောက် နေရင်းဦးကောဝိဒ ဆရာတော်က နိဂုံးချုပ်စကားပြောကြား၍ သာယာဝတီ ချီးကြူး ဂုဏ်ပြုပွဲကို ရုတ်သိမ်း လိုက်လေသည်။

## လက်ပံတန်းမြို့မှ ကြိုဆိုကြခြင်း

(၆-၁၂-၆၁)နေ့ နေ့ခ ၁၂-နာရီ အချိန်တွင် ဆိုဗီယက် ရုရှားပြည် ဗုဒ္ဓဘာသာ သာသနာပိုင်ဆရာတော်ကြီး ပဏ္ဍိတ ဟံပေါလာမနှင့် အတွင်းရေးမှူး မစ္စဘာ ဒယ်လီကော့ဗ (ဗုဒ္ဓဘာသာ ပါရဂူ)နှင့် စကားပြန် နီကိတင်တို့သည် နေရင်းဦးကောဝိဒဆရာတော် ခေါင်းဆောင်လျက် သာယာဝတီမြို့မင်းတုန်းမှထွက်ခွာ၍ လက်ပံတန်းမြို့သို့ ထွက်ခွာလာခဲ့ပေသည်။ ဆိုဗီယက် သာသနာပိုင်ကြီးအား လက်ပံတန်းမြို့မှ ဆာသနာ့

ဒါယကာရှင်ပြုအသင်းကြီး၏ ဥက္ကဋ္ဌ ဦးမှတ်ကြီးအမှူးပြုသော မြို့မိမြို့ဝ လူကြီးမင်းများသည် မြို့နှင့် ၂-မိုင်ကွာ ကျွန်းကလေးရွာမှ သာသနာ့အလံများ တလူလူလွင့်ထားသော ကား ၂-စီးနှင့် လာရောက်ကြိုဆိုပြီးလျှင် လက်ပံတန်းမြို့ တမြို့လုံး လမ်းကြီး လမ်းငယ်တလျှောက် လှည်လည် အပူဇော်ခံလျှက် မြူနီစီပါယ် ဥက္ကဋ္ဌ (ရုရှားပြန်) ဦးသန်းမောင် တိုက်သို့ ပင့်ဆောင် သွားလေသည်။

ရှေးဦးစွာ ဦးသန်းမောင်က အကျန့်ပ်သည် ရုရှားပြည် ရောက်စဉ်အခါက ရုရှားပြည်သူ အားလုံးတို့၏ ပြုစုခြင်းကို ခံခဲ့ရ၏။ ယနေ့တိုင်မမေ့နိုင်အောင် ကျေးဇူး တင်ရှိနေပါကြောင်း။ ရုရှားပြည်သူတို့ ပြုစု ကျွေးမွေးလိုက်သော ကျေးဇူးကို ဘယ်လိုလုပ်ပြီး ပြန်ဆပ် ရပါမည်လဲဟု တွေးတောကြံဆနေစဉ် ရုရှား ဗုဒ္ဓဘာသာဝင် အပေါင်းတို့၏ ခေါင်းဆောင် အာဇာန်အထိပ် သာသနာပိုင်ကြီးအား ညွှန်ခံပြုစု ရပါသောကြောင့် အလှန်အလှန်ကျေနပ်ပြီး ဝမ်းသာအားရ ပီတိဖြစ်ကြောင်း။ ဘယ်ကဲ့သို့ ဝမ်းမြောက်သည်ကို ပြောမပြနိုင်အောင် ဖြစ်ရပါကြောင်း ဗုဒ္ဓဘာသာ သာသနာပိုင်ကြီးကို ပြုစုရပါသောကြောင့် ပိုမိုနှစ်သက် ရှင်လန်းအားစာက်လှုပါကြောင်း စသည်ဖြင့် ချီးကျူးစကား ပြောလေသည်။

ညွှန်ခံပဲ့တင် စားသောက် သုံးဆောင်ပြီးသောအခါ ဆိုဗီယက် သာသနာပိုင် ဆရာတော်ကြီးက ပြန်၍တဖန် မိန့်ကြားသည်မှာ ယခု ဒုတိယအကြိမ် ဗမာနိုင်ငံ ခရီးလှည့်လည်ရာတွင် လက်ပံတန်းမြို့ကို ရောက်ရှိလာရသဖြင့် ဝမ်းသာ လှပါကြောင်း။ လက်ပံတန်းမြို့ရှိ ဘုရားပုထိုးများကို ဖူးမြော် ရ

ခြင်း၊ လူကြီးလူကောင်းများနှင့် တွေ့ကုံရခြင်းတို့ အတွက် အလွန်ကျေနပ်ပါကြောင်း။ ဆိုဗီယက်ပြည်ဗုဒ္ဓဘာသာဝင် တို့ကမြန်မာဗုဒ္ဓဘာသာဝင်တို့အားချစ်ခင်ပါသည်။ ကြည်ညိုကြပါသည်၊ လေးစားကြပါသည်ဟူသော နှလုံးအသဲကြားမှထွက်လာသော မေတ္တာစောတ်ကို ယူဆောင်လာပြီးလျှင် ယခု ကဲ့သော လူကြီးမင်းတို့အား အတိအလင်းဖွင့်ဟပြောနိုင် သည်ကို လွန်စွာကျေနပ် နှစ်သက် လှပါကြောင်း။ ဗမာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ ဆရာတော်တို့ ရှုရှုးပြည်သို့လာရောက် လည်ပတ်ကြပါ။ ညီခံပြုစု လိုလှပါသည်။ ယခုလူကြီးမင်းတို့ ညွှန်ကြားပြန်စွာ ပြုသည်ကိုလည်းဆရာတော်၏တသက်တါ ရှည်ဝင်တွင် မမေ့နိုင်သော သခင်္ကြားစာတရပ်ဟု အမှတ် ပြုထားပါသည်။ ရှုရှုးဗုဒ္ဓဘာသာဝင်တို့က မြန်မာဗုဒ္ဓဘာသာဝင်များအား အမြဲတစေ မေတ္တာပို့လျက် နေပါသည်။ မြန်မာဗုဒ္ဓဘာသာဝင်များအား အသက်ရှူကျော်ရှည်ပါစေ၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ လန်းဖြာကြပါစေဟု မြန်မာလို ဆုတောင်းပြီးလျှင် တိဘက် ဘာသာအားဖြင့် ဆုတ်တန် ဒေသနာကို ရွက်ဖတ်၍ ဆုတောင်းလျက် ညီခံပွဲကို အဆုံးသတ် လေသည်။ ၎င်းနောက် ဇီးကုန်းမြို့သို့ ဆက်လက် ထွက်ခွာ သွားလေသည်။

## ဇီးကုန်းမြို့မှ ခရီးကြုံးပွဲကြီး

(၆-၁၂-၆၁)နေ့ ည ၇-နာရီအချိန်တွင် ဇီးကုန်းမြို့ ဓမ္မရပ်သာ ကျောင်းတိုက်၏ရှေ့မျက်နှာစာ ကွက်လပ်ကြီးတွင် မမျှော သန ညီခံယာယီ မဏ္ဍာတ်သို့ ဆိုဗီယက် သာသနာပိုင်ကြီး

အားပင့်ဆောင်လာကြလေသည်။ ထိုအချိန်တွင် တောရော်မြို့ပါ ပရိသတ်ကြီးသည် ဆိုဗီယက် သာသနာပိုင်ကြီးအား ဖူးမြော်လိုသော ဆန္ဒနှင့် ကွက်လပ်တခုလုံး ပြည့်လျှံနေအောင် ၃၀၀၀-ကျော်မျှ ရှိမည်ဟု ခန့်မှန်းရလေသည်။

ပထမရွေးဦးစွာ နေရင်း ဦးကောဝိဒဆရာတော်က ၅-ပါး သီလ ပေးပြီးလျှင် ရှုရှား သာသနာပိုင်ကြီးနှင့် ပရိသတ်ကြီးအား မိတ်ဆက် ပဋိသန္ဓာရစကားပြေ ကြားလေသည်။ ၎င်းနောက် ဇီးကုန်မြို့ ရုံပိုင်ကြီး ဦးအုံးက သာသနာပိုင်ကြီးအား ချီးကျူးစကား ပြောကြားသည်မှာ ကျွန်တော်တို့ ဇီးကုန်းမြို့ကြီးမှာ ရှုရှား သာသနာပိုင်ကြီးကို ဖူးတွေ့ရသဖြင့် ကျွန်တော်တို့ အလွန်ဘုန်းကံကောင်းလာပြီဟု ယူဆပါသည်။ မိုင်ထောင်ပေါင်းများစွာ ဝေးကွာသော ရှုရှားပြည်သို့ မသွားရဘဲ သာသနာပိုင်ကြီးက ကြွလာလို့ ဖူးတွေ့ရဆာဖြင့် သာသနာပိုင်ကြီးအား အလွန်ကျေးဇူးတင်ပါသည်။ မိဘအရွယ် အသက်တော်ကြီးတော်မူသော ဆရာတော်ကြီးကို ဖူးတွေ့ရသဖြင့် လိုက်လို့က်လှဲ့လှဲ့ ဝမ်းမြောက်လှပါသည်။ ရှုရှားပြည် ဗုဒ္ဓဘာသာဝင်တို့၏ ခေါင်းဆောင်ကြီး ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးအား ဖူးတွေ့ရပါသောကြောင့် ကျွန်တော့် စိတ်အဆင်မှာတော့ ရပ်ဝေးမှ ရဟန္တာကိုယ်တော်ကြီး ကြွလာသည်ကို ဖူးမြင်ရသလောလ် ဝမ်းမြောက်လှပါသည်။ စသည်ဖြင့် ချီးကျူးစကား ပြောသွားလေသည်။

၎င်းနောက် ဓမ္မရိပ်သာ ဆရာတော်ဦးဉာဏိန္ဒကချီးကျူးစကား ပြောကြားသည်မှာ ရှုရှားနိုင်ငံတို့၌ ဗုဒ္ဓဘာသာဝင်

များမရှိဘူးဟု ထင်မှတ်နေကြရာ ယခု သာသနာပိုင်တောင်ရှိနေတော့ ဆရာတော်မှာ အလွန် ဝမ်းသာအားရ ဖြစ်မိပါသည်။ ဗုဒ္ဓဘာသနာသည် ကမ္ဘာတွင် တံခိုးကြီးနေသော တမ္ဘာ့ထိပ်တန်း ရှေးနိုင်ငံတွင် ထွန်းတောက် နေကြောင်း သိလာရတော့ ဝမ်းမြောက်၍ မဆုံးနိုင်အောင် ဖြစ်နေပါသည်။ အမေရိကန် အင်္ဂလိပ်တို့တွင်၎င်း၊ တရုပ် ဂျပန်နိုင်ငံတို့တွင်၎င်း ဗုဒ္ဓဘာသာ ထွန်းတောက်နေကြောင်း သိရတော့ မကြာခင်ကမ္ဘာတွင် လောဒေါသ မောဟမီးတွေ ငြိမ်းပြီးလျှင် အေးငြိမ်းမှု အစစ် ကမ္ဘာ့ ငြိမ်းချမ်းရေးကြီး ရတော့မှာဘဲဟု ဆရာတော် ယုံကြည်လျက်ရှိပါသည်။ ရှေးသာသနာ ပိုင်ကြီးအား ဂုဏ်ပြု ညွှန်ခံရသည်မှာ ရှေးတပြည်လုံး ဗုဒ္ဓဘာသာဝင်များအား ဂုဏ်ပြုရသကဲ့သို့ နှစ်ထောင်းအားရ ကျေနပ်လှပါသည်။ ဗုဒ္ဓ၏ သာသနာ့ အလင်းရောင် ထွန်းပြောင်အောင် ဆောင်ရွက်နေသော သာသနာပိုင်ကြီးနှင့် ရှေးတပြည်လုံးအား ကျမ်းမ ချမ်းသာစွာ သာသနာပြုနိုင်ကြပါစေဟု ဆရာတော် ဆုတောင်းပါကြောင်း သည်ဖြင့် ပြောကြား သွားလေသည်။

ဂုဏ်နာက် သာသနာ့ ဝေယျာဝစ္စ အသင်း ဥက္ကဋ္ဌ ဦးမန်းကလည်း ရှေးပြည်က သာသနာပိုင်ကြီး ဖူးတွေ့ရတော့မည်ဟု ကြားရချိန်မှစပြီး ကျွန်တော့်မှာ မအိပ်နိုင် မစားနိုင်အောင် ဝမ်းသာ နေခဲ့ပါသည်။ ယခု ပရိသတ်ကြီး မှာလဲ ကျွန်တော့်လိုပင် ဝမ်းသာ ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဘုရားပုထိုး ဘုတ်ပြု ရှိခိုးပုဇော်စတ်ခါ ဘာဝနာ ပွားနေသော

ရုရှားသာသနာပိုင်ကြီးကို မြင်တွေ့ရတော့ ကျွန်တော့် စိတ်အာထင်မှာ ဓမ္မာသောကမင်းကြီး နှိုင်းခြား သာသနာပြု စေလွှတ်လိုက်သော ရဟန္တာ ကိုယ်တော်ကြီးမျှား ဖြစ်နေ သလောဟူပင် တွေးတောပြီး ဝမ်းမြောက်လှပါသည်။ ပရိသတ်များကလည်း ဝမ်းသာအားရ ဖူးမြင် ကြည်ညိုကြပါ စသည်ဖြင့် ချီးကြူးကုဏ်ပြုသွားလေသည်။

## သာသနာပိုင်ကြီး မိန့်ခွန်း

ဂုဏ်နောက် ဆိုဗီယက် သာသနာပိုင် ဆရာတော်ကြီးက ဩဝါဒ စကားမိန့်ခွန်း မြွက်ကြားတော်မူသည်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။ ဆရာတော်အား ယခုလို ပရိသတ်ကြီး (၃၀၀၀)ကျော်တို့ဖြင့် ချီးကြူး ကုဏ်ပြုသည်ကို ရုရှားပုဒ္ဓ ဘာသာဝင်တို့၏ ကိုယ်စား အလွန် ကျေးဇူး တင်ပါကြောင်း။ မြန်မာနိုင်ငံ အနှံအပြားသို့ ရောက်ရှိပြီးလျှင် ပုဒ္ဓဘာသာ သာသနာထောင် တပြောင်ပြောင် ထွန်းတောက် နေသော ဗမာနိုင်ငံကြီးအား ဆရာတော်၏ မျက်စိထဲက မထွက်နိုင်အောင် ဖြစ်ရကြောင်း။ ဆရာတော် နေရင်း ဦးကောဝိဒနှင့် အဖွဲဝင်များ ရုရှားပြည်သို့ ကြွရောက်၍ သာသနာပြုခဲ့ခြင်း၊ ယခုတဖန် ဆရာတော်တို့က ဗမာနိုင်ငံသို့ လာရောက် လှည့်လည် ရခြင်းတို့ကြောင့် ပုဒ္ဓသာသနာအချင်းချင်း သတင်းလွှဲလွှဲ ကြုံတွေ့ရခြင်းတို့မှာ ဆိုဗီယက် ဗမာနှစ်ပြည်ထောင်လုံး အတွက် ချစ်ကြည်ရေး မေတ္တာမဏ္ဍိုင်ကြီး ခိုင်မြဲ လာစေသော မိတ္တဗလ အားအင်ကြီးပင် ဖြစ်ကြောင်း။ ပုဒ္ဓဘာသာ

ဝင် ကျမ်များဌ် မမွသောကမင်း၏ သားတော် ရဟန္တာ အာ
ရှင် မဟိန္ဒနှင့် အဖွဲဝင်များ သီဟိုဠ်ကျွန်းသို့ ကြွရောက်ပြီး
သာသနာပြုစေလွှတ်ချိန်မှ စတင်ပြီးလျှင် အိန္ဒိယနှင့် သီဟိုဠ်
နှစ်နိုင်ငံတို့ ယခုနှစ်ပေါင်း ၂၅၀၀- ကျော်အောင် ခိုင်မြဲလှု
သော မေတ္တာမဏ္ဍိုင်ကြီးဖြင့် စဲမြဲသော မဟာမိတ်နိုင်ငံ အာ
ဖြစ်ဖြင့် ယနေ့တိုင် တည်ရှိ လာခဲ့ပါသည်။ ထိုနည်းတူစွာ
ယနေ့ကဲ့သို့သော သာသနာ့ မစ်ရှင် အဖွဲ့များ ဆရာတော်
တို့ အပြန်အလှန် လာရောက်ရခြင်းမှာ ဆိုဗီယက် ဗမာ နှစ်
ပြည်ထောင်တို့သည် တဦးနှင့် တဦး တပြည်နှင့် တပြည် ယုံ
ကြည်အားထားစွာ ချစ်ကြည်ခိုင်မြဲ၍ ထူးကဲတိုးတက်သော
မိတ္တဗလ အင်အား ထင်းရှားစေသော မဟာမိတ် အဖြစ် ဖြစ်
လာရပါသည်။ ရုရှား ဗုဒ္ဓဘာသာ ဝင်များသည် အေးချမ်း
သာယာစွာဖြင့် ဗုဒ္ဓရှင်တော်၏ သဝါဒအတိုင်း လိုက်နာ
ကျင့်သုံး၍ နေကြပါသည်။ ဆရာတော် ကိုယ်တိုင် ခေါင်း
ဆောင်၍ အဖွဲဝင်ရဟန်းတော် (၄၀၀)ကျော်တို့ဖြင့် သာသ
နာတော်၏ တိုးတက်ရာ တိုးတက် ကြောင်းတို့ကို လမ်း
ကြောင်း ဖော်ပြဆိုးမ ဟောပြော ကြလျက် နေကြပါကုန်
သည်။ ဗမာ ဗုဒ္ဓဘာသာဝင်များကဲ့သို့ ဘုရားပုထိုးရှိခိုးခြင်း၊
ဗုဒ္ဓ ဂုဏ်တော်များကို ပုတီးစိတ်၍ ဘာဝနာ ပွါးများခြင်း
များကိုလည်း ပြုကြပါသည်။ ရုရှားဗုဒ္ဓဘာသာဝင် အများ
စုကဗမာ ဗုဒ္ဓဘာသာဂင်များအား ချမ်းသာပါစေ ကျမ်း
မာပါစေဟူသော မေတ္တာရေချမ်းအိုးကြီးကို ဆရာတော် ယူ
ဆောင်လာခဲ့ပါသည်။ ဗမာ ဗုဒ္ဓဘာသာဝင်များအား ကိုယ်
တိုင် မြင်ရပြီး ယခုကဲ့သို့ မေတ္တာ ရေချမ်း အိုးကြီးကို ထုတ်

ဖေါ်ပေးရသည်မှာ အလွန် ဝမ်းသာအားရ ရှိလှပါသည်။ ဆရာတော်သည် ရုရှားနိုင်ငံသို့ ပြန်သွားသော်လဲ ကျွှိသို့ ပဌာ ပရိသတ်ထုံကြီးကို အာရုံယူ၍ သွားပါမည်။ ရုရှားနိုင်ငံမှ နေ၍ နေ့စဉ် ကျွှိပရိသတ်ကြီးအား အမှတ်တရ မေတ္တာ ပွားများလျက် နေပါမည် စသည်ဖြင့် ပြောဆိုပြီး သျှင် တိဘက်ဘာသာဖြင့်သုတ္တန်များကို ရွတ်ဖတ်သရဇ္ဈာယ် ခါ ကျမ်းမာကြပါစေ ချမ်းသာကြပါစေဟုဆုတောင်း၍ နှုတ်ခုံး ချုပ်လေသည်။

ဂုင်းနောက် နေရင်းဦးကောဝိဒ ဆရာတော်က ပရိသတ် ကြီးအားဂုင်း၊ ရုရှား သာသနာပိုင် ဆရာတော်ကြီးအားဂုင်း၊ မေတ္တာပို့ ဆုတောင်းဂါထာ မျှားကို ရွတ်ဘတ် ဟောပြော၍ နှုတ်ခုံးချုပ်လိုက်လေသည်။


(၇-၁၂-၆၁) နေ့နံနက်-၇-နာရီတွင် နေရင်း ဦးကောဝိဒ ဆရာတော်နှင့် ရာရှားသားသနာပိုင် ဇီးကုန်းမြို့ ဓမ္မရိပ်သာ မှ မောင်းတော်ကားများဖြင့် လွှက်ခဲ့ကြလျှက် ပြည်မြို့ ရွှေဆံတော်ဘုရားကြီးကို ဖူးမြော်ရန်အတွက် ခရီးထွက်လာခဲ့ကြပေသည်။ ရန်ကုန်မြို့ ပြည်ထဲရေးဌာနနှင့် သာသနာရေး ဌာန၏ ညှွန်ကြားချက်အရ ပြည်သာသနာရေးအရာရှိနှင့် ဇီးကုန်းမြို့ ရဲဝန်ထောက်နှင့် ရဲအဖွဲဝင်များက ဇီးကုန်းမှ ပြည်- ပြည်မှ ဇီးကုန်းအား သွားအပြန်ခရီးကို ရာရှားသာသနာပိုင်ကြီး တားကင်းရန်အတွက် လိုက်ပါစောင့်ရှောက်ကြပေသည်။ နံနက်-၉ နာရီတွင် ပြည်မြို့သို့ ထွက်ပေသည်။



ဂုရှားသာသနာမိုင် ဆရာတော်ကြီး ရွှေဆံတော်
စေတီတော်ကို ကြည်ညိုရှိခိုးနေပုံ

ပြည်မြို ရွှေဆံတော်ဘုရားကြီးသို့ ဝင်ရောက် ဖူးမြော်
ကြရသာ သာသနာရေးအာဏာရှိ၏ စီစဉ်ချက်အရ ရွှေဆံတော်
ဂေါပကအဖွဲ့ဝင်များက ဂုရှား သာသနာပိုင် ဆရာတော်
ကြီးနှင့် နေရင်းဦးစောဝိဇ္ဇာဆရာတော်တို့အား ပန်းစည်းများ

# ဆိုပီယက်မှာ တလကြာ



ရာရှားသာဘာနာပိုင်ကြီးသည် နေရင်းဦးကောဝိဒ

ဆရာတော်နှင့် ရှေဆံတော် ဘဏ္ဍာတော်ထိမ်းအဖွဲဝင်များနှင့်

အတူ ဘုရားရှေတွင်ဂါရဝပြုခါနေကြပုံ။

**ဆက်ကပ်လှူဒါန်းလျက်ည့်ခံကြိုဆိုကြသည်။ရာရှားသာသနာ**
**ပိုင်ကြီးသည် ရှေဆံတော်စေတီတော်ကို လက်ျာရစ်၃ ပတ်**
**လှည့်၍ ပူဇော်သည်။ ၎င်းနောက် ဂေါပကတံခွန်မှ ရိုသေ**

ခလေးမြတ်စွာ ထိုင်လျက် ပန်းဆီမီး ကပ်လှူပြီး ဘုရားကိုရှိခိုးကြည်ညိုက နေလေသည်။ ရှေဆံတော်စေတီကြီးကို အရပ်၄မျက်နှာမှ လှည့်ပတ်ပြီးထိုင်ခါထိုင်ခါ ရှိခိုး သည်မှာလည်း အကြိမ်များစွာ ဖြစ်ပေသည်။ စတ်တော်ရပ်လျက်တမျိုး၊ထိုင်၍တဖုံ ရှိခိုးခြင်း စုံအောင် ရှိခိုးလေသည်။ ဆယ်ထပ်ကြီး ဘုရားကြီးကိုလည်း- ရှေဆံတော် ကုန်းတော်ပေါ်မှ အကြိမ်ကြိမ်အထပ်ထပ်ရှိခိုးခြင်းကိုပြုလေသည်။ ၎င်းနောက်ဂေါပက အဖွဲဝင်များမှညွှန်ခံကျေးမွေးသော လဘက်ရည်ကာဖီ တို့ကို အာနည်းငယ်သုံးဆောင်၍ အရာရှိများတည်းခိုရာ ရိပ်သာသို့ လာခဲ့ကြလေသည်။ ၎င်းနေရာတွင် သာသနာရေး အရာရှိလှူဒါန်းသော ဆွမ်းဘောဇဉ်များကိုဘုန်းပေးသုံးဆောင်၍ ခေတ္တအာပန်းဖြေခါ နေကြလေသည်။

နေ့ ၁-နာရီတွင် ဇီးကုန်းမြို့သို့ ပြန်လာ ကြလေသည်။ ညနေ ၄ နာရီ ဇီးကုံးမြို့ ဓမ္မရိပ်သာသို့ ပြန်ရောက်ကြသည်။ ဓမ္မရိပ်သာအဖွဲ့မှ ညွှန်ခံကျေးမွေးသည်ကို ခံယူ၍ ညနေ ၆-နာရီတွင် ကြိုပင်ကောက်မြို့သို့ ပြန်လာခဲ့ကြသည်။

## ကြိုပင်ကောက် ပူဇော်ပဲ့ကြီး

ကြိုပင်ကောက်မြို့တွင် သူငယ်နာရောဂါကု မဟာဝိဇ္ဇာ မန္တလာ ဆရာတင့်၏တိုက်တွင် ခေတ္တ သီတင်းသုံးကြသည်။ မန္တလာတင့်သည် ရုရှားသာသနာ ပိုင်ကြီးအား စားကောင်းသောက်ဖွယ် အမျိုးမျိုးတို့ဖြင့် ညွှန်ခံကျေးမွေး လှူဒါန်းလေသည်။

ည ၇-နာရီ အချိန်တွင် ကြို့ပင်ကောက်မြို့ အောင်မင်္ဂလာ ဇာတ်ရုံကြီးအတွင်း၌ ရုရှား သာသနာပိုင်ကြီးအား ကြို့ပင်ကောက် မြို့သူ မြို့သား နယ်သူ နယ်သား အပေါင်းတို့က ပူဇော်ပဲ့ကျင်းပရာ ပရိသတ် ၃၀၀၀- ကျော် တက်ရောက်လေသည်။ ရှေးဦးစွာ နေရင်း ဦးကောဝိဒ ဆရာတော်က ၅- ပါးသီလပေးချပရိတ်သာတ်ကို ရုရှားသာသနာပိုင်ကြီးနှင့် မိတ်ဆက်ပေးလေသည်။ ၎င်းနောက် မန္တလာဆရာတင့်အား မြို့သူ မြို့သားများ ကိုယ်စားအဖြစ်ဖြင့် ရုရှား သာသနာပိုင်ကြီးကိုခါးကြူး ဂုဏ်ပြုစကား ရွေ့ကြာက်ထားလေသည်။

မန္တလာတင့်ကဖြောဆိုသည်မှာရုရှားနိုင်ငံမှ သာသနာပိုင်ကြီးလာမည်ဆိုတဲ့ စကားကြားရ၍ ကျွန်တော်မှာ အလွန်အံ့အားသင့်မိကြောင်း။ ဘာသာမရှိတဲ့ ကွန်မြူနစ်နိုင်ငံတွင် သာသနာပိုင် ရှိတယ်ဆိုဒါ သက်သက် လိမ်လည်ခြင်း ဘဲဟု ထင်နေကဲ့ရာ ယခုမျက်မြင် သာသနာပိုင် ဆရာတော်ကြီးကို တွေ့ရတော့မှ ကျွန်တော် ဝမ်းသာလုံးဆိုပြီး မျက်ရေပင် ကျမိပါသည်။ အသက်-၇၀-ကျော်တဲ့ သာသနာပိုင်ကြီးမြင်ရတော့မှ အရင်ကဆူမျှား ဝါဒဖြန့်ဒါကို ယုံကြည်နေခဲ့ရာ ထုံးဝမှားယွင်းလှကြောင်း၊ ရုရှားနိုင်ငံတွင် ဗုဒ္ဓ ဘာသာတွေ့အမြောက်အမျှားရှိ၍ ရဟန်းများဆိုင်ရာ သာသနာပိုင်ကြီးကိုပင် တွေ့ရ၍ ကျွန်တော် အမြင်မှန်ကို ရလာကြောင်း။ ကျွန်တော်ကဲ့သို့ ပရိသတ်များလဲ အမြင်မှန် ရပါစေ ဟု ဆုတောင်းပါကြောင်း။ သာသနာပိုင် ဆရာတော် ကြီးအားလည်း ကြို့ပင်ကောက်မြို့သို့ ခရီးတထောက် ဝင်နားသည်ကို ကျေးဇူးတင်လှပါကြောင်း၊ သက်တော်ရွယ်ကျည်၍ ရာရှား

နိုင်ငံတွင် ဗုဒ္ဓသာသနာတော်ကို အထူးသဖြင့် တိုးတက်ထွန်းကားအောင် ရွက်ဆောင် နိုင်ပါစေဟု ဆုတောင်းပါကြောင်းနှင့် ချီးကြူးပြောဆိုလေသည်။

ဂုဏ်နောက် ရာရှားသာသနာပိုင်ကြီးက ပြောဆိုသည်မှာ ကြီ့ပင်ကောက်မြို့သို့ခေတ္တဝင်ရောက်နားရခိုက်ထဲင် ပရိသတ်ကြီး မြောက်မြားစွာဖြင့် ချီးကြူးဂုဏ်ပြုသောကြောင့်ကျေးဇူးတင်လှပါကြောင်း။ ရက်အနည်းငယ် နေလိုပါသော်လည်း လက်ထောက် သာသနာပိုင် အသဲအသန် နာမကျန်းဖြစ်နေသည်ဟု သံကြိုးစာရ၍ ပြန်ရတော့မည်ဖြစ်ကြောင်း။ မြန်မာလူမျိုးတို့၏ ဝတ္ထလျှင်မြင်လျှင် ခင်မင်စွာနှင့် သဒ္ဓါ ကြည်ဖြူပေးလှူတတ်ပုံများ၊ ဖေါ်ဖေါ်ရွေရွေ ပြောဆိုတတ်ပုံများ၊ မြို့တိုင်းရွာတိုင်း ဝတ္ထမြင်ရသော ဘုရားပုထိုးများ၊ သံဃာတော်များကို မြင်ရပုံတို့မှာ မျက်စိထဲက မထုတ်တော့ပြီ ဖြစ်ကြောင်း။ ဘုရားပုထိုး၊ ကျောင်းကန်မရှိသောရွာများမှာမြို့များကို မမြင်ရဆည်မှာ အလွန်အံ့သြချီးကြူးမကုန်နိုင်ကြောင်း၊ ဆိုဗီယက်ဗုဒ္ဓဘာသာဝင်တို့၏ မေတ္တာကို ယူဆောင် လာခဲ့၍ မြန်မာလူမျိုးထို့အား ပေးဆပ်ပါကြောင်း။ မြန်မာလူမျိုးတို့၏ မေတ္တာဓါတ်ကိုလည်း ဆိုဗီယက်ယူနီယံသို့ ယူဆောင်သွား ပြီးလျှင် ဆိုဗီယက်လူမျိုးတို့၏ အသဲနှလုံးကြားသို့ ထည့်သွင်းပေးမည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် ဆိုဗီယက်ဗမာ ချစ်ကြည်ရေးကြီး အခွန်ရှည်စွာ တည်ရှိပြီးလျှင် ဗုဒ္ဓ သာသနာတော်ကြီး ဆထက် တံပိုး တိုးတက် ထွန်းကား မည့် ဖြစ်ပါကြောင်း။ ဆရာတော်သည် အသက်ခန္ဓာ တည်မြဲဆမျှကာလလည်း သာသနာ ထွန်းလင်းရေး- ကမ္ဘာ့ငြိမ်းချမ်းရေးကြီး

ရန်ရှိရေးကို အားသွန်ကြိုးပမ်း ထမ်းဆောင်မည်ဟု ပြောဆိုပြီး လျှင် ဗမာလူမျိုးများ ကျန်းမာပါစေ, ချမ်းသာပါစေ, ဝမ်း သာဖွါစေ, လန်းဖြာဖြာဝေ ဟု မေတ္တာ ပို့ပြီးလျှင် တံဘက် ဘာသာဖြင့် ပရိတ်တရားတော်များကို ရွတ်ဖတ်၍ နိဂုံးချုပ် သုံကလေသည်။

ည-၁၀-နာရီအချိန် ပြည်မြို့မှ ထွက်လာသော စာပို့ရထား ဖြင့် သာသနာပိုင်ကြီးနှင့် ကျန်ုပ်တို့သည် ကြံုပင်ကောက်မြို့ မှ ရန်ကုန်မြို့သို့ ထွက်ခွာလာခဲ့သည်။ (၈-၁၂-၆၁)နေ့နံက် ၅ နာရီခဲ့အာ ၂ နှစ်တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိ လေ သည်။

## နောက်ဆုံးနှုတ်ဆက်ပဲ့

(၈-၁၂-၆၀) နေ့ညနေ ၆-နာရီအချိန်ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့ချုပ်(ဗမာနိုင်ငံ)၏ အတွင်းရေးမှူးဖြစ်သော ဦးသာဝင်း အိမ်၌ ထုရားသာသနာပိုင် ဆရာတော်ကြီးအား နှုတ်ဆက်ခြီး ကြူးညှော်ခံပွဲကျင်းပသည်။ ကမ္ဘာ့ သာသနာပြု ဆရာတော် ဦးသေဋ္ဌလ, ဆားလင်းဦးပညာဝံ သဆရာတော်, ဆရာတော် ဦးကုဏ္ဍလ, ဆရာတော်ဦးညာဏိန္ဒ, နေရင်းဦးကောဝိဒဆရာ တော်စသော ဆရာတော်များကြွရောက်သည်။ လူများဘက်မှ နိုင်ငံခြားဆက်သွယ်ရေး သာသနာပြုအဖွဲ့မှ ဥက္ကဋ္ဌကြီး ချုပ် သင်း ဦးဘတင်စသောအဖွဲ့ဝင်များ၊ ဦးဘသန်း ဦးလူကလေး ဦးဂွမ်းအုံ, ဦးဖေအောင်စသော ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့ဝင် များနှင့် ဂုဏ်သရေရှိ လူကြီးမင်းပေါင်း (၅၀) ကျော် ကြွ

ရောက်ကြသည်။ ညွှေခံပဲတွင် ဥက္ကဋ္ဌကြီးချပ်သင်းဦးဘတင်က ဆုရှားသာသနာပိုင်ကြီးအား ချီးကျူး စကား ပြောကြား ခြင်း၊ ဆုရှားသာသနာပိုင်ကြီးက ကျေးဇူးတင်ကြောင်း ပြန် လှန်စကား ပြောကြားခြင်း၊ ဦးသာဝင်းက ဆုရှားသာသနာ ပိုင်ကြီးအား မြအလယ် စိန်ဘေးကရန်ထားသော ဓါတ်တော် ရွှေကြုပ် ကလေး လက်ဆောင် ပေးခြင်း၊ အတွင်းရေးမှူး ဒယ်လီကောဗအား ဗမာဝတ်စုံ လက်ဆောင်ပေးခြင်း တို့ကို ပြုပြီးလျှင် ညွှေခံပဲကို ရုပ်သိမ်းလိုက်လေသည်။

ဆုရှားသာသနာပိုင်ကြီးသည် ရန်ကုန်မြို့တွင် ၂ ရက်ခန့် အနားယူပြီးလျှင် (၉-၁၂-၆၁)နေ့ ၇ နာရီ ထွက်သော လေ ယာဉ်ပျံနှင့် ဆုရှားနိုင်ငံ မော်စကိုမြို့တော်သို့ ပြန်လည်ထွက်ခွာ သွားလေသည်။(မူလအစီအစဉ်မှာ မြန်မာပြည် အထက်ပိုင်း သို့ ပြည်မြို့မှ မန္တလေးသို့ ရေကြောင်းခရီး လှည့်လည်ရန်နှင့် မန္တလေးမှ ရန်ကုန်ရထားခရီး ရန်ကုန်မှ မြစ်ဝ ကျွန်းပေါ် သို့ တဖန် ခရီး ဆက်လက်ရန် (နေရင်း ဦးကောဝိဒ) ကျွန်ုပ်က စီစဉ်ထားပါသည်။ သို့ထုတ်ဝ ဒုတိယသာသနာပိုင်ဆထုတော် သည် ဆုရှားနိုင်ငံတွင် ပြင်းထန်သော ဇောဂါဝေဒနာ စံကပ် နေ၍ အမြန်ပြန်လာရန် သံကြိုးရသောကြောင့် ထိုအစီအစဉ် တွေကို ဖျက်၍ ရုတ်တရက်ပြန်လည်ထွက်ခွာ သွားရလေသည်)

နေရင်းဦးကောဝိဒ ဆရာတော်နှင့်ဓမ္မကထိကဆထုတော် များသည်ဌင်း၊ မင်္ဂလာဂတီဝိသုဒ္ဓိ အသင်းဝင်ယောဂီအများ တို့သည်ဌင်း၊ ကမ္ဘာဗုဒ္ဓဘာသာ အဖွဲ့ဝင်များ တို့သည် ဌင်း၊ မင်္ဂလာဒုံလေဆိပ်သို့ သောင်းသောင်းဖျဖျ လိုက်ပါ ပို့ဆောင် ကြစေလေသည်။

မင်္ဂလာဂတိ ဝိသုဒ္ဓိအသင်းဝင် တို့သည် သာသနာ့ အလံများကိုကိုင်၍ဖြင်း၊ ဝတ်ဖြူ စင်ကြယ် ဝတ်သော ဥပသကာများက ကျေးစိတီး- ခရုသင်းမှုတ်၍ဖြင်း၊ သာသနာပိုင်ကြီးကို ရွှေထီးများမိုးကာ၍ လေယဉ်ပျံအနားသို့ကပ်ပြီး လေယဉ်ပေါ်တက်သည်အထိ လိုက်ပါ ပို့ဆောင်လေသည်။ သာသနာပိုင်ကြီးသည် လေယဉ်စေါ်မှနေပြီး ရွှေတိဂုံစေတီ ကြီးဘက်လှည့်၍ ရှိခိုးပြီးလျှင် လက်ပြန္တုတ်ဆက်ခါဖြင့် ဆုရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားလေသတည်း။

## သာသနာပိုင်ကြီး၏သဝဏ်လွှာ

သာသနာပိုင်ကြီးသည် ဆိုဗီယက်နိုင်ငံ မော်စကို မြို့သို့ ရောက်သောအခါ နာဗာစကီ သတင်းကိုယ်စားလည်မှတဆင့် မြန်မာနိုင်ငံဘို့ ကျေးဇူးတင်ကြောင်း သဝဏ်လွှာတစောင်ကို ပို့လိုက်လေသည်။ ထိုသဝဏ်လွှာ ရန်ကုန်မြို့ ဆိုဗီယက် သံရုံးမှ အပါတ်စဉ် (၂၀၀၀)ကျော် ထုတ်ဝေနေသော ဆိုဗီယက် သတင်းစဉ်တွင် (၂၅-၁-၆၅) နေ့က အောက်ပါအတိုင်း ပါရှိခဲ့လေသည်။

ကျွန်ုပ်သည် ကမ်ဘိုးဒီးယားတွင် ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် အလွန် စိတ်ဝင်စားဘွယ်ရာ ကောင်းသော ကမ္ဘာ့ ဗုဒ္ဓဘာသာများ အစည်းအဝေး ပြီးဆုံးသွား သော အခါကျွန်ုပ်တို့၏ ရှိသေလေးစား အာပ်ဒေသာ ဆရာတော် ဦးကောဝိဒနှင့်ဦးချန်ထွန်းဦးသာဝင်းတို့ကမြန်မာပြည်သို့လိုက်ရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ ဆရာတော် တို့

ရောက်လာရာ နေမှာ တကာတိုင်းတွင် ဗုဒ္ဓ ဘာသာ များက လှိုက်လှဲ စွာဖြင့် ကြိုဆို ခဲ့ကြ ပါသည်။ ရောက်လေရာ ဌာန တိုင်းတွင် ဆရာထော်ဦးကောဝိဒ၏ စီစဉ်ချက်အရ ပရိသတ် ၃၀၀၀-မှ ၅၀၀၀ ကျော် တူအား ဆုဗဟုက ဗုဒ္ဓ ဘာသာ အကြောင်းကို ဟောပြောခဲ့ပါသည်။ လူတိုင်းက ဆိုဗီယက် ဗုဒ္ဓ ဘာသာ များ၏ နေထိုင် စားသောက်ပုံ အကြောင်းကို အသွန် စိတ်ဝင်စားကြပါသည်။ ဤသို့ သွားရောက် လည်ပတ် မှုကို တသက်လုံး သတိ ရနေ မည်သာ ဖြစ်ပါသည်။

ဤကဲ့သို့ သွားရောက်ပြီးသည့်နောက် တိုင်းပြည်အားလုံး ရှိ ဗုဒ္ဓဘာသာများသည် ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးအာ တွက် ကြိုးပမ်းနေကြကြောင်းကို ကျွန်ုပ် လေးနက် စွာဖြင့် ယုံကြည်သဘောပေါက်လာပါသည်။ ဤကဲ့သို့သော တွေ့ဆုံမှု များသည် ဗုဒ္ဓ အသက် ထင်ရှား ရှိစဉ် ဟောကြား တော် မူခဲ့ သော ငြိမ်းချမ်းရေးနှင့် ချစ်ကြည် ရေး၏ ကြိုးမြတ် သော အာကူအညီပြုလိမ့်မည်ဟုကျွန်ုပ်တို့ခိုင်မြဲစွာ ယုံကြည်ပါသည်။

"ဆိုဗီယက်ယူနီယံတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရသော ဘာယာ ဆိုဗီယက် ဆိုရှယ်လစ်နိုင်ငံ ခြံတတိုင်းရှိ အာဂျင်း အမျိုး သား နှင့် အိန္ဒိယကူ တိုင်းရှိ ဘာယတ် အမျိုးသား ဒေသရှိ အခြို့သော လူများက ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြပါ သည်။ တနည်းအားဖြင့် ဆိုဆသင် အရှေ့ ဆိုက်ဘေးရီယားမှ ဘာယက်လူမျိုးများ အပါအဝင်ယုံကြည်ကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာမှာ တူဗာကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရသော သမတ နိုင် ငံနှင့် တာမစ်ကိုယ်တိုင် ပြဋ္ဌာန်-ခွင့်ရသော သမတ နိုင်ငံတို့ တွင် ပြန့်နှံ့လျက်ရှိပါသည်။

"လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀-ကျော်က တိဘက်ဘုရားဖူး ဘုန်းတော်ကြီးများက ထရန့်ဘိုင်ကော့ဒေသသို့ ယူဆောင်လာကြခြင်း ဖြစ်ပါသည်။ တိဘက်၊ အိန္ဒိယ၊ နီပေါနှင့် အခြားတိုင်းပြည်များရှိ ပြည်သူများ၏ ဘာသာရေး ရှုမြင်ချက်ကို ဘာယက် လူမျိုးများ သိကျွမ်း နားလည်အောင် ၎င်းတို့ ဟောကြားခဲ့ကြပါသည်။ကျွန်ုပ်တို့ကရင်းတို့၏ ကျင့်ဝတ် ၂၁း နှင့် ဘုရားရှိခိုး နည်းများအတိုင်း လိုက်နာ ပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဘုရားကျောင်းများမှာ မွန်ဂိုးလီးယားနှင့် တရုပ် ပြည်ရှိ ဗုဒ္ဓဘာသာ ကျောင်းများ ဆောက်ပုံ ဆောက်နည်း အတိုင်း ဆောက်လုပ် ခဲ့ပါသည်။

"ဥပမာ အားဖြင့် မြန်မာပြည်နှင့် နီပေါမှာကဲ့သို့ ဘုရား ကျောင်းများ ပြောက်များစွာ မရှိသည်မှာ မှန်ပါသည်။ သို့သော် ဗုဒ္ဓဘာသာသည် ဘာယက် တည်းယားဆို နိုင်းယှဉ် ချက် အရဆိုလျှင် မကြာသေးမီကမှ ထိုးဖောက်ဝင်ရောက် ခဲ့ခြင်းဖြစ်ကြောင့် ဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓဘာထာ အများစုမှာ တနေမှ တနေရာသို့ ပြောင်းရွှေ့ သွားလာနေသော လူများ ဖြစ်ထော ကြောင့်ပင် ဖြစ်ပါသည်။ လူသိ အများဆုံးသော ဗုဒ္ဓဘာသာ ဘုရားကျောင်းများမှာ အိုဗိုက္ခင်နှင့် အောက္ခတ္တိ ပင် ဖြစ်ပါသည်။ ဆိုဗီယက် ဗဟိုဗုဒ္ဓဘာသာ အဖွဲ့မှာ အိုင်ဗို့ ကျင် အုစူးကျောင်းတွင် ထားရှိပါသည်။

"ဆိုဗီယက်ယူနီယံ ဖွဲ့စီးအုပ်ချုပ်မှု ဥပဒေက ကိုင်းသူ ပြည်သူ အားလုံးအတွက်လွတ်လပ်စွာကိုးကွယ်နိုင်ကြောင်း နှင့် လွတ်လပ်စွာ ဘာသာရေး ဝတ်ပြုနိုင်ကြောင်း" ကို ထုတ် ဖော် ပြဆို ထားပါသည်။

ဆိုဗီယက်ဥပဒေက ဘာသာရေးယုံကြည်မှုကို ဖိနှိပ်ချုပ်ချယ်ခြင်းနှင့် ဘာသာရေး ယုံကြည်စိတ်ကို နှောက်ယှက်ကလှုပ်ခြင်းကို တားမြစ်ထားပါသည်။ ဘာသာရေး ယုံကြည်သူများနှင့် ဆန့်ကျင်တော်ကြီး များသည် ဆိုဗီယက် ယူနီယံရှိပြည်သူပြည်သား အားလုံးကဲ့သို့ နိုင်ငံရေးနှင့် ပြည်သူ့အခွင့်အရေးကို တူညီစွာ ခံစား ရကြပါသည်။

ကျွန်ုပ် တို့၏ ကိုင်းပြည်ရှိ ဘာဆာ အစားလုံးမှာ နိုင်ငံတော်ကတူညီသော အခွင့်အရေးပေးထားပြီး ဆိုဗီယက် အာဏာ၏ အကာအကွယ်ကို ရရှိပါသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာများနှင့် ပတ်သက်၍ဆိုမူ ဗုဒ္ဓရှင်ဓာတ်ဘုရား၏ သွန်သင်ဆုံးမချက်များကို လွတ်လပ်စွာ လိုက်နာပျော်ရွှင် ချမ်းမြေ့သော ဘဝတွင် နေထိုင်ကြရပါသည်။

ကျွန်ုပ်တို့သည် ဗုဒ္ဓ၏သွန်သင်ဆုံးမချက်ကို ရိုသေကိုင်းရှိုင်းစွာဖြင့် ဦးတည်ထားလျက် ရှိပါသည်။ ဗုဒ္ဓ၏ သြဝါဒများအတိုင်း ဆိုဗီယက် ယူနီယံရှိ ဗုဒ္ဓဘာသာဝင်များနှင့် နီးစပ်သော ဆက်ဆံ မှုများကို ထားရှိလိုကြပါလည်း။ ဗဟို ဗုဒ္ဓဘာသာ အဖွဲ့သည် နိုင်ငံခြားရှိ ဗုဒ္ဓဘာသာအမြောက် အများနှင့် ကျယ်ပြန့်စွာ ဆက်သွယ်ထားရှိပါသည်။ ပုဂ္ဂိုလ်အရေးဆက်ဆံမှုများလည်း ရှိပါသည်။

ဘုန်းတံခိုးပညာနှင့်ပြည့်စုံသော ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့ခြုပ်မဟာနာယက ဆရာတော်နေရင်း ဦးကောဝိဒ၊ ဥက္ကင်္ဘ ဦးချန်ထွန်းနှင့် ဇနီး၊ ဒေါ်ထိန်းဦးသာဝင်းတို့သည်လွန်ခဲ့သည့် ဇန်နဝါရီလကဘာယက်တီးယားတွင် ရက်သတ္တပတ်ပါတ်နေဆိုင်

# ဆိုဗိယက်မှာ တလကြာ

ခဲ့ပြီး ဆိုဗိယက် ယူနိယံတနိုင်ငံလုံးသို့ လှည့်လည်သွားရောက် ခဲ့ပါသည်။ မြန်မာပြည်မှ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့တဖွဲ့ ကျွန်ုပ်တို့ထံသို့ မိတ်ဆွေသဘောလာရောက်လည်ပတ်သည့် အတွက် ကျွန်ုပ်တို့အလှန် ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါသည်။

မြန်မာနိုင်ငံသို့ ကျွန်ုပ်၏ ဒုတိယ ခရီး လှည့်လည် ရာတွင် ကိုယ်တိုင်ကိုယ်ကျ ရွေးဆောင် လိုက်ပါ ပို့ဆောင်သည့် ဆရာတော် နေရင်းဦးကောဝိဒအာဘိဝင်း၊ ရောက်ဖလရာနေရာတိုင်းမှ ကြိုဆိုကြ၊ ညှဉ်ခံကြ၊ ကျေးမွှေး လှူဒါန်းကြသော ဗုဒ္ဓသာသနရေးအသင်းအဖွဲ့ အသီးသီးအာဘိဝင်း မည်သည့်အခါမှ မမေ့နိုင်သော နှစ်လုံးအသဲမှ ထွက်လာသော မေတ္တာခါတ် ဒအထူးဖြင့် ကျေးဇူးတင်လျက် ရှိနေမိကြောင်း။

နေရင်းဦးကောဝိဒ ဆရာတော်နှင့် အဖွဲ့ဝင်များ ချမ်းသာ ကြပါစေ၊ ကျန်းမာကြပါစေ။

ဗုဒ္ဓသာသနာ တော်သည် ကမ္ဘာအနှံ့ပြန့်ပါစေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကြီးရကြပါစေ။

(ပုံ) ပဏ္ဍိတဟာမွေလာမ
ရာရှားနိုင်ငံသာသနာပိုင်
အခမ်းအမျိုးမျိုးတို့ဖြင့်တန်ဆာ ဆင်ထားသော
နေရင်းဦးကောဝိဒ ဆရာတော်၏
ဆိုဗိယက်မှာ တလကြာ
ပြီးပါပြီ